ကုမ္ပဏီ၏ ဆေးဘက်ဆိုင်ရာဌာနခွဲသည် Mindray၊ Leica၊ Terumo၊ Topcon နှင့် Paramount စသည့် ကွဲပြားပြီး ယုံကြည်စိတ်ချရသော ကုန်ပစ္စည်းများကို တင်သွင်းဖြန့်ဖြူးလျက် ရှိပါသည်။ ကုမ္ပဏီသည် မြန်မာနိုင်ငံအနှံ့ရှိ ဆေးခန်းများနှင့် ဆေးရုံများအား အဆင့်မြင့် ပစ္စည်းကိရိယာများ ရရှိစေရန်၊ အာမခံချက်ပေးနိုင်ရန် ထိပ်တန်း ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာ ပေးသွင်းသူများနှင့် ပူးပေါင်းဆောင်ရွက်ထား ပါသည်။ ထို့အပြင် ကုမ္ပဏီသည် သုံးစွဲသူများနှင့်ခိုင်မာသော ဆက်ဆံရေး ထိန်းသိမ်းရန်နှင့် စက်ပစ္စည်းများ မပျက်မကွက် အလုပ်လုပ်စေရေး အာမခံချက်ပေးရန် သုံးစွဲသူများအား ရောင်းပြီးနောက်ပိုင်း ဝန်ဆောင်မှုများလည်း ပေးပါသည်။ MED ၏ ဝန်ဆောင်မှုအဖွဲ့သည် ဓာတ်မှန်၊ ခွဲစိတ်မှု၊ ရောဂါရှာဖွေရေးနှင့် မျက်စိဆေးပညာဆိုင်ရာ ပစ္စည်းကိရိယာများအတွက် ထိန်းသိမ်းမှုနှင့် ပြင်ဆင်မှု ဝန်ဆောင်မှုများ ပေးခြင်းဖြင့် သုံးစွဲသူများအား ရောင်းပြီးနောက်ပိုင်း ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးပါသည်။ ထို့အပြင် ကုမ္ပဏီသည် Yoma Oue Pun Hlaing Hospital Limited နှင့် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် တစ်ရပ်ကို ချုပ်ဆိုခြင်း ပြုပြီး Pun Hlaing Hospital ၏ ဇီဝရုပ်ဗေဒဌာနခွဲအတွက် Leica Biosystem အပါအဝင် ဇီဝရုပ်ဗေဒ ကိရိယာများကို ရင်းနှီးမြှုပ်နှံပြီး အသုံးပြုသည့် ဇီဝရုပ်ဗေဒ ဆလိုက်ပြားများအတွက် လစဉ်ကြေး ကောက်ခံပါသည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် MED ဌာနခွဲအတွက် အဓိက ဝင်ငွေ လမ်းကြောင်း တစ်ခုကို ကိုယ်စားပြုပါသည်။ ရှေ့လျှောက်တွင် ဆေးဘက်ဆိုင်ရာ ဌာနခွဲသည် သုံးစွဲသူများဝန်ဆောင်မှု၊ စျေးကွက်ချဲ့ထွင်ရေးစီမံချက်များ၊ ၎င်း၏ ပံ့ပိုးကူညီရေး ဝန်ထမ်းအရေအတွက် မြှင့်တင်ရန် စီမံချက်များ၊ သုံးစွဲသူများအား ပညာပေးရေး ဆောင်ရွက်ချက်များ အကောင်အထည်ဖော်ခြင်းနှင့် AI အခြေပြုထိန်းသိမ်းမှုအသိပေးချက်များကို ရင်းနှီးမြှုပ်နှံခြင်းတို့အပေါ် ဆက်လက်အာရုံစိုက်သွားမည်ဖြစ်ပြီး ယင်းတို့မှာ ကုမ္ပဏီ၏ အရည်အသွေးကို ဦးတည်သည့် ကတိကဝတ်ကိုအတည်ပြုစေရန် ယုံကြည်စိတ်ချရပြီး လျင်မြန်သော ဝန်ဆောင်မှုကို ပေးအပ်ရန် ရည်ရွယ်ပါသည်။

ဓာတ်ခွဲခန်းရောဂါရှာဖွေရေးဌာနခွဲသည် အဓိက ဓာတ်ခွဲခန်းနည်းပညာများတွင် ပညာရပ်အထူးပြုပြီး နည်းပညာပိုင်းဆိုင်ရာ စုံလင်သော ရောဂါရှာဖွေရေး အဖြေရှာမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၏ ဝန်ဆောင်မှုသည် သွေးရောဂါဗေဒ၊ ဇီဝဓာတုဗေဒ၊ ကိုယ်ခံအားဗေဒ၊ သွေးခဲမှုဆိုင်ရာ၊ ဆီးအနည်ကျခြင်းနှင့် တစ်ရှူးရောဂါဗေဒဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများ အထိပါဝင်ပါသည်။ ရောဂါရှာဖွေရေး လုပ်ငန်းစဉ်တိုင်းအတွက် ဓာတ်ခွဲခန်းရောဂါရှာဖွေရေး ဌာနခွဲသည် တိကျမှန်ကန်မှုနှင့် ညီညွတ်မှုကို အာမခံပေးပါသည်။ အဆင့်မြင့်ဆုံး ပစ္စည်းကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများ ရရှိနိုင်ရန် အတွက် ဓာတ်ခွဲခန်းရောဂါရှာဖွေရေး ဌာနခွဲသည် ထိပ်တန်းရောဂါရှာဖွေရေး ကုမ္ပဏီများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီသည် ၎င်း၏ ဓာတ်ပစ္စည်းချိတ်ဆက်ထားသော ဌာနရမ်းမူဗျူဟာမှ တဆင့် ဓာတ်ခွဲခန်း၏ လိုအပ်ချက်များနှင့် ဘဏ္ဍာရေးဆိုင်ရာ ကန့်သတ်ချက်များနှင့် ကိုက်ညီသည့် ပြောင်းလွယ် ပြင်လွယ်ရှိသော ပုံစံတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ်

ကျွန်ုပ်တို့၏ ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ် ဌာနခွဲကို ၂၀၀၃ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် မိတ္တူကူးစက်များ၊ ပုံနှိပ်စက်များ၊ ပရိဂျက်တာများ၊ စကင်နာများနှင့် ဆက်စပ်ပစ္စည်းများ အပါအဝင် ရုံးလုပ်ငန်းသုံးပစ္စည်းများကို စုံလင်ကျယ်ပြန့်သော ရွေးချယ်စရာများနှင့်အတူ ထိပ်တန်း အရည်အသွေးရှိသော ရောင်းပြီးနောက်ပိုင်း ဝန်ဆောင်မှုများကိုလည်း ပေးအပ်ပါသည်။ ကနဦးတွင် ကျွန်ုပ်တို့သည် Fuji Xerox (ယခု Fujifilm BI) ထုတ်လုပ်သော မိတ္တူကူးစက်များနှင့် ပုံနှိပ်စက်များကို တင်သွင်း ရောင်းချခြင်းအပေါ် အာရုံစိုက်ခဲ့ရာမှ နောက်ပိုင်းတွင် DLP ပရိဂျက်တာများနှင့် Pantum ပုံနှိပ်စက်များကို တိုးချဲ့ဖြန့်ဖြူးခဲ့ပါသည်။ လုပ်ငန်းလည်ပတ်မှု ထိရောက် မြင့်မားစေရန်နှင့် စျေးကွက်၏ ပြောင်းလဲလာသော လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ဤဌာနခွဲသည် ပေါင်းစပ်စနစ်များနှင့် ခေတ်မီ အဆင့်မြင့် နည်းပညာများကို စဉ်ဆက်မပြတ် လိုက်နာကျင့်သုံးခဲ့ပါသည်။ ကွန်ကော့ဒီးယား၏ ဆန်းသစ်သော ရုံးလုပ်ငန်းသုံး အလိုအလျောက်စနစန် ဖြေရှင်းချက်များသည် လုပ်ငန်းခွင်စွမ်းဆောင်ရည်နှင့်

ထုတ်လုပ်မှုကို ထိရောက်စွာ မြှင့်တင်ပေးနိုင်ပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်တစ်ခုဖြစ်သော ဆန်းသစ်တီထွင်မှုနှင့် သုံးစွဲသူ စိတ်ကျေနပ်မှုအတွက် ဆောင်ရွက်ပေးမှုတို့သည် ကျွန်ုပ်တို့အား မြန်မာနိုင်ငံ၏ ထိပ်တန်း ရုံးလုပ်ငန်းသုံး အလိုအလျောက်စနစ် ကုမ္ပဏီများထဲမှ တစ်ခု ဖြစ်လာစေခဲ့ပါသည်။

ရုံးလုပ်ငန်းသုံး အလိုအလျောက်စနစ် (OA) ဌာနခွဲသည် ၎င်း၏ သုံးစွဲသူများအား အောက်ပါ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ကမ်းလှမ်း ရောင်းချလျက်ရှိပါသည်-

(၁) **Multifunction devices**: စက်တစ်ခုတည်းဖြင့် ပုံနှိပ်ခြင်း၊ စကင်ဖတ်ခြင်း၊ မိတ္တူကူးခြင်းနှင့် ဖက်စ်ပို့ခြင်းတို့ကို ပေါင်းစပ်၍ ရုံးလုပ်ငန်းစဉ်များ အမြင့်ဆုံး ထိရောက်မှုရှိစေသော စွမ်းရည်စုံ စက်ပစ္စည်းများ၊

(၂) **Fujifilm BI**: အဆင့်မြင့်အရည်အသွေးရှိသော မိတ္တူကူးစက်များနှင့် ပုံနှိပ်စက်များ၊

(၃) **Pantum**: ယုံကြည်စိတ်ချရပြီး စျေးနှုန်းသင့်တင့်သော ပုံနှိပ်ခြင်းဆိုင်ရာ ဖြေရှင်းချက်များ၊

(၄) **Cutting-edge projectors**: ခေတ်မီအဆင့်မြင့် ပရိုဂျက်တာများ ၊ ကြည်လင်ပြတ်သားသော မြင်ကွင်းပုံပြခြင်းများ ပေးအပ်ပြီး အနာဂတ်တွင် အပြန်အလှန်တုံ့ပြန်မှုရှိသော ဖန်သားပြင်များသို့ ချဲ့ထွင်ရန် ရည်ရွယ်ထားပါသည်။ ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ် ကဏ္ဍ၌ ကုမ္ပဏီသည် ၎င်း၏ FSMAs (Full-Service Maintenance Agreements) မှ အဓိက ဝင်ငွေရရှိပါသည်။ ထို FSMAs စာချုပ်များသည် သုံးစွဲသူများအား စုံလင်သော ဝန်ဆောင်မှုများ ပေးအပ်ပြီး ယေဘူယျအားဖြင့် အသုံးပြုပစ္စည်းအားလုံးနှင့် အပိုပစ္စည်းများ (လုပ်အားခ၊ လျှပ်စစ်မီးနှင့် မိတ္တူကူးစက္ကူမှအပ(ပါဝင်ပါသည်။ သုံးစွဲသူများကို တစ်လအတွင်း အမှန်တကယ် ကူးယူထုတ်ဝေထားသော ပမာဏအပေါ်အခြေခံ၍ ငွေတောင်းခံလွှာပေးပို့ပါသည်။

FSMA စနစ်သည် အောက်ပါအတိုင်း အဓိကဝန်ဆောင်မှုသုံးရပ် ပါဝင်ပါသည်-

(၁) ဘက်စုံလွှမ်းခြုံမှု - စစ်မှန်သော အသုံးပြုပစ္စည်းအားလုံးနှင့် အစိတ်အပိုင်းအားလုံး ပါဝင်ပါသည် (စက္ကူ၊ လုပ်အားခနှင့် လျှပ်စစ်မီတာခမှအပ(။

(၂) လစဉ် ပုံမှန် ထိန်းသိမ်းစစ်ဆေးခြင်း - စက်ပစ္စည်းများ စဉ်ဆက်မပြတ် ပုံမှန်လည်ပတ်မှုနှင့် အကောင်းဆုံးစွမ်းဆောင်ရည် ရရှိစေရန် အာမခံချက်ပေးပါသည်။

(၃) အလျင်အမြန်တုံ့ပြန်ခြင်း ဝန်ဆောင်မှု - ခြောက်နာရီအတွင်း ဝန်ဆောင်မှုပေးရန် အာမခံပေးခြင်းဖြင့် စက်ပစ္စည်းများ အလုပ်လုပ်ရပ်ဆိုင်းမှုကာလကို လျှော့ချပေးပါသည်။

နိုင်ငံတဝှမ်းရှိ ရုံးလုပ်ငန်းသုံး အလိုအလျောက်စနစ် ဌာနခွဲတွင် FSMA သုံးစွဲသူ ၂၀၀ ကျော် တည်ရှိခြင်းသည် ကုမ္ပဏီ၏ FSMA အပေါ် ယုံကြည်စိတ်ချရမှုနှင့် သုံးစွဲသူယုံကြည်မှု နှစ်ရပ်လုံးကို သက်သေပြနေပါသည်။ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု ရရှိနိုင်မှု မြင့်မားခြင်းနှင့် စိုးရိမ်ရန် မလိုအပ်သော ထိန်းသိမ်းမှုများ ပေးခြင်းဖြင့် ကွန်ကော့ဒီးယား၏ FSMA လုပ်ငန်းသည် ကုမ္ပဏီကို စျေးကွက်တွင် ထူးခြားစေပါသည်။ လာမည့်နှစ်များတွင် ရုံးလုပ်ငန်းသုံး အလိုအလျောက်စနစ် ဌာနခွဲသည် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြင့်နည်းပညာများတွင် ဆက်လက် ရင်းနှီးမြှုပ်နှံသွားမည် ဖြစ်ပါသည်။ မဟာဗျူဟာမြောက် စျေးကွက်ရှာဖွေရေးနှင့် ဆန်းသစ်တီထွင်သော ဖြေရှင်းချက်များဖြင့် ဤဌာနခွဲသည် FSMA ဝန်ဆောင်မှုများ တိုးချဲ့ရန်၊ နိုင်ငံတဝှမ်း ၎င်း၏ ရုပ်တည်မှုကို အားကောင်းစေရန်နှင့် အဆင့်မြင့် ရုံးလုပ်ငန်းဝန်ဆောင်မှု ပတ်ဝန်းကျင်များ၏ ပြောင်းလဲလာသော လိုအပ်ချက်များကို ဖြည့်ဆည်းရန် မျှော်မှန်းထားပါသည်။

အင်ဂျင်နီယာပစ္စည်းကိရိယာ(ENG)

ENG ဌာနခွဲကို ၁၉၉၄ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံတွင် တိုင်းထွာရေးနှင့် ပထဝီ မြေမျက်နှာပြင်ဆိုင်ရာ ပစ္စည်းကိရိယာများ နယ်ပယ်တွင် စတင်ဦးဆောင်သူတစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ အင်ဂျင်နီယာနှင့် အခြေခံအဆောက်အဦ

ကျွမ်းကျင်ပညာရှင်များအား တိကျပြတ်သားပြီး ခေတ်မီအဆင့်မြင့်၍ အသုံးပြုရလွယ်ကူသော ကိရိယာများ ဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။ ဆန်းသစ်တီထွင်မှုတွင် ဦးဆောင်လမ်းပြနေသော ENG ဌာနခွဲသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးသည့် ခေတ်မီအဆင့်မြင့် နည်းပညာဖြေရှင်းချက်များ ပေးလျက်ရှိပါသည်။ ဤဌာနခွဲသည် ပစ္စည်းကိရိယာများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ အပါအဝင် အင်ဂျင်နီယာဆိုင်ရာ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ကျယ်ပြန့်စုံလင်စွာ ပေးအပ်လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် မိမိတို့ သုံးစွဲသူများ၏ ကွဲပြားသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းနှင့် အခြေခံအဆောက်အဦ ကဏ္ဍ ကြီးထွားဖွံ့ဖြိုးရေးကို ပံ့ပိုးရန် အရည်အသွေးနှင့် စိတ်ချယုံကြည်ရမှုကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

ENG ဌာနခွဲသည် ၎င်း၏ သုံးစွဲသူများအား အောက်ပါ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ကမ်းလှမ်းရောင်းချလျက်ရှိပါသည်-

(၁) GPS စနစ်များနှင့် စုစုပေါင်းတိုင်းတာရေးစက်များ (Total Stations(- ဤကိရိယာများကို အကွာအဝေးနှင့် တည်နေရာကို အလွန်တိကျစွာ တိုင်းတာရန် အသုံးပြုပါသည်။

(၂) မိုဘိုင်းမြေပုံဆွဲခြင်းနှင့် လေဆာစကင်နာ - ခေတ်သစ် တိုင်းတာရေးလုပ်ငန်းများအတွက် အဆင့်မြင့် ကိရိယာများ ဖြစ်ပါသည်။

(၃) ဆွဲဆန့်အား စမ်းသပ်စက် - ဆောက်လုပ်ရေးသုံး ပစ္စည်းများ၏ ခိုင်ခံ့မှုကို အကဲဖြတ်ရန် အသုံးပြုပါသည်။

(၄) သင်တန်းဝန်ဆောင်မှုများ- ပစ္စည်းကိရိယာများ အကျိုးရှိစွာအသုံးပြုနိုင်စေရန်ရည်ရွယ်ချက်ဖြင့် ပြုလုပ်ထားသော လက်တွေ့အသုံးချ သင်တန်းအစီအစဉ်များ ဖြစ်ပါသည်။

ENG ဌာနခွဲသည် အရည်အသွေးနှင့် ယုံကြည်စိတ်ချရသော ကြိုတင်တိုင်းတာရေးကိရိယာများ ပေးအပ်နိုင်ရန် နိုင်ငံတကာ အသိအမှတ်ပြု ထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့သည် ဝယ်ယူမှုတိုင်းကို ဆက်လက်ဖြစ်ပေါ်နေသော သုံးစွဲသူဝန်ဆောင်မှုနှင့် ကျွမ်းကျင် သင်တန်းများဖြင့် ပံ့ပိုးပေးပါသည်။ ENG ဌာနခွဲ၏ ဝန်ဆောင်မှုအဖွဲ့သည် ကြိုတင်တိုင်းတာရေး ကိရိယာများ၊ GPS စနစ်များနှင့် ဆွဲဆန့်အားစက်များအတွက် ထိန်းသိမ်းမှုနှင့် ပြုပြင်မှုများအပါအဝင် ရောင်းပြီးနောက်ပိုင်း ပံ့ပိုးမှုအဖြစ် သုံးစွဲသူများအား ဝန်ဆောင်မှုအမျိုးမျိုးကို ပေးလျက်ရှိပါသည်။ ဝန်ဆောင်မှုမှရသော ဝင်ငွေသည် သိသာထင်ရှားပြီး ENG ဌာနခွဲ၏ အဓိကဝင်ငွေ လမ်းကြောင်းများထဲမှ တစ်ခုဖြစ်ပါသည်။ ထို့အပြင် ENG အတွက် နောက်ထပ်ဝင်ငွေလမ်းကြောင်း နှစ်ခု ရှိပါသည်။ ၎င်းတို့မှာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် (MES) နှင့် ပူးပေါင်းလုပ်ကိုင်ခြင်းနှင့် အရည်အသွေး ထိန်းချုပ်မှု (QC) စမ်းသပ်ခြင်း တို့ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကွန်ကရစ်နှင့် မြေဆီလွှာ စမ်းသပ်ခြင်း၊ ရေလုံစမ်းသပ်ခြင်း စသည့် QC စမ်းသပ်မှုများကို သုံးစွဲသူများအား သင့်တင့်သော ဈေးနှုန်းဖြင့် ပေးအပ်ပါသည်။ MES နှင့် ပူးပေါင်းလုပ်ကိုင်ခြင်းသည် ကွန်ကော့ဒီးယား နှင့် MES တို့အကြား ကုန်ကျစရိတ်အားလုံး နုတ်ချေပြီးနောက် အမြတ်ငွေကို အညီအမျှ ခွဲဝေရန် သဘောတူညီချက်ဖြင့် စီးပွားရေးပူးပေါင်း လုပ်ကိုင်မှု တစ်မျိုးဖြစ်ပါသည်။ ဝင်ငွေအမျိုးအစားနှစ်ရပ်လုံးသည် ENG ဌာနခွဲ၏ ဝင်ငွေအတွက် အတိုင်းအတာတစ်ခုအထိ အကျိုးပြု ပံ့ပိုးလျက်ရှိပါသည်။

ကွန်ကော့ဒီးယား သည် သုံးစွဲသူများ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုမှ အမြင့်ဆုံးတန်ဖိုးရရှိနိုင်စေရန်နှင့် ၎င်းတို့၏ ပစ္စည်းကိရိယာများ အကောင်းဆုံး စွမ်းဆောင်ရည် ထိန်းသိမ်းနိုင်စေရန်အတွက် သုံးစွဲသူများအား ပညာပေးရေးဆိုင်ရာ စီမံချက်များနှင့် ရောင်းပြီးနောက်ပိုင်း ပံ့ပိုးမှုအစီအစဉ်များတွင်လည်း ရင်းနှီးမြှုပ်နှံလျက် ရှိပါသည်။ ရှေ့ဆက်လှမ်းရာတွင် ဈေးကွက်၏ ပြောင်းလဲ တိုးတက်နေသော လိုအပ်ချက်များကို ဖြည့်ဆည်းရန် ဤဌာနခွဲသည် အလိုအလျောက်စနစ်နှင့် ဉာဏ်ရည်တု ဆန်းသစ် ဖြေရှင်းချက်များ ပိုမိုမိတ်ဆက်နိုင်ရန် ပြင်ဆင်လျက် ရှိပါသည်။ ကုမ္ပဏီသည် ဤကဏ္ဍတွင် ပညာရပ်ကျွမ်းကျင်မှု၊ တိကျမှုနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စံချိန်စံညွှန်းများ သတ်မှတ်ရန် ရည်ရွယ်ထားပါသည်။

၃.၂.၃။ အရောင်းနှင့် ဈေးကွက်ရှာဖွေရေး

ဈေးကွက်အနေအထား သတ်မှတ်ခြင်းနှင့် အမှတ်တံဆိပ် တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည် လုပ်ငန်းကဏ္ဍ တစ်ခုစီတွင် ဈေးကွက် ဦးဆောင်သူများထဲမှ တစ်ဦးအဖြစ် ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ သတ်မှတ်ထားပါသည်။ ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် ပရော်ဖက်ရှင်နယ် ညွှန်းဆိုမှုများမှတစ်ဆင့် ကျွန်ုပ်တို့၏ အမှတ်တံဆိပ်၊ ကုန်ပစ္စည်းများ နှင့် ဝန်ဆောင်မှုများကို ဈေးကွက်ရှာဖွေကြသော်လည်း၊ အမှတ်တံဆိပ် အသိအမှတ်ပြုမှု အားကောင်းစေရန်၊ သုံးစွဲသူအသစ်များ ရရှိစေရန်နှင့် ကျွန်ုပ်တို့၏ ဈေးကွက် ရပ်တည်မှုကို မြှင့်တင်ရန် ရည်ရွယ်ဖွဲ့စည်းထားသည့် စုံလင်သော အရောင်းနှင့် ဈေးကွက်ရှာဖွေရေး ချဉ်းကပ်နည်းကို အသုံးပြုပါသည်။ ကျွန်ုပ်တို့၏ အမှတ်တံဆိပ် မြင်သာမှုကို အများဆုံး မြှင့်တင်ရန် Facebook ထက် ကျော်လွန်၍ LinkedIn၊ YouTube၊ TikTok နှင့် ကျွန်ုပ်တို့၏ တရားဝင် ဝဘ်ဆိုဒ်အပါအဝင် လူမှုမီဒီယာ ပလက်ဖောင်းများစွာကို အသုံးပြုပါသည်။ ပလက်ဖောင်းတစ်ခုစီအတွက် သီးသန့် ဒီဇိုင်းပြုလုပ်ထားသည့် ပါဝင်မှုများဖြင့် ပရိသတ်အမျိုးမျိုးနှင့် သက်ဆိုင်စေရန်၊ ပစ်မှတ်ထားသော ကြော်ငြာများနှင့် Influencers များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အသုံးပြု၍ ပိုမိုကျယ်ပြန့်သော ပရိသတ်ထံ ရောက်ရှိစေရန်၊ ပါဝင်မှုနှုန်းများနှင့် အရောင်းပြောင်းလဲနှုန်းများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရန် အချက်အလက်အခြေပြု ဆန်းစစ်လေ့လာမှုများ အကောင်အထည်ဖော်ရန် ကျွန်ုပ်တို့ ရည်ရွယ်ထားပါသည်။

အရောင်းမြှင့်တင်ရေး လှုပ်ရှားမှုများအနေဖြင့် ကျွန်ုပ်တို့သည် စိတ်လှုပ်ရှားမှုဖြစ်စေရန်နှင့် သုံးစွဲသူများနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံမှု မြှင့်တင်ရန် အခမ်းအနားများနှင့် ကုန်ပစ္စည်း မိတ်ဆက်ပွဲများ ကျင်းပပါသည်။ ထိုအရောင်းမြှင့်တင်ရေး လှုပ်ရှားမှုများတွင် ထူးခြားဆန်းပြားသော ကုန်ပစ္စည်း မိတ်ဆက်ခြင်း အတွေ့အကြုံများဖြင့် စိတ်ဝင်စားမှုနှင့် မီဒီယာ ပါဝင်ဖော်ပြမှု ဖြစ်စေခြင်း၊ တိုက်ရိုက်ပြသမှုများ၊ စမ်းသပ်အသုံးပြုခွင့် အခွင့်အလမ်းများနှင့် Influencers များ ပါဝင်သည့် အပြန်အလှန် သက်ဝင်မှုရှိသော အခမ်းအနားများ ကျင်းပခြင်း၊ နှင့် သုံးစွဲသူများ၏ ချက်ချင်း စိတ်ဝင်စားမှုနှင့် ပါဝင်မှုကို အားပေးရန် အချိန်ကန့်သတ် အထူးကမ်းလှမ်းချက်များနှင့် ကံထူးရှင်ရွေးချယ်ပွဲများ ပြုလုပ်ခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင်၊ ကျွန်ုပ်တို့သည် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍမှကျင်းပသောအရေးပါသည့် ပွဲများတွင် တက်ကြွစွာ ပါဝင်ခြင်းဖြင့် ယုံကြည်စိတ်ချရမှု တည်ဆောက်ရန်နှင့် ကွန်ရက်ချဲ့ထွင်ရန် အခွင့်အလမ်းများ ရယူပါသည်။ ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပြသရန် ကုန်သွယ်ရေးပြပွဲများ၊ အစည်းအဝေးများနှင့် ကွန်ရက်ချဲ့ထွင်ရေး အခမ်းအနားများသို့ တက်ရောက်ပါသည်။ ကျွန်ုပ်တို့၏ အမှတ်တံဆိပ်ကို ဦးဆောင်သူ ခေါင်းဆောင်တစ်ဦးအဖြစ် ထင်မြင်သတ်မှတ်စေရန် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့လုပ်ငန်းကဏ္ဍ၏ အဓိကဆွေးနွေးပွဲများကို ကူညီပံ့ပိုးမှုပြုပြီး လုပ်ငန်းကြီးထွားမှုကို မြှင့်တင်ရန် ဖြစ်နိုင်ခြေရှိသော လုပ်ငန်းပါတနာများ၊ ရင်းနှီးမြှုပ်နှံသူများ၊ သုံးစွဲသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ရေရှည်အောင်မြင်မှုအတွက် သုံးစွဲသူများနှင့် ခိုင်မာသော ဆက်ဆံရေးရှိရန်နှင့် ၎င်းတို့၏ စိတ်ကျေနပ်မှုကို ထိန်းသိမ်းရန် မရှိမဖြစ် အရေးကြီးပါသည်။ ကျွန်ုပ်တို့သည် သုံးစွဲသူများ၏ အတွေ့အကြုံများကို နားလည်ရန် ပုံမှန်စစ်တမ်းကောက်ယူပြီး သုံးသပ်မှုများကို ပြုလုပ်ပါသည်။ သုံးစွဲသူများ၏ စိုးရိမ်ပူပန်မှုများကို ချက်ချင်းဖြေရှင်းပေးရန်နှင့် စိတ်ကျေနပ်မှုတိုးမြှင့်ရန် သုံးစွဲသူပံ့ပိုးမှု လမ်းကြောင်းများ ဖန်တီးထားပါသည်။ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများကို မွမ်းမံရှင်သန်စေရန်နှင့် ဆက်တိုက် တိုးတက်မှုရရှိစေရန် သုံးစွဲသူများ၏ အမြင်များကို အသုံးချပါသည်။ ဈေးကွက်ရှာဖွေရေး ဗျူဟာများအတွက် ဤကျယ်ပြန့်သော ချဉ်းကပ်နည်းသည် ကျွန်ုပ်တို့ ကုမ္ပဏီအား ယှဉ်ပြိုင်မှုများသော ဈေးကွက်အတွင်း ကျွန်ုပ်တို့၏ အမှတ်တံဆိပ်လက္ခဏာကို အားဖြည့်ပေးရင်း ခိုင်မာပြီးသစ္စာရှိသော သုံးစွဲသူတစ်ရပ်ကို တည်ဆောက်နိုင်စေပါသည်။

၃.၂.၄။ ဈေးကွက်ပြိုင်ဆိုင်မှုအခြေအနေဖော်ပြချက်

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းသည် ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ် (OA)၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာ (MED) နှင့် အင်ဂျင်နီယာ ပစ္စည်းကိရိယာ (ENG) ဖြန့်ဖြူးရေး အပါအဝင် စီးပွားရေးလုပ်ငန်းကဏ္ဍ သုံးခုတွင် လည်ပတ်နေသောကြောင့် ကဏ္ဍတစ်ခုစီအတွက် မတူညီသော ပြိုင်ဆိုင်မှုများ ရှိပါသည်။ သို့ရာတွင် MED မှအပ၊ ကျန်ရှိသော OA နှင့် ENG စီးပွားရေးလုပ်ငန်းကဏ္ဍ နှစ်ခုတွင် ဈေးကွက်၌ ပြိုင်ဘက် အနည်းငယ်သာ ရှိပါသည်။ ယင်းမှာ ထိုစီးပွားရေးလုပ်ငန်းကဏ္ဍများ၏ ဝယ်လိုအား နည်းပါးခြင်းနှင့် ဈေးကွက်အရွယ်အစား သေးငယ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ဖြန့်ဖြူးရေးဖြစ်ပြီး ဤကဏ္ဍတွင် ကျွန်ုပ်တို့သည် ဈေးကွက်၌ ဦးဆောင်နေရာ ရယူထားပါသည်။ ကျွန်ုပ်တို့သည် အမျိုးအစားစုံလင်သောဆေးဘက်ဆိုင်ရာနှင့် ဓါတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများကို အုပ်စု ငါးမျိုးအဖြစ် ခွဲခြားထားပြီးဖြန့်ဖြူးပေးပါသည်။ ၎င်းတို့မှာ ဓာတ်မှန်ရိုက်ကွင်း ကုန်ပစ္စည်းများ၊ ခွဲစိတ်ခန်းသုံး ကုန်ပစ္စည်းများ၊ မျက်စိကျန်းမာရေးစောင့်ရှောက်မှု ကုန်ပစ္စည်းများ၊ ဓါတ်ခွဲခန်းသုံး ကုန်ပစ္စည်းများနှင့် အသုံးပြုပစ္စည်းများ ဖြစ်ပါသည်။ ထိုကုန်ပစ္စည်း အုပ်စုများအတွက် အဓိက ပြိုင်ဘက် အမှတ်တံဆိပ် အချို့မှာ General Electric၊ Chison၊ Drager၊ Comen၊ Huvitz၊ Nidek၊ Zeiss၊ Sysmex၊ Aggappe၊ Horiba၊ Backmen Coulter၊ Zybio၊ Roche နှင့် Snibe စသည်တို့ ဖြစ်ပါသည်။ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာ လုပ်ငန်းအတွက် ကျွန်ုပ်တို့၏ အဓိက ပြိုင်ဘက်ကုမ္ပဏီများမှာ Sea Lion Co., Ltd.၊ Ever Glory Co., Ltd.၊ Okkar Thiri Co., Ltd.၊ Advamed Medical Innovation Co., Ltd.၊ United Vision Optical Co., Ltd.၊ IQ Vision၊ Myanmar American Vision Co., Ltd.၊ Advanced Medical & Diagnostics Trading Ltd.၊ Uni Diagnosis Co., Ltd.၊ Golden Myanmar Alliance Co., Ltd. နှင့် Roche Myanmar Co., Ltd. တို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာ ဖြန့်ဖြူးရေး လုပ်ငန်းသည် အလွန်ယှဉ်ပြိုင်မှုများသော ပတ်ဝန်းကျင် ဖြစ်သော်လည်း၊ကျွန်ုပ်တို့ ကုမ္ပဏီသည် ကောင်းစွာတည်ထောင်ထားပြီး အခြေကျနေသော ကုမ္ပဏီဖြစ်သည့်အတွက် စုစုပေါင်း ဈေးကွက်ဝေစု၏ လေးပုံတစ်ပုံခန့် ရရှိထားသည်ဟုခန့်မှန်းရပါသည်။[၂]

ရုံးလုပ်ငန်းသုံး အလိုအလျောက် ပစ္စည်းကိရိယာများ ဖြန့်ဖြူးရေးသည် ကုမ္ပဏီ၏ အရေးပါသည့် အခြားသော စီးပွားရေးကဏ္ဍ တစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ၂၀၀၃ ခုနှစ်တွင် ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ် (OA) စီးပွားရေးကဏ္ဍကို ချဲ့ထွင်ခဲ့ပြီး ခန့်မှန်းခြေ ဈေးကွက်ဝေစု၏ ငါးပုံတစ်ပုံခန့်ကို ရရှိထားပြီးဖြစ်ကာ ဤကဏ္ဍအတွင်း ဈေးကွက် ဦးဆောင်သူတစ်ဦး ဖြစ်လာခဲ့ပါသည်။[၂] ရုံးလုပ်ငန်းသုံးအလိုအလျောက် ပစ္စည်းကိရိယာများ၏ အဓိက ကုန်ပစ္စည်းများမှာ ပုံနှိပ်စက်များ၊ မိတ္တူကူးစက်များ၊ စကင်နာများ၊ ဖက်စ်စက်များ၊ ပရိုဂျက်တာများ၊ ကလောက်ဒ်ကွန်ပြူတာစနစ်များ (Cloud Computing) နှင့် ရုံးလုပ်ငန်းလိုအပ်ချက်များအတွက် ကျွမ်းကျင်သောဖြေရှင်းချက်များ ဖြစ်ပါသည်။ ထိုကုန်ပစ္စည်းများ အားလုံး၏ အဓိက ပြိုင်ဘက်များမှာ Canon၊ HP နှင့် Epson တို့ ဖြစ်ပါသည်။ ကွန်ကော့ဒီးယား သည် OA ကုန်ပစ္စည်းများကို ရောင်းချရုံသာမက ၎င်းတို့ကို Full-Service Maintenance Agreement (FSMA) ဖြင့် တတိယပုဂ္ဂိုလ်များထံ ဌားရမ်းခြင်းလည်း ပြုလုပ်ပါသည်။ ဈေးကွက်အတွင်းရှိ OA ၏ စီးပွားရေး စွမ်းဆောင်ရည် ကြီးမားသော ကုမ္ပဏီများမှာ Dagon Win Win Co., Ltd.၊ KMD Co., Ltd.၊ Myanmar Golden Rock International Co., Ltd.၊ Client Focus Technology Group Co., Ltd.၊ Royal Smart Co., Ltd. နှင့် Gandamar Business Solutions Co., Ltd. တို့ ဖြစ်ပါသည်။ ကုမ္ပဏီသည် သုံးစွဲသူများစိတ်ကျေနပ်မှုအတွက် ထူးကဲသော ရောင်းပြီးနောက်ပိုင်း ဝန်ဆောင်မှုများကို ပေးခြင်းဖြင့် အခြားသော ဈေးကွက်ပါဝင်သူများနှင့် ကွဲပြားသော အားကောင်းသည့် အမှတ်တံဆိပ် ရပ်တည်မှုနှင့် ပုံရိပ်ကို တည်ဆောက်ထားပါသည်။

အင်ဂျင်နီယာ ပစ္စည်းကိရိယာများ ဖြန့်ဖြူးရေးသည် ကုမ္ပဏီအတွက် အခြားသော အဓိက စီးပွားရေးကဏ္ဍ တစ်ခုကို ကိုယ်စားပြုပါသည်။ ကျွန်ုပ်တို့သည် GPS စနစ်များ၊ စုစုပေါင်း တိုင်းတာရေးစက်များ၊ လေဆာစကင်နာများ၊ မိုဘိုင်းမြေပုံဆွဲခြင်း ပစ္စည်းများ၊ ဆွဲဆန့်အားစမ်းသပ်သည့်စက်များ၊ ဒရုန်းဖြင့် တိုင်းတာခြင်းကိရိယာများနှင့် သင်တန်းဝန်ဆောင်မှုများ အပါအဝင် အမျိုးမျိုးသော အင်ဂျင်နီယာ ကုန်ပစ္စည်းများ ကို ဖြန့်ဖြူးပေးပါသည်။ ဤကုန်ပစ္စည်းများ အားလုံးအတွက် Topcon နှင့် Garmin တို့သည် လူကြိုက်များသော အမှတ်တံဆိပ်များ ဖြစ်ပြီး ဈေးကွက်အတွင်းရှိ အခြားသော ပြိုင်ဘက် အမှတ်တံဆိပ်များမှာ Geomax၊ Nikon၊ Leica၊ Samyung နှင့် Onwa တို့ ဖြစ်ပါသည်။ ဈေးကွက်အတွင်းရှိ ENG စီးပွားရေးလုပ်ငန်းကဏ္ဍအတွက် ကျွန်ုပ်တို့၏ အဓိကပြိုင်ဘက်များမှာ Amigos International Co., Ltd., Suntac Technologies Co., Ltd., Coordinates Co., Ltd., Demo Trade International Ltd. (Lynn Marine) နှင့် Sea Technology International Ltd. (Top Marine) တို့ ဖြစ်ပါသည်။ ကုမ္ပဏီသည် ဤကဏ္ဍတွင် စတင်တည်ထောင်သူအဖြစ် အသိအမှတ်ပြုခံရပြီး ခန့်မှန်းခြေ ဈေးကွက်ဝေစု၏ သုံးပုံတစ်ပုံခန့် ပိုင်ဆိုင်ထားသည်ဟု ခန့်မှန်းရပါသည်။[၂]

[၂] "ဈေးကွက်ဝေစု" ကို ကုမ္ပဏီ၏ ဈေးကွက်လေ့လာမှုများမှ ရရှိလာသော အချက်အလက်များအပေါ်အခြေခံပြီ တွက်ချက်ထားခြင်းဖြစ်သဖြင့် ဈေးကွက်အခြေအနေအားလုံးကို လွှမ်းခြုံနိုင်လိမ့်မည် မဟုတ်ပါ။

ဒေသဈေးကွက်အလိုက် ရရှိသော ဝင်ငွေ

စဉ်	ရုံးချုပ်/ရုံးခွဲ	မြန်မာနိုင်ငံ၏ ဒေသအပိုင်းအခြား	၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၁၂ လ) (ထောင်ကျပ်)		၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၁၂ လ) (ထောင်ကျပ်)	
၁	ရန်ကုန်	အောက်မြန်မာပြည်	၁၂,၅၄၀,၅၃၂	၅၇%	၁၀,၉၉၈,၇၁၁	၆၂%
၂	နေပြည်တော်	အလယ်ပိုင်းဒေသ	၃,၂၁၄,၈၉၅	၁၅%	၂,၂၃၄,၅၀၃	၁၃%
၃	မကွေး		၆၉၆,၈၀၂	၃%	၁၄၂,၀၉၅	၁%
၄	မန္တလေး	အထက်မြန်မာပြည်	၄,၄၈၀,၃၉၇	၂၁%	၃,၉၉၇,၅၉၇	၂၃%
၅	တောင်ကြီး		၈၇၁,၆၀၃	၄%	၂၃၇,၀၅၆	၁%
စုစုပေါင်း ဝင်ငွေ			**၂၁,၈၀၄,၂၂၉**	**၁၀၀%**	**၁၇,၆၀၉,၉၇၂**	**၁၀၀%**

၃.၂.၅။ အရေးကြီးသော စာချုပ်စာတမ်းများ

ရက်စွဲ	ပဋိညာဉ်ပြုသူ/ စာချုပ်ဝင်များ	ပဋိညာဉ်၏ ယေဘုယျသဘော သဘာဝ	အဓိကစည်းကမ်း သတ်မှတ်ချက်များ	စာချုပ်တန်ဖိုး/ပမာဏ	မှတ်ချက်
၁ ဧန်နဝါရီ ၂၀၂၆	Leica Microsystems (SEA) Pte Ltd နှင့် Concordia	Leica ထုတ်ကုန်များ အတွက်မြန်မာနိုင်ငံ ဆိုင်ရာသီးသန့် မဟုတ်သော ဖြန့်ဖြူးရေး သဘောတူညီချက် စာချုပ်	Concordia အား မြန်မာနိုင်ငံရှိ Leica ထုတ်ကုန်များ၏ သီးသန့်မဟုတ်သော ဖြန့်ဖြူးသူအဖြစ် ခန့်အပ်ခြင်း	ပေးချေရမည့်တန်ဖိုးတွင် Concordia အနေဖြင့် LEICA ထုတ်ကုန်များကို ဝယ်ယူရာတွင်ပေးသွင်းသူ များအတွက်သတ်မှတ်ထား သောစျေးနှုန်းများအတိုင်းပေး ချေမှုများပါဝင်သည်။ယင်း ပေးချေမှုများသည်စာချုပ် သက်တမ်းအတွင်းသဘောတူ ညီထားသော အနိမ့်ဆုံး ဝယ်ယူရမည့် ပမာဏအပေါ် တွင်လည်း မူတည်ပါသည်။	
၁ ဧပြီ ၂၀၂၅	FUJIFILM Business Innovation Asia Pacific Pte. Ltd. (Myanmar Branch) နှင့် Concordia	FUJIFILM Business Innovation ထုတ်ကုန်များ အတွက် တရားဝင် စီးပွားရေးမိတ်ဖက် အဖြစ် ခန့်အပ်လွှာ	Concordia အား မြန်မာနိုင်ငံရှိ Fujifim ထုတ်ကုန်များ၏ ဖြန့်ဖြူးသူအဖြစ် ခန့်အပ်ခြင်း	ပေးချေရမည့်တန်ဖိုးတွင် Concordia အနေဖြင့် FUJIFILM ထုတ်ကုန်များကို ဝယ်ယူရာတွင်ပေးသွင်းသူ များအတွက်သတ်မှတ်ထား သောစျေးနှုန်းများအတိုင်းပေး ချေမှုများပါဝင်သည်။ ယင်းပေးချေမှုများသည် စာချုပ်သက်တမ်းအတွင်း	

				သဘောတူညီထားသောအနိမ့်ဆုံးဝယ်ယူရမည့် ပမာဏအပေါ်တွင်လည်း မူတည်ပါသည်။	
၁ ဧပြီ ၂၀၂၅	Topcon Instruments (Malaysia) Sdn. Bhd. နှင့် Concordia (Engineering)	ဖြန့်ဖြူးရေး သဘောတူညီချက်	Concordia အား မြန်မာနိုင်ငံရှိ Topcon တိုင်းတာရေး ထုတ်ကုန်များ၏ သီးသန့်မဟုတ်သော ဖြန့်ဖြူးသူအဖြစ် ခန့်အပ်ခြင်း	ပေးချေရမည့်တန်ဖိုးတွင် Concordia အနေဖြင့် Topcon ထုတ်ကုန်များကို ဝယ်ယူရာတွင်ဖြန့်ဖြူးသူများအတွက် သတ်မှတ်ထားသော လက်ရှိစျေးနှုန်းများအတိုင်း ပေးချေမှုများ ပါဝင်သည်။ ယင်းပေးချေမှုများသည် စာချုပ်သက်တမ်းအတွင်း သဘောတူညီထားသော အနိမ့်ဆုံးဝယ်ယူရမည့် ပမာဏ အပေါ်တွင်လည်း မူတည်ပါသည်။	
၁ ဧပြီ ၂၀၂၅	Topcon Instruments (Malaysia) Sdn. Bhd. နှင့် Concordia (Medical)	ဖြန့်ဖြူးရေး သဘောတူညီချက်	Concordia အား မြန်မာနိုင်ငံရှိ Topcon ဆေးဘက်ဆိုင်ရာ ထုတ်ကုန်များ၏ သီးသန့်မဟုတ်သော ဖြန့်ဖြူးသူအဖြစ် ခန့်အပ်ခြင်း	ပေးချေရမည့်တန်ဖိုးတွင် Concordia အနေဖြင့် Topcon ထုတ်ကုန်များကို ဝယ်ယူရာတွင် ဖြန့်ဖြူးသူများအတွက် သတ်မှတ်ထားသော လက်ရှိစျေးနှုန်းများအတိုင်း ပေးချေမှုများ ပါဝင်သည်။ ယင်းပေးချေမှုများသည် စာချုပ်သက်တမ်းအတွင်း သဘောတူညီထားသော အနိမ့်ဆုံးဝယ်ယူရမည့် ပမာဏ အပေါ်တွင်လည်း မူတည်ပါသည်။	
၁ ဇန်နဝါရီ ၂၀၂၅	MR Global (HK) Limited (“**Mindray**”). နှင့် Concordia	ဖြန့်ဖြူးရေး သဘောတူညီချက်	Concordia အား မြန်မာနိုင်ငံရှိ သတ်မှတ်ထားသော Mindray ထုတ်ကုန်များ အတွက် သီးသန့်ဖြန့်ဖြူးသူ အဖြစ် ခန့်အပ်ခြင်း	Concordia အနေဖြင့် Proforma Invoices (ကြိုတင်ပေးပို့သည့် ငွေတောင်းခံလွှာများ) အရ သဘောတူညီထားသော စျေးနှုန်းများအတိုင်း Mindray ထုတ်ကုန်များကို ဝယ်ယူရာတွင် ပေးချေရမည့်တန်ဖိုးမှာ အနိမ့်ဆုံးဝယ်ယူရမည့်	

				ကတိကဝတ်နှင့် ပုံမှန်အရောင်းပမာဏ တာဝန်များအပေါ် မူတည်၍ ဖြစ်ပါသည်။	
၁၃ ဇူလိုင် ၂၀၂၄	Yoma Bank Limited နှင့် Concordia	အဌားဝယ်ယူခြင်း လက်ခံဆောင်ရွက်သူ သဘောတူညီချက်	Concordia ၏ ကုန်ပစ္စည်းများ ဝယ်ယူရန် သုံးစွဲသူများအား အဌားဝယ်ယူခြင်း အတွက် ငွေကြေးပံ့ပိုးမှု ဝန်ဆောင်မှုများ ကမ်းလှမ်းခြင်း	တိုက်ရိုက် ငွေကြေးပေးချေမှုဆိုင်ရာ တန်ဖိုး မရှိပါ။ Concordia အနေဖြင့် Yoma Bank ၏ အရစ်ကျဝယ်ယူမှု ငွေကြေးထောက်ပံ့ရေး အစီအစဉ်များမှတစ်ဆင့် ကုန်ပစ္စည်းရောင်းချမှု တိုးတက်လာခြင်းမှ အကျိုးအမြတ်ရရှိမည် ဖြစ်သည်။	
၂ စက်တင်ဘာ၊ ၂၀၂၅ (ထပ်မံသိရှိလိုပါက အောက်ပါ “Yoma Facility” ခေါင်းစဉ်ပါ အပိုင်းကို လည်းကြည့်ရှုပါရန်။)	Yoma Bank Limited နှင့် Concordia	လုပ်ငန်း လည်ပတ်ရန်ပုံငွေ အတွက် ကာလတို ချေးငွေ ရည်ရွယ်ချက်ဖြင့် ခွင့်ပြု ချေးငွေပမာဏ အကန့်အသတ် ကျပ် သန်း ၄,၀၀၀ အထိ	ဤသဘောညီချက်သည် လုပ်ငန်း လည်ပတ်ရန်ပုံငွေ အတွက် အသုံးပြုရန် သက်တမ်းတစ်နှစ် ရှိသော ချေးငွေ ဖြစ်ပါသည်။ သဘောတူညီချက်၌ ကုမ္ပဏီအား ၂၀၂၅ ခုနှစ်၊အောက်တိုဘာ လကုန် အထိ ကျောက်ကပ်သွေး သန့်စင်စင်တာ၏ မြို့နယ် စီးပွားရေးလုပ်ငန်း လိုင်စင်ကို တင်ပြရန် သတ်မှတ်ထားပါသည်။ ကုမ္ပဏီသည် ဤအချိန်တွင် ကျောက်ကပ်သွေး သန့်စင်စင်တာ ဖွင့်လှစ်ရန် အစီအစဉ်ကို စတင်	ကျပ် သန်း ၄,၀၀၀ အထိ ချေးငွေသဘောတူညီချက်။ တစ်နှစ်လျှင် အတိုး ၁၃% နှုန်းဖြင့် လစဉ်ပေးချေရပြီး လစဉ်ပေါင်းစပ် တွက်ချက်ပါသည်။ မူလချေးငွေကို ထုတ်ယူသည့် အပိုင်းအခြားတစ်ခုစီ သက်တမ်းကုန်ဆုံးပါက ပြန်လည်ပေးဆပ်ရပါသည်။ ချေးငွေသဘောတူညီချက် အရ ကနဦးဝန်ဆောင်စရိတ် အဖြစ် ၁% နှုန်းကို ခွင့်ပြုချေးငွေပမာဏပေါ်တွင် ကျသင့်ပါသည်။	

			ဆောင်ရွက်ခြင်း မရှိသေးပါ။		
၁ ဧပြီ ၂၀၂၁	ဒေါ်တင်တင်အေး နှင့် Concordia	ရာဘာစိုက်ခင်း ဝန်ဆောင်မှု သဘောတူညီချက်	ရာဘာစိုက်ခင်း အတွက် နည်းပညာပိုင်း ဝန်ဆောင်မှုများ ပေးအပ်ခြင်း	ကွန်ကော့ဒီးယားသည် စိုက်ခင်းလုပ်ငန်းမှ ရရှိသော နှစ်စဉ် အသားတင်အမြတ် စုစုပေါင်း၏ ငါးဆယ်ရာခိုင်နှုန်း (၅၀%) ကို ရရှိခွင့်ရှိပါသည်။	
၁ ဇန်နဝါရီ ၂၀၂၆	မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ် (MES) နှင့် Concordia	ပူးတွဲစီးပွားရေး လုပ်ငန်း ဆောင်ရွက်မှု သဘောတူစာချုပ်	ကုမ္ပဏီနှင့် MES တို့သည် ပူးတွဲလုပ်ကိုင်သည့် ဓာတ်ခွဲခန်းနှင့် ပတ်သက်၍ ပူးတွဲစီးပွားရေး လုပ်ငန်း ဆောင်ရွက်ရန် သဘောတူညီချက် ရယူထားပါသည်။	ကုန်ကျစရိတ်အားလုံး နုတ်ပယ်ပြီးနောက် ရရှိလာသော အသားတင်အမြတ်ကို နှစ်ဖက်အဖွဲ့အစည်းများအ ကြား [တူညီစွာ] ခွဲဝေ ယူကြပါသည်။	နောက်ဆုံးတင်သွင်းသည့် နေ့ရက် အထိ အဆိုပါ သဘောတူညီချက်ကို တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်း မပြုလုပ်ရသေးပါ။
၁ ဧပြီ ၂၀၂၃	Yoma Oue Pun Hlaing Hospital Limited နှင့် Concordia	ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်	ပန်းလှိုင်ဆေးရုံသို့ ပံ့ပိုးပေးထားသော တစ်ရှူးဗေဒ (Histology) ဆိုင်ရာ စက်ကိရိယာများ ပေါ် မူတည်၍ အသုံးပြုသည့် Histology Slides အရေအတွက် အလိုက် ကုမ္ပဏီမှ လစဉ်ကြေး ကောက်ခံပါသည်။	အခကြေးငွေမှာ ပုံသေပမာဏ မဟုတ်ပါ။ သက်ဆိုင်ရာလအတွင်း ပန်းလှိုင်ဆေးရုံမှ အသုံးပြုသည့် Histology Slides အရေအတွက်အပေါ် မူတည်၍ ကုမ္ပဏီမှ လစဉ်ကြေး ကောက်ခံပါသည်။	နောက်ဆုံးတင်သွင်းသည့် နေ့ရက်အထိ အဆိုပါ သဘောတူညီချက်ကို တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်း မပြုလုပ်ရသေးပါ။

တံဆိပ်ခေါင်းခွန် အပြည့်အဝ ထမ်းဆောင်ထားခြင်း မရှိသည့် သဘောတူညီချက်များနှင့် ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေ အသေးစိတ်အချက်အလက်များကို ဤအလားအလာညွှန်းတမ်း ၏ **"အပိုင်း (၂)။ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ အချက်အလက်များ - ဆုံးရှုံးနိုင်သည့် အချက်များ - မြန်မာနိုင်ငံ တံဆိပ်ခေါင်းခွန်အက်ဥပဒေနှင့်အညီ လိုအပ်သော တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားခြင်း မရှိသည့် အချို့သော သဘောတူစာချုပ်များကို ဥပဒေကြောင်းအရ အတည်ပြု ဆောင်ရွက်ရန် အခက်အခဲရှိနိုင်ပါသည်။**" ဟူသော ကဏ္ဍတွင် ဖတ်ရှုနိုင်ပါသည်။

ရိုးမဘဏ်၏ ချေးငွေသဘောတူစာချုပ်

ကုမ္ပဏီအား ပေးအပ်ထားသည့် ရိုးမဘဏ်၏ ခွင့်ပြုချေးငွေပမာဏသည် ကျပ်သန်း ၄,၀၀၀ ပမာဏ အထိ ရှိပါသည်။ အလားအလာညွှန်းတမ်း နောက်ဆုံးတင်သွင်းသည့်နေ့ရက် စာရင်းဇယားအရ ကုမ္ပဏီသည် ပထမအကြိမ်အဖြစ် ကျပ်သန်း ၂,၀၀၀ ကို စက်တင်ဘာလ ၂၀၂၅ ခုနှစ်တွင် ထုတ်ယူခဲ့ပြီး ကျန်ငွေများကို ထပ်မံထုတ်ယူရန် ရည်ရွယ်ချက်မရှိပါ။

ရိုးမဘဏ်၏ ချေးငွေ သဘောတူစာချုပ် အောက်တွင် အတိုးကို တစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်းနှုန်းဖြင့် လစဉ်ပေးချေရမည်ဖြစ်ပါသည်။ ထုတ်ယူသုံးစွဲသည့် ချေးငွေတစ်သုတ်ချင်းစီ (drawdown tranche) ၏ အရင်းပမာဏကို အဆိုပါချေးငွေ သက်တမ်းပြည့်မြောက်သည့်အခါ ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။ သို့သော်လည်း ကုမ္ပဏီသည် သက်ဆိုင်ရာ သက်တမ်းမပြည့်မီတွင် ပထမအကြိမ် ထုတ်ယူထားသော ချေးငွေများကို အကြိမ်ရေများစွာဖြင့် ကြိုတင်ပေးဆပ်ခဲ့ပြီး ကျန်ရှိနေသည့် ငွေရင်းကို ပေးရန်ရှိ အတိုးအားလုံးနှင့်အတူ တဆက်စပ်တည်း ပေးချေခဲ့ပါသည်။ ထို့ကြောင့် နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ ပထမအကြိမ် ထုတ်ယူထားသော ချေးငွေများကို အပြည့်အဝ ပြန်လည်ပေးဆပ်ပြီးဖြစ်၍ ရိုးမဘဏ်၏ချေးငွေ သဘောတူစာချုပ်အောက်တွင် ပေးရန်ရှိချေးငွေလက်ကျန် မရှိပါ။

ကုမ္ပဏီသည် အခြားသော အချက်များအပြင် (၁) ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလကုန်တွင် ၎င်း၏ လျာထားသော ကျောက်ကပ်ဆေးစင်တာအတွက် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းလိုင်စင်နှင့် (၂) ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် အစိုးရတင်ဒါ သဘောတူစာချုပ် မိတ္တူနှစ်စောင် တို့ကို ရိုးမဘဏ်သို့ ပံ့ပိုးပေးရန် လိုအပ်ပါသည်။ နောက်ဆုံးတင်သွင်းသည့်နေ့ရက်အထိ ကုမ္ပဏီသည် ကျောက်ကပ်သွေးသန့်စင်စင်တာ တည်ထောင်ခြင်းလုပ်ငန်းကို စတင်ခြင်း မရှိသေးပါ။ သို့သော်လည်း ကုမ္ပဏီသည် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်စွဲပါ အကြောင်းကြားစာမှတစ်ဆင့် ရိုးမဘဏ်ထံမှ စာဖြင့်အတည်ပြုချက် ရရှိထားပြီး ဖြစ်ပါသည်။ အဆိုပါ အတည်ပြုချက်အရ ကျောက်ကပ်သွေးသန့်စင်စင်တာ အတွက် လုပ်ငန်းလိုင်စင် တင်ပြရန် မလိုအပ်တော့ကြောင်းနှင့် ကုမ္ပဏီအနေဖြင့် ရိုးမဘဏ်၏ချေးငွေ ဝန်ဆောင်မှု နှင့် သက်ဆိုင်သော စည်းကမ်းချက်များကို ပြည့်စုံအောင် ဆောင်ရွက်ပြီးဖြစ်ကြောင်း အတည်ပြုရရှိထားပါသည်။

အာမခံပစ္စည်းအဖြစ် ဒေါက်တာသန်းဝင်းနှင့် ဒေါ်တင်တင်အေးတို့၏ [ပူးတွဲ] ပိုင်ဆိုင်မှုဖြစ်သော အမွေအနှစ်ပိုင်ဆိုင်ခွင့်ကို တင်ပြထားပါသည်။ ထိုသို့သော အာမခံပစ္စည်းကို ရိုးမဘဏ်၏ အမည်ဖြင့် အာမခံထားရန် လိုအပ်ပါသည်။ အာမခံပစ္စည်း၏ တန်ဖိုးကျဆင်းပါက ကုမ္ပဏီသည် ရိုးမဘဏ်မှ လက်ခံနိုင်သော အပိုအာမခံပစ္စည်းကို တင်ပြရန် လိုအပ်ပြီး ထိုသို့မဆောင်ရွက်ပါက ကုမ္ပဏီသည် လိုငွေပမာဏကို ပြန်လည်ပေးဆပ်ရမည် ဖြစ်ပြီး Yoma Facility အောက်ရှိ ချေးငွေ အကန့်အသတ်ကိုလည်း ယင်းနည်းလမ်းအတိုင်း လျှော့ချသွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့သည် Yoma Facility အောက်ရှိ တာဝန်ဝတ္တရားများနှင့် အာမခံလိုအပ်ချက်များသည် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေကို သိသာထင်ရှားစွာသို့မဟုတ် ဆိုးကျိုးသက်ရောက်စေသည့် အနေဖြင့် ထိခိုက်မှု မရှိဟု ထင်မြင်ပါသည်။

၃.၂.၆။ ပိုင်ဆိုင်မှုများ၊ စက်ရုံများနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာများ

စဉ်	တည်နေရာ	ငှားရမ်းကာလ	ခန့်မှန်း ဧရိယာ	ပိုင်ဆိုင်မှု အသုံးပြုပုံ	ငှားရမ်းပေးသူ	ငှားရမ်းသူ
၁	အဆောက်အဦး အမှတ် (၁၁) (အထပ် ၁-၄)၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်	[၃၀ ဒီဇင်ဘာ ၂၀၁၀ မှ ၂၉ ဒီဇင်ဘာ ၂၀၄၀ အထိ]	၃၄,၅၆၀ စတုရန်းပေ	ရုံးချုပ်	Myanmar Infotech Corporation Limited	Concordia
၂	အမှတ် (၁) ရပ်ကွက်၊ (၈) အခန်းနံပါတ်	၁ အောက်တိုဘာ ၂၀၂၅ မှ ၃၁ မတ် ၂၀၂၇ အထိ	၅,၄၀၀ စတုရန်းပေ	မန္တလေးရုံးခွဲ	ဒေါက်တာသန်းဝင်းနှင့် ဒေါ်တင်တင်အေး	Concordia

	ဈေးဆိုင်အိမ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး					
၃	အမှတ် (၁၄၄)၊ သီရိရတနာ ဈေးဝယ်စင်တာ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်	၁ အောက်တိုဘာ ၂၀၂၅ မှ ၃၁ မတ် ၂၀၂၇အထိ	၂၀,၀၀၀ စတုရန်းပေ	နေပြည်တော် ရုံးခွဲ	ဒေါက်တာသန်းဝင်း နှင့် ဒေါ်တင်တင်အေး	Concordia
၄	F-2၊ ၂၇ လမ်းထောင့်နား၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား၊ ချမ်းအေးသာစံ မြို့နယ်၊ မန္တလေး	၁ အောက်တိုဘာ ၂၀၂၅ မှ ၃၁ မတ် ၂၀၂၇ အထိ	၃,၇၅၀ စတုရန်းပေ	မန္တလေးရုံးခွဲ	ဒေါက်တာသန်းဝင်း	Concordia
၅	အမှတ် ၁၃၇၊ တောင်ထိပ်ပန်းလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ ၊ သဃ်န်းကျွန်း မြို့နယ် ၊ ရန်ကုန်	၂၀ ဩဂုတ် ၂၀၂၅ မှ ၁၉ ဩဂုတ် ၂၀၂၆ အထိ	၈၈၀ စတုရန်းပေ	သုဝဏ္ဏ ဓာတ်ခွဲခန်းရုံး	ဒေါ်နှင်းနှင်းဇာပြည့်	Concordia
၆	အမှတ် (၅၉) ဂိုဒေါင်၊နာဂအိမ်ယာ ၊ မရမ်းကုန်း	၁ ဇူလိုင် ၂၀၂၅ မှ ၃၀ ဇွန် ၂၀၂၈ အထိ	၉၀ ပေ x ၃၀ ပေ	ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ သိုလှောင်ရေး ဂိုဒေါင်	စားသုံးသူရေးရာဦးစီးဌာန(Department of Consumer Affairs)	Concordia
၇	အမှတ် (၆၇)၊ မကျည်းပင်လမ်း၊ ကန်သာရပ်ကွက်၊ အဖွဲ့ D၊ မကွေး	၁ ဒီဇင်ဘာ ၂၀၂၄ မှ ၃၀ နိုဝင်ဘာ ၂၀၂၆ အထိ	အလျား ၄၀ ပေ၊ အနံ ၃၃ ပေ	မကွေးရုံးခွဲ	ဦးသိန်းလွင်ဦး	Concordia
၈	မ/၄၃၄၊ မင်္ဂလာလမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီး	၁ ဧပြီ ၂၀၂၅ မှ ၃၁ မတ် ၂၀၂၆ အထိ	၉၀ ပေ x ၃၅ ပေ	တောင်ကြီးရုံးခွဲ	ဒေါက်တာသန်းဝင်း	Concordia

ကုမ္ပဏီသည် ၎င်း၏ တောင်ကြီးရုံးခွဲအတွက် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဌားရမ်းမှု သဘောတူစာချုပ် (Taunggyi Lease) ကို ချုပ်ဆိုထားပါသည်။ နောက်ဆုံး တင်သွင်းသည့်နေ့ရက်အထိ အဆိုပါ တောင်ကြီးရုံးခွဲ ဌားရမ်းမှုစာချုပ်မှာ တံဆိပ်ခေါင်းခွန် တစိတ်တပိုင်းကိုသာ ထမ်းဆောင်ရသေးသည့် အခြေအနေတွင် ရှိနေပါသည်။ ကုမ္ပဏီအနေဖြင့် တောင်ကြီးရုံးခွဲစာချုပ်ကို သက်တမ်းတိုးမြှင့်သည့်အခါတွင်လည်းကောင်း၊ အနာဂတ်တွင် ချုပ်ဆိုမည့် ဌားရမ်းမှုစာချုပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဌားရမ်းမှုစာချုပ်များနှင့် အခြားသော စာချုပ်စာတမ်းအားလုံးကို မြန်မာနိုင်ငံ တံဆိပ်ခေါင်းခွန် အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းခွန် လုံလောက်စွာ ထမ်းဆောင်ပြီးဖြစ်စေရန် လိုအပ်သည့် စီမံဆောင်ရွက်မှုများကို ချမှတ်ထားပြီး

ဖြစ်ပါသည်။ တံဆိပ်ခေါင်းခွန် လုံလောက်စွာ ထမ်းဆောင်ထားခြင်း မရှိသော သဘောတူစာချုပ်များနှင့် ပတ်သက်သည့် စွန့်စားရနိုင်ခြေ အသေးစိတ်အချက်အလက်များကို ဤအလားအလာညွှန်းတမ်း (Prospectus) ၏ "**အပိုင်း (၂)။ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ အချက်အလက်များ - ဆုံးရှုံးနိုင်သည့်အချက်များ - မြန်မာနိုင်ငံ တံဆိပ်ခေါင်းခွန်အက်ဥပဒေနှင့်အညီ လိုအပ်သော တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားခြင်း မရှိသည့် အချို့သော သဘောတူစာချုပ်များကို ဥပဒေကြောင်းအရ အတည်ပြု ဆောင်ရွက်ရန် အခက်အခဲရှိနိုင်ပါသည်။**" ဆိုသည့် ကဏ္ဍတွင် အသေးစိတ် ကြည့်ရှုနိုင်ပါသည်။
လက်ရှိတွင် ကုမ္ပဏီအနေဖြင့် ကိုယ်ပိုင်မြေ သို့မဟုတ် အဆောက်အအုံ ပိုင်ဆိုင်ထားခြင်း မရှိပါ။

၃.၂.၇။ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး

လက်ရှိအချိန်တွင် ကျွန်ုပ်တို့သည် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း မရှိသကဲ့သို့ လွန်ခဲ့သော ဘဏ္ဍာရေးနှစ် နှစ်နှစ်အတွင်း၌လည်း အရေးပါသော သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်း မရှိပါ။

၃.၃။ ကုမ္ပဏီစီမံခန့်ခွဲမှုအဖွဲ့၏ ဆွေးနွေးသုံးသပ်ချက်

အောက်ပါ ကုမ္ပဏီစီမံခန့်ခွဲမှုအဖွဲ့၏ ဆွေးနွေးသုံးသပ်ချက် ("MD&A") သည် Concordia Public Company Limited ("Concordia") ၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက် နှင့် ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ထားသော ဘဏ္ဍာရေးအခြေအနေ အစီရင်ခံစာများ (ဘဏ္ဍာနှစ် ၂၀၂၄-၂၀၂၅ နှင့် ဘဏ္ဍာနှစ် ၂၀၂၃-၂၀၂၄) အပေါ် အခြေခံထားပြီး ယင်း ဘဏ္ဍာရေးအခြေအနေ အစီရင်ခံစာများနှင့် ၎င်းတို့နှင့် ဆက်စပ်သော မှတ်ချက်များနှင့် တွဲဖက် ဖတ်ရှုသင့်ပါသည်။ ဤဆွေးနွေးသုံးသပ်ချက် အတွင်းရှိ ငွေကြေးပမာဏ အားလုံးကို အထူးဖော်ပြချက် မရှိပါက မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

၃.၃.၁။ လုပ်ငန်းလည်ပတ်မှု ရလဒ်များ

ကျွန်ုပ်တို့ ကုမ္ပဏီ၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက် နှင့် ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်များ အတွက် လုပ်ငန်းလည်ပတ်မှု စွမ်းဆောင်ရည်ကို အောက်တွင် ဖော်ပြထားပါသည်။

အမျိုးအစားအလိုက် ဝင်ငွေ

(ကျပ်ငွေတန်ဖိုး ထောင်ပေါင်း)	၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၁၂ လ)		၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၁၂ လ)	
ဝင်ငွေ – ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ် (OA)	၂,၁၇၂,၂၀၄	၁၀.၀%	၂,၃၈၀,၅၆၅	၁၃.၅%
ဝင်ငွေ – ဆေးဘက်ဆိုင်ရာ (MED)	၁၄,၅၃၉,၁၆၃	၆၆.၇%	၁၀,၈၂၆,၄၅၀	၆၁.၅%
ဝင်ငွေ – အင်ဂျင်နီယာဆိုင်ရာ (ENG)	၁,၅၃၁,၈၃၀	၇.၀%	၂,၅၄၇,၀၆၁	၁၄.၅%
ဝင်ငွေ - ဝန်ဆောင်မှု	၅၀၆,၁၉၈	၂.၃%	၅၄၈,၇၀၆	၃.၁%
ဝင်ငွေ - FSMA	၂,၄၈၈,၂၁၀	၁၁.၄%	၁,၂၂၈,၀၃၉	၇.၀%
ဝင်ငွေ – အင်ဂျင်နီယာဆိုင်ရာ (MES)	၂၇,၅၉၂	၀.၁%	၂၉,၅၄၆	၀.၂%
ဝင်ငွေ – ၃QC	၃၈,၆၉၂	၀.၂%	၂၃,၃၂၆	၀.၁%
ဝင်ငွေ – ပူးပေါင်းလုပ်ကိုင်မှု	၅၈,၄၇၁	၀.၃%	၂၆,၀၂၄	၀.၁%
ဝင်ငွေ – ပို့ဆောင်ခ	၃၅,၈၀၆	၀.၂%	၂၅၅	၀%
ဝင်ငွေ - ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်း	၄၀၆,၀၆၃	၁.၉%	-	-
စုစုပေါင်းဝင်ငွေ	၂၁,၈၀၄,၂၂၉	၁၀၀%	၁၇,၆၀၉,၉၇၂	၁၀၀%

မှတ်ချက်- ဇယားပါ ကိန်းဂဏန်းများကို အနီးဆုံး ထောင်ဂဏန်းအပြည့်ဖြင့် ဖော်ပြထားခြင်းဖြစ်ပါသည်။

ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ၊ ရုံးလုပ်ငန်းသုံး အလိုအလျောက်စနစ် ထုတ်ကုန်များနှင့် အင်ဂျင်နီယာ တိုင်းတာရေး ပစ္စည်းကိရိယာများကို ရောင်းဝယ် ဖြန့်ဖြူးခြင်းကို ဆောင်ရွက်ပါသည်။ ဝင်ငွေများကို ရုံးလုပ်ငန်းသုံး အလိုအလျောက်စနစ် (OA)၊ ဆေးဘက်ဆိုင်ရာ (MED)၊ အင်ဂျင်နီယာဆိုင်ရာ (ENG)၊ Full Service-Maintenance Agreement (FSMA)၊ ဝန်ဆောင်မှုနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် (MES) နှင့် ပူးပေါင်းလုပ်ကိုင်မှု စသည်ဖြင့် အမျိုးအစား (၆) မျိုးခွဲခြားထားပါသည်။ MED သည် အဓိကဝင်ငွေ လမ်းကြောင်းဖြစ်ပြီး ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် စုစုပေါင်းဝင်ငွေ၏ ခန့်မှန်းခြေအားဖြင့် ၆၇% ရှိပါသည်။ OA နှင့် FSMA တို့၏ ဝင်ငွေသည် ၁၀% နှင့် ၁၁% အသီးသီး ခန့်မှန်းခြေအားဖြင့် ရှိပါသည်။ ENG နှင့် ဝန်ဆောင်မှုတို့မှရရှိသော ဝင်ငွေသည် ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ၇% နှင့် ၂% အသီးသီးရှိပါသည် (အဆိုပါ ဝင်ငွေများသည် ယခင်ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တွင် ရရှိခဲ့သော ၁၅% နှင့် ၃% တို့ဖြင့် နှိုင်းယှဉ်ပါက လျော့နည်းသည်ကို တွေ့ရှိရပါသည်)။ MES သည် သီးခြားဝင်ငွေ လမ်းကြောင်းတစ်ခုအဖြစ် ဖော်ပြထားသော်လည်း ဘဏ္ဍာနှစ် နှစ်နှစ်လုံးတွင် ဝ.၃% အောက်သာရှိသဖြင့် ၎င်း၏ အသားတင် အကျိုးပြုမှုမှာ အနည်းငယ်မျှသာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ ဝင်ငွေနှင့် ကုန်ကျစရိတ်များကို ကုမ္ပဏီနှင့် MES တို့မှ အညီအမျှ မျှဝေခံစားသောကြောင့် ဖြစ်ပါသည်။ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် OA၊ ENG နှင့် ဝန်ဆောင်မှုမှ ဝင်ငွေများသည် ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ နှင့် နှိုင်းယှဉ်လျှင် အနည်းငယ် ကျဆင်းခဲ့ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဆက်လက် တည်ရှိနေသော နိုင်ငံရေး-စီးပွားရေး စိန်ခေါ်မှုများကြောင့် ဈေးနှုန်းမြင့်တက်ပြီး ဝယ်လိုအား လျော့နည်းလာခြင်းကြောင့် ဖြစ်ပါသည်။

ဤကာလအတွင်း ကုမ္ပဏီသည် Pun Hlaing Hospital နှင့် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် "ပူးပေါင်းလုပ်ကိုင်မှုဝင်ငွေ" ဟု အသိအမှတ်ပြုထားသော ဝင်ငွေလမ်းကြောင်းအသစ်နှင့် အရည်အသွေးထိန်းချုပ်မှု (QC) အင်ဂျင်နီယာ ဌာနခွဲလက်အောက်ရှိ ဝန်ဆောင်မှု ဝင်ငွေဟူ၍ ဝင်ငွေလမ်းကြောင်းအသစ် နှစ်ခုကို ဖန်တီးခဲ့ပါသည်။ သို့ရာတွင် ထိုဝင်ငွေ အမျိုးအစားများသည် ပမာဏအားဖြင့် အတန်အသင့်နိမ့်ပြီး နှစ်နှစ်လုံးတွင် စုစုပေါင်းဝင်ငွေ၏ ဝ.၅% အောက်သာ ရှိပါသည်။

ထို့နောက်ပိုင်းတွင် ကုမ္ပဏီသည် "ပို့ဆောင်ခ" နှင့် "ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းဝင်ငွေ" မှ အနည်းငယ်မျှသော ဝင်ငွေများကိုလည်း မှတ်တမ်းတင်ခဲ့ပါသည်။ "ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းဝင်ငွေ" သည် တစ်နှစ်အတွက်သာ ရရှိသောဝင်ငွေ ဖြစ်ပြီး နောင်နှစ်များတွင် ဆက်လက်ရရှိရန် မမျှော်လင့်ထားပါ။ ဤဖြည့်စွက်ဝင်ငွေ လမ်းကြောင်းများသည် နှိုင်းယှဉ်လျှင် သိသာထင်ရှားမှု မရှိသော်လည်း၊ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ယခင်ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ နှင့် နှိုင်းယှဉ်လျှင် စုစုပေါင်းဝင်ငွေကို အနည်းငယ်မျှ တိုးမြင့်စေခဲ့ပါသည်။

လာမည့်နှစ် ၂၀၂၆ ခုနှစ်တွင် ကုမ္ပဏီသည် ဆေးဘက်ဆိုင်ရာ (MED) စီးပွားရေး ကဏ္ဍအောက်တွင် ကျောက်ကပ်သွေးသန့်စင် စက်များနှင့် အသုံးပြုပစ္စည်းများ ဖြန့်ဖြူးခြင်းဆိုင်ရာ ထုတ်ကုန်အသစ်တစ်ခုကို စတင်မိတ်ဆက်သွားမည် ဖြစ်ပါသည်။ ဤမဟာဗျူဟာမြောက် ချဲ့ထွင်မှုသည် MED စီးပွားရေး အမျိုးအစားကဏ္ဍတွင် သိသာထင်ရှားသော ဝင်ငွေတိုးတက်မှုကို ဖြစ်ပေါ်လာနိုင်စေပြီး ကုမ္ပဏီ၏ စုစုပေါင်းဝင်ငွေ ပြယုဂ်ကို ထပ်မံအားကောင်းစေရန် မျှော်လင့်ထားပါသည်။

(ကျပ်ငွေတန်ဖိုး ထောင်ပေါင်း)	၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၁၂ လ)	၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၁၂ လ)	ရာခိုင်နှုန်း ပြောင်းလဲမှု
လုပ်ငန်းလည်ပတ်ဝင်ငွေ			
ဝင်ငွေ – ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ်	၂,၁၇၂,၂၀၄	၂,၃၈၀,၅၆၅	-၉%
ဝင်ငွေ - ဆေးဘက်ဆိုင်ရာ	၁၄,၅၃၉,၁၆၃	၁၀,၈၂၆,၄၅၀	၃၄%
ဝင်ငွေ - အင်ဂျင်နီယာဆိုင်ရာ	၁,၅၃၁,၈၃၀	၂,၅၄၇,၀၆၁	-၄၀%
ဝန်ဆောင်မှု – ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ်	၁၉၉,၁၆၄	၁၆၈,၄၆၅	-၂၃%
ဝန်ဆောင်မှု - ဆေးဘက်ဆိုင်ရာ	၂၄၄,၈၆၃	၂၃၇,၁၀၈	၃%
ဝန်ဆောင်မှု - အင်ဂျင်နီယာဆိုင်ရာ	၁၃၂,၁၇၁	၁၄၃,၁၃၃	-၈%
ဝင်ငွေ - FSMA	၂,၄၈၈,၂၀၀	၁,၂၂၈,၀၃၉	၁၀၃%

ဝင်ငွေ – အင်ဂျင်နီယာဆိုင်ရာ (MES)	၂၇,၅၈၂	၂၉,၅၄၆	-၇%
ဝင်ငွေ – 3QC	၃၈,၆၉၂	၂၃,၃၂၆	၆၆%
ဝင်ငွေ – Pun Hlaing Hospital နှင့် ပူးပေါင်းလုပ်ငန်းစာချုပ်	၅၈,၄၇၁	၂၆,၀၂၄	၁၂၅%
ဝင်ငွေ – ပို့ဆောင်ခ	၃၅,၈၀၆	၂၅၅	၁၃၉၄၂%
ဝင်ငွေ - ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်း	၄၀၆,၀၆၃	-	-
စုစုပေါင်းဝင်ငွေ	၂၁,၈၀၄,၂၂၉	၁၇,၆၀၉,၉၇၂	၂၄%
ခွင့်ပြုလျှော့ဈေး	(၈၂၃)	(၁၁,၆၇၅)	-၉၃%
အသားတင်ဝင်ငွေ	၂၁,၈၀၃,၄၀၆	၁၇,၅၉၈,၂၉၇	၂၄%
အရောင်းကုန်ကျစရိတ်	(၁၁,၄၅၁,၃၇၅)	(၉,၁၃၃,၃၃၆)	၂၅%
အကြမ်းအမြတ်	၁၀,၃၅၂,၀၃၁	၈,၄၆၄,၉၆၁	၂၂%
အခြားဝင်ငွေ	၈၇,၀၉၈	၂၆၅,၂၈၃	-၆၇%
ပိုင်ဆိုင်မှုများ ရောင်းချမှုမှ အမြတ်	-	၅၀,၅၇၆	-၁၀၀%
ငွေလဲလှယ်နှုန်း အမြတ်/(အရှုံး)	(၄၈၃,၅၁၄)	(၁၅,၆၈၆)	၂၉၈၂%
အခြားကုန်ကျစရိတ်	(၆,၈၉၄,၉၇၅)	(၅,၅၉၃,၀၄၂)	၂၃%
အခွန်မလျာထားမီအမြတ်	၃,၀၆၀,၆၄၀	၃,၁၇၂,၀၉၂	-၄%
ဝင်ငွေခွန်ကုန်ကျစရိတ်	(၉၂၁,၇၃၅)	(၈၂၇,၀၄၄)	၁၁%
အခွန်နှုတ်ပြီး အသားတင်အမြတ်	၂,၁၃၈,၉၀၅	၂,၃၄၅,၀၄၈	-၉%
စုစုပေါင်း ဝင်ငွေအလုံးစုံ	၂,၁၃၈,၉၀၅	၂,၃၄၅,၀၄၈	-၉%

မှတ်ချက်- ဇယားပါ ကိန်းဂဏန်းများကို အနီးဆုံးထောင်ဂဏန်းအပြည့်ဖြင့် ဖော်ပြထားပါသည်။

ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှု စွမ်းဆောင်ရည်အား အသေးစိတ် ခွဲခြမ်းစိတ်ဖြာချက်အရ ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တွင် စုစုပေါင်းဝင်ငွေသည် ၁၇.၆ ဘီလီယံ ကျပ်ရှိခဲ့ရာမှ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ၂၁.၈ ဘီလီယံ ကျပ်သို့ ရာခိုင်နှုန်းအားဖြင့် ၂၄% သိသာစွာ တိုးတက်လာကြောင်း ဖော်ပြထားပါသည်။ ဤကြီးထွားမှုကို အဓိကအားဖြင့် MED ဝင်ငွေ ၃၄% တိုးတက်လာခြင်း၊ ငွေအားဖြင့် ၃.၇ ဘီလီယံ ကျပ်နှင့် FSMA ဝင်ငွေ ၁၀၃% တိုးတက်လာခြင်း၊ ငွေအားဖြင့် ၁.၂၆ ဘီလီယံ ကျပ်တို့မှပံ့ပိုး ပေးခဲ့ခြင်း ဖြစ်ပါသည်။ Pun Hlaing Hospital နှင့် ပူးပေါင်းဆောင်ရွက်သည့် စာချုပ်မှ ရရှိသော ဝင်ငွေနှင့် အရည်အသွေးထိန်းချုပ်မှု စမ်းသပ်ခြင်းမှရရှိသော ဝင်ငွေတို့သည်လည်း အသီးသီး ၁၂၅% နှင့် ၆၆% တိုးတက်လာခဲ့ပါသည်။ ဤဝင်ငွေများမှအပ အခြားဝင်ငွေအမျိုးအစား အများစုသည် ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ နှင့် နှိုင်းယှဉ်ပါက ကျဆင်းခဲ့ပါသည်။ ထို့အပြင် "ပို့ဆောင်ခ" နှင့် "ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းဝင်ငွေ" ကဲ့သို့သော ဝင်ငွေအမျိုးအစား အသစ်နှစ်ခု ရှိသော်လည်း ဤဝင်ငွေ အမျိုးအစားအသစ်များသည် သိသာထင်ရှားမှု နည်းပါးပါသည်။ အထူးသဖြင့် "ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းဝင်ငွေ" သည် ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တစ်နှစ်တွင်သာ ဖြစ်ပွားခဲ့သော တစ်ကြိမ်တည်း ဝင်ငွေဖြစ်ပြီး ဘဏ္ဍာရေးနှစ် ၂၀၂၅-၂၀၂၆ တွင် ထပ်မံဖြစ်ပွားရန် မမျှော်လင့်ထားပါ။

စုစုပေါင်းဝင်ငွေ တိုးတက်လာမှုနှင့် ဆင်တူစွာပင်၊ အရောင်းကုန်ကျစရိတ်သည်လည်း ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တွင် ၉.၁ ဘီလီယံ ကျပ်မှ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ၁၁.၄ ဘီလီယံ ကျပ်သို့ ၂၅% တိုးတက်ခဲ့ပါသည်။ ထို့ကြောင့် အကြမ်းအမြတ် စုစုပေါင်းသည် ၁.၈၈ ဘီလီယံကျပ် တိုးတက်ခဲ့ပြီး ယခင်ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ ထက် ၂၂% တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ စုစုပေါင်း ဝင်ငွေနှင့် အကြမ်းအမြတ် စုစုပေါင်း အသင့်အတင့် တိုးတက်ခဲ့သော်လည်း အခွန်မလျာထားမီအမြတ်သည် ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တွင် ၃.၁၇ ဘီလီယံကျပ်မှ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ၃.၀၆ ဘီလီယံ ကျပ်သို့ ၄% ကျဆင်းခဲ့ပါသည်။ ဤကျဆင်းမှုကို အဓိကအားဖြင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း အရှုံးများနှင့် စီမံခန့်ခွဲရေးနှင့် အခြားကုန်ကျစရိတ်များ မြင့်တက်လာခြင်းတို့က ဖြစ်စေခဲ့ခြင်း ဖြစ်ပါသည်။ အရောင်းအဝယ် မဟုတ်သော အခြားဝင်ငွေ လျော့နည်းလာခြင်းကြောင့် ဘဏ္ဍာရေးနှစ်၂၀၂၄-၂၀၂၅ တွင် အခြားဝင်ငွေသည် နှစ်စဉ် နှိုင်းယှဉ်ချက်အရ ၆၇% ကျဆင်းခဲ့ပါသည်။ ထို့အပြင် ဘဏ္ဍာနှစ် ၂၀၂၃-၂၀၂၄ တွင် ပိုင်ဆိုင်မှုများ

ရောင်းချမှုမှ အမြတ် ကျပ်သန်း ၅၀ ရရှိခဲ့သော်လည်း ဤအမြတ်သည် ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ထပ်မံဖြစ်ပေါ်ခြင်း မရှိခဲ့ပါ။ ရလဒ်အနေဖြင့် အခွန်နုတ်ပြီး အသားတင်အမြတ်သည် ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တွင် ၂.၃ ဘီလီယံ ကျပ်မှ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ၂.၁ ဘီလီယံ ကျပ်သို့ ၉% ကျဆင်းခဲ့ပါသည်။

နိုင်ငံခြားငွေကြေး လဲလှယ်မှု အမြတ်/အရှုံး

ကုမ္ပဏီသည် ၎င်း၏ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ၊ ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ်နှင့် အင်ဂျင်နီယာဆိုင်ရာ ပစ္စည်းကိရိယာ အများစုကို နိုင်ငံခြားမှ ရောင်းချသူများထံမှ တင်သွင်းပြီး အမေရိကန်ဒေါ်လာဖြင့် ငွေတောင်းခံလွှာထုတ်သောကြောင့် နိုင်ငံခြားငွေကြေး လဲလှယ်မှု အန္တရာယ်ကို ရင်ဆိုင်နေရပါသည်။ လက်ရှိအခြေအနေများအရ၊ သိသာထင်ရှားသော ငွေလဲလှယ်နှုန်း ပြောင်းလဲမှုများသည် ကုမ္ပဏီ၏ နိုင်ငံခြားငွေကြေး အရှုံးများကို သိသာစွာမြင့်တက်လာစေပါသည်။

နောက်ဆုံး ဘဏ္ဍာရေးနှစ် နှစ်နှစ်အတွက် စာရင်းစစ်ထားသော ဘဏ္ဍာရေးအခြေအနေ အစီရင်ခံစာများအရ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် အသားတင် နိုင်ငံခြားငွေကြေး အရှုံးများသည် ကျပ် ၄၈၃.၅ သန်း အထိ ရှိခဲ့ပြီး ထိုသို့ဖြစ်ရခြင်းမှာ အဓိကအားဖြင့် အမှန်ပေါ်ပေါက်ခဲ့သော ငွေကြေးလဲလှယ်မှုအမြတ်များထက် အမှန်မပေါ်ပေါက်ခဲ့သော ငွေကြေးလဲလှယ်မှုအရှုံး များက ကျော်လွန်နေသောကြောင့် ဖြစ်ပါသည်။ ဆန့်ကျင်ဘက်အနေဖြင့် ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တွင် အသားတင် နိုင်ငံခြားငွေကြေး အရှုံးမှာ ကျပ် ၁၅.၆ သန်းသာ ရှိခဲ့ပါသည်။ နိုင်ငံခြားငွေကြေး အမြတ်နှင့် အရှုံးများ၏ အစိတ်အပိုင်းများကို စစ်ဆေးကြည့်ပါက- အမှန်ပေါ်ပေါက်ခဲ့သောနိုင်ငံခြားငွေကြေး လဲလှယ်မှုအမြတ်များသည် ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တွင် ကျပ် ၄၆၆.၇ သန်းမှ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ကျပ် ၆၉၅.၈ သန်းသို့ ၄၉% တိုးတက်ခဲ့ပါသည်။ သို့ရာတွင် အမှန်မပေါ်ပေါက်ခဲ့သော နိုင်ငံခြားငွေကြေး လဲလှယ်မှုအရှုံးများသည် ယင်းကာလအတွင်း ကျပ် ၄၈၂.၃ သန်းမှ ကျပ် ၁.၁ ဘီလီယံသို့ ၁၄၄% အထိ သိသိသာသာ မြင့်တက်သွားခဲ့ပါသည်။ ၃၁ရက်၊ မတ်လ ၂၀၂၅ ရက်စွဲဖြင့် ကုန်ဆုံးသည့် ကာလတူ ၁၂ လကို ၂၀၂၄ ခုနှစ် နှင့် နှိုင်းယှဉ်ကြည့်ပါက အမှန်မပေါ်ပေါက်ခဲ့သော ငွေကြေးလဲလှယ်မှု အရှုံးပမာဏ သိသိသာသာ ပိုမိုမြင့်မားနေခြင်းသည် ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ငွေလဲလှယ်နှုန်း မတည်ငြိမ်မှုများ ပိုမိုများပြားခဲ့သည်ကို တွေ့ရှိရပါသည်။

(ကျပ်ငွေတန်ဖိုး ထောင်ပေါင်း) **ငွေလဲလှယ်နှုန်း ကွာခြားချက်**	**၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၁၂ လ)**	**၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၁၂ လ)**	**ရာခိုင်နှုန်း ပြောင်းလဲမှု**
ငွေလဲလှယ်နှုန်း ကွာခြားချက် – အမှန်ပေါ်ပေါက်ခဲ့သောနိုင်ငံခြားငွေကြေး လဲလှယ်မှု အမြတ်များ	၆၉၅,၈၆၆	၄၆၆,၇၁၁	၄၉%
ငွေလဲလှယ်နှုန်း ကွာခြားချက် – အမှန်မပေါ်ပေါက်ခဲ့သောနိုင်ငံခြားငွေကြေး လဲလှယ်မှုအရှုံးများ	(၁,၁၇၉,၃၈၀)	(၄၈၂,၃၉၇)	၁၄၄%
စုစုပေါင်း	**(၄၈၃,၅၁၄)**	**(၁၅,၆၈၆)**	

မှတ်ချက်- ဇယားပါ ကိန်းဂဏန်းများကို အနီးဆုံးထောင်ဂဏန်းအပြည့်ဖြင့် ဖော်ပြထားပါသည်။

၃.၃.၂။ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေ

လက်ငင်းမဟုတ်သောရပိုင်ခွင့်များ

ကုမ္ပဏီ၏ လက်ငင်းမဟုတ်သောရပိုင်ခွင့်များ၏ အဓိကအပိုင်းကို ပိုင်ဆိုင်မှုများ၊ စက်ရုံများနှင့် ပစ္စည်းကိရိယာများကပံ့ပိုးပေးပြီး အခြား ကုမ္ပဏီများတွင် အနည်းငယ်မျှသော ရင်းနှီးမြှုပ်နှံမှုများက ဖြည့်စွက်ထားပါသည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် လက်ငင်းမဟုတ်သောရပိုင်ခွင့်များ ၇% ကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ ပိုင်ဆိုင်မှုအသစ်များ ဝယ်ယူခြင်း မရှိဘဲ နှစ်အတွင်း တန်ဖိုးလျှော့များကြောင့် မူလပိုင်ဆိုင်မှုများ၊ စက်ရုံများ၊ ပစ္စည်းကိရိယာများနှင့် မထိတွေ့နိုင်သော

ပိုင်ဆိုင်မှုများ၏ တန်ဖိုးများ လျော့ကျလာခြင်းကြောင့် ဖြစ်ပါသည်။ ဘဏ္ဍာရေးနှစ်၂၀၂၄-၂၀၂၅ အတွင်း ရင်းနှီးမြှုပ်နှံမှု အချို့ကို အနည်းငယ် ရောင်းချခဲ့သော်လည်း ယင်းတို့မှာ သိသာထင်ရှားမှု မရှိပါ။

(ကျပ်ငွေတန်ဖိုးထောင်ပေါင်း)	၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်	၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်	ရာခိုင်နှုန်း ပြောင်းလဲမှု
လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ	၂,၈၂၇,၆၀၄	၃,၀၃၁,၅၄၆	-၇%

မှတ်ချက်- ဇယားပါ ကိန်းဂဏန်းများကို အနီးဆုံးထောင်ဂဏန်းအပြည့်ဖြင့် ဖော်ပြထားပါသည်။

လက်ငင်းရပိုင်ခွင့်များ

လက်ငင်းရပိုင်ခွင့်များတွင် လက်ဝယ်ကုန်ပစ္စည်းများ၊ ကုန်သွယ်မှုဆိုင်ရာ ရရန်ရှိငွေများ၊ အခြားရရန်ရှိငွေများ၊ ဆက်နွယ်သည့် ပုဂ္ဂိုလ်များထံမှ ရရန်ရှိငွေများနှင့် ငွေသားနှင့် ညီမျှသော ငွေသားဖော်ပြချက်များ ပါဝင်ပါသည်။ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ နှင့် ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ နှစ် များအတွက် လက်ငင်းရပိုင်ခွင့်များ ၅% တိုးတက်မှုသည် အဓိကအားဖြင့် ငွေသားနှင့် ညီမျှသော ငွေသားဖော်ပြချက်များ ၄၁% တိုးတက်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ နှင့် အခြားရရန်ရှိငွေများ ၆% တိုးတက်မှုတို့ကြောင့် ဖြစ်ပါသည်။ ကုန်သွယ်မှုဆိုင်ရာ နှင့် အခြားရရန်ရှိငွေများ အမျိုးအစားအောက်ရှိ ဆက်စပ်ပုဂ္ဂိုလ်များထံမှ ရရန်ရှိငွေများသည် ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် သိသိသာသာ မြင့်တက်လာခဲ့သော်လည်း လက်ငင်းရပိုင်ခွင့်များမှာ ၅% သာတိုးတက်မှုသည် တူညီသော အမျိုးအစားအောက်ရှိ ကြိုတင်ပေးသွင်းထားသော ဝင်ငွေခွန်၊ စွမ်းဆောင်ရည်အာမခံချက်နှင့် အပ်ငွေများနှင့် အခြားရရန်ရှိငွေများ လျော့နည်းကျဆင်းသွား ခြင်း ကြောင့်ဖြစ်ပါသည်။

(ကျပ်ငွေတန်ဖိုးထောင်ပေါင်း)	၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်	၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်	ရာခိုင်နှုန်း ပြောင်းလဲမှု
လက်ငင်းရပိုင်ခွင့်များ	၂၂,၂၃၇,၈၄၁	၂၁,၂၀၃,၆၆၂	၅%

မှတ်ချက်- ဇယားပါ ကိန်းဂဏန်းများကို အနီးဆုံးထောင်ဂဏန်းအပြည့်ဖြင့် ဖော်ပြထားပါသည်။

လက်ငင်း ပေးရန်တာဝန်များ

ကုမ္ပဏီ၏ လက်ငင်း ပေးရန်တာဝန်များမှာ အဓိကအားဖြင့် ကုန်သွယ်မှုဆိုင်ရာနှင့် အခြားပေးရန်ရှိငွေများ ပါဝင်ပါသည်။ အဓိကအားဖြင့် သုံးစွဲသူများထံမှကြိုတင်ရရှိငွေများ၊ ကုန်သွယ်လုပ်ငန်းခွန်အတွက် လျာထားငွေများ၊ ဝင်ငွေခွန်တို့နှင့်အတူ ကာလတို ဘဏ်ချေးငွေများ ပါဝင်ပါသည်။ စုစုပေါင်း လက်ငင်း ပေးရန်တာဝန်များသည် ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ၃၃% ကျဆင်းခဲ့ပြီး ယင်းမှာ အဓိကအားဖြင့် သုံးစွဲသူများထံမှ ကြိုတင်ရရှိငွေများ ၄၈% ကျဆင်းခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန်အတွက် လျာထားငွေများ ၃၀% လျော့ကျခြင်းတို့ကြောင့် ဖြစ်ပါသည်။ ကာလတို ဘဏ်ချေးငွေများကို ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ရပ်ဆိုင်းခဲ့ပြီး (ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ နှင့် နှိုင်းယှဉ်လျှင် ၁၀၀% ကျဆင်းခြင်း) ယင်းသည် စုစုပေါင်းကျဆင်းမှုကို အထောက်အကူပြုခဲ့ပါသည်။

(ကျပ်ငွေတန်ဖိုး ထောင်ပေါင်း)	၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်	၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်	ရာခိုင်နှုန်း ပြောင်းလဲမှု
လက်ငင်း ပေးရန်တာဝန်များ	၄,၉၃၉,၆၄၈	၇,၃၄၃,၅၁၅	-၃၃%

မှတ်ချက်- ဇယားပါ ကိန်းဂဏန်းများကို အနီးဆုံးထောင်ဂဏန်းအပြည့်ဖြင့် ဖော်ပြထားပါသည်။

လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ

ကုမ္ပဏီတွင် ဖော်ပြပါ ဘဏ္ဍာရေးနှစ် နှစ်နှစ်ဖြစ်သော ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ နှင့် ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ အတွင်း လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ မရှိပါ။ ကုမ္ပဏီသည် ၎င်း၏ ငွေသားလိုငွေ ဖြည့်တင်းရန် ဘဏ်များမှ ကာလတို ချေးငွေများကို အသုံးပြုပြီး လုပ်ငန်းချဲ့ထွင်ရန် သို့မဟုတ် ကြီးထွားမှုအတွက် ၎င်း၏ အမြတ်လက်ကျန်ငွေများကို ယခင်ကာလများတွင် အသုံးပြုခဲ့ပါသည်။

အစုရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ

အစုရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်တွင် အစုရှယ်ယာမတည်ငွေရင်းနှင့် အမြတ်လက်ကျန်ငွေများ ပါဝင်ပါသည်။ ၃၁ ရက်၊ မတ်လ ၂၀၂၅ (ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅) ရက်စွဲဖြင့် ကုန်ဆုံးသည့် နှစ်အတွက် အစုရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်သည် ကျပ် ၃.၂ ဘီလီယံ တိုးတက်ခဲ့ပြီး ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ နှင့် နှိုင်းယှဉ်လျှင် ၁၉% တိုးတက်မှု ကိုယ်စားပြုပါသည်။ ယင်းမှာ အဓိကအားဖြင့် ထုတ်ဝေပြီး အပြည့်အဝ ပေးသွင်းပြီး အစုရှယ်ယာမတည်ငွေရင်း တိုးတက်လာခြင်းကြောင့် ဖြစ်ပါသည်။

အသေးစိတ်ခွဲခြမ်းစိတ်ဖြာချက်အရ ကုမ္ပဏီသည် ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ အတွင်း ၎င်း၏ အစုရှယ်ယာမတည်ငွေရင်း တိုးမြှင့်ရန် ရှိရင်း အစုရှယ်ယာရှင်များ ထံသို့ ကျပ် ၅ ဘီလီယံနှင့် ညီမျှသော bonus shares များ ထုတ်ဝေခဲ့ပါသည်။ ရလဒ်အနေဖြင့် ထုတ်ဝေပြီး အပြည့်အဝပေးသွင်းပြီး အစုရှယ်ယာ မတည်ငွေရင်းသည် ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တွင်ကျပ် ၄ ဘီလီယံမှ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ကျပ် ၉ ဘီလီယံသို့ ၁၂၅% တိုးတက်ခဲ့ပါသည်။ နှစ်အတွင်း bonus shares များ ထုတ်ဝေခဲ့သော်လည်း ကုမ္ပဏီသည် ၎င်း၏ အမြတ်လက်ကျန်ငွေများ သိသိသာသာ လျော့နည်းသွားခြင်း မရှိပါ။ ပိုမိုတိကျစွာ ပြောရလျှင် အမြတ်လက်ကျန်ငွေများ ကျဆင်းမှုသည် bonus shares များထုတ်ဝေမှုမှ ရရှိသည့် အစုရှယ်ယာမတည်ငွေရင်း တိုးတက်မှုထက် နည်းပါးပါသည်။ အဓိကအကြောင်းရင်းမှာ နှစ်အတွင်းအမြတ်ငွေနှင့် ယခင်နှစ်စာရင်းညှိနှိုင်းချက်များသည် bonus shares များတန်ဖိုး၏ ၆၅% ခန့်ကို အကျုံးဝင်စေသောကြောင့် ဖြစ်ပါသည်။

(ကျပ်ငွေတန်ဖိုး ထောင်ပေါင်း)	၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်	၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်	ရာခိုင်နှုန်း ပြောင်းလဲမှု
အစုရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်	၂၀,၁၂၅,၇၉၇	၁၆,၈၉၁,၆၉၃	၁၉%

မှတ်ချက်- ဇယားပါ ကိန်းဂဏန်းများကို အနီးဆုံးထောင်ဂဏန်းအပြည့်ဖြင့် ဖော်ပြထားပါသည်။

၃.၃.၃။ ငွေဖြစ်လွယ်မှုအခြေအနေနှင့် ရင်းနှီးငွေ ရလမ်းဖော်ပြချက်

အောက်ပါဇယားသည် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာငွေဖြစ်လွယ်မှုအခြေအနေကိုညွှန်ပြနေသည့်အဓိကအချိုးများကိုဖော်ပြထားပါသည်။

အချိုး	၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်	၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်
ကာလတိုပေးဆပ်နိုင်မှု အချိုး	၂.၁၆	၁.၂၉
ကြွေးမြီနှင့် အစုရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်အချိုး	၀.၀၀	၀.၀၂
ကြွေးမြီနှင့် ရပိုင်ခွင့်အချိုး	၀.၀၀	၀.၀၁

ကုမ္ပဏီ၏ ငွေဖြစ်လွယ်မှုအခြေအနေကိုညွှန်ပြသည့် အချိုးများသည် ခိုင်မာပြီး ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ နှင့် ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ နှစ်နှစ်လုံးတွင် ၎င်း၏ ကြွေးမြီများ ကို ပေးဆပ်ရန် လုံလောက်သော ရပိုင်ခွင့်များနှင့် အစုရှင်တို့၏ ပိုင်ဆိုင်ခွင့် ရှိကြောင်း ညွှန်ပြနေပါသည်။ ဘဏ္ဍာရေးနှစ် နှစ်နှစ်လုံးအတွက် ၂.၁၆ နှင့် ၁.၂၉ ရှိသော ကာလတို ပေးဆပ်နိုင်မှု အချိုးများသည် ကုမ္ပဏီ၏ ကာလတိုရပိုင်ခွင့်များ သည် ၎င်း၏လက်ငင်း ပေးရန်တာဝန်များ ကို ပေးဆပ်ရန် ၁၀၀% ထက် ပိုမိုများပြားကြောင်း ဖော်ပြနေပါသည်။ ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တွင် ကုမ္ပဏီသည် ပြင်ပဘဏ္ဍာရေးပံ့ပိုးမှုအပေါ် အနည်းဆုံးသာ မှီခိုခဲ့သည့် သက်သေအဖြစ် ကြွေးမြီနှင့် စုစုပေါင်းပိုင်ဆိုင်ခွင့်အချိုး ၀.၀၂ နှင့် ကြွေးမြီနှင့် ရပိုင်ခွင့်အချိုး ၀.၀၁ ရှိခဲ့ပါသည်။ လက်ရှိ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ကုမ္ပဏီသည် မည်သည့်ကြွေးမြီမှ ဘဏ္ဍာငွေပံ့ပိုးမှုမရှိဘဲ လုပ်ငန်းလည်ပတ်ခြင်းဖြင့် ကြွေးမြီကင်းရှင်းသော ရင်းနှီးငွေဖွဲ့စည်းပုံ ကို ထင်ဟပ်စေပါသည်။ ကြွေးမြီနှင့် စုစုပေါင်းပိုင်ဆိုင်ခွင့်အချိုးသည် ဘဏ္ဍာငွေပံ့ပိုးမှုအား လုံးကို အစုရှယ်ယာရှင်တို့၏ ပိုင်ဆိုင်ခွင့် မှသာ ရယူပြီး ကြွေးမြီအပေါ် မှီခိုမှု လုံးဝမရှိကြောင်း အတည်ပြုပေးပါသည်။ ထိုနည်းတူစွာ ကုမ္ပဏီ၏ ရပိုင်ခွင့်များကို အစုရှယ်ယာရှင်တို့၏ ပိုင်ဆိုင်ခွင့် နှင့် အမြတ်လက်ကျန်ငွေများ ကဲ့သို့သော လုပ်ငန်းအတွင်းမှ ရရှိသည့် ရန်ပုံငွေများမှတစ်ဆင့် အပြည့်အဝ ပံ့ပိုးထားပါသည်။ ဤကဲ့သို့ ကြွေးမြီမှ ဘဏ္ဍာငွေပံ့ပိုးထားမှု မရှိခြင်းသည် ကုမ္ပဏီ၏ ဘဏ္ဍာရေး ပြောင်းလွယ်ပြင်လွယ်ရှိမှုကို မြှင့်တင်ပေးပြီး အကြွေးအန္တရာယ်ကို ဖယ်ရှားပေးပါသည်။

၃.၄ ငွေသားစီးဆင်းမှု ခန့်မှန်းချက်

အောက်ပါ ဇယားသည် ငွေသားစီးဆင်းမှု ရှင်းတမ်းများမှ ရွေးချယ်ထားသော အမျိုးအစားများကို ဖော်ပြထားပါသည်။ အသေးစိတ် ငွေသားစီးဆင်းမှု ရှင်းတမ်းများအတွက် "**အပိုင်း (၆)။ ဘဏ္ဍာရေးရှင်းတမ်းများ**" အပိုင်းကို ကြည့်ရှုပါရန်။

(ကျပ်ငွေတန်ဖိုး ထောင်ပေါင်း)	၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၁၂ လ)	၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲဖြင့် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် (၁၂ လ)
လုပ်ငန်းလည်ပတ်မှုလုပ်ငန်းဆောင်တာများတွင် ပံ့ပိုးသော/ (သုံးစွဲသော) အသားတင်ငွေသား	၁,၁၀၇,၇၀၈	၃,၀၈၆,၄၇၁
ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်တာများတွင်ပံ့ပိုးသော/ (သုံးစွဲသော) အသားတင်ငွေသား	(၁၄၂,၅၇၉)	(၆၉၇,၅၈၉)
ဘဏ္ဍာရေးလုပ်ငန်းဆောင်တာများတွင်ပံ့ပိုးသော/ (သုံးစွဲသော) အသားတင်ငွေသား	(၂၈,၆၆၆)	(၁,၅၁၀,၁၈၄)
ငွေသားနှင့် ညီမျှသောငွေသားဖော်ပြချက်များတွင်အသားတင်တိုးပွား/ (လျော့ပါး) မှု	၇၃၆,၄၆၃	၈၇၈,၆၉၈
ဘဏ္ဍာရေးနှစ်အစတွင် ငွေသားနှင့် ညီမျှသောငွေသားဖော်ပြချက်များ	၁,၈၀၈,၃၁၃	၉၂၉,၆၁၅
ဘဏ္ဍာရေးနှစ်အဆုံးတွင်ငွေသားနှင့် ညီမျှသောငွေသားဖော်ပြချက်များ	၂,၅၄၄,၇၇၆	၁,၈၀၈,၃၁၃

မှတ်ချက်- ဇယားပါ ကိန်းဂဏန်းများကို အနီးဆုံးထောင်ဂဏန်းအပြည့်ဖြင့် ဖော်ပြထားပါသည်။

ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တွင် လုပ်ငန်းလည်ပတ်မှုလုပ်ငန်းဆောင်တာများမှ အသားတင်ငွေသားသည် ၃.၀ ဘီလီယံ ကျပ်ရှိခဲ့ပြီး ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ခန့်မှန်းခြေအားဖြင့် ၁.၁ ဘီလီယံ ကျပ် ရှိခဲ့ပါသည်။ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် လှည့်လည်ရင်းနှီးငွေ ပြောင်းလဲမှုများမတိုင်မီ လုပ်ငန်းလည်ပတ်မှု အမြတ်သည် ခန့်မှန်းခြေအားဖြင့် ၁.၃ ဘီလီယံ ကျပ် တိုးတက်ခဲ့သော်လည်း၊ လုပ်ငန်းလည်ပတ်မှုမှ အသားတင်ငွေသားသည် အကြမ်းအားဖြင့် ၂.၀ ဘီလီယံ ကျပ် လျော့ကျခဲ့ပါသည်။ ယင်းမှာ အဓိကအားဖြင့် ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ကုန်သွယ်မှုဆိုင်ရာ နှင့် အခြားပေးရန်ရှိငွေများ ကျပ် ၂.၁ ဘီလီယံ ကို

ပေးချေခဲ့ရသောကြောင့်ဖြစ်ပြီး၊ ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ နှင့်နှိုင်းယှဉ်ပါက ထိုနှစ်တွင် ပေးရန်ရှိငွေများမှ ငွေသားစီးဝင်မှု ခန့်မှန်းခြေအားဖြင့် ၃.၅ ဘီလီယံ ကျပ် ရှိခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်တာများတွင် အသုံးပြုသော အသားတင်ငွေသားသည် နှစ်နှစ်လုံးတွင် အနှုတ်လက္ခဏာ ဖြစ်ခဲ့သော်လည်း ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်သည် ပိုမိုနည်းပါးခဲ့ပါသည်။ အနှုတ်လက္ခဏာ ငွေသားစီးဆင်းမှုများသည် ပိုင်ဆိုင်မှုများ၊ စက်ရုံများနှင့် ပစ္စည်းကိရိယာများတွင် ရင်းနှီးမြှုပ်နှံမှု အသစ်များအဖြစ် ထင်ဟပ်နေပါသည်။ ဘဏ္ဍာရေး လုပ်ငန်းဆောင်တာများမှ အသားတင်ငွေသားသည် နှစ်နှစ်လုံးတွင် အနှုတ်လက္ခဏာ ဖြစ်ခဲ့သော်လည်း ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ တွင် ဘဏ္ဍာငွေစီးထွက်မှုမှာ ခန့်မှန်းခြေအားဖြင့် ၁.၂ ဘီလီယံကျပ် လျော့နည်းခဲ့ပါသည်။ ယင်းမှာ အဓိကအားဖြင့် ချေးငွေပြန်လည်ပေးဆပ်မှုများ ခန့်မှန်းခြေအားဖြင့် ၃.၃ ဘီလီယံ ကျပ် လျော့ကျခဲ့ပြီး ငွေသားစီးထွက်မှုများ လျော့ကျသွားသောကြောင့် ဖြစ်ပါသည်။

ယူဆချက်များနှင့် အမျိုးအစားတစ်ခုချင်းစီ ပြောင်းလဲမှုများ၏ နောက်ထပ် အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါ အပိုင်းတွင် ကြည့်ရှုနိုင်ပါသည်။

ငွေသားစီးဆင်းမှုနှင့် လုပ်ငန်းလည်ပတ်မှု ပတ်ဝန်းကျင်များ ခန့်မှန်းချက်

ကျွန်ုပ်တို့၏ စီမံခန့်ခွဲမှုအဖွဲ့သည် ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှု ရလဒ်များနှင့် ငွေသားစီးဆင်းမှုကို အဓိကအားဖြင့် သက်ရောက်သော ပုံမှန်မဟုတ်သော သို့မဟုတ် ဖြစ်လေ့ဖြစ်ထမရှိသော အဖြစ်အပျက်များ သို့မဟုတ် ဖွံ့ဖြိုးဖြစ်ပေါ်မှုများ အပါအဝင် အရေးပါသည့် အကြောင်းရင်းများကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာပါသည်။

ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှု ရလဒ်များနှင့် ငွေသားစီးဆင်းမှုအပေါ် သက်ရောက်မှုရှိသည့် အထွေထွေ အကြောင်းရင်းများ စီးပွားရေးအခြေအနေများ

ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှု ရလဒ်များနှင့် ငွေသားစီးဆင်းမှုသည် မြန်မာနိုင်ငံနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် နိုင်ငံရေး အခြေအနေများအပေါ် ယေဘုယျ မူတည်နေပါသည်။ ဥပမာအားဖြင့်၊ မြန်မာနိုင်ငံ၏ လက်ရှိ မတည်ငြိမ်မှုများ (ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်း အချို့ဒေသများ) သည် နိုင်ငံ၏ စီးပွားရေး မတည်ငြိမ်မှုကို ဦးတည်စေမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးအပေါ် ၎င်း၏အနာဂတ် အကျိုးသက်ရောက်မှုများသည် မရေရာနေဆဲ ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နည်းပညာဆိုင်ရာ (PEST) အကြောင်းရင်းများ၏ FDI အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံရှိ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI) ၏ အနာဂတ် အလားအလာသည် ယခင်နှစ်များကဲ့သို့ ခိုင်မာမည် မဟုတ်ပါ။ ရလဒ်အနေဖြင့် ကုမ္ပဏီ၏ အဓိက ပစ်မှတ်စျေးကွက်နှင့် သုံးစွဲသူများသည် ဒေသတွင်း ဆေးရုံများ ဖြစ်လာမည်ဖြစ်ပြီး ယင်းသည် စျေးကွက်အရွယ်အစားနှင့် ဝယ်ယူနိုင်စွမ်းအပေါ် ကန့်သတ်ချက်ရှိပြီး ယှဉ်ပြိုင်မှုများကြောင်း ညွှန်ပြနေပါသည်။ ၂၀၂၅ နှစ်ကုန်ပိုင်းနှင့် ၂၀၂၆ နှစ်စပိုင်းတို့တွင်ကျင်းပသည့် အထွေထွေရွေးကောက်ပွဲမှ ထွက်ပေါ်လာသော အစိုးရအသစ်၏ မူဝါဒနှင့် စီးပွားရေးဂယက် ရိုက်ခတ်မှုများသည် မှန်းဆမရနိုင်ဘဲ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများအပေါ် မျှော်မှန်းမထားသော သက်ရောက်မှုများ ရှိနိုင်ပါသည်။ ကမ္ဘာ့ရွှေထောင့်မှ ကြည့်လျှင်၊ အာဏာကြီး နိုင်ငံများအကြား နိုင်ငံရေး တင်းမာမှုများနှင့် စွမ်းအားကြီးနိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးမူဝါဒကြောင့် ကမ္ဘာ့စီးပွားရေး၏ အားနည်းသော အခြေအနေတို့သည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံစုံကုမ္ပဏီများအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။ ရလဒ်အနေဖြင့် ကျွန်ုပ်တို့၏ ပေးသွင်းသူများနှင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ ရေရှည်တည်တံ့နိုင်မှုအပေါ် ဆိုးကျိုး သက်ရောက်နိုင်ပါသည်။ ဤအကြောင်းရင်းများသည် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် ငွေသားစီးဆင်းမှုအပေါ် အခြားအကြောင်းအရာများနှင့်အတူ ၎င်းတို့၏ ဖြစ်နိုင်ခြေရှိသော သက်ရောက်မှုများကို ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့သည် သတိကြီးကြီးထားကာ စဉ်ဆက်မပြတ် စောင့်ကြည့်လျက် ရှိပါသည်။ ပိုမိုသိရှိလိုပါက "**အပိုင်း (၂)။ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ အချက်အလက်များ - ဆုံးရှုံးနိုင်သည့်အချက်များ**" ကိုလည်း ကြည့်ရှုပါ။

သို့သော်လည်း မြန်မာနိုင်ငံတွင် နိုင်ငံရေး-စီးပွားရေးဖြစ်ရပ်များ ဆက်လက် ဖြစ်ပေါ်နေသော်လည်း ပြည်တွင်း ပုဂ္ဂလိကဆေးရုံ ဝန်ဆောင်မှုများအတွက် ပြည်တွင်းဝယ်လိုအား ဆက်လက်တိုးလာမည်ဟု ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့မှ ယုံကြည်ပါသည်။ ပုဂ္ဂလိက

ကျန်းမာရေး စောင့်ရှောက်မှုပေးသူများနှင့် ဆေးခန်းများကို လာရောက်ရှာဖွေသူ လူဦးရေ တိုးပွားလာသည်နှင့်အမျှ ဤအဖွဲ့အစည်းများမှ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ဝယ်လိုအား သိသိသာသာ တိုးလာမည်ဟု ကျွန်ုပ်တို့ မျှော်မှန်းထားပါသည်။ ကုမ္ပဏီတွင် လုပ်ငန်းချဲ့ထွင်ရန် ခိုင်မာသောအစီအစဉ်ရှိပြီး ယင်းတွင် ယခုနှစ်အတွင်း ကျောက်ကပ် သွေးသန့်စင်စက်များအပါအဝင် ဆေးဘက်ဆိုင်ရာ ထုတ်ကုန် အသစ်များနှင့် အသုံးပြုပစ္စည်းများ မိတ်ဆက်ခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင် ကုမ္ပဏီသည် မကြာမီကာလတွင် ကျောက်ကပ်သွေးသန့်စင်စင်တာ တစ်ခုဖွင့်လှစ်ရန် စီစဉ်ထားပါသည်။ အကျိုးဆက်အားဖြင့် ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှု ရလဒ်များနှင့် ငွေသားစီးဆင်းမှုဆိုင်ရာ အလားအလာသည် လာမည့်နှစ်များတွင် သင့်တင့်လျောက်ပတ်စွာ အပြုသဘော ဆက်ရှိနေမည်ဟု မျှော်လင့်ထားပါသည်။

အစိုးရ၏မူဝါဒများနှင့်စည်းမျဉ်းစည်းကမ်းများ

လုပ်ငန်းလိုင်စင်နှင့် ခွင့်ပြုချက်များသည် ကျွန်ုပ်တို့ လုပ်ငန်းလည်ပတ်မှုများအတွက် လိုအပ်ပြီး ယင်းတို့သည် အစိုးရ၏ ဥပဒေများနှင့် စည်းမျဉ်း ဥပဒေပါ သတ်မှတ်ချက်များနှင့် သက်ဆိုင်ပါသည်။ ထို့ကြောင့် အစိုးရမူဝါဒနှင့် စည်းမျဉ်းစည်းကမ်း ပြောင်းလဲမှုများသည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှု၊ ဘဏ္ဍာရေးအခြေအနေနှင့် စွမ်းဆောင်ရည်အပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။

အသေးစိတ်အတွက် **"အပိုင်း (၂)။ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ အချက်အလက်များ - ဆုံးရှုံးနိုင်သည့် အချက်များ"** နှင့် **"အပိုင်း (၉)။ လုပ်ငန်းနှင့်ပက်သက်သည့် မြန်မာဥပဒေများနှင့် စည်းမျဉ်းများ အကျဉ်းချုပ် ဖော်ပြချက်** " တို့ကို ကြည့်ရှုပါ။

ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှု ရလဒ်များနှင့် ငွေသားစီးဆင်းမှုအပေါ် သက်ရောက်မှုရှိသည့် ထပ်တိုးအကြောင်းရင်းများ

ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှု ရလဒ်များနှင့် ငွေသားစီးဆင်းမှုအပေါ် အတိတ်က အကျိုးသက်ရောက်ခဲ့ပြီး ဆက်လက် အကျိုးသက်ရောက် နေဦးမည့် အဓိကအကြောင်းရင်းများတွင် အောက်ပါတို့ ပါဝင်ပါသည်-

- တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် B2B (လုပ်ငန်းမှ-လုပ်ငန်းသို့) သုံးစွဲသူများ နှင့် B2C (လုပ်ငန်းမှ-စားသုံးသူသို့) သုံးစွဲသူများ အရေအတွက် တိုးပွားလာမှု။
- တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် B2G (လုပ်ငန်းမှ-အစိုးရသို့) (တင်ဒါ) သုံးစွဲသူများ အရေအတွက် တိုးပွားလာမှု။
- ယှဉ်ပြိုင်မှုများ။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် B2B (လုပ်ငန်းမှ-လုပ်ငန်းသို့) သုံးစွဲသူများ နှင့် B2C (လုပ်ငန်းမှ-စားသုံးသူသို့) သုံးစွဲသူများ အရေအတွက် တိုးပွားလာမှု

ကုမ္ပဏီ၏ အဓိက ဝင်ငွေလမ်းကြောင်းများမှာ ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာ (MED)၊ ရုံးလုပ်ငန်းသုံးအလိုအလျောက်စနစ် (OA)၊ အင်ဂျင်နီယာဆိုင်ရာ ပစ္စည်းကိရိယာ (ENG) များ၏ အရောင်းနှင့် ဝန်ဆောင်မှု ဝင်ငွေ၊ FSMA (ဌာနရမ်းခြင်း) မှ ဝင်ငွေ၊ MES မှ ဝင်ငွေနှင့် Pun Hlaing ဆေးရုံနှင့် ပူးပေါင်းလုပ်ကိုင်မှု ဝင်ငွေ တို့ဖြစ်ပါသည်။ စီးပွားရေးသဘောသဘာဝအရ ကုမ္ပဏီ၏ အဓိက သုံးစွဲသူအများစုသည် စီမံကိန်းအခြေခံဖြင့် စာချုပ်ချုပ်ဆိုထားသော B2B သုံးစွဲသူများ ဖြစ်ပါသည်။ ဥပမာအားဖြင့်၊ ကုမ္ပဏီ၏ MED ကဏ္ဍတွင် ဆေးရုံအသစ်တစ်ခုအတွက် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ပေးသွင်းရန် B2B သုံးစွဲသူတစ်ဦးနှင့် စာချုပ်ချုပ်ဆိုခြင်း၊ OA ကဏ္ဍတွင် ကုမ္ပဏီတစ်ခုလုံးအတွက် ရုံးလုပ်ငန်းသုံး အလိုအလျောက်စနစ် ပေးသွင်းရန် B2B သုံးစွဲသူတစ်ဦးနှင့် စာချုပ်ချုပ်ဆိုခြင်းနှင့် ENG ကဏ္ဍတွင် ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုနှင့် အင်ဂျင်နီယာကုမ္ပဏီတစ်ခုအတွက် အင်ဂျင်နီယာဆိုင်ရာ ပစ္စည်းကိရိယာများ ပေးသွင်းရန် B2B သုံးစွဲသူတစ်ဦးနှင့် စာချုပ် ချုပ်ဆိုခြင်းတို့ ဖြစ်ပါသည်။ ကုမ္ပဏီတွင် ဘဏ္ဍာရေးနှစ် ၂၀၂၆ - ၂၀၂၇ မှစတင်၍ "ကျောက်ကပ်သွေးသန့်စင် လုပ်ငန်းဝင်ငွေ" အမည်ရှိ MED ကဏ္ဍအောက်တွင် ဝင်ငွေလမ်းကြောင်းအသစ်တစ်ခု မိတ်ဆက်ရန် အစီအစဉ်ရှိပါသည်။ ယင်းတွင် ကျောက်ကပ် သွေးသန့်စင်စက်များအတွက် အရောင်းနှင့် ဝန်ဆောင်မှုများနှင့် ကျောက်ကပ် သွေးသန့်စင် စင်တာဖွင့်လှစ်ခြင်းတို့ပါဝင်ပါသည်။

ထို့အပြင် အရောင်းနှင့် ဈေးကွက်ရှာဖွေရေး လှုပ်ရှားမှုများနှင့် အရောင်းအဖွဲ့၏ ပွဲများသည် ထုတ်ကုန်များ၏ နောက်ဆုံးစားသုံးသူနှင့် အသုံးပြုသူများထံ ရောက်ရှိစေမည်ဖြစ်ပြီး Concordia အမှတ်တံဆိပ်အမည်ကို ပိုမိုအသိအမှတ်ပြု နားလည်လာစေကာ B2C သုံးစွဲသူများထံမှ ဝင်ငွေကို တိုးစေမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ထုတ်ကုန်အမျိုးအစားအသစ် အောင်မြင်စွာချဲ့ထွင်နိုင်ခြင်း၊ တစ်ဦးချင်းသုံးစွဲသူများ တိုးပွားလာခြင်းတို့မှတစ်ဆင့် စီးပွားရေးတွက်ချေကိုက်မှုအကျိုးကျေးဇူးများကို အများဆုံးအသုံးချခြင်းဖြင့်၊ ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့သည် ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှု ရလဒ်များနှင့် အပြုသဘောဆောင်သော ငွေသားစီးဆင်းမှုတို့ကို ထပ်မံတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်မည်ဟု ရှုမြင်ပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တင်ဒါဖိတ်ခေါ်မှုဆိုင်ရာ သုံးစွဲသူများ အရေအတွက် တိုးပွားလာမှု

ကုမ္ပဏီ၏ အခြားအဓိက ဝင်ငွေတစ်ခုမှာ မြို့ကြီးများရှိ ကျန်းမာရေးနှင့် သာယာဝပြောရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများစွာမှ တင်ဒါခေါ်ယူခြင်းမှ ရရှိသော ဝင်ငွေ ဖြစ်ပါသည်။ တင်ဒါအရောင်း ဝင်ငွေသည် ဘဏ္ဍာရေးနှစ် တစ်ခုစီတွင် ကွဲပြားနိုင်ပြီး ယေဘုယျအားဖြင့် ကုမ္ပဏီ၏ စုစုပေါင်း အရောင်းဝင်ငွေ၏ ၇% မှ ၂၀% အထိ ရှိတတ်ပါသည်။ ကုမ္ပဏီသည် ကြာမြင့်စွာ တည်ထောင်ထားပြီး ကောင်းမွန်သော စွမ်းဆောင်မှု မှတ်တမ်းရှိသည့်အပြင် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ၏ အရည်အသွေး ကောင်းမွန်မှုတို့ကြောင့် ကုမ္ပဏီသည် အများပြည်သူဆိုင်ရာ ကျန်းမာရေးနှင့် သာယာဝပြောရေး အဖွဲ့အစည်းများနှင့် ကောင်းမွန်သော ဆက်ဆံရေးကို ထိန်းသိမ်းထားပါသည်။ ထို့ကြောင့် တင်ဒါအရောင်းများသည် အနာဂတ်တွင် ကုမ္ပဏီ၏ ကြီးထွားမှုကို အတိုင်းအတာတစ်ခုအထိ ပံ့ပိုးပေးမည်ဟု ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့က ရှုမြင်ပါသည်။

ယှဉ်ပြိုင်မှု

ကုမ္ပဏီသည် ကုန်သွယ်ရောင်းဝယ်ရေးနှင့် ဖြန့်ဖြူးရေး လုပ်ငန်းနယ်ပယ်တွင် လည်ပတ်နေပြီး ယင်းသည် သဘာဝအရ ယှဉ်ပြိုင်မှုများသော ကဏ္ဍဖြစ်ပါသည်။ သို့ရာတွင် ကုမ္ပဏီသည် အဓိကအားဖြင့် ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ၊ ရုံးလုပ်ငန်းသုံး အလိုအလျောက်စနစ်နှင့် အင်ဂျင်နီယာဆိုင်ရာ ပစ္စည်းကိရိယာများကို ဖြန့်ဖြူးပေးနေသဖြင့် ဈေးကွက်တွင် ဝင်ရောက်လုပ်ကိုင်သူများ များပြားခြင်း မရှိပါ။ ယင်းသည် ကုမ္ပဏီအတွက် အကျိုးကျေးဇူးတစ်ရပ် ဖြစ်ပါသည်။ ဈေးကွက်တွင် ပြိုင်ဘက်အချို့ ရှိသော်လည်း ၎င်းတို့အားလုံးသည် ဒေသတွင်း စီးပွားရေးလုပ်ငန်းများသာ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဆယ်စုနှစ်သုံးခုကျော်ကြာ ယုံကြည်စိတ်ချရသော ဝန်ဆောင်မှုပေးသူအဖြစ် ထူထောင်ထားသည့် အသိအမှတ်ပြုခံရသော ဂုဏ်သတင်း၊ ကျွန်ုပ်တို့၏ ထုတ်ကုန်များ နှင့် ဝန်ဆောင်မှုများ၏ ပြောင်းလဲမှုမရှိသော အရည်အသွေးနှင့် ကျွန်ုပ်တို့၏ အကျိုးသက်ဆိုင်သူများနှင့် ဆက်ဆံရေး ကောင်းမွန်မှုတို့ကြောင့် ကျွန်ုပ်တို့သည် ပြိုင်ဘက်များကို ထိရောက်စွာ ယှဉ်ပြိုင်နိုင်မည်ဟု ယုံကြည်ပါသည်။ ထိုအကြောင်းအရာများကြောင့် ကုမ္ပဏီသည် ၎င်း၏ လုပ်ငန်းနယ်ပယ်ကဏ္ဍတွင် ဈေးကွက်ဦးဆောင်သူများထဲမှ တစ်ဦး ဖြစ်ပါသည်။ ၎င်းအပြင် ဤကဏ္ဍသည် ယှဉ်ပြိုင်မှု ပိုမိုများပြားလေလေ၊ သုံးစွဲသူများ ရရှိမည့် ဝန်ဆောင်မှု၏ အရည်အသွေးသည် ပိုမိုမြင့်မားလေလေ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့သည် ဤကဏ္ဍတွင် အောင်မြင်စွာ ယှဉ်ပြိုင်ခြင်းဖြင့် ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှု ရလဒ်များနှင့် ငွေသားစီးဆင်းမှုကို ထပ်မံတိုးတက်အောင် လုပ်ဆောင်နိုင်မည်ဟု ရှုမြင်ပါသည်။ ပိုမိုသိရှိလိုပါက "**အပိုင်း (၃)။ အစုရှယ်ယာ ထုတ်ဝေသည့် ကုမ္ပဏီ၏ အချက်အလက်များ – စီးပွားရေးလုပ်ငန်းဖော်ပြချက် – ဈေးကွက်ပြိုင်ဆိုင်မှုအခြေအနေဖော်ပြချက်**" ကိုလည်း ကြည့်ရှုနိုင်ပါသည်။

အပိုင်း (၄)။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များ၊ အစုရှယ်ယာရှင်များနှင့် အစုရှယ်ယာများ

၄.၁။ ဒါရိုက်တာဘုတ်အဖွဲ့နှင့် ဒါရိုက်တာများ

ကျွန်ုပ်တို့ကုမ္ပဏီ၏ အထွေထွေ စီမံအုပ်ချုပ်မှုနှင့် လမ်းညွှန်မှုအတွက် ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့ကို တာဝန်အပ်နှင်းထားပါသည်။ ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုများကို စောင့်ကြည့်လျက် လိုအပ်လျှင် လိုအပ်သလို ဆန်းစစ်သုံးသပ်မည် ဖြစ်ပါသည်။

နောက်ဆုံးတင်သွင်းသည့်နေ့ရက်ရှိ အနေအထားအရ ကျွန်ုပ်တို့၏ ဒါရိုက်တာအားလုံးသည် မြန်မာနိုင်ငံသားများဖြစ်ကြပြီး၊ ၎င်းတို့နှင့်စပ်လျဉ်းသည့် အချက်အလက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည် -

အမည်	မွေးသက္ကရာဇ်/ ကျား၊ မ /နိုင်ငံသား	ကိုယ်ရေးအကျဉ်း၊ ရာထူးနှင့် ကုမ္ပဏီတွင် တာဝန်ခန့်အပ်ခြင်း (ပညာအရည်အချင်းနှင့် အခြားကုမ္ပဏီများတွင် တစ်ချိန်တည်းတာဝန် ထမ်းဆောင်နေမှုများစသည်)	ခန့်အပ်သည့် နေ့ရက်	အစုရှယ်ယာ ပိုင်ဆိုင်မှု
ဒေါက်တာသန်းဝင်း	၀၆/၀၄/၁၉၆၂/ ကျား/ မြန်မာ	အောက်တွင်ရေးသားဖော်ပြထားပါသည်။	၁၉၉၅ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။	၅,၄၀၀,၀၀၀
ဒေါ်တင်တင်အေး	၀၂/၀၅/၁၉၆၄/ မ/ မြန်မာ	အောက်တွင်ရေးသားဖော်ပြထားပါသည်။	၁၉၉၅ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။	၁,၈၀၀,၀၀၀
ဦးဘရမ်ဒန်မောင်ဝင်း	၀၁/၀၈/၁၉၉၆/ ကျား/ မြန်မာ	အောက်တွင်ရေးသားဖော်ပြထားပါသည်။	၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။	၉၀၀,၀၀၀
ဒေါ်အေမီ မိမိဝင်း	၃၁/၁၀/၁၉၉၉/ မ/ မြန်မာ	အောက်တွင်ရေးသားဖော်ပြထားပါသည်။	၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။	၉၀၀,၀၀၀
ဒေါက်တာသာထွန်းဦး (လွတ်လပ်သော ဒါရိုက်တာ)	၂၄/၀၅/၁၉၆၃/ ကျား/ မြန်မာ	အောက်တွင်ရေးသားဖော်ပြထားပါသည်။	၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။	မရှိ
ဒေါ်လင်းလင်းတင်ထွန်း (လွတ်လပ်သော ဒါရိုက်တာ)	၂၈/၀၅/၁၉၆၉/ မ/ မြန်မာ	အောက်တွင်ရေးသားဖော်ပြထားပါသည်။	၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။	မရှိ

ဦးမင်းဟန်ထွန်း (လွတ်လပ်သော ဒါရိုက်တာ)	၀၃/၀၂/၁၉၉၁/ ကျား/ မြန်မာ	အောက်တွင်ရေးသားဖော်ပြထားပါသည်။	၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။	မရှိ

ပြီးခဲ့သည့် သုံးနှစ်အတွင်း ကျွန်ုပ်တို့၏ မည်သည့်ဒါရိုက်တာမျှ -

(၁) ၎င်းအပေါ်သို့ သော်လည်းကောင်း၊ ၎င်းက ဒါရိုက်တာ၊ အုပ်ချုပ်မှုဒါရိုက်တာ သို့မဟုတ် အုပ်ချုပ်မှုကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသည့် ကုမ္ပဏီအပေါ်သို့သော်လည်းကောင်း ဒေဝါလီခံခြင်း (bankruptcy) ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ဦးတိုက်လျှောက်ထားခြင်းခံရမှု မရှိခဲ့ပါ။

(၂) ထောင်ဒဏ် ချမှတ်နိုင်သည့်ပြစ်မှု တစ်စုံတစ်ရာဖြင့် ပြစ်မှုထင်ရှား စီရင်ခံရခြင်း သို့မဟုတ် ပြစ်မှုရင်ဆိုင်နေရခြင်း မရှိပါ။

(၃) ဒါရိုက်တာ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ မန်နေဂျာ သို့မဟုတ် အုပ်ချုပ်မှုကိုယ်စားလှယ်အဖြစ်မှ အရည်အချင်းပျက်ယွင်းမှု မရှိခဲ့ပါ။

(၄) အကျုံးဝင်ဥပဒေ သို့မဟုတ် စည်းမျဉ်းသတ်မှတ်ချက် တစ်စုံတစ်ရာ ထိပါးခြိုးဖောက်မှုအတွက် စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုမ္ပဏီတစ်ခုခုတွင် စီမံအုပ်ချုပ်ရေးတာဝန် တစ်စုံတစ်ရာ ထမ်းဆောင်ခဲ့ခြင်း မရှိခဲ့ပါ။

၄.၂။ အုပ်ချုပ်မှုဒါရိုက်တာများ၊ မန်နေဂျာများနှင့် အုပ်ချုပ်မှုကိုယ်စားလှယ်များ

ကျွန်ုပ်တို့၏ အမှုဆောင်အရာရှိများသည် နေ့စဉ်အုပ်ချုပ်ရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။ အောက်ဖော်ပြပါ ဇယားတွင် အမှုဆောင်အရာရှိများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ဖော်ပြထားပါသည်။

အမည်	**မွေးသက္ကရာဇ် / ကျား၊ မ /နိုင်ငံသား**	**ကိုယ်ရေးအကျဉ်း၊ ရာထူးနှင့် ကုမ္ပဏီတွင် တာဝန်ခန့်အပ်ခြင်း (ပညာအရည်အချင်းနှင့် အခြားကုမ္ပဏီများတွင် တစ်ချိန်တည်းတာဝန်ထမ်းဆောင်နေမှုများ စသည်)**	**ခန့်အပ်သည့်နေ့ရက်**	**အစုရှယ်ယာပိုင်ဆိုင်မှု**
ဒေါက်တာသန်းဝင်း	၀၆/၀၄/၁၉၆၂ ကျား မြန်မာ	အမှုဆောင်အရာရှိချုပ် (နောက်ထပ်အချက်အလက်များအတွက် အောက်တွင်ရေးသားဖော်ပြထားပါသည်။)	၂၀၂၂ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။	၅,၄၀၀,၀၀၀
ဦးဘရမ်ဒန်မောင်ဝင်း	၀၁/၀၈/၁၉၉၆ ကျား မြန်မာ	ဒုတိယအမှုဆောင်အရာရှိချုပ် (နောက်ထပ်အချက်အလက်များအတွက် အောက်တွင်ရေးသားဖော်ပြထားပါသည်။)	၂၀၂၄ခုနှစ် အောက်တိုဘာလ၁ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။	၉၀၀,၀၀၀
ဒေါက်တာသူရိန်ထွန်း	၁၃/၁၁/၁၉၈၄ ကျား မြန်မာ	အရောင်းပိုင်းဆိုင်ရာအရာရှိချုပ် (နောက်ထပ်အချက်အလက်များအတွက် အောက်တွင်ရေးသားဖော်ပြထားပါသည်။)	၂၀၂၄ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ခန့်အပ်ခဲ့ပါသည်။	မရှိ

ပြီးခဲ့သည့် သုံးနှစ် အတွင်း ကျွန်ုပ်တို့၏ မည်သည့် အမှုဆောင်အရာရှိများမျှ -

(၁) ၎င်းအပေါ်သို့သော်လည်းကောင်း၊ ၎င်းက ဒါရိုက်တာ၊ အုပ်ချုပ်မှုဒါရိုက်တာ သို့မဟုတ် အုပ်ချုပ်မှုကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသည့် ကုမ္ပဏီ အပေါ်သို့သော်လည်းကောင်း ဒေဝါလီခံခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ရပ် အရ ဦးတိုက်လျှောက်ထားခြင်းခံရမှု မရှိခဲ့ပါ။

(၂) ထောင်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှုတစ်စုံတစ်ရာဖြင့် ပြစ်မှုထင်ရှားစီရင်ခံရခြင်း သို့မဟုတ် ပြစ်မှုရင်ဆိုင်နေရခြင်း မရှိပါ။

(၃) ဒါရိုက်တာ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ မန်နေဂျာ သို့မဟုတ် အုပ်ချုပ်မှုကိုယ်စားလှယ်အဖြစ်မှ အရည်အချင်းပျက်ယွင်းမှု မရှိခဲ့ပါ။

(၄) အကျုံးဝင်ဥပဒေ သို့မဟုတ် စည်းမျဉ်းသတ်မှတ်ချက် တစ်စုံတစ်ရာ ထိပါးချိုးဖောက်မှုအတွက် စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုမ္ပဏီတစ်ခုခုတွင် စီမံခန့်ခွဲရေးတာဝန် တစ်စုံတစ်ရာ ထမ်းဆောင်ခဲ့ခြင်း မရှိခဲ့ပါ။

နောက်ဆုံးတင်သွင်းသည့်နေ့ရက် နောက်ပိုင်းတွင် ကုမ္ပဏီသည် ဦးသန်းထွန်းဦးအား ၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှစတင်၍ ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ် (Chief Financial Officer) အဖြစ် ခန့်အပ်ခဲ့ပါသည်။

အမည်	**မွေးသက္ကရာဇ်/ကျား၊ မ/နိုင်ငံသား**	**ကိုယ်ရေးအကျဉ်း၊ ရာထူးနှင့် ကုမ္ပဏီတွင် တာဝန်ခန့်အပ်ခြင်း (ပညာအရည်အချင်းနှင့် အခြားကုမ္ပဏီများတွင် တစ်ချိန်တည်းတာဝန်ထမ်းဆောင်နေမှုများစသည်)**	**ခန့်အပ်သည့်နေ့ရက်**	**အစုရှယ်ယာပိုင်ဆိုင်မှု**
ဦးသန်းထွန်းဦး	၀၇/၀၆/၁၉၇၈ ကျား မြန်မာ	ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ် (နောက်ထပ်အချက်အလက်များအတွက် အောက်တွင်ရေးသားဖော်ပြထားပါသည်။)	၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် စတင် ခန့်အပ်သည်။	မရှိ

ဘဏ္ဍာရေးဆိုင်ရာ အရာရှိချုပ်အား ယခုကဲ့သို့ ခန့်အပ်ရခြင်းမှာ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ခြင်း အတွက် ပြင်ဆင်သည့် အနေဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်များဆိုင်ရာ စည်းမျဉ်းများအရ စာရင်းဝင်ကုမ္ပဏီတစ်ခုအနေဖြင့် ကုမ္ပဏီအပေါ် သက်ရောက်လာမည့် ထပ်ဆောင်းဘဏ္ဍာရေး အစီရင်ခံစာ တင်ပြခြင်းနှင့် သတင်းအချက်အလက် ဖွင့်ဟကြေညာခြင်းဆိုင်ရာ တာဝန်ဝတ္တရားများအတွက် ပြင်ဆင်သည့် အနေဖြင့်လည်းကောင်း ကုမ္ပဏီ၏ အကြီးတန်း စီမံခန့်ခွဲမှုအဖွဲ့ကို ပိုမိုခိုင်မာတောင့်တင်းလာစေရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

၄.၃။ အရေးကြီးသော နောက်ခံသတင်းအချက်အလက်များ

ဒေါက်တာသန်းဝင်း - အမှုဆောင်အရာရှိချုပ်

ဒေါက်တာသန်းဝင်းကို ၁၉၆၂ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့ပြီး၊ ၁၉၈၆ ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ် (၁) မှ ဆေးပညာဘွဲ့ (M.B.B.S.) ကို ရရှိခဲ့ပါသည်။ သူသည် ၁၉၉၀ ပြည့်နှစ်၊ မတ်လ ၁၇ ရက်နေ့တွင် Australian Medical Council Certificate ကို ရရှိခဲ့ပြီး၊ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် FRACS Part I စာမေးပွဲကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အွန်လိုင်း စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့ (Online MBA) ကို ထပ်မံဆည်းပူးခဲ့ပါသည်။

ဒေါက်တာသန်းဝင်းသည် ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီးနောက် ကုမ္ပဏီ (ကွန်ကော့ဒီးယား) ကို စတင် တည်ထောင်ခဲ့ကာ တည်ထောင်သည့် အချိန်မှစ၍ ဥက္ကဋ္ဌ (Chairman) အဖြစ် တာဝန်ယူခဲ့ပါသည်။ ထို့နောက် ၂၀၂၂ ခုနှစ်တွင် ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် (Chief Executive Officer) အဖြစ် ခန့်အပ်ခြင်း ခံရပါသည်။ ကွန်ကော့ဒီးယားတွင် တာဝန်ထမ်းဆောင်သည့်အပြင် သူသည် ABMT Myanmar Co., Ltd နှင့် Myanmar Sports Holiday Co., Ltd တို့၏ အမှုဆောင်အရာရှိချုပ်လည်း ဖြစ်ပါသည်။

သူသည် ABMT Myanmar Co., Ltd၊ Myanmar Sports Holiday Co., Ltd၊ Concordia Thai Co., Ltd.၊ Mahar Yoma Public Co., Ltd.၊ Han Yoma Energy Co., Ltd၊ Royal Yoma Star Public Co., Ltd၊ Rakhine Development Corporation Public Co., Ltd တို့တွင် ဒါရိုက်တာအဖြစ်လည်းကောင်း၊ Myanmar Kyauk Phyu SEZ Consortium Public Co., Ltd. တွင် ဒါရိုက်တာနှင့် အစုရှယ်ယာရှင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် (MTF) တွင် ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း တာဝန် ထမ်းဆောင်လျက် ရှိပါသည်။ ဒေါက်တာသန်းဝင်းသည် မိခင်ဘာသာစကားဖြစ်သော မြန်မာဘာသာစကားကို ပြောဆိုအသုံးပြုပြီး အင်္ဂလိပ်ဘာသာစကားကိုလည်း ကျွမ်းကျင်စွာ ပြောဆိုနိုင်သူ ဖြစ်ပါသည်။

သူ၏ ဦးဆောင်မှုအောက်တွင် ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ဝန်ထမ်းအင်အား ၄၀၀ ခန့်ဖြင့် မြန်မာနိုင်ငံ၏ ရုံးသုံးပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာသုံးပစ္စည်းများနှင့် အင်ဂျင်နီယာလုပ်ငန်းသုံးပစ္စည်းများကို တင်သွင်းဖြန့်ဖြူး ရောင်းချသည့် ထိပ်တန်းကုမ္ပဏီတစ်ခု ဖြစ်လာခဲ့ပါသည်။ ကုမ္ပဏီသည် ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် စာရင်းဝင်ကုမ္ပဏီအဖြစ် တက်လှမ်းရန် စီစဉ်လျက်ရှိပြီး၊ ၎င်းမှာ ကုမ္ပဏီ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကော်ပိုရိတ်ပွင့်လင်းမြင်သာမှုအပေါ် ထားရှိသော ကတိကဝတ်ကို ထင်ဟပ်စေပါသည်။

၂၀၁၄ ခုနှစ်တွင် သူသည် ပင်လယ်ရေအောက် ပညာပေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို မြှင့်တင်ရန်အတွက် အကျိုးအမြတ်မယူသော မြန်မာနိုင်ငံ ရေအောက်အားကစားအဖွဲ့ချုပ် (Myanmar Underwater Federation - MUF) ကို တည်ထောင်ခဲ့ပြီး၊ ကမ်းခြေသန့်ရှင်းရေးနှင့် သန္တာကျောက်တန်း ထိန်းသိမ်းရေး လုပ်ငန်းများကို အဓိကထား ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်မှစ၍ ငွေဆောင်ကမ်းခြေတွင် ရေငုပ်စင်တာတစ်ခုကိုလည်း ဖွင့်လှစ်ခဲ့ပြီး၊ အမေရိကန်နိုင်ငံရှိ Professional Association of Dive Instructors (PADI) မှ ပေးအပ်သော Dive Master အဆင့် လက်မှတ်ကိုလည်း ရရှိထားသူ ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတွင် ဦးဆောင်ပါဝင်မှုများကြောင့် MUF သည် UN-Habitat မှ ချီးမြှင့်သော ၂၀၂၄ ခုနှစ်အတွက် Myanmar Climate Action Forum ၏ သံတမန်အဖြစ် ဂုဏ်ပြုခြင်းခံခဲ့ရပါသည်။ သူသည် မြန်မာနိုင်ငံအတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေးခြင်းနှင့် ရေရှည်တည်တံ့သော ပင်လယ်ပြင်ဂေဟစနစ် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အဖွဲ့ချုပ်၏ စဉ်ဆက်မပြတ် ပါဝင်ဆောင်ရွက်နေမှုများကို အသိအမှတ်ပြုခြင်းပင် ဖြစ်ပါသည်။

ဒေါ်တင်တင်အေး

ဒေါ်တင်တင်အေးသည် Concordia Public Co., Ltd. (၁၉၉၆ ခုနှစ်မှစတင်၍)၊ ABMT Myanmar Co., Ltd. (၂၀၁၄ ခုနှစ်မှစတင်၍) နှင့် Myanmar Sports Holiday (၂၀၁၆ ခုနှစ်မှစတင်၍) တို့တွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ဒေါ်တင်တင်အေးသည် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်ပြီး မိခင်ဘာသာစကားမှာ မြန်မာဘာသာ ဖြစ်ပါသည်။ ဒေါ်တင်တင်အေးသည် Australian Institute of Business မှ MBA (Master of Business Administration) ဘွဲ့ကို ရရှိထားသူ ဖြစ်ပါသည်။ ဒေါ်တင်တင်အေးကို မြန်မာနိုင်ငံတွင် မွေးဖွားခဲ့ပြီး ဩစတြေးလျနိုင်ငံတွင် ကြီးပြင်းခဲ့သူဖြစ်ပါသည်။ သူမသည် ၁၉၉၆ ခုနှစ်တွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့် Concordia Public Co., Ltd. ကို တည်ထောင်ရန် ရန်ကုန်မြို့သို့ ပြန်လာခဲ့ပါသည်။ စီးပွားရေးလုပ်ငန်းသမားဘဝကို မစတင်မီကပင် သူမသည် ၁၉၉၀ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ဩစတြေးလျ သန်းခေါင်စာရင်းဌာနနှင့် ထင်ရှားသောဆက်သွယ်ရေးကုမ္ပဏီဖြစ်သည့် Optus တို့တွင် အလုပ်လုပ်ကိုင်ခဲ့ခြင်းဖြင့် တန်ဖိုးရှိသော ပရော်ဖက်ရှင်နယ် အတွေ့အကြုံများ ရရှိခဲ့ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် (Chief Executive Officer) ဒေါက်တာသန်းဝင်း၏ ဇနီးဖြစ်သူ ဒေါ်တင်တင်အေးသည် ကုမ္ပဏီ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ၊ မဟာဗျူဟာမြောက် လမ်းညွှန်မှုများနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ပံ့ပိုးကူညီပေးခြင်းဖြင့် ဒါရိုက်တာတစ်ဦးအနေနှင့် ကုမ္ပဏီအတွက် ဆက်လက်ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။ သူမ၏

နိုင်ငံတကာအတွေ့အကြုံများ၊ စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ကာလရှည်ကြာ ဦးဆောင်မှု အခန်းကဏ္ဍများတွင် ပါဝင်ခြင်းများသည် မြန်မာနိုင်ငံအတွင်း ကုမ္ပဏီ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စဉ်ဆက်မပြတ် တိုးတက်ကြီးထွားလာမှု တို့အတွက် အကျိုးပြုလျက် ရှိပါသည်။

ဦးဘရမ်ဒန်မောင်ဝင်း - ဒုတိယအမှုဆောင်အရာရှိချုပ်

ဦးဘရမ်ဒန်မောင်ဝင်းကို ၁၉၉၆ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့ပြီး ကယ်လီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိစ်မြို့ရှိ နာမည်ကျော် Jesuit အဖွဲ့အစည်းဖြစ်သော Loyola Marymount တက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုနှင့်အုပ်ချုပ်ရေး ဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သူ ဖြစ်ပါသည်။ ထို့အပြင် ဦးဘရမ်ဒန်မောင်ဝင်းသည် Marymount California တက္ကသိုလ်မှ AA (Associate's Degree) ဘွဲ့ကိုလည်း ရရှိထားသူဖြစ်ပါသည်။ သူသည် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်ပြီး ထိုင်းဘာသာကို အတော်အသင့် တတ်ကျွမ်းကာ မိခင်ဘာသာစကားမှာ မြန်မာဘာသာ ဖြစ်ပါသည်။

ဦးဘရမ်ဒန်မောင်ဝင်းသည် ပညာသင်ကြားမှု ပြီးဆုံးပြီးနောက် အမေရိကန်ပြည်ထောင်စုရှိ ဦးဆောင်ဆက်သွယ်ရေး ကွန်ရက်တစ်ခုဖြစ်သည့် Verizon တွင် Account Manager အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ သူ၏ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း အဖွဲ့ဝင်များ စွမ်းဆောင်ရည် ထိရောက်ထက်မြက်စေရန်နှင့် ယုံကြည်မှုရှိလာစေရန် လေ့ကျင့်သင်ကြားခြင်းနှင့် လမ်းညွှန်ပြသပေးခြင်း အပါအဝင် ခေါင်းဆောင်မှုကဏ္ဍအသီးသီးကို ထမ်းဆောင်ခဲ့ပါသည်။ ၎င်းအပြင် နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်း၊ အလားအလာရှိသော ဝန်ထမ်းများအား လူတွေ့ စစ်ဆေးမေးမြန်းခြင်းများနှင့် ကုမ္ပဏီအတွက် စွမ်းဆောင်ရည် မြင့်မားသော အဖွဲ့အစည်းများ ဖြစ်ထွန်းစေရန် ထိပ်တန်းအမှုဆောင်အရာရှိများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းများကို လုပ်ဆောင်ခဲ့ပါသည်။

သူသည် ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အမေရိကန်ပြည်ထောင်စုရှိ CLA Global Inc./Verizon တွင် Account Manager အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍ၌ သူ၏ ပရော်ဖက်ရှင်နယ် အတွေ့အကြုံများကို တိုးတက်ရရှိခဲ့ပါသည်။

သူသည် အမေရိကန်ပြည်ထောင်စုတွင် အလုပ်လုပ်ကိုင်ရာမှ ဗဟုသုတနှင့် အတွေ့အကြုံများစွာ ရရှိပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ပြီး လက်ရှိတွင် Concordia ၌ ဒုတိယအမှုဆောင်အရာရှိချုပ် (Deputy Chief Executive Officer) အဖြစ် သူ၏ ကျွမ်းကျင်မှုများကို အသုံးချကာ ကုမ္ပဏီအတွက် ပံ့ပိုးကူညီလျက်ရှိပါသည်။ သူသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် (Chief Executive Officer) ဒေါက်တာသန်းဝင်း၏ သားဖြစ်ပြီး၊ လက်ရှိတွင် ကုမ္ပဏီ၏ မဟာဗျူဟာနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ပံ့ပိုးကူညီပေးလျက်ရှိကာ စီးပွားရေးစွမ်းဆောင်ရည်၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲမှုပုံစံများ ပိုမိုခိုင်မာအားကောင်းလာစေရန် အမေရိကန်ကော်ပိုရိတ်ယဉ်ကျေးမှုမှ အသိအမြင် ဗဟုသုတများကို ပေါင်းစပ် အသုံးချလျက်ရှိပါသည်။ ထို့အပြင် သူသည် ABMT Myanmar Co., Ltd, Myanmar Sports Holiday Co., Ltd နှင့် Royal Yoma Star Public Co., Ltd တို့တွင်လည်း ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ဒေါ်အေမီ မိမိဝင်း

ဒေါ်အေမီ မိမိဝင်းသည် ရာဇဝတ်ဗေဒ (Criminology) နှင့် ဥပဒေပညာရပ်တို့တွင် ခိုင်မာသောပညာရေးအခြေခံရှိပြီး လူမှုအကျိုးပြု လုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများတွင်လည်း ကျယ်ပြန့်သော အတွေ့အကြုံရှိသည့် ထူးချွန်သူတစ်ဦး ဖြစ်ပါသည်။ သူမသည် အမေရိကန်ပြည်ထောင်စုရှိ နာမည်ကြီး Ivy League တက္ကသိုလ်တစ်ခုဖြစ်သော ပင်ဆယ်ဗေးနီးယားတက္ကသိုလ် (University of Pennsylvania) မှ ရာဇဝတ်ဗေဒအထူးပြုဖြင့် ဝိဇ္ဇာဘွဲ့ (Bachelor of Arts in Criminology) ကို အမြင့်ဆုံး ဂုဏ်ထူးဆောင်ဘွဲ့ (Summa Cum Laude) ဖြင့် ရရှိခဲ့သူဖြစ်ပြီး၊ မေရီလန်းတက္ကသိုလ် (University of Maryland, College Park) တွင်လည်း ပညာဆည်းပူးခဲ့ပါသည်။ သူမ၏ ပညာရေးခရီးလမ်းသည် လူမှုမျှတမှု၊ လူ့အခွင့်အရေးနှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအပေါ် နက်ရှိုင်းစွာ စိတ်ကူးသန့်ဌာန်ချထားမှုကို ထင်ဟပ်စေပါသည်။

သူမသည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအထိ HIAS Pennsylvania တွင် Immigrant Wellness Case Manager အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ရွှေ့ပြောင်းနေထိုင်သူ လူမှုအသိုက်အဝန်းများအတွက် စာနာနားလည်မှု၊ ကျွမ်းကျင်မှုတို့ဖြင့် ကူညီပံ့ပိုးပေးခြင်းနှင့် အခွင့်အရေးများအတွက် ရှေ့ကရပ်တည်ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ သူမသည် မိခင်ဘာသာစကားဖြစ်သော မြန်မာဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကား နှစ်မျိုးစလုံးကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သူဖြစ်ရာ

လူမှုအသိုက်အဝန်း၏ သုခချမ်းသာကို မြှင့်တင်ရန်အတွက် ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ ကွာဟချက်များကို ထိရောက်စွာ ပေါင်းကူးပေးနိုင်သူ ဖြစ်ပါသည်။

ဒေါ်အေမီမီမိုဝင်း၏ လူမှုအကျိုးပြုလုပ်ငန်းများအပေါ် စိတ်အားထက်သန်မှုမှာ မေရီလန်းတက္ကသိုလ်ရှိ စိတ်ကျန်းမာရေး ကူညီမှုဗဟိုဌာန (Mental Health Help Centre Hotline) နှင့် အရှေ့တောင်အာရှ ဒုက္ခသည်များအတွက် လူမှုအသိုက်အဝန်း အစီအစဉ်များ အပါအဝင် အဖွဲ့အစည်းအသီးသီးတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်ခဲ့မှုများတွင် တွေ့မြင်နိုင်ပါသည်။ သူမ၏ ပညာရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ ထူးချွန်မှုများကို တက္ကသိုလ်အဆင့် အင်္ဂလိပ်စာသင်တန်းများတွင် သင်ကြားရေး လက်ထောက် (Teaching Assistant) အဖြစ်လည်းကောင်း၊ ရာဇဝတ်ဗေဒဆိုင်ရာ စာပေထုတ်ဝေမှုများတွင် သုတေသန လက်ထောက် (Research Assistant) အဖြစ်လည်းကောင်း၊ ကျောင်းပြင်ပ ပညာရေး အစီအစဉ်များတွင် ပါဝင်ကူညီသူ အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည့် အခန်းကဏ္ဍများတွင် ထင်ဟပ်လျက်ရှိပါသည်။ သူမ၏ ထူးချွန်သော ပညာရည်နှင့် သုတေသန အောင်မြင်မှုများကြောင့် Dean's List Award နှင့် Guttman-Doyle Research Opportunities Fund တို့ကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် (Chief Executive Officer) ဒေါက်တာသန်းဝင်း၏ သမီးဖြစ်သူ ဒေါ်အေမီ မိမိဝင်းသည် လက်ရှိတွင် Concordia Public Co., Ltd. နှင့် ABMT Myanmar Co., Ltd ၏ ဒါရိုက်တာအဖြစ် တာဝန် ထမ်းဆောင်လျက်ရှိပါသည်။ သူမသည် သူမ၏ ပညာရေးနောက်ခံ နိုင်ငံတကာအမြင်များနှင့် လူမှုအခြေပြုလုပ်ငန်းများရှိ အတွေ့အကြုံများကို အခြေခံ၍ ကုမ္ပဏီ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (Corporate Governance)၊ မဟာဗျူဟာမြောက် စီမံခန့်ခွဲမှု (Strategic Management) နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Growth) လုပ်ငန်းစဉ်များတွင် ပါဝင် အားဖြည့်ပေးလျက်ရှိပါသည်။ သူမ၏ ပါဝင်ဆောင်ရွက်မှုများသည် ကုမ္ပဏီ၏ ဦးဆောင်မှုစွမ်းရည်ကို ပိုမိုခိုင်မာစေပြီး မြန်မာနိုင်ငံ၏ လျင်မြန်စွာ ပြောင်းလဲနေသော စီးပွားရေးနယ်ပယ်အတွင်း ကုမ္ပဏီစဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးလာစေရန် ပံ့ပိုးကူညီပေးလျက်ရှိပါသည်။

***Ivy League** ဆိုသည်မှာ အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ပိုင်းရှိ ဂုဏ်သတင်းကျော်ကြားသော တက္ကသိုလ် ရှစ်ခု (ဟားဗတ်၊ ယေးလ်၊ ပရင်စတန်၊ ကိုလံဘီယာ၊ ဘရောင်း၊ ဒါးတ်မောက်စ်၊ ကော်နယ် နှင့် ပင်ဆယ်ဗေးနီးယား တက္ကသိုလ်) ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ အဆိုပါ တက္ကသိုလ်များသည် ၎င်းတို့၏ ထူးချွန်ထက်မြက်သော ပညာရေးအဆင့်အတန်း၊ ကျောင်းသားလက်ခံရာတွင် အလွန်စိစစ်ရွေးချယ်မှုနှင့် သမိုင်းဝင် ထင်ရှားကျော်ကြားမှုတို့ကြောင့် လူသိများကြပါသည်။

ဒေါက်တာသာထွန်းဦး

ဒေါက်တာသာထွန်းဦးသည် မီဒီယာ၊ ထုတ်ဝေရေး၊ စျေးကွက်ရှာဖွေရေး၊ ဖြန့်ဖြူးရေး၊ လက်ကားရောင်းချရေးနှင့် ရင်းနှီးမြှုပ်နှံမှုစသည့် နယ်ပယ်များတွင် ဆယ်စုနှစ်များစွာ အတွေ့အကြုံရှိသော လေးစားဖွယ်ကောင်းသည့် စီးပွားရေးခေါင်းဆောင်နှင့် မဟာဗျူဟာရှင်တစ်ဦးဖြစ်ပါသည်။ သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) မှ ဘွဲ့ရရှိထားပြီး Professional Publishing နှင့် Overseas Technical Scholarship အစီအစဉ်မှတစ်ဆင့် နိုင်ငံတကာ လေ့ကျင့်သင်ကြားမှုများကို ရရှိခဲ့သဖြင့် ပညာရေးဆိုင်ရာ ထူးချွန်မှုနှင့် လက်တွေ့ကျွမ်းကျင်မှုကို ပေါင်းစည်းနိုင်သူဖြစ်ပါသည်။

သူသည် Today Media and Information Limited၊ Today Public House Limited၊ Myanmar SPA TODAY Farest Advertising Limited၊ Premium Marketing Limited နှင့် Treasure Troth Limited တို့၌ ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ သီးခြားလွတ်လပ်သည့် ဤအဖွဲ့အစည်းများတွင် ဒါရိုက်တာအဖြစ် ပါဝင်ဆောင်ရွက်မှု မှတစ်ဆင့် ဒေါက်တာသာထွန်းဦးသည် မြန်မာနိုင်ငံ၏ မီဒီယာ၊ စျေးကွက်ရှာဖွေရေး နှင့် လက်လီရောင်းချရေး စက်မှုလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိသာထင်ရှားသော အထောက်အကူပြု ပံ့ပိုးမှုများ ပြုလုပ်ပေးခဲ့ပါသည်။

သူသည် Myanmar Digital Economy Association and the Myanmar Retailers Association ၏ အမှုဆောင် ကော်မတီဝင်အဖြစ်လည်းကောင်း၊ မြန်မာအမှတ်တံဆိပ်ကော်မတီနှင့် International English Church ၏ စီမံအုပ်ချုပ်ရေး ကောင်စီဝင်အဖြစ်လည်းကောင်း မြန်မာနိုင်ငံ၏ နိုင်ငံတကာစီးပွားရေးအသင်းအဖွဲ့များ၏ ကောင်စီဝင်အဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

လွတ်လပ်သောဒါရိုက်တာအဖြစ် ဒေါက်တာသာထွန်းဦးသည် မဟာဗျူဟာချမှတ်ခြင်းနှင့် မူဝါဒဆိုင်ရာ နက်ရှိုင်းသော နားလည်မှုကို ဒါရိုက်တာဘုတ်အဖွဲ့သို့ ပံ့ပိုးပေးလျက်ရှိပါသည်။ ပဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းနှစ်ခုစလုံးတွင် ခေါင်းဆောင်အခန်းကဏ္ဍများမှရရှိသည့် သူ၏ထူးခြားသော ထိုးထွင်းအမြင်များသည် သမားရိုးကျစီးပွားရေးလုပ်ထုံးလုပ်နည်းများနှင့် ခေတ်သစ်ဆန်းသစ်တီထွင်မှုများအကြား ကွာဟချက်ကို ပေါင်းကူးပေးရန် အထောက်အကူပြုပါသည်။ သူသည် အထူးသဖြင့် မြန်မာနိုင်ငံနှင့် အခြား အာဆီယံနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးခြင်းများနှင့် ဒေသတွင်းဆက်သွယ်မှုကို တက်ကြွစွာ ထောက်ခံအားပေးပါသည်။

ဒေါက်တာသာထွန်းဦးသည် မြန်မာကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအတွက် သူ၏ဝန်ဆောင်မှုအတွက် လည်းကောင်း၊ မီဒီယာအသွင်ပြောင်းရေး၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးရေးနှင့် အမျိုးသားအမှတ်တံဆိပ် တည်ဆောက်ရေးဆိုင်ရာ မူဝါဒချမှတ်ရေးအတွက် သူ၏ပံ့ပိုးမှုများအတွက်လည်းကောင်း လူသိများပါသည်။ သူ၏ အကြံပေးရာထူးများနှင့် အရပ်ဘက်ပါဝင်မှုများမှတစ်ဆင့် သူသည် မြန်မာနိုင်ငံ၏ မီဒီယာလုပ်ငန်းတိုးတက်ရေးနှင့် နောက်မျိုးဆက်သစ် စီးပွားရေး ခေါင်းဆောင်များ အားကောင်းစေရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။

ဒေါ်လင်းလင်းတင်ထွန်း

ဒေါ်လင်းလင်းတင်ထွန်းသည် လက်တွေ့ကျွမ်းကျင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် ဈေးကွက်ရှာဖွေရေးဗျူဟာ ကျွမ်းကျင်သူ တစ်ဦးဖြစ်ပြီး စီးပွားရေးခေါင်းဆောင်မှု၊ ဈေးကွက်ရှာဖွေရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် နှစ် (၂၅) ကျော်ကြာ လက်တွေ့အတွေ့အကြုံရှိသူဖြစ်သည်။ သူမသည် လက်တွေ့ကျသော ထိုးထွင်းသိမြင်မှုများနှင့် ပညာရပ်ဆိုင်ရာ အရည်အချင်းများကို ပေါင်းစပ်အသုံးချကာ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးကဏ္ဍနှစ်ခုစလုံးတွင် လေးစားအပ်သော ပုဂ္ဂိုလ်တစ်ဦးအဖြစ် ရပ်တည်နေပါသည်။ သူမသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးဘွဲ့ (Bachelor of Commerce) ကို ရရှိထားပြီး ဆန်းသစ်တီထွင်မှု၊ စွန့်ဦးတီထွင်မှု၊ ဟိုတယ်ဝန်ဆောင်မှု၊ ခေါင်းဆောင်မှုနှင့် ဒစ်ဂျစ်တယ်ဈေးကွက်ရှာဖွေရေးစသည့် နယ်ပယ်စုံတွင် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်လေ့လာဆည်းပူးလျက်ရှိပါသည်။

သူမသည် LadyBella နှင့် MamaBella အမျိုးသမီး အဝတ်အစား အမှတ်တံဆိပ်များ၏ မိခင်ကုမ္ပဏီဖြစ်သော KKKL Company Limited ၏ တည်ထောင်သူနှင့် ဒါရိုက်တာအဖြစ်လည်းကောင်း၊ Mango Advertising and Media Group Myanmar ၏ ပူးတွဲတည်ထောင်သူနှင့် ဒါရိုက်တာအဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ မီဒီယာနှင့် လက်လီရောင်းဝယ်ရေး လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးတွင် စတင်ဦးဆောင်ပါဝင်ခဲ့သူဖြစ်ပါသည်။ သူမသည် Khit Thit Thalun Co., Ltd ၏ အမှုဆောင်ဒါရိုက်တာ အဖြစ်လည်းကောင်း တာဝန်ယူ ထမ်းဆောင်လျက်ရှိပြီး သူမ၏ ခေါင်းဆောင်မှုဖြင့် အမျိုးသမီး ဦးဆောင်လုပ်ငန်းများ တိုးတက်စေရန် ကြိုးပမ်း ဆောင်ရွက်ခဲ့သည့်အပြင် မြန်မာနိုင်ငံ၏ မီဒီယာနှင့် လက်လီလုပ်ငန်းများကို အင်အားကောင်း သန်မာစေရေး များစွာအထောက်အကူပြုခဲ့ပါသည်။

ကော်ပိုရိတ်အခန်းကဏ္ဍများအပြင် သူမသည် မြန်မာနိုင်ငံ ကြော်ငြာအေးဂျင်စီအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များကွန်ရက် (MYWEN) တို့၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ထို့အပြင် Rotary International အဖွဲ့အတွင်း Fellow Rotarian၊ Foundation Chair၊ Club Secretary အပါအဝင် အဓိကတာဝန်များကို ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် ရန်ကုန် Rotary Club ၏ ရွေးချယ်ခံထားရသော ဥက္ကဋ္ဌ (၂၀၂၄–၂၀၂၅) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

သင်ကြားပြသပေးခြင်းနှင့် လူမှုအသိုင်းအဝိုင်း အားကောင်းစေရေးဆိုင်ရာ ကတိကဝတ်ကြောင့် လူသိများသည့် သူမသည် လူငယ် စွန့်ဦးတီထွင်သူများကို တက်ကြွစွာ ပံ့ပိုးကူညီခြင်း၊ ပညာရပ်ဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းနှင့် မဟာဗျူဟာမြောက် ဈေးကွက်ရှာဖွေရေးကို လက်တွေ့အောင်မြင်မှုများနှင့် ဆက်စပ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ဤအရည်အချင်းများသည် ကုမ္ပဏီ၏ ကြီးထွားမှု၊ အမှတ်တံဆိပ် ဗျူဟာချမှတ်မှုနှင့် ပုဂ္ဂိုလ်ရေးစွမ်းရည်ဖွံ့ဖြိုးရေးတို့အတွက် သူမအား အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရန် အကောင်းဆုံးနေရာသို့ ရောက်ရှိစေပါသည်။

ဦးမင်းဟန်ထွန်း

ဦးမင်းဟန်ထွန်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးကဏ္ဍများတွင် အထူးလေးစားခံရသူ တစ်ဦးဖြစ်ပြီး ကုမ္ပဏီအတွင်းစာရင်းစစ်ဆေးရေး၊ ကော်ပိုရိတ်အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် ပညာရေးဆိုင်ရာ ကျွမ်းကျင်မှုများတွင် ထူးချွန်သော လုပ်ဆောင်ချက်များ ရှိသူဖြစ်ပါသည်။ သူသည် အမေရိကန်ပြည်ထောင်စု၊ ပင်ဆယ်ဗေးနီးယားပြည်နယ်ရှိ Elizabethtown College မှ ဘဏ္ဍာရေးအထူးပြုဖြင့် နိုင်ငံတကာစီးပွားရေးသိပ္ပံဘွဲ့ (Bachelor of Science in International Business) ရရှိထားသူဖြစ်ပြီး ကျောင်းသားဘဝအတွင်း သူ၏အတန်းတွင် အမြဲတမ်း ထိပ်ဆုံးအဆင့်၌ ရပ်တည်ခဲ့သူဖြစ်ပါသည်။

လက်ရှိတွင် ဦးမင်းဟန်ထွန်းသည် United Paints Group Co., Ltd. (UPG) ၏ ကော်ပိုရိတ်အတွင်းစာရင်းစစ်ဆေးရေး ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး ကုမ္ပဏီ၏ စာရင်းစစ်ကော်မတီဥက္ကဋ္ဌ၊ ကော်ပိုရိတ်အုပ်ချုပ်မှုပြင်ဆင်ရေး ကော်မတီ၏ အတွင်းရေးမှူးတာဝန်များကိုပါ ထမ်းဆောင်ကာ အုပ်ချုပ်မှုနှင့် ကုမ္ပဏီအတွင်းထိန်းချုပ်မှုများ ခိုင်မာစေရေး စီမံချက်များကို ဦးဆောင်လျက်ရှိပါသည်။

ထို့အပြင် သူသည် H Valley Myanmar Co., Ltd. နှင့် Matrix Strategic Holding Co., Ltd. တို့၏ ဒါရိုက်တာဘုတ်အဖွဲ့တွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်နေပြီး ဟိုတယ်ဝန်ဆောင်မှု၊ အိမ်ခြံမြေနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် မဟာဗျူဟာမြောက် လမ်းညွှန်မှုများ ပေးအပ်လျက်ရှိပါသည်။

သူသည် Matrix Institute of Professionals ၏ ပူးတွဲတည်ထောင်သူနှင့် ပညာရေးဒါရိုက်တာအဖြစ်လည်းကောင်း၊ Matrix Solutions (MX Business Advisory Group) ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်များထမ်းဆောင်ရင်း မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှင့် စာရင်းစစ်ပညာရှင်အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပံ့ပိုးခဲ့သည့်အပြင် လုပ်ငန်းများအား ရေရှည်တည်တံ့သောကြီးထွားမှုနှင့် လုပ်ငန်းလည်ပတ်မှု ထူးချွန်ရေးကိစ္စရပ်များတွင်လည်း အကြံပေးခဲ့ပါသည်။ ထို့အပြင် British Council Myanmar ၏ လူမှုစီးပွားလုပ်ငန်း အကြံပေးအဖြစ် ဒေသခံလုပ်ငန်းများအား ဘဏ္ဍာရေးရေရှည်တည်တံ့မှု မြှင့်တင်ရေးတွင် ပံ့ပိုးကူညီလျက်ရှိပါသည်။ အမေရိကန်နှင့် မြန်မာနိုင်ငံတို့တွင် ဘဏ္ဍာရေးနှင့် ဆန်းစစ်သုံးသပ်ရေးတာဝန်များ ယခင်က ထမ်းဆောင်ခဲ့မှုအပါအဝင် သူ၏ ပညာရေး အတွေ့အကြုံနောက်ခံများက သူ့အား အပြည်ပြည်ဆိုင်ရာ ရှုထောင့်မြင်ကွင်းနှင့် နက်ရှိုင်းသော နည်းပညာပိုင်း ကျွမ်းကျင်မှုများ ပိုင်ဆိုင်စေပါသည်။

ဦးမင်းဟန်ထွန်း၏ စာရင်းစစ်၊ ကော်ပိုရိတ်အုပ်ချုပ်ရေးနှင့် ပညာရေးဆိုင်ရာ ခေါင်းဆောင်မှုစွမ်းရည်များသည် ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းလိုက်နာမှု၊ စီမံခန့်ခွဲမှုဆိုင်ရာ အန္တရာယ်လျှော့ချရေး၊ အရည်အချင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့သော ကြီးထွားမှုတို့အတွက် အဖိုးမဖြတ်နိုင်သော အထောက်အကူပြုသူတစ်ဦးအဖြစ် ရပ်တည်စေလျက်ရှိပါသည်။

ဒေါက်တာသူရိန်ထွန်း-အရောင်းပိုင်းဆိုင်ရာအရာရှိချုပ်

ဒေါက်တာသူရိန်ထွန်းသည် MBBS ဘွဲ့ရရှိထားသူဖြစ်ပြီး၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွင် (၁၄) နှစ်ကျော် အတွေ့အကြုံရှိသော ရင့်ကျက်သည့် ရောင်းချရေးနှင့် ဆေးဘက်ဆိုင်ရာ ကိရိယာပညာရှင် တစ်ဦးဖြစ်ပြီး ဆေးကိရိယာများ၊ တင်ဒါစီမံခန့်ခွဲမှုနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ လည်ပတ်မှုများတွင် နက်ရှိုင်းသော ကျွမ်းကျင်မှုရှိသူဖြစ်ပါသည်။ သူသည် လက်ရှိတွင် ကုမ္ပဏီ၏ အရောင်းပိုင်းဆိုင်ရာအရာရှိချုပ် (Chief Sales Officer) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး တစ်နိုင်ငံလုံး အတိုင်းအတာရှိ အရောင်းအဖွဲ့ကို ဦးဆောင်ခြင်း၊ ကုမ္ပဏီအတွင်း အမြတ်အစွန်းမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းများ၏ အဓိက စီးပွားရေးလုပ်ငန်းဆိုင်ရာ လုပ်ဆောင်ချက်များကို ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။ ကုမ္ပဏီတွင် သူ၏တာဝန်များ၌ အမြတ်အစွန်းနှင့် ဆုံးရှုံးမှုကြီးကြပ်ခြင်း၊ ရောင်းအား၊ ကုန်ကျစရိတ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ ထိန်းချုပ်မှုများနှင့် ရောင်းအားခန့်မှန်းချက်များ အပါအဝင် စီးပွားရေး အရှုံးအမြတ် စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်များ ပါဝင်ပါသည်။

ကုမ္ပဏီသို့ မဝင်ရောက်မီက ဒေါက်တာသူရိန်သည် Fresenius Medical Care ၏ မြန်မာနိုင်ငံရုံးခွဲတွင် Country Manager အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ကျောက်ကပ်ဆေးစောင့်ရှောက်မှုတွင် ၎င်း၏ ဈေးကွက်ဝင်ရောက်မှုနှင့် လုပ်ငန်းလည်ပတ်မှု စတင်ခြင်းကို အောင်မြင်စွာ ဦးဆောင်ခဲ့သူ ဖြစ်ပါသည်။ သူ၏ ထူးချွန်သော ခေါင်းဆောင်မှုကို ၂၀၁၉ ခုနှစ် စတုတ္ထသုံးလပတ်တွင် Asia Pacific CEO Award ဖြင့် အသိအမှတ်ပြုခံခဲ့ရပါသည်။

ဒေါက်တာသူရိန်ထွန်း၏ တင်ဒါစီးပွားရေးလုပ်ငန်းဆိုင်ရာ စွမ်းရည်ခိုင်မာမှုသည်အထူးသဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် PMED ကဏ္ဍများအတွင်း ရှုပ်ထွေးသော ဝယ်ယူဖြည့်ဆည်းရေး လုပ်ငန်းစဉ်များကို စီမံခန့်ခွဲနိုင်မှုက သူ့အား ကုမ္ပဏီအတွက် အဓိက အရင်းအမြစ်တစ်ခုအဖြစ် တည်ရှိစေပါသည်။

ဦးသန်းထွန်းဦး – ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ်

ဦးသန်းထွန်းဦးသည် ဘဏ်လုပ်ငန်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ အင်ဂျင်နီယာလုပ်ငန်း၊ ဖြန့်ချိရေးလုပ်ငန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတို့တွင် ဆယ်စုနှစ်တစ်ခုကျော်ကြာ အကြီးတန်းခေါင်းဆောင်မှု အတွေ့အကြုံများ ရရှိထားသည့် ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦး ဖြစ်ပါသည်။ သူသည် ကြပ်မတ်ကွပ်ကဲမှုအောက်တွင် လုပ်ကိုင်ရသော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ကဏ္ဍစုံပါဝင်သည့် အဖွဲ့အစည်းကြီးများတွင် ခေါင်းဆောင်မှု အခန်းကဏ္ဍများမှတစ်ဆင့် ရရှိခဲ့သည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှု၊ ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာဆောင်ရွက်မှု (Risk and Compliance) ဆိုင်ရာ အတွေ့အကြုံများနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အသိအမြင်ဗဟုသုတများကို ကုမ္ပဏီသို့ ယူဆောင်လာပေးနိုင်သူ ဖြစ်ပါသည်။ ဦးသန်းထွန်းဦးသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးမဟာဘွဲ့ (Master of Banking and Finance) နှင့် ရန်ကုန်ဆေးတက္ကသိုလ် (၁) မှ ဆေးပညာဘွဲ့နှင့် ခွဲစိတ်ကုသမှုဘွဲ့ (M.B.,B.S.) တို့ကို ရရှိထားသူ ဖြစ်ပါသည်။

သူသည် ယခုကုမ္ပဏီသို့ မဝင်ရောက်မီ မိုးသီးဆေးရုံ (Moe Thee Hospital) တွင် ဒုတိယအမှုဆောင်အရာရှိချုပ် (Deputy Chief Executive Officer) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ အဆိုပါ ဆေးရုံ၏ ဘဏ္ဍာရေးစီမံချက်ရေးဆွဲခြင်းနှင့် ဆန်းစစ်ခြင်း (Financial Planning and Analysis)၊ ဌာနအတွင်းထိန်းချုပ်မှု မူဘောင် (Internal Control Framework)၊ ဝင်ငွေလည်ပတ်မှု စီမံခန့်ခွဲခြင်း (Revenue Cycle Management) နှင့် ငွေလုံးငွေရင်း အသုံးစရိတ်ဆန်းစစ်ခြင်း (Capital Expenditure Evaluation) လုပ်ငန်းစဉ်များကို ဦးဆောင်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံသားများဘဏ် (Myanmar Citizens Bank) တွင်လည်း (စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ်ခွဲတိုးချဲ့မှုနှင့် ဝယ်ယူရေးဆိုင်ရာ အကြီးအကဲ) အဖြစ် အကြီးတန်းရာထူးနေရာများ၌ တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုအသစ်များ မိတ်ဆက်ခြင်း၊ ဘဏ်ခွဲတိုးချဲ့ခြင်း အစီအစဉ်များနှင့် ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဦးဆောင်ခဲ့ပါသည်။ Great Alliance Engineering & Supply Co., Ltd. တွင်လည်း ဦးသန်းထွန်းဦးသည် (စီးပွားရေးလုပ်ငန်းဆိုင်ရာအကြီးအကဲ) နှင့် (ဘဏ္ဍာရေးနှင့် ထိန်းချုပ်မှုဆိုင်ရာအကြီးအကဲ) အဖြစ် တာဝန်ယူခဲ့ပြီး၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ကဏ္ဍကို ဦးဆောင်ခဲ့သည့်အပြင် အင်ဂျင်နီယာနှင့် စက်ပစ္စည်းစီမံကိန်းများအတွက် အဓိုးရတင်ဒါများနှင့် ထောက်ပံ့ရေးစာချုပ်များကို စီမံခန့်ခွဲခဲ့ပါသည်။ သူသည် Euro Apex Microfinance Co. Ltd. ၏ ပူးတွဲတည်ထောင်သူနှင့် အမှုဆောင်ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အဆိုပါကုမ္ပဏီ တည်ထောင်ခြင်း၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (Financial Regulatory Department) ထံမှ အသေးစား ငွေရေးကြေးရေး လုပ်ငန်းလိုင်စင် ရယူခြင်းနှင့် လုပ်ငန်းလည်ပတ်မှု၊ ချေးငွေနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာ မူဘောင်များကို ဖော်ဆောင်ခြင်းတို့ကို ဦးဆောင်ကာ ကုမ္ပဏီ၏ ဘဏ္ဍာရေးစွမ်းဆောင်ရည်၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်မှုဆိုင်ရာ တာဝန်များကို ယူခဲ့ပါသည်။

ကြပ်မတ်ကွပ်ကဲမှုအောက်တွင် လုပ်ကိုင်ရသော ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အင်ဂျင်နီယာနှင့် အဓိုးရတင်ဒါလုပ်ငန်းစာချုပ် ချုပ်ဆိုခြင်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတို့မှ ရရှိထားသည့် ဦးသန်းထွန်းဦး၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ဆုံးရှုံးနိုင်ခြေနှင့် လိုက်နာဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုဆန်းစစ်ခြင်းဆိုင်ရာ အတွေ့အကြုံများ ပေါင်းစပ်မှုသည် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ စီမံအုပ်ချုပ်မှု (Financial Governance)၊ အစီရင်ခံစာများ၏ တိကျမှန်ကန်မှု (Reporting Integrity) နှင့် မဟာဗျူဟာမြောက် ရည်မှန်းချက်ချမှတ်ခြင်းများတွင် ကောင်းမွန်စွာ ပံ့ပိုးကူညီပေးနိုင်မည့် အနေအထားတွင် ရှိပါသည်။

၄.၄။ ငွေကြေးပုံသဏ္ဍာန်ဖြင့် မဟုတ်သော အကျိုးအမြတ်ရရှိမှု အခြေအနေ ဖော်ပြချက်


လတ်တလော ပြီးဆုံးခဲ့သည့် ဘဏ္ဍာရေးနှစ် နှစ်ခုလုံးအတွက် အခကြေးငွေနှင့် အကျိုးခံစားခွင့်များအဖြစ် ပေးခဲ့သည့် စုစုပေါင်းပမာဏနှင့် လက်ရှိဘဏ္ဍာရေးနှစ်တစ်ခုလုံးအတွက် ကုမ္ပဏီ၏ ဒါရိုက်တာများ၊ အုပ်ချုပ်မှုဒါရိုက်တာများ၊ မန်နေဂျာများနှင့်

အုပ်ချုပ်ရေး ကိုယ်စားလှယ်များကို ပေးရမည့် အခကြေးငွေနှင့် အကျိုးခံစားခွင့်များ၏ ခန့်မှန်းစုစုပေါင်း ပမာဏမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့			
(ကျပ် ထောင်ပေါင်း)	**၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (ခန့်မှန်းခြေ)**	**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်**	**၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်**
စုစုပေါင်းအခကြေးငွေနှင့် အကျိုးခံစားခွင့်များ	၈၃၁,၁၆၉	၉၀၁,၂၄၆	၄၇၀,၆၁၈

အမှုဆောင်အရာရှိများ			
(ကျပ် ထောင်ပေါင်း)	**၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (ခန့်မှန်းခြေ)**	**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်**	**၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်**
စုစုပေါင်းအခကြေးငွေနှင့် အကျိုးခံစားခွင့်များ	၁,၂၅၇,၇၆၈	၉၆၂,၉၄၇	၇၃၀,၆၈၀

၄.၅။ ကုမ္ပဏီစီမံခန့်ခွဲမှု အစီရင်ခံရေးပုံစံ



၄၆။. ကော်ပိုရိတ် အုပ်ချုပ်မှုစနစ်

ကျွန်ုပ်တို့၏ ဒါရိုက်တာများသည် ကုမ္ပဏီအဖွဲ့အစည်းအုပ်ချုပ်မှု စည်းမျဉ်းမူဘောင်များ၏ အရေးကြီးပုံကိုလည်းကောင်း၊ ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်များအပေါ် တာဝန်ခံမှုစံနှုန်းများ မြင့်မားစွာထားရှိကျင့်သုံးရန် အရေးကြီးပုံကိုလည်းကောင်း အသိအမှတ်ပြုပြီး၊ နိုင်ငံတကာတွင် လက်ရှိ လက်ခံကျင့်သုံးလျက်ရှိသော အခြေခံသဘောတရားများနှင့် ကိုက်ညီသည့် ကော်ပိုရိတ် အုပ်ချုပ်မှုစနစ်

ဆိုင်ရာ အလေ့အထများကို မြန်မာနိုင်ငံ၏ ပြည်တွင်းအခြေအနေများအား ထည့်သွင်းစဉ်းစားပြီး ကြောင်းကျိုးဆီလျော်သော အတိုင်းအတာအထိ လက်ခံကျင့်သုံးပါသည်။

ကျွန်ုပ်တို့သည် ဒါရိုက်တာဘုတ်အဖွဲ့၌ ခိုင်မာပြီး လွတ်လပ်သော အစိတ်အပိုင်းတစ်ရပ် ပါဝင်လာစေရန် ရည်ရွယ်၍ လွတ်လပ်သော ဒါရိုက်တာသုံးဦးကို ခန့်အပ်ထားပါသည်။ ဤလွတ်လပ်သောဒါရိုက်တာများသည် အထူးသဖြင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့နှင့် အဓိကရှယ်ယာရှင်များထံမှ လွတ်လပ်စွာဖြင့် ကော်ပိုရိတ်ကိစ္စရပ်များတွင် ပွင့်လင်းမြင်သာသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဟု မျှော်လင့်ထားပါသည်။

ကျွန်ုပ်တို့၏ ဒါရိုက်တာဘုတ်အဖွဲ့သည် အောက်ပါကော်မတီ (၃) ခုကို ဖွဲ့စည်းထားပါသည်- (က) စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေကော်မတီ၊ (ခ) အမည်စာရင်းတင်သွင်းရေး ကော်မတီနှင့် (ဂ) အခကြေးငွေကော်မတီ တို့ဖြစ်ပါသည်။

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ ကော်မတီ

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ ကော်မတီတွင် အောက်ပါပုဂ္ဂိုလ် ၃ ဦး ပါဝင်ပါသည်-

စဉ်	အမည်	ရာထူး
၁	ဦးမင်းဟန်ထွန်း	ဥက္ကဋ္ဌ
၂	ဒေါက်တာသာထွန်းဦး	အဖွဲ့ဝင်
၃	ဒေါ်လင်းလင်းတင်ထွန်း	အဖွဲ့ဝင်

စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေကော်မတီ၏ ဥက္ကဋ္ဌမှာ ကုမ္ပဏီ၏လွတ်လပ်သော ဒါရိုက်တာတစ်ဦးဖြစ်သည့် ဦးမင်းဟန်ထွန်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ဒါရိုက်တာအဖွဲ့က ၎င်း၏တာဝန်များဖြစ်သော ကျွန်ုပ်တို့ကုမ္ပဏီ၏ ရပိုင်ခွင့်များအား ကာကွယ်စောင့်ရှောက်ရေး၊ လုံလောက်သည့် စာရင်းများ ထားရှိထိန်းသိမ်းရေး နှင့် ကုမ္ပဏီတွင်း ထိရောက်သော ထိန်းချုပ်ကွပ်ကဲရေးစနစ်များ ဖော်ဆောင် ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်ရာတွင် စီမံအုပ်ချုပ်ရေးအဖွဲ့အား ကျွန်ုပ်တို့ ကုမ္ပဏီအတွင်း ထိရောက်သော ထိန်းချုပ်ကွပ်ကဲရေး ပတ်ဝန်းကျင်တစ်ရပ်ကို တည်ဆောက်ကာ ထိန်းသိမ်းထားနိုင်စေရေး ရည်ရွယ်ချက်ဖြင့် စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ ကော်မတီက အထောက်အကူပြုပါမည်။

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ ကော်မတီ (Audit & Risk Committee) သည် စာရင်းစစ်ခြင်းနှင့် သက်ဆိုင်သော ကိစ္စရပ်များတွင် ဒါရိုက်တာအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့နှင့် ပြင်ပစာရင်းစစ်များအကြား ဆက်သွယ်ဆောင်ရွက်ပေးမည့် လမ်းကြောင်းတစ်ခုအဖြစ် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေကော်မတီသည် အောက်ပါလုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန် ပုံမှန်အစည်းအဝေးများ ကျင်းပပါမည် -

(က) ကျွန်ုပ်တို့၏ ကုမ္ပဏီဝန်ထမ်း စာရင်းစစ်များ (ရှိလျှင်) နှင့် ပြင်ပစာရင်းစစ်တို့မှ ကျွန်ုပ်တို့၏ ကုမ္ပဏီတွင်း ထိန်းချုပ်ကွပ်ကဲရေးစနစ်အပေါ် အကဲဖြတ်သုံးသပ်ထားမှု အပါအဝင်၊ ကျွန်ုပ်တို့၏ ကုမ္ပဏီဝန်ထမ်း စာရင်းစစ်များ (ရှိလျှင်) နှင့် ပြင်ပစာရင်းစစ်တို့၏ လုပ်ငန်းအစီအစဉ်များကို စိစစ်သုံးသပ်ခြင်း၊

(ခ) နှစ်ပတ်လည် ဘဏ္ဍာရေးရှင်းတမ်းများ အားလည်းကောင်း၊ ယင်းတို့နှင့် ပတ်သက်၍ ပြင်ပစာရင်းစစ်တို့၏ အစီရင်ခံစာအားလည်းကောင်း စိစစ်သုံးသပ်ကာ၊ စာရင်းစစ်များက ဆွေးနွေးလိုသော ထူးခြားသည့် စာရင်းညှိပြင်ဆင်ချက်များ၊ အဓိကဆုံးရှုံးနိုင်ခြေရှိ နယ်ပယ်များ၊ စာရင်းကိုင်မှု အပြောင်းအလဲများ၊ ဘဏ္ဍာရေး အစီရင်ခံစာဆိုင်ရာ အကျုံးဝင်သည့် စံနှုန်းများအားလိုက်နာမှု၊ စာရင်းစစ်ရာမှ ပေါ်ပေါက်လာသည့် အလေးဂရုပြုဖွယ် အရေးကိစ္စတို့ အပါအဝင် မည်သည့်အကြောင်းအရာတို့ကိုမဆို ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ထံ မတင်ပြမီ လိုအပ်လျှင် စီမံအုပ်ချုပ်ရေးအဖွဲ့ မပါဝင်စေဘဲ ဆွေးနွေးခြင်း၊

(ဂ) အရှုံး/အမြတ်ရှင်းတမ်းများ၊ လက်ကျန်ရှင်းတမ်းများနှင့် ဥပဒေအရ လိုအပ်သော အခြားအလားတူ သတင်းအချက်အလက်များ ပါဝင်သည့် ကာလအလိုက် ဘဏ္ဍာရေးရှင်းတမ်းများအား ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ထံ မတင်ပြမီ စိစစ်သုံးသပ်ခြင်း၊

(ဃ) ကျွန်ုပ်တို့ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များအပေါ် ဖြစ်စေ၊ ကျွန်ုပ်တို့ စီမံအုပ်ချုပ်သူများ၏ တုံ့ပြန်ဆောင်ရွက်မှုအပေါ် ဖြစ်စေ၊ အရေးပါသော သက်ရောက်မှုရှိနိုင်သည့် လိမ်လည်ထားကြောင်း မသက်ာဖွယ်အမှု၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ နည်းလမ်းမကျမှု သို့မဟုတ် ဖောက်ဖျက်မှု တစ်စုံတစ်ရာနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ ကုမ္ပဏီဝန်ထမ်း စာရင်းစစ်များ (ရှိလျှင်) ဖြင့်လည်းကောင်း၊ ပြင်ပစာရင်းစစ်များဖြင့်လည်းကောင်း စိစစ်သုံးသပ် ဆွေးနွေးတိုင်ပင်ခြင်း၊

(င) ကျွန်ုပ်တို့၏ စီမံအုပ်ချုပ်ရေးအဖွဲ့က ပြင်ပစာရင်းစစ်များဖြင့် ပူးပေါင်းဆောင်ရွက်မှုအား စိစစ်သုံးသပ်ခြင်း၊

(စ) ပြင်ပစာရင်းစစ်များ ခန့်အပ်ခြင်းနှင့် ပြန်လည်ခန့်အပ်ခြင်းကို စဉ်းစားသုံးသပ်ခြင်း၊

(ဆ) အခြားကုမ္ပဏီနှင့် ပတ်သက်ဆက်နွယ်နေမှုများအား RPT Policy အရ စိစစ်သုံးသပ် အတည်ပြုပေးခြင်း၊

(ဇ) အကျိုးစီးပွားပဋိပက္ခရှိနိုင်သော အခြေအနေများအား စိစစ်သုံးသပ်ခြင်း၊

(ဈ) ငွေရေးကြေးရေးကိစ္စ အစီရင်ခံတင်ပြမှုများ သို့မဟုတ် အခြားကိစ္စများတွင် မသမာမှုများ ရှိနိုင်ခြင်းအား စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေကော်မတီ ဥက္ကဋ္ဌထံ ဤကုမ္ပဏီ၏ ဝန်ထမ်းများက လျှို့ဝှက် သတင်းပေးနိုင်စေမည့် လုပ်ထုံးလုပ်နည်းများအား စိစစ်သုံးသပ်ကာ၊ ထိုသို့သော သတင်းများနှင့် စပ်လျဉ်း၍ သီးခြားလွတ်လပ်စွာ စုံစမ်းစစ်ဆေးခြင်း၊ ဆက်လက် အရေးယူ ဆောင်ရွက်ခြင်းတို့အတွက် သေချာသော အစီအစဉ်များ စီမံထားရှိစေခြင်း၊

(ည) ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့က တောင်းဆိုသော အခြားစိစစ်သုံးသပ်ချက်များနှင့် ပရောဂျက်များကို တာဝန်ယူဆောင်ရွက်ခြင်းနှင့် ကျွန်ုပ်တို့စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေကော်မတီ၏ အရေးယူဆောင်ရွက်မှု လိုအပ်သည့် ကိစ္စများနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များကို အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း နှင့်

(ဋ) ဥပဒေအရ လိုအပ်နိုင်သည့် အခြားလုပ်ငန်းများနှင့် တာဝန်များကို ယေဘုယျအားဖြင့် တာဝန်ယူဆောင်ရွက်ခြင်း။

ကုမ္ပဏီ၏ စာရင်းစစ်လုပ်ငန်း ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါ တာဝန်များနှင့်အညီ၊ ဘုတ်အဖွဲ့ထံမှ လွတ်လပ်သော ဆုံးဖြတ်ချက်များချမှတ်ရန် အခွင့်အာဏာသည် စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ ကော်မတီထံတွင် ရှိသည်။ အထက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်များကို သုံးသပ်ခြင်းအရ၊ အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့တို့၏ အထွေထွေအစည်းအဝေးတွင် သဘောတူခွင့်ပြုချက် ရရှိရန်အလို့ငှာ၊ ကုမ္ပဏီ၏ ဘဏ္ဍာရေးနှင့်စာရင်းအင်းမှတ်တမ်းများ သင့်မြတ်လျော်ကန်မှုနှင့် စည်းစနစ်တကျ ဖြစ်မှုတို့ ရရှိရေးအတွက် အခွင့်အာဏာသည် ကော်မတီထံတွင် ရှိသည်။

အထက်ဖော်ပြပါ တာဝန်များအပြင်၊ စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေကော်မတီသည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များအပေါ် အရေးပါသော သက်ရောက်မှုရှိနိုင်သည့် လိမ်လည်မှုဖြစ်စေ၊ နည်းလမ်းမကျမှု ဖြစ်စေ၊ ကုမ္ပဏီတွင်း ကြပ်မတ်ထိန်းချုပ်မှုများ မရှိ၍ဖြစ်စေ၊ မြန်မာနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း တစ်စုံတစ်ရာအား ဖောက်ဖျက်မှုဖြစ်စေ စသည်တို့နှင့် စပ်လျဉ်း၍ မသက်ာဖွယ်ကိစ္စ တစ်စုံတစ်ရာအပေါ် ကုမ္ပဏီတွင်း စုံစမ်းစစ်ဆေးမှုများအား အမိန့်ချမှတ်ကာ ဆောင်ရွက်စေပြီး၊ တွေ့ရှိချက်များအား စိစစ်သုံးသပ်နိုင်သည်။ စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေကော်မတီ၏ ကော်မတီဝင်တိုင်းသည် ၎င်းအကျိုးစပ်ဆိုင်မှုရှိနေသော ကိစ္စများဖြင့် ပတ်သက်သော မည်သည့်ဆုံးဖြတ်ချက်တွင်မဆို ပါဝင်မဲပေးခြင်းမှ ရှောင်ကြဉ်ရပါမည်။

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေကော်မတီသည် အဖွဲ့အစည်း၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု မူဘောင်ကို အကဲဖြတ်စစ်ဆေးရမည် ဖြစ်ပါသည်။ ယင်းတွင် ခွဲခြားသတ်မှတ်ထားသော အဓိကဆုံးရှုံးနိုင်ခြေရှိသည့် နယ်ပယ်များကို ဆွေးနွေးခြင်းနှင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့်

ကာကွယ်ရေး စီမံဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခြင်းတို့မှတစ်ဆင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု မူဘောင်၏ ထိရောက်မှုကို ဆုံးဖြတ်ခြင်းတို့ ပါဝင်ပါသည်။

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေကော်မတီ၏ အစည်းအဝေးများကို စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေကော်မတီ၏ ဥက္ကဋ္ဌမှ လိုအပ်သည်ဟု ယူဆသည့်အခါတိုင်း ခေါ်ယူကျင်းပပါမည်။ စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေကော်မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို မဲအရေအတွက် အများစုဖြင့် ဆုံးဖြတ်ရမည် ဖြစ်ပါသည်။ မဲအရေအတွက် ညီမျှသည့်ကိစ္စတွင် ဥက္ကဋ္ဌသည် ဒုတိယမဲ သို့မဟုတ် အဆုံးအဖြတ်မဲကို ပေးရမည် ဖြစ်ပါသည်။

အမည်စာရင်းတင်သွင်းရေးကော်မတီ

အမည်စာရင်းတင်သွင်းရေးကော်မတီတွင် အောက်ပါပုဂ္ဂိုလ် ၄ ဦး ပါဝင်ပါသည်-

စဉ်	အမည်	ရာထူး
၁	ဒေါက်တာသာထွန်းဦး	ဥက္ကဋ္ဌ
၂	ဒေါက်တာသန်းဝင်း	အဖွဲ့ဝင်
၃	ဒေါ်တင်တင်အေး	အဖွဲ့ဝင်
၄	ဦးဘရမ်ဒန်မောင်ဝင်း	အဖွဲ့ဝင်

အမည်စာရင်းတင်သွင်းရေးကော်မတီ၏ ဥက္ကဋ္ဌမှာ ကုမ္ပဏီ၏ လွတ်လပ်သောဒါရိုက်တာတစ်ဦးဖြစ်သည့် ဒေါက်တာသာထွန်းဦး ဖြစ်ပါသည်။

အမည်စာရင်းတင်သွင်းရေးကော်မတီသည် အောက်ပါ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန် တာဝန်ရှိပါသည်-

(က) သက်ဆိုင်ရာ ဒါရိုက်တာ၏ စွမ်းဆောင်ရည်အပေါ် မူတည်လျက် ၎င်းအား ပြန်လည်အမည်တင်သွင်းခြင်း၊

(ခ) ဒါရိုက်တာတစ်ဦးသည် လွတ်လပ်သူ ဟုတ်မဟုတ်ကို နှစ်စဉ် ဆုံးဖြတ်ခြင်း၊ နှင့်

(ဂ) ဒါရိုက်တာတစ်ဦးအနေဖြင့် ၎င်း၏တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေခြင်း ရှိမရှိ ဆုံးဖြတ်ခြင်းတို့ဖြစ်ပါသည်။

အမည်စာရင်းတင်သွင်းရေးကော်မတီသည် ဒါရိုက်တာအဖွဲ့၏ လွှမ်းမိုးမှုမှ လွတ်ကင်းစွာဖြင့် ဒါရိုက်တာအဖွဲ့၏ စွမ်းဆောင်ရည်ကို သတ်မှတ်ထားသော အကဲဖြတ်စံနှုန်းများဖြင့် သုံးသပ်နိုင်ပါသည်။ ထိုစံနှုန်းများသည် အစုရှယ်ယာရှင်များ၏ ကာလရှည် တန်ဖိုးမြှင့်တင်ပေးနိုင်ခြင်း အစရှိသည့် ဒါရိုက်တာအဖွဲ့ဝင်များမှ ကြိုတင် ချမှတ်ထားသော စံနှုန်းများဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့တစ်ခုလုံး၏ ထိရောက်မှုကို လည်းကောင်း၊ ဒါရိုက်တာ တစ်ဦးချင်းစီက ဒါရိုက်တာအဖွဲ့တစ်ခုလုံး၏ ထိရောက်မှုအလို့ငှာ ပါဝင်ဆောင်ရွက်နိုင်မှု ကိုလည်းကောင်း၊ အကဲဖြတ်သုံးသပ်ရာတွင် အမည်တင်သွင်းရေးကော်မတီက ကျင့်သုံးရမည့် လုပ်ငန်းစဉ်တစ်ရပ်အား ချမှတ်အကောင်အထည်ဖော်ထားရန် ဒါရိုက်တာအဖွဲ့က ရည်ရွယ်ပါသည်။ အမည်စာရင်းတင်သွင်းရေးကော်မတီဝင်တိုင်းသည် မိမိအပေါ် စွမ်းဆောင်ရည် အကဲဖြတ်သုံးသပ်ခြင်း သို့မဟုတ် မိမိကို ဒါရိုက်တာအဖြစ် အမည်တင်သွင်းခြင်းနှင့် ပတ်သက်သော အမည်စာရင်းတင်သွင်းရေး ကော်မတီ၏ ဆင်ခြင်သုံးသပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းမှ လည်းကောင်း၊ ယင်းတို့အတွက် အကြံပြုခြင်းမှ လည်းကောင်း၊ ယင်းတို့ဆိုင်ရာ ဆုံးဖြတ်ချက်တစ်ခုခု အလို့ငှာ မဲပေးခြင်းမှ လည်းကောင်း ရှောင်ကြဉ်ရပါမည်။

အမည်စာရင်းတင်သွင်းရေးကော်မတီသည်၊ အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတွင် ခွင့်ပြုချက်ရရှိရေးအတွက်၊ ဒါရိုက်တာအဖွဲ့ဝင်များကို အမည်တင်သွင်းခြင်းနှင့် ထပ်မံအမည်တင်သွင်းခြင်းတို့အတွက် အဆိုပြုချက်များပြုလုပ်ရန် အခွင့်အာဏာရှိသည်။ အမည်စာရင်းတင်သွင်းရေးကော်မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို မဲအရေအတွက် အများစုဖြင့်

ဆုံးဖြတ်ရမည် ဖြစ်ပါသည်။ မဲအရေအတွက် ညီမျှသည့်ကိစ္စတွင် ဥက္ကဋ္ဌသည် ဒုတိယမဲ သို့မဟုတ် အဆုံးအဖြတ်မဲကို ပေးရမည် ဖြစ်ပါသည်။

အခကြေးငွေကော်မတီ

အခကြေးငွေကော်မတီတွင် အောက်ပါပုဂ္ဂိုလ် ၅ ဦး ပါဝင်ပါသည်-

စဉ်	အမည်	ရာထူး
၁	ဒေါ်လင်းလင်းတင်ထွန်း	ဥက္ကဋ္ဌ
၂	ဒေါက်တာသန်းဝင်း	အဖွဲ့ဝင်
၃	ဦး ဘရမ်ဒန်မောင်ဝင်း	အဖွဲ့ဝင်
၄	ဒေါ်အေမီ မိမီဝင်း	အဖွဲ့ဝင်
၅	ဦးဇော်နိုင်လင်း	အဖွဲ့ဝင်

အခကြေးငွေကော်မတီ၏ ဥက္ကဋ္ဌမှာ ကုမ္ပဏီ၏ လွတ်လပ်သောဒါရိုက်တာတစ်ဦးဖြစ်သည့် ဒေါ်လင်းလင်းတင်ထွန်း ဖြစ်ပါသည်။

အခကြေးငွေကော်မတီသည် ဒါရိုက်တာများနှင့် အရေးပါသော အလုပ်အမှုဆောင်များအတွက် အခကြေးငွေဆိုင်ရာ မူဘောင်တစ်ရပ်အား ဒါရိုက်တာအဖွဲ့သို့ အကြံပြုတင်ပြရန်လည်းကောင်း၊ ဒါရိုက်တာတစ်ဦးချင်းစီနှင့် အလုပ်အမှုဆောင်အရာရှိတစ်ဦးချင်းစီအတွက် အခကြေးငွေ အတိအကျတို့အား သတ်မှတ်ပေးရန်လည်းကောင်း တာဝန်ရှိပါသည်။ ကျွန်ုပ်တို့ အခကြေးငွေကော်မတီမှ အကြံပြုတင်ပြချက်အပေါ် ဒါရိုက်တာအဖွဲ့တစ်ခုလုံး၏ အတည်ပြုချက် ရယူရပါမည်။ အခကြေးငွေကော်မတီ၏ အကြံပြုထောက်ခံချက်မရှိလျှင်၊ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦး၏ အခကြေးငွေကို မဲပေးရန် နှင့်/သို့မဟုတ် ခွင့်ပြုရန် အခွင့်အာဏာကို ဘုတ်အဖွဲ့ထံတွင် အပ်နှင်းထားခြင်းမရှိပါ။ ဒါရိုက်တာကြေး၊ လစာ၊ ခွင့်ပြုစရိတ်၊ ဆုကြေး၊ ရွေးချယ်ပိုင်ခွင့်နှင့် ပစ္စည်းအားဖြင့်အကျိုးခံစားခွင့် အပါအဝင် အခကြေးငွေဆိုင်ရာ ရှုထောင့်အားလုံးကို ကျွန်ုပ်တို့၏ အခကြေးငွေကော်မတီက ထည့်သွင်းစဉ်းစားပါသည်။ အခကြေးငွေကော်မတီဝင် တစ်ဦးချင်းစီသည် မိမိ၏ အခကြေးငွေစု) remuneration package) ဖြင့် ပတ်သက်သော အခကြေးငွေကော်မတီ၏ ဆင်ခြင်သုံးသပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းမှလည်းကောင်း၊ ယင်းအတွက် အကြံပြုခြင်းမှ လည်းကောင်း၊ ယင်းဆိုင်ရာ ဆုံးဖြတ်ချက် တစ်ခုခု အလို့ငှာ မဲပေးခြင်းမှ လည်းကောင်း ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။ အခကြေးငွေကော်မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို မဲအရေအတွက် အများစုဖြင့် ဆုံးဖြတ်ရမည် ဖြစ်ပါသည်။ မဲအရေအတွက် ညီမျှသည့်ကိစ္စတွင် ဥက္ကဋ္ဌသည် ဒုတိယမဲ သို့မဟုတ် အဆုံးအဖြတ်မဲကို ပေးရမည် ဖြစ်ပါသည်။

ဌာနတွင်းစာရင်းစစ်

ဌာနတွင်းစာရင်းစစ်သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဌာနတွင်းထိန်းချုပ်မှုဆိုင်ရာ လုပ်ငန်းတာဝန်များကို တာဝန်ယူရပြီး စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ ကော်မတီထံ တိုက်ရိုက်အစီရင်ခံရမည် ဖြစ်ပါသည်။ ဌာနတွင်းစာရင်းစစ်သည် မိမိ၏ သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်များနှင့်အညီ ကျွန်ုပ်တို့ကုမ္ပဏီကို လွတ်လပ်စွာ စစ်ဆေးရမည်ဖြစ်ပါသည်။ ဌာနတွင်းစာရင်းစစ်သည် စစ်ဆေးတွေ့ရှိချက်များ၊ ရှင်းလင်းချက်များနှင့် အကြံပြုချက်များ ပါဝင်သော သုံးလပတ် အစီရင်ခံစာများကို ဒါရိုက်တာအဖွဲ့နှင့် စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေ ကော်မတီထံ တင်ပြရမည် ဖြစ်ပါသည်။

ဌာနတွင်းစာရင်းစစ်ဆေးခြင်းကို ဆုံးရှုံးနိုင်ခြေအဆင့်များ ကွဲပြားမှုအပေါ် အခြေခံ၍ လုပ်ဆောင်ရမည်။ ဌာနတွင်းစာရင်းစစ်သည် ဆုံးရှုံးနိုင်ခြေကို ဖော်ထုတ်၍၊ ဆုံးရှုံးနိုင်ခြေအဆင့်အလိုက် မြင့်မားသောအဆင့်၊ အလယ်အလတ်အဆင့်နှင့် အဆင့်နိမ့်ဟူ၍ သတ်မှတ်ရမည်။ ဌာနတွင်းစာရင်းစစ်သည် ဆုံးရှုံးနိုင်ခြေ မြင့်မားသည့် ကိစ္စရပ်များကို ဦးစားပေး လုပ်ဆောင်ရမည်။

၄.၇။ ငွေချေးသက်သေခံလက်မှတ်ကိုင်ဆောင်သူများ

နောက်ဆုံးတင်သွင်းသည့်နေ့ရက်အရ ကုမ္ပဏီ၏ ထုတ်ဝေပြီးအစုရှယ်ယာမတည်ငွေရင်း (ကမ်းလှမ်းခြင်းမပြုမီ) တွင် အစုရှယ်ယာ ၉,၀၀၀,၀၀၀ ဖြင့် စုစုပေါင်းကျပ်ငွေ ၉,၀၀၀,၀၀၀,၀၀၀ (ကိုးဘီလီယံ) ရှိပါသည်။

ယခုကမ်းလှမ်းမှုတွင် ကျွန်ုပ်တို့ကုမ္ပဏီသည် ကမ်းလှမ်းအစုရှယ်ယာပေါင်း **[၂၉၆,၂၉၆] နှင့် [၃၂၀,၀၀၀] အတွင်း]** ကို ရင်းနှီးမြှုပ်နှံလိုသူများ ထည့်ဝင်နိုင်ရန် ကမ်းလှမ်းပါမည်။ ယခုကမ်းလှမ်းမှုနှင့် ဆက်စပ်၍ Securities Companies တို့က Joint Underwriters အဖြစ် (ပါဝင်လျှင်) ပါဝင်ကာ၊ Myanmar Securities Exchange Centre Co., Ltd က Sole Bookrunner, Sole Lead Manager and Underwriter အဖြစ် ဆောင်ရွက်ရန်သဘောတူပြီး အကောင်းဆုံးကြိုးစားအားထုတ်မှုနည်းလမ်းဖြင့် တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချပေးမည် ဖြစ်ပါသည်။

နောက်ဆုံးတင်သွင်းသည့်နေ့ရက်အရ အောက်ပါဇယားတွင် ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်များ ပိုင်ဆိုင်သည့် အစုရှယ်ယာများကို ဖော်ပြထားပါသည်။

စဉ်	အမည်	နိုင်ငံသားစိစစ်ရေးအမှတ် (သို့) နိုင်ငံကူးလက်မှတ်အမှတ် နှင့် နိုင်ငံသားဖြစ်မှုဖော်ပြချက်	လိပ်စာ	ငွေချေးသက်သေခံ လက်မှတ် အရေအတွက်	ရောင်းချထား သည့် ရှယ်ယာ ရာခိုင်နှုန်း
၁	ဒေါက်တာသန်းဝင်း	၁၂/ကမရ(နိုင်)၀၅၁၀၈၂ မြန်မာ	ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့	၅,၄၀၀,၀၀၀	၆၀%
၂	ဒေါ်တင်တင်အေး	၁၂/ကမရ(နိုင်)၀၅၂၉၁ မြန်မာ	ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့	၁,၈၀၀,၀၀၀	၂၀%
၃	ဦးဘရမ်ဒန်မောင်ဝင်း	၁၂/ဗဟန(နိုင်)၁၀၃၂၇၃ မြန်မာ	ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့	၉၀၀,၀၀၀	၁၀%
၄	ဒေါ်အေမီ မိမိဝင်း	၁၂/ဗဟန(နိုင်)၁၀၄၆၁၂ မြန်မာ	ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့	၉၀၀,၀၀၀	၁၀%

ထို့အပြင် ကုမ္ပဏီတွင် သာမန်အစုရှယ်ယာများဖြစ်သည့် အစုရှယ်ယာအမျိုးအစား တစ်ခုသာ ရှိပါသည်။

၄.၈။ အမြတ်ဝေစုများ၊ အမြတ်ဝေစုပေးမည့် အစီအစဉ်

ဤ "အမြတ်ဝေစုများ ၊ အမြတ်ဝေစုပေးမည့် အစီအစဉ်" အပိုင်းတွင် ပါရှိသော ဖော်ပြချက်တို့အနက် အတိတ်ကာလဆိုင်ရာ မဟုတ်သည့် အချက်များသည် ကြိုတင်မျှော်မှန်းထားသည့်အကြောင်းအရာများ ဖြစ်ကြပါသည်။ အဆိုပါ ဖော်ပြချက်များတွင် အမှန်တကယ် ဖြစ်ပေါ်သည့် ရလဒ်များနှင့် ကြိုတင်ခန့်မှန်းထားသည့် ရလဒ်တို့အကြား အရေးပါသည့် ကွာခြားခြင်း ဖြစ်စေနိုင်သည့် မသေချာမရေရာမှုနှင့် ဆုံးရှုံးနိုင်ခြေများ ပါရှိနေနိုင်ပါသည်။ ထိုသို့သော နောက်ခံအကြောင်းရင်း အချက်အလက်များဆိုင်ရာ ယူဆချက်၏ တိကျမှန်ကန်မှုနှင့် ပတ်သက်၍ ကျွန်ုပ်တို့ သို့မဟုတ် အခြားသူ တစ်ဦးတစ်ယောက်က ပြုလုပ်သော တင်ပြခြင်း သို့မဟုတ် ကတိပြုခြင်း သို့မဟုတ် ကြိုတင်ခန့်မှန်းခြင်းများအဖြစ် မည်သည့်အခြေအနေတွင်မျှ မယူဆသင့်ပါ။ ဤအလားအလာညွှန်းတမ်းပါ ရက်စွဲရှိ အနေအထားတွင် မူတည်လျက်သာ ပြုလုပ်ထားသည့် အဆိုပါ ကြိုတင်မျှော်မှန်းထားသည့် အကြောင်းအရာများတွင် ယုံကြည်ကိုးစားမှု မထားကြရန် ရင်းနှီးမြှုပ်နှံသူတို့အား သတိပေးအပ်ပါသည်။ **"အပိုင်း (၁)။**

အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်း အနှစ်ချုပ် - အနာဂတ် မျှော်မှန်း ဖော်ပြချက်များ" တွင် အသေးစိတ် ဖော်ပြထားပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီကို ၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် မြန်မာနိုင်ငံ၌ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄) အရ စတင်တည်ထောင်ခဲ့ပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ကုမ္ပဏီသည် ရှယ်ယာတစ်စုလျှင် ၅၀ ကျပ် အမြတ်ဝေစု ထုတ်ပေးရန် ကြေညာခဲ့ပါသည်။ ရလဒ်အနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ထုတ်ပေးခဲ့သည့် စုစုပေါင်း အမြတ်ဝေစုပမာဏမှာ ကျပ် ၄၅၀,၀၀၀,၀၀၀ ဖြစ်ပါသည်။ လွန်ခဲ့သော သုံးနှစ်အတွင်း ကုမ္ပဏီသည် အခြားမည်သည့် ငွေသား အမြတ်ဝေစုကိုမျှ ကြေညာခဲ့ခြင်း မရှိပါ။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် ကျွန်ုပ်တို့၏ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ကုမ္ပဏီသည် ဒါရိုက်တာအဖွဲ့မှ ချမှတ်ထားသော အမြတ်ဝေစုမူဝါဒ ("အမြတ်ဝေစုမူဝါဒ") အရ အခါအားလျော်စွာ အမြတ်ဝေစုများ ထုတ်ပေးရန် ကြေညာနိုင်ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၀၇ နှင့် အမြတ်ဝေစုမူဝါဒပါ သတ်မှတ်ချက်များပြည့်စုံပါက ကျွန်ုပ်တို့ ကုမ္ပဏီသည် အမြတ်ဝေစု ခွဲဝေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၀၇ (က) အရ ကုမ္ပဏီတစ်ခုသည် (၁) အမြတ်ဝေစုခွဲဝေပြီးနောက် ချက်ချင်းကြွေးမြီစစ်ဆေးချက်ကို ကျေနပ်လက်ခံခြင်း၊ (၂) အမြတ်ဝေစုခွဲဝေခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံးအတွက် မျှတလျော်ကန်မှုရှိခြင်း နှင့် (၃) အမြတ်ဝေစုပေးချေခြင်းသည် ကုမ္ပဏီက ယင်း၏ မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများစုထိခိုက်မှုမရှိခြင်း တို့မှသာလျင် အမြတ်ဝေစု ပေးချေနိုင်သည်။ အမြတ်ဝေစုမူဝါဒတွင် ဤဥပဒေပါ သတ်မှတ်ချက်များနှင့် ပြည့်စုံပြီး၊ ကုမ္ပဏီ၏အမြတ်ရရှိမှု၊ ငွေကြေးစီးဆင်းမှု အနေအထား၊ မခွဲဝေရသေးသော အမြတ်ငွေများ၊ ရင်းနှီးငွေလိုအပ်ချက်များနှင့် အမြတ်ဝေစုညီမျှရေးရန်ပုံငွေ (Dividend Equalization Reserve) ၏ လုံလောက်မှုကို ထည့်သွင်းစဉ်းစားပြီးမှသာ ဒါရိုက်တာအဖွဲ့သည် အမြတ်ဝေစုများကြေညာနိုင်သည်ဟု သတ်မှတ်ထားပါသည်။ အမြတ်ဝေစုညီမျှရေးရန်ပုံငွေသည် ကာလအပိုင်းအခြားတစ်လျှောက် စဉ်ဆက်မပြတ် အမြတ်ဝေစုပေးချေမှုကို သေချာစေရန် ကုမ္ပဏီမှ ထိန်းသိမ်းထားသော ရန်ပုံငွေတစ်ခုဖြစ်ပြီး၊ အမြတ်ငွေမတည်ငြိမ်သော သို့မဟုတ် လျော့နည်းသော ကာလများအတွင်း အမြတ်ဝေစုများ အတက်အကျ ညီညွတ်စေရန် ရည်ရွယ်ပါသည်။ ဤရန်ပုံငွေကို ဒါရိုက်တာအဖွဲ့မှ ခွဲဝေသတ်မှတ်ပေးသော အပိုအမြတ်ငွေများမှ ထုတ်ယူပါသည်။

ကုမ္ပဏီ၏ အမြတ်ဝေစုမူဝါဒနှင့် အညီ၊ အမြတ်ဝေစုများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံမှုစံနှုန်းတို့နှင့် ကိုက်ညီစွာ လက်ရှိနှစ်၏ အမြတ်ငွေများမှ သို့မဟုတ် မခွဲဝေရသေးသော အမြတ်ငွေများမှ ခွဲဝေထုတ်ပေးမည် ဖြစ်ပါသည်။ ကုမ္ပဏီသည် ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်နိုင်မှု၊ ငွေဖြစ်လွယ်မှု၊ ငွေလုံးငွေရင်းအသုံးစရိတ်လိုအပ်ချက်များ၊ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များနှင့် အမြတ်ဝေစုညီမျှရေးရန်ပုံငွေ ရရှိနိုင်မှုတို့အပေါ်တွင် မူတည်၍ ယေဘုယျအားဖြင့် အခွန်နုတ်ပြီး အသားတင်အမြတ်၏ ၂၀% မှ ၄၀% အကြားတွင် အမြတ်ဝေစု ထုတ်ပေးမှု အချိုးကို ထိန်းသိမ်းထားနိုင်ရန် ရည်ရွယ်ထားပါသည်။

ထူးခြားသော အခြေအနေများတွင်၊ ဥပမာ - ကုမ္ပဏီ၏ အမြတ်ဝေစုများ ပေးချေနိုင်စွမ်းအပေါ် သက်ရောက်မှုရှိနိုင်သည့် ဆိုးကျိုးဖြစ်စေသော စီးပွားရေးအခြေအနေများ၊ သိသာထင်ရှားသော နိုင်ငံခြားငွေကြေး လဲလှယ်မှုနှုန်း မတည်ငြိမ်မှုများ သို့မဟုတ် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ကဲ့သို့သော အခြေအနေများတွင်၊ ဒါရိုက်တာအဖွဲ့သည် အမြတ်ဝေစုပေးချေမှုများကို ရွှေ့ဆိုင်းခြင်း၊ ခေတ္တရပ်ဆိုင်းခြင်း သို့မဟုတ် လျှော့ချခြင်း ပြုလုပ်နိုင်ပါသည်။ အမြတ်ဝေစုညီမျှရေး ရန်ပုံငွေကို သင့်လျော်သလို အမြတ်ဝေစုခွဲဝေပေးမှုများ တည်ငြိမ်စေရန် အသုံးပြုနိုင်ပါသည်။

ကုမ္ပဏီသည် အမြတ်ဝေစုများကို ငွေသားဖြင့် သို့မဟုတ် သင့်လျော်သည်ဟုယူဆပါက အစုရှယ်ယာအား အမြတ်ဝေစုပေးသည့် ပုံစံဖြင့် ခွဲဝေပေးနိုင်ပါသည်။ ကျွန်ုပ်တို့သည် အမြတ်ဝေစု ထုတ်ပေးခဲ့ပါက ကျပ်ငွေဖြင့်သာ ထုတ်ပေးပါမည်။

အမြတ်ဝေစုအပေါ် စည်းကြပ်သည့်အခွန်နှင့် ပတ်သက်၍ **"အပိုင်း ၁၀။ အခွန်ဆိုင်ရာကိစ္စရပ်များ"** တွင် အသေးစိတ် ဖော်ပြထားပါသည်။

၄.၉။ အစုရှယ်ယာထုတ်ဝေသည့်ကုမ္ပဏီ၏ အစုရှယ်ယာများအကြောင်း

အောက်ပါဇယားတွင် ဤ အလားအလာညွှန်းတမ်းပါရက်စွဲတွင် ကုမ္ပဏီမှ ထုတ်ဝေခဲ့ပြီးသော အစုရှယ်ယာများ အရေအတွက်နှင့် ပမာဏကို ဖော်ပြထားပါသည်။

ရက်စွဲ	ထုတ်ဝေ၊ ခွဲဝေပြီးသော အစုရှယ်ယာ အရေအတွက်	အစုရှယ်ယာတစ်စောင် တန်ဖိုး (ကျပ်)	ထည့်ဝင်ပြီး အစုရှယ်ယာ အရေအတွက် စုစုပေါင်း / ထုတ်ဝေ၊ ခွဲဝေသည့်နေ့ရက်အထိ ထည့်ဝင်ပြီး ရင်းနှီးငွေ ပမာဏ
၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်	၅၀၀	၁၀,၀၀၀ ကျပ်	၅,၀၀၀,၀၀၀ ကျပ်
၂၀၂၄ ခုနှစ်၊ မတ်လ ၃၀ ရက်	၃၉၉,၅၀၀	၁၀,၀၀၀ ကျပ်	၃,၉၉၅,၀၀၀,၀၀၀ ကျပ်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်	၅၀၀,၀၀၀	၁၀,၀၀၀ ကျပ်	၅,၀၀၀,၀၀၀,၀၀၀ ကျပ်
စုစုပေါင်း	၉၀၀,၀၀၀		၉,၀၀၀,၀၀၀,၀၀၀ ကျပ်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုမ္ပဏီသည် အစုရှယ်ယာတန်ဖိုးအား သက်သက်သာသာ ဝယ်ယူနိုင်ရန်နှင့် ရှယ်ယာရှင်များအကြား လွယ်ကူစွာ လွှဲပြောင်းနိုင်ရန် ရည်ရွယ်၍ ရှယ်ယာတစ်စောင်ကို ဆယ်စောင်အဖြစ် ခွဲဝေခဲ့ပါသည်။ ရလဒ်အနေဖြင့် ရှယ်ယာအစောင်ရေ ၉၀၀,၀၀၀ မှ အစောင် ၉,၀၀၀,၀၀၀ သို့ တိုးလာခဲ့သော်လည်း ထည့်ဝင်ပြီးမတည်ငွေရင်း ၉,၀၀၀,၀၀၀,၀၀၀ (ကိုးဘီလီယံ) ကျပ်မှာမူ မပြောင်းလဲဘဲ ရှိနေပါသည်။

မတည်ငွေရင်း ဖွဲ့စည်းပုံ

ဤအလားအလာညွှန်းတမ်းပါ ရက်စွဲရှိ အနေအထားအရ ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ထုတ်ဝေထည့်ဝင်ပြီး အစုရှယ်ယာမတည်ငွေရင်း	စုစုပေါင်းတန်ဖိုး
၉,၀၀၀,၀၀၀ စောင်	၉,၀၀၀,၀၀၀,၀၀၀ ကျပ်

အောက်တွင် ဖော်ပြထားသော အကြောင်းအရာများမှာ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမှ ကောက်နုတ်ချက်များ ဖြစ်ပါသည်။ အောက်ပါကောက်နုတ်ချက်များသည် စည်းမျဉ်းအပြည့်အစုံ မဟုတ်ပါ။ စည်းမျဉ်းမူကြမ်းတစ်ခုစီ၏ မိတ္တူကို ကုမ္ပဏီ၏ မှတ်ပုံတင်ရုံးခန်းတွင် ကြည့်ရှုနိုင်ပါသည်။ အောက်ဖော်ပြပါ ကောက်နုတ်ချက်များတွင် ပါဝင်သော စာလုံးကြီးများဖြင့် ရေးသားထားသည့် အသုံးအနှုန်းများ၏ အဓိပ္ပာယ်များသည် သက်ဆိုင်ရာ စည်းမျဉ်းတွင် ဖွင့်ဆိုထားသည့် အတိုင်းဖြစ်ပါသည်။

ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

အစုရှယ်ယာရှင်များ၏ ပေးရန်တာဝန်

ကုမ္ပဏီအဖွဲ့ဝင်များ၏ ပေးရန်တာဝန်ကို ကန့်သတ်ထားပါသည်။

ဒါရိုက်တာများ ခန့်အပ်ခြင်း၊ အရည်အချင်းပြည့်မီခြင်းနှင့် ထုတ်ပယ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ

ပုဒ်မ ၁၀၄။ ဥပဒေကိုလိုက်နာ၍ ဒါရိုက်တာတစ်ဦးချင်းစီသည် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ၎င်းတို့အား ထုတ်ပယ်ခြင်းမပြုမချင်း ဒါရိုက်တာရာထူးတွင် တည်ရှိသည် သို့မဟုတ် ဥပဒေအရ ဒါရိုက်တာအဖြစ်မှ အလိုအလျောက် ရပ်စဲသည်အထိ ဒါရိုက်တာရာထူးတွင် ဆက်လက်တည်ရှိသည်။

ပုဒ်မ ၁၀၅။ သီးခြားလွတ်လပ်သော ဒါရိုက်တာများမှအပ ဒါရိုက်တာတစ်ဦးသည် အစုရှယ်ယာ အနည်းဆုံး ၃၀,၀၀၀ (သုံးသောင်း) ရှယ်ယာ ပိုင်ဆိုင်ထားရမည်။

ပုဒ်မ ၁၀၆။ ဒါရိုက်တာများကို သာမန်ဆုံးဖြတ်ချက်ဖြင့်သော်လည်းကောင်း၊ ကုမ္ပဏီတွင်ပါဝင်သူအားလုံးက သို့မဟုတ် ၎င်းတို့ကိုယ်စား လက်မှတ်ရေးထိုးကာ ကုမ္ပဏီသို့ပေးပို့သည့် အကြောင်းကြားစာအရလည်းကောင်း ခန့်အပ်ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းပြုနိုင်သည်။

ပုဒ်မ ၁၀၇။ ဒါရိုက်တာများသည် လစ်လပ်နေရာတွင်ဖြည့်ရန် သို့မဟုတ် ဘုတ်အဖွဲ့တွင် နောက်ထပ်ခန့်ထားရန်အတွက် မည်သူ့ကိုမဆို မည်သည့်အချိန်၌မဆို ဒါရိုက်တာအဖြစ် ခန့်အပ်ပိုင်ခွင့်ရှိသည်။ ခြွင်းချက်အနေဖြင့် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သတ်မှတ်ထားသည့် (ရှိလျှင်) အများဆုံးဦးရေထက် ကျော်လွန်ခန့်အပ်ခွင့်မရှိပါ။ ထိုသို့ခန့်အပ်ခံရသောပုဂ္ဂိုလ်သည် ခန့်အပ်ပြီးနောက် ကျင်းပသော ကုမ္ပဏီ၏ လာမည့်အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီတွင်ပါဝင်သူများ၏ ခွင့်ပြုချက်ကို ရယူရမည်။

ပုဒ်မ ၁၁၃။ ကုမ္ပဏီ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတိုင်းတွင် ရှိနေသောဒါရိုက်တာများ၏ သုံးပုံတစ်ပုံ သို့မဟုတ် ဒါရိုက်တာအရေအတွက်သည် သုံးဦး သို့မဟုတ် သုံး၏ ဆတိုးကိန်းအရေအတွက် မဟုတ်ပါက၊ သုံးပုံတစ်ပုံနှင့် အနီးစပ်ဆုံးအရေအတွက်သည် ရာထူးတာဝန်မှ အလှည့်ကျ အနားယူရမည်။ ထိုသို့ဆိုရာတွင် ဒါရိုက်တာအားလုံးသည် ၃ နှစ်တာကာလတိုင်းတွင် အနည်းဆုံးတစ်ကြိမ် ရာထူးမှ အနားယူရမည်ဖြစ်သည်။ အနားယူရသည့် ဒါရိုက်တာသည် သူအနားယူရန်ဆုံးဖြတ်သည့် အစည်းအဝေး မပြီးဆုံးမီအထိ ရာထူးတာဝန်ကို ရယူထား ရမည်။

ပုဒ်မ ၁၁၄။ နှစ်စဉ်နှစ်တိုင်း အနားယူရမည့် ဒါရိုက်တာသည် ၎င်းတို့၏ နောက်ဆုံး ရွေးချယ်ခန့်အပ်ချိန်မှစ၍ ရာထူးတာဝန်အရှည်ကြာဆုံးရယူထားသူများ ဖြစ်ရမည်ဖြစ်သည်။ သို့ရာတွင် တစ်နေ့တည်း အတူတူ ဒါရိုက်တာဖြစ်လာသူများအကြား မည်သူအနားယူရမည်ဆိုခြင်းမှာမူ (၎င်းတို့အကြား အခြားနည်းသဘောတူထားခြင်းမရှိပါက) အစည်းအဝေးဥက္ကဋ္ဌက ဆုံးဖြတ်ရမည်။

ပုဒ်မ ၁၁၅။ အနားယူရသည့်ဒါရိုက်တာသည် ပြန်လည်ရွေးချယ်ခံခွင့်ရှိသည်။

ပုဒ်မ၁၁၆။ အထက်ဆိုခဲ့ပါအတိုင်း ဒါရိုက်တာတစ်ဦး အနားယူသွားသည့် အထွေထွေအစည်းအဝေးတစ်ခုတွင် ကုမ္ပဏီသည် ပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်ခြင်းဖြင့် လစ်လပ်သော ရာထူးနေရာကို ဖြည့်စွက်ရမည်။

ပုဒ်မ၁၁၇။ လစ်လပ်သွားသော ဒါရိုက်တာများနေရာတွင် ဒါရိုက်တာရွေးချယ်ဖြည့်စွက်ရန် ကျင်းပရမည့် မည်သည့်အစည်းအဝေးတစ်ရပ်တွင်မဆို ဖြည့်စွက်နိုင်ခြင်းမရှိပါက၊ ယင်းအစည်းအဝေးကို နောက်တစ်ပတ် အလားတူနေ့ရက် အလားတူအချိန်အထိ ဆက်လက်ရွှေ့ဆိုင်းသည်ဟု မှတ်ယူရမည်ဖြစ်သည်။ ယင်းသို့ ရွှေ့ဆိုင်းကျင်းပသည့် အစည်းအဝေးတွင် လစ်လပ်သွားသော ဒါရိုက်တာနေရာများကို ဖြည့်စွက်နိုင်ခြင်း မရှိပါက နေရာမှဖယ်ရှားပေးသော ဒါရိုက်တာများ သို့မဟုတ် ၎င်းတို့နေရာများ ဖြည့်စွက်နိုင်ခြင်းမရှိသေးသည့် ဒါရိုက်တာနေရာများအတွက် အဆိုပါ ရွှေ့ဆိုင်းကျင်းပသည့် အစည်းအဝေးတွင် ပြန်လည်ရွေးချယ်ခံရသည်ဟု မှတ်ယူ ရမည်။

ဥက္ကဋ္ဌနှင့် ကော်မတီများ ခန့်အပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ

ပုဒ်မ၇၄။ အထွေထွေအစည်းအဝေးတိုင်းတွင် ဒါရိုက်တာများ၏ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမရှိသည့်အခါ ဒါရိုက်တာများ၏ ဒုဥက္ကဋ္ဌ (ရှိလျှင်) သည် အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရှိသည် သို့မဟုတ် အခါအားလျော်စွာ အခြားဒါရိုက်တာတစ်ဦးဦးကို ယင်းသို့သော အစည်းအဝေး၏ အစည်းအဝေးဥက္ကဋ္ဌအဖြစ် ခန့်အပ်နိုင်သည်။ ယင်းဒါရိုက်တာများ၏ဥက္ကဋ္ဌ သို့မဟုတ် ဒုဥက္ကဋ္ဌ မရှိပါက သို့မဟုတ် ၎င်းသည် အစည်းအဝေးစရန် သတ်မှတ်ချိန်နောက်ပိုင်း မိနစ် ၃၀ အတွင်း တက်ရောက်လာခြင်းမရှိလျှင် သို့မဟုတ် အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လိုခြင်း မရှိလျှင်၊ သို့မဟုတ် ယင်းအစည်းအဝေးအတွက် အခြားဒါရိုက်တာတစ်ဦးဦးကို အစည်းအဝေးဥက္ကဋ္ဌအဖြစ် ခန့်အပ်ထားခြင်းမရှိလျှင်၊ တက်ရောက်လာကြသည့် ဒါရိုက်တာများက အစည်းအဝေးဥက္ကဋ္ဌကို ရွေးချယ်နိုင်သည်။ ဒါရိုက်တာများက ထိုသို့ရွေးချယ်ပေးခြင်းမရှိလျှင်

တက်ရောက်လာကြသည့် ကုမ္ပဏီတွင်ပါဝင်သူများက ဒါရိုက်တာတစ်ဦးကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရမည်။ အကယ်၍ဒါရိုက်တာတစ်ဦးမျှ တက်ရောက်လာခြင်းမရှိလျှင် သို့မဟုတ် ဒါရိုက်တာတစ်ဦးတစ်ယောက်ကမျှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လိုခြင်းမရှိလျှင် ကုမ္ပဏီတွင်ပါဝင်သူများသည် ကုမ္ပဏီတွင် ပါဝင်သူများထဲမှတစ်ဦးကို (သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်၊ တရားဝင်လွှဲအပ်ထားသော ရှေ့နေ သို့မဟုတ် ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်) ကို ဥက္ကဋ္ဌအဖြစ် ရွေးချယ် ရမည်။

ပုဒ်မ ၇၅။ အထွေထွေအစည်းအဝေး၏ဥက္ကဋ္ဌသည် အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခဖြစ်ပွားခြင်း သို့မဟုတ် ၎င်းတို့၏ ဆင်ခြင်တုံတရားအရ အစည်းအဝေး၏အစီအစဉ်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အစီအစဉ်များတွင် ဆောင်ရွက်ရန် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ရန် တစ်စုံတစ်ဦးကို (ဒါရိုက်တာ ဖြစ်ရန်မလို) ဥက္ကဋ္ဌအဖြစ် ခန့်အပ်နိုင်သည်။ ထိုသို့ ဥက္ကဋ္ဌတာဝန်ခန့်အပ်ခြင်းခံရသူသည် ဤဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့် ဥပဒေတို့အရ အပ်နှင်းသော ဥက္ကဋ္ဌ၏အခွင့်အာဏာနှင့် ဆင်ခြင်တုံတရားကို ကျင့်သုံးနိုင်သည်။ ထိုသို့ခန့်အပ်သည့် တာဝန်ပြီးဆုံးပြီးနောက်တွင် ၎င်းသည် ဥက္ကဋ္ဌနေရာတွင် ပြန်လည်၍ ဆက်လက်ဆောင်ရွက်ရသည်။

ပုဒ်မ ၁၃၄။ ဒါရိုက်တာများသည် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသို့မဟုတ် ဥပဒေအရ ၎င်းတို့ ကျင့်သုံးနိုင်သော အခွင့်အာဏာ လုပ်ပိုင်ခွင့်နှင့် ဆင်ခြင်ဆုံးဖြတ်ပိုင်ခွင့်တို့ကို ဒါရိုက်တာများကော်မတီ၊ ဒါရိုက်တာတစ်ဦးတစ်ယောက်၊ ကုမ္ပဏီဝန်ထမ်းတစ်ဦးဦး သို့မဟုတ် အခြားသူတစ်ဦးဦးကို ကိုယ်စားဆောင်ရွက်စေရန် လွှဲပြောင်းပေးနိုင်သည်။ ထိုသို့လွှဲပြောင်းပေးခြင်းကို ၎င်းတို့ဆုံးဖြတ်သတ်မှတ်သည့်အတိုင်း ရုပ်သိမ်းခြင်း၊ ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်းတို့ကို ပြုလုပ်ခွင့် ရှိသည်။

အစုရှယ်ယာရှင်များ၏ မဲပေးပိုင်ခွင့်များဆိုင်ရာ ပြဋ္ဌာန်းချက်များ

ပုဒ်မ ၈၂။ အထွေထွေအစည်းအဝေးတွင် အဆိုပြုဆုံးဖြတ်ချက်တိုင်းကို လက်ပြမဲပေးခြင်းမပြုမီ သို့မဟုတ် မဲရလာဒ်ကို ကြေညာခြင်းမပြုမီ ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း မဲခွဲဆုံးဖြတ်ခြင်း ပြုလုပ်ရန် တောင်းဆိုခြင်း မပြုလျှင် လက်ပြမဲပေးခြင်းဖြင့် ဆုံးဖြတ်နိုင်သည်။

ပုဒ်မ ၈၅။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် အစုရှယ်ယာအမျိုးအစား၏ မဲပေးခြင်းနှင့် စပ်လျဉ်းသည့် အခွင့်အရေးများနှင့် ကန့်သတ်ချက်များကို အထောက်အထားပြုလိုက်နာလျက်-

(က) လက်ပြမဲပေးခြင်းပြုရာတွင် အစည်းအဝေးတက်ရောက်သော ကုမ္ပဏီတွင်ပါဝင်သူတိုင်း ဆန္ဒမဲ တစ်မဲကျစီ ဖြစ်ပြီး၊

(ခ) မဲခွဲဆုံးဖြတ်ခြင်းပြုရာတွင် အစည်းအဝေးတက်ရောက်သော ကုမ္ပဏီတွင်ပါဝင်သူတိုင်းသည် အဆိုပါ ကုမ္ပဏီတွင် ပါဝင်သူပိုင်ဆိုင်သည့် အပြည့်အဝပေးချေပြီးသော အစုရှယ်ယာတစ်ခုအတွက် ဆန္ဒမဲ တစ်မဲကျစီဖြစ်သည်။

ပုဒ်မ ၈၆။ မဲခွဲဆုံးဖြတ်ခြင်းပြုရာတွင် တစ်မဲထက် ပိုပေးခွင့်ရှိသူသည် ၎င်း၏ ဆန္ဒမဲအားလုံးကို အသုံးပြုရန်မလိုပါ သို့မဟုတ် အသုံးပြုသည့် မဲအားလုံးကို တူညီသောနည်းလမ်းဖြင့် ပေးရန်မလိုပါ။

ပုဒ်မ၈၇။ အထွေထွေအစည်းအဝေးတွင် အဆိုပြုဆုံးဖြတ်ချက်အတွက် မဲပေးခွင့်ရှိသော ကုမ္ပဏီတွင်ပါဝင်သူသည် ကိုယ်စားလှယ်ခန့်အပ်နိုင်ပြီး ယင်းကိုယ်စားလှယ်သည် ကုမ္ပဏီတွင်ပါဝင်သူကိုယ်စား အစည်းအဝေး တက်ရောက်နိုင်ပြီး ကိုယ်စားမဲလည်း ပေးခွင့်ရှိသည်။

ပုဒ်မ ၈၈။ ကိုယ်စားလှယ်သည် မဲခွဲဆုံးဖြတ်ခြင်းပြုလုပ်ရန် တောင်းဆိုနိုင်သည် သို့မဟုတ် တောင်းဆိုခြင်းတွင် ပါဝင်နိုင်သည်။

ပုဒ်မ၉၂။ ကုမ္ပဏီတွင်ပါဝင်သူသည် အစည်းအဝေးကျင်းပချိန်တွင် ကုမ္ပဏီသို့ ၎င်းရယူထားသည့် အစုရှယ်ယာအတွက် ပေးချေရန် ကာလစေ့ရောက်နေပြီး ပေးချေခြင်းမပြုရသေးပါက ထိုအစုရှယ်ယာအတွက် အထွေထွေ အစည်းဝေးတွင် မဲပေးခြင်းမပြုနိုင်ပါ။

ပုဒ်မ ၉၃။ ပုဒ်မ ၉၄ ကို အထောက်အထားပြုလိုက်နာလျက် အစုရှယ်ယာပူးတွဲပိုင်ဆိုင်သော ပူးတွဲအစုရှယ်ယာရှင် တစ်ဦးသည် အထွေထွေအစည်းအဝေးတွင် အဆိုပြုဆုံးဖြတ်ချက်အပေါ် ပူးတွဲအစုရှင်ဖြစ်သည့် အားလျော်စွာ အစုရှယ်ယာများ အားလုံးအတွက် မဲပေးနိုင်သည်။

ပုဒ်မ ၉၄။ အထွေထွေအစည်းအဝေးတွင် ပူးတွဲအစုရှယ်ယာရှင်တစ်ဦးထက်ပို၍ အစည်းအဝေးတက်ရောက်ပါက မဲပေးရာတွင် မှတ်ပုံတင်စာရင်း၌ ဦးစွာအမည်စာရင်းပါဝင်သူ ပူးတွဲအစုရှယ်ယာရှင်၏ မဲကိုသာ ထည့်သွင်းတွက်ရမည်။

ပုဒ်မ ၉၅။ အစုရှယ်ယာ တစ်ဆင့်ခံလွှဲပြောင်းရရှိခြင်းကြောင့် အစုရှယ်ယာပိုင်ဆိုင်ခွင့်ရှိသူသည် ဥပဒေအတိုင်း လိုက်နာကျင့်သုံး၍ အထွေထွေအစည်းအဝေး (သို့မဟုတ်ရှေ့ဆိုင်းသည့်အစည်းအဝေး) မစတင်မီ အနည်းဆုံး ၄၈နာရီ ကြိုတင်၍ ဒါရိုက်တာများက တောင်းဆိုသည့် သက်သေခံချက်များကို ကုမ္ပဏီထံပေးပို့ပါက ထိုသူသည် အစုရှယ်ယာ (အစုရှယ်ယာအလိုက်မဲပေးခြင်းအပါအဝင်) နှင့် စပ်လျဉ်း၍ အစည်းအဝေးတွင် အစုရှယ်ယာရှင်အဖြစ် မှတ်ပုံတင်စာရင်းသွင်းပြီးသူကဲ့သို့ အခွင့်အရေးများကို ကျင့်သုံးခွင့်ရှိသည်။

ပုဒ်မ ၉၆။ လူတစ်ဦးသည် မဲပေးရန်ရည်ရွယ်သူကို မဲပေးပိုင်ခွင့် ရှိ မရှိ သို့မဟုတ် အစည်းအဝေးသို့ တက်ရောက်ပြီး မဲပေးပိုင်ခွင့်ရှိသူ (မဲပေးပိုင်ခွင့်ရှိသူဖြစ်ကြောင်းတောင်းဆိုသူ) တစ်ဦးအား ခွင့်ပြုသင့်သည် သို့မဟုတ် ငြင်းပယ်သင့်သည် ဆိုသည့်အပေါ်တွင် မဲပေးရန်ရည်ရွယ်သူက မဲပေးရန် ဆန္ဒရသည့် သို့မဟုတ် ကန့်ကွက်သည့်မဲကို ပေးရသည့်အစည်းအဝေး၌သာ ကန့်ကွက်နိုင်သည်။ ထိုသို့ကန့်ကွက်ခြင်းကို အထွေထွေအစည်းအဝေး၏ ဥက္ကဋ္ဌက ဆုံးဖြတ်ရမည်ဖြစ်ပြီး ယင်း၏ဆုံးဖြတ်ချက်သည် အပြီးသတ်နှင့် အတည်ဖြစ်စေရမည်။ ခွင့်ပြုခဲ့သည့်မဲတစ်မဲသည် ဥပဒေနှင့်ညီညွတ်ပြီး ရည်ရွယ်ချက်အားလုံးအတွက် အကျိုးသက်ရောက် စေရမည်။

ပုဒ်မ ၉၈။ ကိုယ်စားလှယ်ခန့်အပ်သည့် စာချုပ်ကိုစာဖြင့်ရေးသား၍ ခန့်အပ်သူများက လက်မှတ်ရေးထိုးရမည် ဖြစ်ပြီး ကုမ္ပဏီတွင်ပါဝင်သူများ၏ အမည်နှင့်နေရပ်လိပ်စာ၊ ကုမ္ပဏီအမည်၊ ကိုယ်စားလှယ်၏အမည်၊ ကိုယ်စားလှယ်ကို အသုံးပြုမည့်အစည်းအဝေးများ (အစည်းအဝေးအားလုံးဖြစ်နိုင်သည်) စသည်တို့ ပါဝင်ရမည်။ ကိုယ်စားလှယ်တစ်ဦးသည် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦး ဖြစ်ရန်မလိုအပ်ပါ။

ပုဒ်မ ၉၉။ ကိုယ်စားလှယ်ခန့်အပ်ခြင်းသည် အမြဲတမ်းတည်ရှိနိုင်သည်။

ပုဒ်မ၁၀၀။ လက်မှတ်ရေးထိုးထားသော ကိုယ်စားလှယ်ခန့်အပ်သည့်စာချုပ်နှင့် ရှေ့နေကိုယ်စားလှယ်လွှဲစာ (ရှိလျှင်) ကို အထွေထွေအစည်းအဝေးမကျင်းပမီ အနည်းဆုံး (၄၈)နာရီကြိုတင်၍ ကုမ္ပဏီကလက်ခံရရှိပြီး ဖြစ်ရမည့်အပြင် အောက်ပါအတိုင်းပေးပို့နိုင်သည် –

(က) ရုံးသို့ပေးပို့၍လည်းကောင်း၊

(ခ) ရုံးသို့ဖက်စ်ဖြင့်လည်းကောင်း၊ အစည်းအဝေး၏ အကြောင်းကြားစာတွင် ဤကိစ္စလို့ဌာ သတ်မှတ်ဖော်ပြထားသော ဖက်စ်နံပါတ်သို့ပေးပို့၍လည်းကောင်း၊

(ဂ) အစည်းအဝေး၏ အကြောင်းကြားစာတွင် ဤကိစ္စလို့ဌာ သတ်မှတ်ဖော်ပြထားသော အီလက်ထရောနစ်လိပ်စာသို့ အီးမေးလ်ဖြင့်လည်းကောင်း၊ အခြားအီလက်ထရောနစ် နည်းလမ်းဖြင့် ပေးပို့၍လည်းကောင်း၊

(ဃ) အစည်းအဝေး၏ အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသော မည်သည့် နည်းလမ်းဖြင့်မဆို လည်းကောင်း၊ ကုမ္ပဏီမှအချိန်နှင့်တပြေးညီ အသိပေးထားသည့် သို့မဟုတ် ဥပဒေအရခွင့်ပြုနိုင်သည့် နည်းဖြင့်လည်းကောင်း။

ပုဒ်မ ၁၀၁။ ဥပဒေကိုအထောက်အထား ပြုလိုက်နာလျက် ကိုယ်စားလှယ်ခန့်အပ်သည့် စာချုပ်၏ တရားဝင်ခိုင်မာမှု သို့မဟုတ် ရှေ့နေကိုယ်စားလှယ်စာ (ရှိလျှင်) ၏ ခိုင်မာမှုနှင့် စပ်လျဉ်း၍ အထွေထွေအစည်းအဝေး ဥက္ကဋ္ဌ၏ဆုံးဖြတ်ချက်၊ ၎င်းမရှိကဒါရိုက်တာများ၏ ဆုံးဖြတ်ချက်သည်အပြီးသတ်နှင့် အတည်ဖြစ်သည်။

အစုရှယ်ယာများ ထုတ်ဝေခြင်း၊ အမျိုးအစားခွဲခြားခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ

ပုဒ်မ၉ - ဥပဒေကိုလိုက်နာလျက်လည်းကောင်း၊ သက်ဆိုင်ရာ စတော့အိပ်ချိန်းစည်းမျဉ်းများနှင့်အညီလည်းကောင်း ကုမ္ပဏီသည် –

(က) ဒါရိုက်တာများဆုံးဖြတ်သည့် စည်းကမ်းချက်နှင့် ဆုံးဖြတ်သည့် အချိန်ကာလတွင် ပုဂ္ဂိုလ်တစ်ဦးဦးထံ အစုရှယ်ယာများကို ထုတ်ဝေခြင်း၊ ခွဲဝေခြင်း ပြုနိုင်သည်၊

(ခ) ဒါရိုက်တာများဆုံးဖြတ်သည့် စည်းကမ်းချက်နှင့် ဆုံးဖြတ်သည့် မည်သည့်အချိန်ကာလ အတွင်းမဆို ပုဂ္ဂိုလ်တစ်ဦးဦးထံ အစုရှယ်ယာ တစ်ရပ်ရပ် ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ အော့ပ်ရှင် (Option) ပေးနိုင်သည်၊

(ဂ) အပိုဒ်-၉ (က) အရ ကန့်သတ်ခြင်းမရှိဘဲ ဒါရိုက်တာများ ဆုံးဖြတ်သည့်အတိုင်း ကုမ္ပဏီသည် ဦးစားပေးအစုရှယ်ယာ၊ ဆိုင်းငံ့ထားသော အစုရှယ်ယာ သို့မဟုတ် အထူးအခွင့်အရေးများ ပါရှိသော အစုရှယ်ယာ သို့မဟုတ် အခြားကန့်သတ်ချက် တစ်ရပ်ရပ်ပါရှိသော အစုရှယ်ယာများ (အမြတ်ဝေစုများနှင့် အခြားခွဲဝေခြင်းများ၊ မဲပေးခြင်းများနှင့် သက်ဆိုင်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) ကို ထုတ်ဝေခြင်းနှင့် ခွဲဝေခြင်းများ ပြုလုပ်နိုင်သည်။

ပုဒ်မ၁၀။ ဥပဒေကိုလိုက်နာ၍ အပိုဒ်-၉အရ ကန့်သတ်ခြင်းမရှိဘဲ ဒါရိုက်တာများ ဆုံးဖြတ်သည့် စည်းကမ်းချက်များနှင့်အညီ ကုမ္ပဏီသည် အခါအားလျော်စွာ ဦးစားပေးအစုရှယ်ယာများကို ထုတ်ဝေနိုင်သည်။ ဦးစားပေးအစုရှယ်ယာများကို ကုမ္ပဏီကဖြစ်စေ၊ အစုရှယ်ယာ ပိုင်ရှင်ကဖြစ်စေ၊ နှစ်ဦးလုံးကဖြစ်စေ မိမိတို့ရွေးချယ်သည့်အတိုင်း ပြန်လည်ရွေးနှုတ်ခြင်း သို့မဟုတ် သာမန်အစုရှယ်ယာအဖြစ်သို့ ပြောင်းလဲခြင်း ပြုနိုင်သည်။

အစုရှယ်ယာလက်မှတ်များနှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များ

ပုဒ်မ၁၅။ ကုမ္ပဏီသည် အစုရှယ်ယာလက်မှတ်များကို ဥပဒေနှင့်အညီ သို့မဟုတ် စတော့အိတ်ချိန်း တစ်ရပ်ရပ်၏ စည်းမျဉ်းများအရ ထုတ်ပေးရန် လိုအပ်ပါက ထုတ်ပေးရမည်ဖြစ်ပြီး အစုရှယ်ယာလက်မှတ်များတွင် ဥပဒေအရလိုအပ်သည့်အတိုင်း သတင်းအချက်အလက် အားလုံး ပါဝင်စေရမည်။ သံသယကင်းရှင်းစေရန် ဖော်ပြရလျှင် အစုရှယ်ယာတစ်ခုခုအတွက် သက်သေခံလက်မှတ်ကို လိုအပ်ပါက ကုမ္ပဏီ၏ အစုရှယ်ယာများ ရောင်းဝယ်သည့် သက်ဆိုင်ရာစတော့အိတ်ချိန်းက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ပေး ရမည်။

ပုဒ်မ၂၁။ သက်ဆိုင်ရာနည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအရ၊ ကုမ္ပဏီ၏ အစုရှယ်ယာများကို စတော့အိတ်ချိန်းတစ်ခုတွင် စာရင်းသွင်းထားပြီး ကုမ္ပဏီတွင်ပါဝင်သူများထံ အစုရှယ်ယာ သက်သေခံလက်မှတ်များ ထုတ်ပေးရန်လိုအပ်ခြင်း မရှိပါက၊ ကုမ္ပဏီသည် ယင်းသို့သော အစုရှယ်ယာ သက်သေခံလက်မှတ်များကို ထုတ်ပေးရန်မလိုအပ်ဘဲ၊ ယင်းအစုရှယ်ယာများနှင့် စပ်လျဉ်းသော အခွင့်အရေးအားလုံးကို သက်ဆိုင်ရာ စတော့အိတ်ချိန်း၊ ငွေကြေးသက်သေခံလက်မှတ်များ ထိန်းသိမ်းထားရှိရာနေရာ (Securities Depository) သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများက အီလက်ထရောနစ်နည်းလမ်းအားဖြင့် စီမံခန့်ခွဲရမည်။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများမှတစ်ဆင့် ပိုင်ဆိုင်ထားသော ယင်းအစုရှယ်ယာများ ("သက်သေခံလက်မှတ် မလိုအပ်သော အစုရှယ်ယာများ") ပိုင်ဆိုင်မှုအတွက် အစုရှယ်ယာသက်သေခံလက်မှတ်တစ်ခုဖြင့် သက်သေပြရန်မလိုအပ်သလို အစုရှယ်ယာ သက်သေခံလက်မှတ် မထုတ်ပေးဘဲ လွှဲပြောင်းနိုင်သည်။

အစုရှယ်ယာမတည်ငွေရင်း ပြောင်းလဲမှုများနှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များ

ပုဒ်မ ၅၇။ ကုမ္ပဏီသည် ဥပဒေကခွင့်ပြုသည့် အပြုအမူအတိုင်း ၎င်း၏ မတည်ငွေရင်းကို ပြောင်းလဲပြင်ဆင်နိုင်သည်။ ဥပဒေကိုအထောက်အထားပြုလိုက်နာလျက် ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းကို ပြောင်းလဲပြင်ဆင်ရန် ဆုံးဖြတ်ချက်ကို အကျိုးသက်ရောက်မှုရှိစေရန် ဒါရိုက်တာများက လိုအပ်သလို ဆောင်ရွက် နိုင်သည်။

ကျွန်ုပ်တို့ ကုမ္ပဏီရှိ အစုရှယ်ယာများ လွှဲပြောင်းခြင်းနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ

ပုဒ်မ ၄၈။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ၊ဥပဒေ နှင့် သက်ဆိုင်ရာ စတော့အိတ်ချိန်းတစ်ရပ်ရပ်၏ စည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာလျက် ကုမ္ပဏီတွင် ပါဝင်သူတစ်ယောက်သည် သင့်လျော်စွာ တံဆိပ်ခပ်နှိပ်ထားသော လွှဲပြောင်းခြင်းဆိုင်ရာ စာရွက်စာတမ်းကို ကုမ္ပဏီသို့ ပေးပို့၍ အစုရှယ်ယာများကို လွှဲပြောင်းနိုင်သည်။ လွှဲပြောင်းခြင်းဆိုင်ရာ စာရွက်စာတမ်းတွင် အောက်ပါအတိုင်း ဖော်ပြဆောင်ရွက်ရမည် –

(က) အသုံးပြုလေ့ရှိသည့် သာမန်ပုံစံဖြင့် သို့မဟုတ် ဒါရိုက်တာများက ဆုံးဖြတ်သတ်မှတ်သည့် သို့မဟုတ် လက်ခံရန် သဘောတူညီသည့် အခြားပုံစံဖြင့် ရေးသားဖော်ပြရမည်၊

(ခ) လွှဲပြောင်းသူ၏ သို့မဟုတ် လွှဲပြောင်းခြင်းကို လက်ခံသူ၏ (သို့မဟုတ်နှစ်ဦးလုံး၏) လွှဲပြောင်းမှုရလာဒ်အရ နိုင်ငံခြားကော်ပိုရေးရှင်း သို့မဟုတ် အခြားနိုင်ငံခြားသား (သို့မဟုတ် ၎င်းတို့ပေါင်းစပ်၍) လက်ခံရရှိမည်ဖြစ်ကြောင်း သို့မဟုတ် ကုမ္ပဏီ၏ အစုရှယ်ယာအကျိုးအမြတ်ပိုင်ဆိုင်ခြင်းမှ ရပ်စဲကြောင်းတို့ အပါအဝင် ဥပဒေအရ လိုအပ်သော သတင်းအချက်အလက် အားလုံးပါဝင်ရမည်၊

(ဂ) လွှဲပြောင်းပေးသူနှင့်လွှဲပြောင်းခြင်းကို လက်ခံရယူသူတို့ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်တို့က ဖြစ်စေ လက်မှတ်ရေးထိုးရမည် သို့မဟုတ် ဥပဒေကခွင့်ပြုသည့် အခြားနည်းအတိုင်း ဆောင်ရွက်ရမည်၊

(ဃ) လွှဲပြောင်းမည့် အစုရှယ်ယာအတွက် အစုရှယ်ယာလက်မှတ် (ဥပဒေအရလိုအပ်ပြီး ထိုအစုရှယ်ယာလက်မှတ်ကို ထုတ်ပေးထားပြီးဖြစ်လျှင်) နှင့် လွှဲပြောင်းသူပိုင်ဆိုင်ကြောင်း အထောက်အထား သို့မဟုတ် အစုရှယ်ယာကို လွှဲပြောင်းခွင့်ရှိကြောင်း အထောက်အထားစသည့် ဒါရိုက်တာက လိုအပ်သည်ဆိုသော သက်သေခံအထောက်အထားများ ပူးတွဲပါဝင်ရမည်။

ထိုသို့ဆိုရာတွင် မည်သို့ပင်ဆိုစေ သင့်လျော်စွာ ဖွဲ့စည်းထူထောင်ထားသည့် စတော့အိတ်ချိန်းတစ်ခုတွင် စာရင်းသွင်း ရောင်းဝယ်မှုပြုလုပ်နေသည့် ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ်လွှဲပြောင်းမှုသည် သက်ဆိုင်ရာစတော့အိတ်ချိန်း သို့မဟုတ် ယင်းစတော့အိတ်ချိန်းက ရွေးချယ်သော အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်းအဖွဲ့အစည်းက သတ်မှတ်သည့် ပုံမှန် သို့မဟုတ် ရိုးရိုးပုံစံဖြင့်သာ ဖြစ်ရမည်။

ပုဒ်မ ၄၉။ **ပုဒ်မ** ၅၀ ကို အထောက်အထားပြုလိုက်နာလျက် **ပုဒ်မ** ၄၈ အရ ကုမ္ပဏီသည် အစုရှယ်ယာများ လွှဲပြောင်းမှုတစ်ခုချင်းစီကို မှတ်ပုံတင်စာရင်းသွင်းရမည်ဖြစ်ပြီး ထိုသို့မှတ်ပုံတင်စာရင်းသွင်းခြင်း ကို အခမဲ့ဆောင်ရွက်ပေး ရမည်။ သင့်လျော်စွာ ဖွဲ့စည်းထူထောင်ထားသော စတော့အိတ်ချိန်း တစ်ခုတွင် စာရင်းသွင်းပြီး ရောင်းဝယ်မှုပြုလုပ်နေသည့် ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ် လွှဲပြောင်းမှုသည် စတော့အိတ်ချိန်းက ရွေးချယ်တာဝန်ပေးအပ်ထားသော အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း အဖွဲ့အစည်း၏ ချမှတ်သည့် စည်းကမ်းချက်များအပါအဝင် သက်ဆိုင်ရာ စတော့အိတ်ချိန်းက ချမှတ်သည့် စည်းကမ်းချက်များနှင့် အညီ ဖြစ်စေရမည်။

ပုဒ်မ ၅၀။ ဥပဒေကို အထောက်အထားပြု လိုက်နာလျက် ဒါရိုက်တာများသည် အစုရှယ်ယာလွှဲပြောင်းခြင်းကို မှတ်ပုံတင်စာရင်းသွင်းပေးရန် ဤအခန်း-၇ အရ လိုအပ်သော အခြားစာရွက်စာတမ်းများနှင့်အတူ တင်ပြသော လွှဲပြောင်းရန်အတွက် လျှောက်လွှာကို လက်ခံရရှိသည့်နေ့မှစ၍ ၂၁ ရက်အတွင်း ငြင်းပယ်နိုင်ပြီး ဘုတ်အဖွဲ့က အစုရှယ်ယာလွှဲပြောင်းခြင်း ငြင်းပယ်ကြောင်း အကြောင်းပြချက်ပါရှိသည့် ဆုံးဖြတ်ချက် ချမှတ်ရမည်။ ကုမ္ပဏီသည် ငြင်းပယ်သည့် ဆုံးဖြတ်ချက်ကို အကြောင်းပြချက်နှင့်တကွ ထုတ်ပြန်ပြီးနောက် ၇ ရက်အတွင်း လွှဲပြောင်းလက်ခံမည့်သူနှင့် လွှဲပြောင်းမည့်သူတို့ထံ အကြောင်းကြား ရမည်။

ပုဒ်မ ၅၃။ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦး သေဆုံးပါက –

(က) အစုရှယ်ယာကို ပူးတွဲပိုင်ဆိုင်ခဲ့လျှင် အသက်ရှင်ကျန်ရှိသူကိုသာ အဆိုပါ အစုရှယ်ယာများကို အကျိုးခံစားခွင့်ရှိသူ အစုရှယ်ယာပိုင်ဆိုင်ခွင့်ရှိသူအဖြစ် ကုမ္ပဏီက အသိအမှတ်ပြုမည်၊

(ခ) အစုရှယ်ယာကို တစ်ဦးတည်းပိုင်ဆိုင်ခဲ့လျှင် သေဆုံးသွားသော ကုမ္ပဏီတွင်ပါဝင်သူ၏ ဥပဒေအရ ကိုယ်စားလှယ်ကိုသာ အဆိုပါအစုရှယ်ယာများကို အကျိုးခံစားခွင့်ရှိသူ အစုရှယ်ယာ ပိုင်ဆိုင်ခွင့်ရှိသူအဖြစ် ကုမ္ပဏီက အသိအမှတ်ပြုမည်။

ပုဒ်မ ၅၄။ **ပုဒ်မ** ၅၃ ပါ ဖော်ပြချက်မှာ ကုမ္ပဏီတွင်ပါဝင်သောသေဆုံးသူ၏ တရားဝင်ဆက်ခံခွင့်ရှိသူသည် ၎င်းတစ်ဦးတည်းဖြစ်စေ ပူးတွဲ၍ဖြစ်စေ အစုရှယ်ယာများကို ပိုင်ဆိုင်စေကာမူ ကုမ္ပဏီသို့ အစုရှယ်ယာနှင့်စပ်လျဉ်း၍ မပေးချေရသေးသည့် ပမာဏ သို့မဟုတ် အခြားပေးရန် တာဝန်ရှိမှုကို စွန့်လွှတ်ခြင်း မရှိစေရ။

ပုဒ်မ၅၅။ ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦး သေဆုံးမှု သို့မဟုတ် လူမွဲခံယူမှု၏ အကျိုးဆက်အဖြစ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အစုရှယ်ယာတစ်ရပ်ကို ပိုင်ဆိုင်ခွင့်ရှိလာပါက ယင်းပုဂ္ဂိုလ်သည် အဆိုပါ အစုရှယ်ယာနှင့်စပ်လျဉ်း၍ ကုမ္ပဏီ တွင်ပါဝင်သူအဖြစ် မှတ်ပုံတင်ရန်ဖြစ်စေ၊ သေဆုံးသူ သို့မဟုတ် လူမွဲခံယူသူ က ပြုလုပ်သည့်အလား အစုရှယ်ယာများ လွှဲပြောင်းမှု ပြုလုပ်ရန်ဖြစ်စေ အခွင့်ရှိစေ ရမည်။ ဖြစ်စဉ်အသီးသီးတွင် ဒါရိုက်တာများသည် သေဆုံးသူ သို့မဟုတ် လူမွဲခံယူသည့် ပုဂ္ဂိုလ် မသေဆုံးမီ သို့မဟုတ် လူမွဲမခံယူမီက အစုရှယ်ယာလွှဲပြောင်းမှု ပြုလုပ်သည့် ဖြစ်စဉ်တွင်ကဲ့သို့ပင် မှတ်ပုံတင်မှုကို ငြင်းဆိုရန် သို့မဟုတ် ဆိုင်းငံ့ရန် အခွင့်ရှိစေရမည်ဖြစ်ပြီး သေဆုံးမှု သို့မဟုတ် လူမွဲခံယူမှုဆိုင်ရာ ခိုင်လုံသော သက်သေအထောက်အထား တင်သွင်းရန်လည်း တောင်းခံနိုင်သည်။

ပုဒ်မ၅၆။ ပုဒ်မ ၅၅ တွင် ဖော်ပြထားသည့်အတိုင်း အစုရှယ်ယာတစ်ရပ် ပိုင်ခွင့်ရှိလာသည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် မှတ်ပုံတင်ထားသော အစုရှယ်ယာပိုင်ဆိုင်သူအတိုင်း အလားတူ အခွင့်အရေးပိုင်ဆိုင်ခွင့် ရှိမည်ဖြစ်သည်။ သို့ရာတွင် မှတ်ပုံမတင်ရသေးသည့် အစုရှယ်ယာ ပိုင်ဆိုင်သူသည် လွှဲပြောင်းမှုကို သင့်လျော်စွာ မှတ်ပုံမတင်ရသေးမီအထိ ကုမ္ပဏီအစည်းအဝေးများနှင့် စပ်လျဉ်း၍ အခွင့်အရေးတစ်ရပ်ရပ် ပိုင်ဆိုင်ခွင့်မရှိစေရ။

အမြတ်ဝေစုများနှင့် ရန်ပုံငွေဆိုင်ရာ ပြဋ္ဌာန်းချက်များ

ပုဒ်မ ၁၅၆။ **ဒါရိုက်တာများ**သည် **အမြတ်ဝေစု**တစ်ခု (ကြားဖြတ်အမြတ်ဝေစု အပါအဝင်) ပေးရန်ရှိသည်ဟု ဆုံးဖြတ်နိုင်ပြီးထို **အမြတ်ဝေစု**၏ ပမာဏ၊ ပေးချေသည့်အချိန်နှင့် ပေးချေမှုနည်းလမ်းကို သတ်မှတ်နိုင်သည်။

ပုဒ်မ ၁၅၇။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ အစုရှယ်ယာအမျိုးအစားအတွက် စည်းနှောင်မှုရှိသော ပူးတွဲပါဝင်သော အခွင့်အရေးနှင့်ကန့်သတ်ချက်များ၊ ဥပဒေတို့ကိုအထောက်အထားပြု၍ အမြတ်ဝေစုများကို ကုမ္ပဏီတွင် ပါဝင်သူများအား ပိုင်ဆိုင်သည့် အစုရှယ်ယာအလိုက် အချိုးကျခွဲဝေပေးရန် ဖြစ်သည်။

ပုဒ်မ ၁၅၈။ သက်ဆိုင်ရာဥပဒေများကို အထောက်အထားပြု၍ လိုက်နာလျက် ဒါရိုက်တာများသည် အမြတ်ဝေစုများ သို့မဟုတ် အခြားခွဲဝေခြင်းများကို သတ်မှတ်ပစ္စည်း သို့မဟုတ် ရရန်ပိုင်ခွင့်များနှင့် ခွဲဝေခြင်းဖြင့် တစ်ရပ်လုံး သော်လည်းကောင်း တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း (ပေးချေပြီးအစုရှယ်ယာများ၊ ဒီဘင်ချာ ငွေချေးလက်မှတ်များ သို့မဟုတ် ကုမ္ပဏီ၏ သို့မဟုတ် အခြားကုမ္ပဏီ၏ အာမခံပစ္စည်းများ၊ ယုံမှတ်အပ်နှံသည့်ပစ္စည်းများ၊ အဆောက်အအုံတို့အပါအဝင်) ဆုံးဖြတ်ပေးနိုင်သည်။

ပုဒ်မ ၁၅၉။ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးချင်းစီသည် ကုမ္ပဏီ၏ သို့မဟုတ် အခြားကုမ္ပဏီ၏ အစုရှယ်ယာများ၊ ဒီဘင်ချာ ငွေချေးလက်မှတ်များ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များ အပါအဝင် **ပုဒ်မ** ၁၅၈ အရ မည်သည့်ပစ္စည်း သို့မဟုတ် ရရန်ပိုင်ခွင့်ကိုမဆို ၎င်းတို့အား ခွဲဝေပေးခြင်းကို သဘောတူလက်ခံရမည်။

ပုဒ်မ ၁၆၀။ ပစ္စည်းများ၊ ရရန်ပိုင်ခွင့်များ တန်ဖိုးဖြတ်ခြင်းအပါအဝင် အမြတ်ဝေစု သို့မဟုတ် အခြားခွဲဝေခြင်းနှင့် သက်ဆိုင်သောကိစ္စရပ်အားလုံးကို ဒါရိုက်တာများမှ ဆုံးဖြတ်သတ်မှတ်မည်ဖြစ်ပြီး ဒါရိုက်တာများသည် အောက်ပါဆောင်ရွက်ချက်များကို ပြုလုပ်နိုင်သည် –

(က) အမြတ်ဝေစုများ/ အခြားခွဲဝေခြင်းများနှင့်ပတ်သက်သည့် အခက်အခဲများ၊ အငြင်းပွားမှုများ၊ သို့မဟုတ် အခြားကိစ္စများတို့ကို ဖြေရှင်းနိုင်သည်၊

(ခ) ပစ္စည်း သို့မဟုတ် ရရန်ပိုင်ခွင့် သို့မဟုတ် ပစ္စည်း သို့မဟုတ် ရရန်ပိုင်ခွင့်၏ အစိတ်အပိုင်း တစ်ရပ်ရပ်ကို ခွဲဝေခြင်းပြုရာတွင် တန်ဖိုးသတ်မှတ်ပေးနိုင်သည်၊

(ဂ) ကုမ္ပဏီတွင်ပါဝင်သူများထံ သို့မဟုတ် ၎င်း၏ညွှန်ကြားချက်အရ သတ်မှတ်တန်ဖိုးအပေါ် အခြေပြု၍ ငွေဖြင့်ပေးချေခြင်းပြုရန် ဆုံးဖြတ် နိုင်သည်၊

(ဃ) ကုမ္ပဏီတွင်ပါဝင်သူများအတွက် ပစ္စည်း သို့မဟုတ် ရရန်ပိုင်ခွင့်ကို ယုံမှတ်အပ်နှံလက်ခံမည့်သူထံ အပ်နှံပေးခြင်းပြု နိုင်သည်။

ပုဒ်မ ၁၆၁။ အမြတ်ဝေစုများနှင့် အခြားခွဲဝေပေးခြင်းများအတွက် အတိုးငွေကို ကုမ္ပဏီအနေဖြင့်ပေးရန် မလိုအပ်ပါ။

ပုဒ်မ၁၆၂။ ဥပဒေအရ အစုရှယ်ယာများတစ်ဆင့် လွှဲအပ်ခြင်းကြောင့် တစ်ဦးဦးကပိုင်ဆိုင်ထိုက်သော အစုရှယ်ယာနှင့် သက်ဆိုင်သောအမြတ်ဝေစုများနှင့် အခြားခွဲဝေပေးခြင်းများကို သတ်မှတ်ထားသည့် လွှဲပြောင်းလက်ခံသူကို အစုရှယ်ယာရှင်အဖြစ် မှတ်ပုံတင်စာရင်းသွင်းခြင်း မပြုရသေးသည့်အချိန်ထိ ကုမ္ပဏီက ထိန်းသိမ်းထား နိုင်သည်။

ပုဒ်မ ၁၆၃။ ကုမ္ပဏီတွင်ပါဝင်သူမှ ပေးရန်ရှိသော အမြတ်ဝေစုများကိုလည်းကောင်း၊ အခြားခွဲဝေပေးခြင်း များကိုလည်းကောင်း တောင်းခေါ်မှု သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းကြောင့် ကုမ္ပဏီတွင်ပါဝင်သူမှ ကုမ္ပဏီသို့ပေးချေရန် စေ့ရောက်သည့် ပမာဏများမှ လျှော့ချ ဖြတ်တောက် နိုင်သည်။

ပုဒ်မ၁၆၄။ ကုမ္ပဏီသည်အစုရှယ်ယာနှင့်စပ်လျဉ်း၍ ပေးရန်ရှိသောပမာဏ၊ အမြတ်ဝေစုနှင့် အခြားနည်းခွဲဝေပေးခြင်းတို့ကို ဒါရိုက်တာများက ဆုံးဖြတ်သည့်နည်းဖြင့် ပေးချေနိုင်သည်။

ပုဒ်မ၁၆၅။ အစုရှယ်ယာများနှင့်စပ်လျဉ်း၍ ပေးရန်ရှိသော အမြတ်ဝေစုများအားလုံး သို့မဟုတ် အခြားငွေကြေး တစ်ရပ်ရပ်နှင့် ဆုံးဖြတ်ကြေညာပြီးနောက် တောင်းဆိုခြင်းမရှိသော သို့မဟုတ် ပေးချေရန်ကျရောက်သောခွဲဝေ ခြင်းများကို တောင်းဆိုသည့်အချိန်အထိ ကုမ္ပဏီ၏ အကျိုးအမြတ်အတွက် ဒါရိုက်တာများက ရင်းနှီးမြှုပ်နှံနိုင်သည် သို့မဟုတ် အခြားနည်းဖြင့် အသုံးပြု နိုင်သည်။

အစုရှယ်ယာရှင်များ၏ ကုမ္ပဏီ၏စာရင်းစာအုပ်များနှင့် အခြားစာရွက်စာတမ်းများအား ကြည့်ရှုခွင့်နှင့် စပ်လျဉ်းသည့်ပြဋ္ဌာန်းချက်များ

ပုဒ်မ၁၅၃။ ဒါရိုက်တာများသည် သက်ဆိုင်ရာဥပဒေနှင့် ကျင့်ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ လိုအပ်သည့်အတိုင်း ငွေကြေးဆိုင်ရာစာရင်းနှင့် အခြားမှတ်တမ်းများကို ပြုလုပ်သိမ်းဆည်းရမည်။

ပုဒ်မ၁၇၂။ ဥပဒေကို အထောက်အထားပြု၍လိုက်နာလျက်၊ ဒါရိုက်တာများသည်ကုမ္ပဏီ၏ စာရွက်စာတမ်းများနှင့် မှတ်တမ်းမှတ်ရာများကို မည်သူမဆို သင့်လျော်သော အခကြေးငွေပေး၍ ကြည့်ရှုစစ်ဆေးနိုင်ရန် မည်သည့်အတိုင်းအတာထိ ဖွင့်လှစ်ပြသမည်ကို ဆုံးဖြတ်နိုင်သည်။ ဤအခန်း- ၂၈ သည် ဥပဒေအရ သို့မဟုတ် ကုမ္ပဏီနှင့် သဘောတူညီချက်အရ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦး သို့မဟုတ် ဒါရိုက်တာတစ်ဦး သို့မဟုတ် ဒါရိုက်တာဟောင်းတစ်ဦး၏ အခွင့်အရေးကို ကန့်သတ်ခြင်းမရှိပါ။

အပိုင်း (၅)။ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများ

၅.၁။ ဆက်နွယ်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် ပြုလုပ်ထားသော အရေးကြီးသည့် ပတ်သက်ဆောင်ရွက်မှုများ

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြစ်ပြီး ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ရန် ရည်ရွယ်ထားသည့် အားလျော်စွာ ကျွန်ုပ်တို့၏ ဒါရိုက်တာများအဖွဲ့ဝင်များသည် ကောင်းမွန်သော ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်ကို ရည်ရွယ်၍ ၎င်းတို့၏ သဘောဆန္ဒသက်သက်ဖြင့် အောက်ပါတို့ကို ဖွင့်ဟကြေညာရန် ဆုံးဖြတ်ခဲ့ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများအရ ကုမ္ပဏီသည် ဆက်နွယ်သည့် အဖွဲ့အစည်းများထံမှ ရရန်ရှိမှုများ ကျပ် ၁,၂၄၆,၉၁၅,၂၄၊ ဆက်နွယ်သည့် အဖွဲ့အစည်းထံမှ ချေးငွေ ရရန်ရှိမှုများ ကျပ် ၃၀၉,၄၆၉,၈၉၀ နှင့် ဆက်နွယ်သည့် အဖွဲ့အစည်းများထံမှ ကုန်သွယ်မှုဆိုင်ရာ ရရန်ရှိမှုများ ကျပ် ၉၃,၀၂၄,၇၆၆ တို့ကို စာရင်းရေးသွင်းထားပါသည်။ ကျွန်ုပ်တို့ ကုမ္ပဏီအနေဖြင့် ဆက်နွယ်သည့် အဖွဲ့အစည်းများသို့ ပေးရန်ရှိသော အကြွေး (ငွေကြေး) တစ်စုံတစ်ရာ မရှိပါ။ အသေးစိတ် အချက်အလက်များကို အောက်ပါဇယားတွင် ကြည့်ရှုနိုင် ပါသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အရ ဆက်နွယ်နေသည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ နှင့် ပတ်သက်ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဆက်နွယ်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း နာမည်	ဆက်နွယ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ ဆက်နွယ်မှု အကြောင်း	မဲပေးပိုင်ခွင့် အချိုးအစား	လုပ်ငန်းဆောင်ရွက်မှု အကျဉ်းချုပ်	အကြောင်းအရာ	ဘဏ္ဍာရေးနှစ် အကုန်ရှိ ရရန်ရှိများ / (ပေးရန်ရှိများ) (ကျပ်)
ဒေါက်တာသန်းဝင်း	ကုမ္ပဏီ၏ အစုရှယ်ယာရှင်၊ ဒါရိုက်တာနှင့် အမှုဆောင်အရာရှိချုပ်၊ ABMT Myanmar Co., Ltd ၏ အစုရှယ်ယာရှင်၊ ဒါရိုက်တာနှင့် အမှုဆောင်အရာရှိချုပ်၊ Myanmar Sports Holiday Co., Ltd ၏ ဒါရိုက်တာနှင့် အမှုဆောင်အရာရှိချုပ်၊ Concordia Thai Co., Ltd. ၏ အစုရှယ်ယာရှင် နှင့် ဒါရိုက်တာ	ကုမ္ပဏီ၏ ၆၀%	ကုမ္ပဏီမှ ဒါရိုက်တာ၏ ငွေထုတ်ယူခြင်း (ဒေါက်တာသန်းဝင်း) (မှတ်ချက် ၁)	ဆက်နွယ်သည့် ပုဂ္ဂိုလ်ထံမှ ရရန်ရှိမှုများ	၁,၁၃၇,၁၄၁,၆၁၅
ဒေါက်တာသန်းဝင်း၊ ဒေါ်တင်တင်အေး၊ ဦးဘရန်ဒန်မောင်ဝင်း၊ ဒေါ်အေမိမိမိဝင်း	ကုမ္ပဏီ၏ အစုရှယ်ယာရှင်၊ ဒါရိုက်တာနှင့် CEO	ကုမ္ပဏီ၏ ၁၀၀%	ကုမ္ပဏီမှ ဒါရိုက်တာများ၏ ငွေထုတ်ယူခြင်း	ဆက်နွယ်သည့် ပုဂ္ဂိုလ်ထံမှ ရရန်ရှိမှုများ	၁၀၉,၇၇၃,၆၀၈

ABMT Myanmar Company	ဒေါက်တာသန်းဝင်း၊ ဒေါ်တင်တင်အေး၊ ဦးဘရမ်ဒန်မောင်ဝင်းနှင့် ဒေါ်အေမီမီမီဝင်းတို့မှ ၁၀၀% ထိန်းချုပ်ထားပါသည်။	သက်ဆိုင်မှု မရှိပါ (N/A)	ဆက်နွယ်သည့် အဖွဲ့အစည်းသို့ ချေးငွေ ထုတ်ချေးခြင်း (မှတ်ချက် ၂)	ဆက်နွယ်သည့် အဖွဲ့အစည်းထံမှ ချေးငွေ ရရန်ရှိမှုများ	၃၀၉,၄၆၉,၈၉၀
			ဆက်နွယ်သည့် အဖွဲ့အစည်းနှင့် အရောင်းအဝယ်ပြုလုပ်မှုမှ ရရန်ကျန်ရှိသော ပမာဏ	ဆက်နွယ်သည့် အဖွဲ့အစည်းထံမှ ကုန်သွယ်မှု ဆိုင်ရာ ရရန်ရှိမှုများ	၁၅,၈၉၉,၆၆၂
C.I.L Company Limited	ဒေါက်တာသန်းဝင်း၏ မိသားစုဝင်များမှ ၁၀၀% ထိန်းချုပ်ထားပါသည်။	သက်ဆိုင်မှု မရှိပါ (N/A)	ဆက်နွယ်သည့် အဖွဲ့အစည်းနှင့် အရောင်းအဝယ်ပြုလုပ်မှုမှ ရရန်ကျန်ရှိသော ပမာဏ	ဆက်နွယ်သည့် အဖွဲ့အစည်းထံမှ ကုန်သွယ်မှု ဆိုင်ရာ ရရန်ရှိမှုများ	၃၀,၀၄၉,၆၀၁
Concordia Thai Company Limited	ဒေါက်တာသန်းဝင်း၊ ဦးဘရမ်ဒန်မောင်ဝင်းနှင့် ဒေါ်အေမီမီမီဝင်းတို့မှ ၁၀၀% ထိန်းချုပ်ထားပါသည်။	သက်ဆိုင်မှု မရှိပါ (N/A)	ဆက်နွယ်သည့် အဖွဲ့အစည်းနှင့် အရောင်းနှင့် မပတ်သက်သော စီးပွားရေးပြုလုပ်မှုမှ ရရန်ကျန်ရှိသော ပမာဏ	ဆက်နွယ်သည့် အဖွဲ့အစည်းထံမှ ကုန်သွယ်မှု ဆိုင်ရာ ရရန်ရှိမှုများ	၄၇,၀၇၅,၅၀၃

မှတ်ချက် ၁ - ဒါရိုက်တာနှင့် အမှုဆောင်အရာရှိချုပ် ဖြစ်သူ ဒေါက်တာသန်းဝင်းထံမှ ရရန်ရှိသော လက်ကျန်ငွေမှာ ငွေဆောင်ရှိ မြေကွက်ဝယ်ယူခြင်း၊ တောင်ကြီးရှိ မြေနှင့် အဆောက်အအုံ ဝယ်ယူခြင်းနှင့် ၎င်း၏ ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများမှ ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ရှိ ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများအရ ဒေါက်တာသန်းဝင်းထံမှ ရရန်ရှိသည့် လက်ကျန် ကျန်ရှိခြင်းမရှိတော့ပါ။

မှတ်ချက် ၂ - ဆက်နွယ်သည့် အဖွဲ့အစည်းဖြစ်သော ABMT Myanmar ကုမ္ပဏီထံမှ ရရန်ရှိမှုမှာ တစ်နှစ်လျှင် အတိုးနှုန်း ၁၀% သတ်မှတ်ထားသော ချေးငွေအတွက် ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့စွဲပါ သဘောတူညီချက်အရ ထုတ်ချေးထားသည့် ချေးငွေပမာဏသည် အမေရိကန်ဒေါ်လာ ၈၂,၆၇၅ နှင့် မြန်မာကျပ်ငွေ ၂၅,၇၈၀,၉၈၇ ဖြစ်ပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်ပါသည်။ ၎င်းသည် ကာလတို ချေးငွေအမျိုးအစားဖြစ်ပြီး အဆိုပါချေးငွေအတွက် အပေါင်ပစ္စည်း လက်ခံထားရှိခြင်းမရှိပါ။

ကျွန်ုပ်တို့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများတွင် ဆက်နွယ်သည့် အဖွဲ့အစည်းများထံမှ ရရန်ရှိမှုများ ကျပ် ၂၁၅,၄၅၈,၂၂၅၊ ဆက်နွယ်သည့် အဖွဲ့အစည်းများထံမှ ချေးငွေ ရရန်ရှိမှုများ ကျပ် ၃၂၇,၉၈၄,၃၂၂ နှင့် ဆက်နွယ်နေသည့် အဖွဲ့အစည်းများထံမှ ကုန်သွယ်မှုဆိုင်ရာ ရရန်ရှိမှုများ ကျပ် ၁၆၃,၂၁၉,၄၃၈ တို့ကို စာရင်းရေးသွင်းထားပါသည်။ ဆက်နွယ်နေသည့် အဖွဲ့အစည်းများသို့ ပေးရန်ရှိမှုများ ကျပ် ၅၁,၉၃၀,၄၁၇ ရှိပြီး ၎င်းမှာ လက်ငင်းပေးရန်တာဝန်များအဖြစ် စာရင်းရေးသွင်းထားသော အစုရှယ်ယာရှင်ထံမှ ချေးငွေ ဖြစ်ပါသည်။ အသေးစိတ် အချက်အလက်များကို အောက်ပါဇယားတွင် ကြည့်ရှုနိုင်ပါသည်။

ဆက်နွယ်နေသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း နာမည်	**ဆက်နွယ်နေသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ ဆက်နွယ်မှု အကြောင်း**	**မဲပေးပိုင်ခွင့် အချိုးအစား**	**လုပ်ငန်းဆောင်ရွက်မှု အကျဉ်းချုပ်**	**အကြောင်းအရာ**	**ဘဏ္ဍာရေးနှစ် အကုန်ရှိ ရရန်ရှိများ / (ပေးရန်ရှိများ) (ကျပ်)**
ဒေါက်တာသန်းဝင်း၊ ဒေါ်တင်တင်အေး၊ ဦးဘရန်ဒန်မောင်ဝင်း၊ ဒေါ်အေမိမိမိဝင်း	ကုမ္ပဏီ၏ အစုရှယ်ယာရှင်၊ ဒါရိုက်တာနှင့် CEO	ကုမ္ပဏီ၏ ၁၀၀%	ကုမ္ပဏီမှ ဒါရိုက်တာများ၏ ငွေထုတ်ယူခြင်း	ဆက်နွယ်သည့် ပုဂ္ဂိုလ်ထံမှ ရရန်ရှိမှုများ	၂၁၅,၄၅၈,၂၂၅
ABMT Myanmar Company Limited	ဒေါက်တာသန်းဝင်း၊ ဒေါ်တင်တင်အေး၊ ဦးဘရန်ဒန်မောင်ဝင်း၊ ဒေါ်အေမိမိမိဝင်း တို့မှ ၁၀၀% ထိန်းချုပ်ထားသည်။	သက်ဆိုင်မှု မရှိပါ (N/A)	ဆက်နွယ်သည့် အဖွဲ့အစည်းသို့ ချေးငွေ ထုတ်ချေးခြင်း (မှတ်ချက် ၁)	ဆက်နွယ်သည့် အဖွဲ့အစည်းထံမှ ချေးငွေ ရရန်ရှိမှုများ	၃၂၇,၉၈၄,၃၂၁
			ဆက်နွယ်သည့် အဖွဲ့အစည်းနှင့် အရောင်းအဝယ် ပြုလုပ်မှုမှ ရရန်ကျန်ရှိသော ပမာဏ	ဆက်နွယ်သည့် အဖွဲ့အစည်းထံမှ ကုန်သွယ်မှု ဆိုင်ရာ ရရန်ရှိ မှုများ	၁၅၈,၆၈၀,၇၉၅
C.I.L Company Limited	ဒေါက်တာသန်းဝင်း ၏ မိသားစုဝင်များမှ ၁၀၀% ထိန်းချုပ်ထားသည်။	သက်ဆိုင်မှု မရှိပါ (N/A)	ဆက်နွယ်သည့် အဖွဲ့အစည်းမှ ရရန်ရှိငွေ လက်ကျန်	ဆက်နွယ်သည့် အဖွဲ့အစည်းထံမှ ကုန်သွယ်မှု ဆိုင်ရာ ရရန်ရှိငွေ	၄,၅၃၈,၆၄၃

ဒေါက်တာသန်းဝင်း	ကုမ္ပဏီ၏ အစုရှယ်ယာရှင်၊ ဒါရိုက်တာနှင့် CEO၊ ABMT Myanmar Co., Ltd ၏ အစုရှယ်ယာရှင်၊ ဒါရိုက်တာနှင့် CEO၊ Myanmar Sports Holiday Co., Ltd ၏ ဒါရိုက်တာနှင့် CEO၊ Concordia Thai Co., Ltd. ၏ အစုရှယ်ယာရှင်နှင့် ဒါရိုက်တာ	ကုမ္ပဏီ၏ ၆၀%	ဒါရိုက်တာထံမှ ယာယီချေးငွေ ရယူခြင်း	ကာလတိုချေးယူငွေ	(၅၁,၉၃၀,၄၁၇)

မှတ်ချက် ၁ – ဆက်နွယ်သည့် အဖွဲ့အစည်းဖြစ်သော ABMT Myanmar Limited ထံမှ ရရန်ရှိငွေများတွင် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့စွဲပါ သဘောတူညီချက်တွင် ဖော်ပြထားသော အတိုးမဲ့ချေးငွေ အမေရိကန်ဒေါ်လာ ၅၀,၀၀၀ နှင့် မြန်မာကျပ်ငွေ ၂၀၆,၂၄၇,၉၀၀ တို့ ပါဝင်ပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ လက်ကျန်ပမာဏများမှာ အမေရိကန်ဒေါ်လာ ၃၈,၀၀၀ နှင့် မြန်မာကျပ်ငွေ ၂၅,၇၈၀,၉၈၇ တို့ ဖြစ်ကြပါသည်။ ထို့အပြင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့စွဲပါ သဘောတူညီချက်အရ တစ်နှစ်လျှင် အတိုးနှုန်း ၁၀% သတ်မှတ်ထားသော ကျပ်ငွေ ၂၆၀,၀၀၀,၀၀၀ ပမာဏရှိသည့် ချေးငွေသစ်တစ်ရပ်လည်း ရှိပါသည်။ အဆိုပါ ချေးငွေများအတွက် အပေါင်ပစ္စည်း လက်ခံထားရှိခြင်း မရှိပါ။

အလားအလာညွှန်းတမ်း နောက်ဆုံးတင်သွင်းသည့်နေ့ရက် အထိ၊ အထက်တွင် ဖော်ပြထားသည်များမှအပ ဒါရိုက်တာအဖွဲ့အနေဖြင့် အခြားသော ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် ပြုလုပ်ထားသော ပတ်သတ်ဆောင်ရွက်မှုများကို သိရှိထားခြင်း မရှိပါ။

ကွန်ကော့ဒီးယား နှင့် ဆက်နွယ်သည့် ကုမ္ပဏီများအကြား ပတ်သက်ဆောင်ရွက်မှုများ

ကျွန်ုပ်တို့၏ ကုမ္ပဏီနှင့် ဆက်နွယ်လျက်ရှိသော ကုမ္ပဏီများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- ABMT Myanmar Company Limited (ABMT)၊
- C.I.L Company Limited (C.I.L)၊
- Myanmar Sports Holiday Company Limited (MSH) နှင့်
- Concordia Thai Company Limited

ABMT၊ C.I.L နှင့် MSH တို့၏ စာရင်းကိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေး၊ ဈေးကွက်ရှာဖွေရေးနှင့် စီမံခန့်ခွဲမှု ဝန်ဆောင်မှုဆိုင်ရာ အချို့သော လုပ်ငန်းဆောင်တာများကို ကွန်ကော့ဒီးယား (Concordia) ၏ ဝန်ထမ်းများမှ စာချုပ်အခြေခံစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယင်းဝန်ဆောင်မှုများအတွက် သက်ဆိုင်ရာ သဘောတူညီချက်များ၏ စည်းကမ်းချက်များနှင့် ကွန်ကော့ဒီးယားနှင့် ဆက်နွယ်သည့် ကုမ္ပဏီများအကြားရှိ ပတ်သက်ဆက်နွယ်သူများအကြား အရောင်းအဝယ်ပြုလုပ်ခြင်း နှင့်အညီ သင့်တင့်မျှတသော ဝန်ဆောင်ခနှုန်းထားများကို ကုမ္ပဏီမှ ကောက်ခံပါသည်။

ABMT Myanmar Company Limited (ABMT)

ABMT Myanmar Company Limited (ABMT) အား ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ ပေးရန်တာဝန်ကန့်သတ်ထားသည့် အများနှင့် မသက်ဆိုင်သော ကုမ္ပဏီအဖြစ် စတင်တည်ထောင်ခဲ့ပါသည်။ ABMT ကို ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အစုရှယ်ယာရှင်များလည်းဖြစ်ကြသည့် ဒေါက်တာသန်းဝင်း၊ ဒေါ်တင်တင်အေး၊ ဦးဘရမ်ဒန်မောင်ဝင်းနှင့် ဒေါ်အေမီမီမီဝင်း တို့မှ ၁၀၀% ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားပါသည်။ လက်ရှိတွင် ဒေါက်တာသန်းဝင်းမှ ABMT ၏ အမှုဆောင်အရာရှိချုပ် (CEO) အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ABMT ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ ကုမ္ပဏီ၏ လက်ရှိစီးပွားရေးလုပ်ငန်းများနှင့် ထပ်တူဖြစ်နေသော ဆေးဘက်ဆိုင်ရာနှင့် အင်ဂျင်နီယာဆိုင်ရာ စက်ပစ္စည်းကိရိယာများ ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်း ဖြစ်သည်။ သို့သော်လည်း ABMT မှ ဖြန့်ဖြူးရောင်းချသော ကုန်အမှတ်တံဆိပ်များနှင့် ပစ်မှတ်ထားသော ဈေးကွက်အပိုင်းအခြားများသည် ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ်၊ ဈေးကွက်များနှင့် ကွဲပြားခြားနားပါသည်။ ABMT မှ အဓိက ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုန်အမှတ်တံဆိပ် နှင့် ပစ်မှတ်ထားသော ဈေးကွက်အပိုင်းအခြားများကို အောက်တွင်ဖော်ပြထားပါသည်။

စဉ်	ကုန်အမှတ်တံဆိပ်	ကုန်ပစ္စည်းမျိုးအစား	ပစ်မှတ်ထားသော ဈေးကွက်အပိုင်းအခြားများ
၁။	Comen	လူနာစောင့်ကြည့်ရေးစနစ်များ၊ အထူးကြပ်မတ်ကုသရေးနှင့်ဆိုင်သော စက်ကိရိယာများ၊ ရောဂါရှာဖွေရေး ကိရိယာများ။	ဆေးရုံများ၊ ဆေးခန်းများ၊ အထူးကြပ်မတ်ကုသရေးနှင့် အရေးပေါ်ဌာနများ။
၂။	Fuji Wet Film	ပုံရိပ်ဖြင့် ရောဂါရှာဖွေခြင်းများတွင် အသုံးပြုသည့် ဆေးဘက်ဆိုင်ရာ ပုံရိပ်ဖော် ဖလင်များ (Imaging Films)။	ဆေးရုံများ၊ ရောဂါရှာဖွေရေး စင်တာများနှင့် ဓါတ်မှန်ဌာနများ။
၃။	Ysenmed X-ray	X-ray ပုံရိပ်ဖော်စနစ်များ နှင့် ၎င်းနှင့် ဆက်စပ်နေသော ဓါတ်မှန်ဆိုင်ရာ ကိရိယာများ။	ဆေးရုံများ၊ ဆေးခန်းများ၊ ပုံရိပ်ဖြင့် ရောဂါရှာဖွေရေး စင်တာများနှင့် ဓါတ်မှန်ရိုက်ခြင်း ကဲ့သို့ ဝန်ဆောင်မှုများ လိုအပ်သော အခြား ကျန်းမာရေး စောင့်ရှောက်မှုဌာနများ။

၄။	Biobase	ဓာတ်ခွဲခန်းနှင့် ဆေးဘက်ဆိုင်ရာ စက်ကိရိယာများ	ဆေးရုံများ၊ ဆေးဘက်ဆိုင်ရာဓာတ်ခွဲခန်းများ၊ သုတေသနအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုဌာနများ

ABMT နှင့် Concordia အကြားတွင် အဓိကအားဖြင့် အတိုးပေးရန်လိုအပ်သော ကာလတို ချေးငွေများနှင့် အရောင်းအဝယ် ပြုလုပ်မှုများ ကဲ့သို့သော ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား အရောင်းအဝယ်ပြုလုပ်မှုများ (Related Party Transactions) ရှိနေပါသည်။ ထို့ကြောင့် အစုရှယ်ယာအနည်းစုသာ ပိုင်ဆိုင်သည့် ရှယ်ယာရှင်များအပါအဝင် Concordia ၏ အစုရှယ်ယာရှင်အားလုံး၏ အကျိုးစီးပွားကို ကာကွယ်ရန်နှင့် ကုမ္ပဏီနှင့် ABMT အကြား ဆက်နွယ်သည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းများအကြား အရောင်းအဝယ်ပြုလုပ်မှုများကို လျှော့ချနိုင်ရန်အတွက် စီမံခန့်ခွဲမှုအပိုင်းမှ ရန်ကုန်စတော့အိတ်ချိန်း (YSX) တွင် စာရင်းဝင်ပြီးနောက် သင့်လျော်သော ကာလတစ်ခုအတွင်း ABMT ၏ ထိန်းချုပ်မှုအာဏာ (Controlling Interest) ကို ရယူပြီး လက်အောက်ခံကုမ္ပဏီ (Subsidiary) အဖြစ် လွှဲပြောင်းရယူရန် စီမံထားပါသည်။

C.I.L Company Limited (C.I.L)

C.I.L Company Limited ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ရောင်းချရန်နှင့် ဓာတ်ခွဲခန်းနှင့် ကျန်းမာရေး စစ်ဆေးမှု ဝန်ဆောင်မှုများ ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ပါသည်။ ၎င်းကို ဒေါက်တာသန်းဝင်း၏ တိုက်ရိုက်မိသားစုဝင်များဖြစ်ကြသော ဒေါ်ဌေးဌေးဝင်း နှင့် ဒေါ်ခင်စောဝေ တို့မှ ပိုင်ဆိုင်ပါသည်။ C.I.L မှ ရောင်းချဖြန့်ဖြူးသည့် အမှတ်တံဆိပ်များနှင့် ကုန်ပစ္စည်းအမျိုးအစား အများစုမှာ Concordia နှင့် သိသိသာသာ ကွဲပြားမှုရှိပါသည်။ C.I.L သည် လက်ရှိတွင် ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများ၌ "Quality Care" အမှတ်တံဆိပ်ဖြင့် ဓာတ်ခွဲခန်းနှင့် ကျန်းမာရေးစစ်ဆေးမှု ဝန်ဆောင်မှုများကို လုပ်ဆောင်လျက်ရှိပါသည်။ C.I.L နှင့် ပြုလုပ်သော အရောင်းအဝယ် အများစုမှာ အရောင်းကိစ္စရပ်များ ဖြစ်ကြပါသည်။

Myanmar Sports Holiday Company Limited (MSH)

Myanmar Sports Holiday Company Limited (MSH) ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်နှင့် ငွေဆောင်၌ ရေငုပ်သင်တန်းများ ပို့ချပေးရန်နှင့် ရေငုပ်ပစ္စည်း/ဆက်စပ်ပစ္စည်းများ ရောင်းချရန် ရည်ရွယ်၍ တည်ထောင်ခဲ့ပါသည်။ MSH ကို ဒေါက်တာသန်းဝင်း၊ ဒေါ်တင်တင်အေး နှင့် ဦးဘရမ်ဒန်မောင်ဝင်း တို့က ၁၀၀% ပိုင်ဆိုင်ပြီး ဒေါက်တာသန်းဝင်းမှ လက်ရှိတွင် အမှုဆောင်အရာရှိချုပ် (CEO) အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ MSH ၏ စီးပွားရေးလုပ်ငန်းသည် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းနှင့် သီးခြားစီဖြစ်ပြီး Concordia နှင့် MSH အကြားတွင် အရောင်းအဝယ်ပြုလုပ်မှုများ မရှိပါ။ သို့သော် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကုမ္ပဏီ၏ ဝန်ထမ်းများမှ MSH သို့ ကော်ပိုရိတ်ဝန်ဆောင်မှုအချို့ကို စာချုပ်အခြေခံဖြင့် ပံ့ပိုးကူညီပေးလျက်ရှိပါသည်။

Concordia Thai Company Limited

Concordia Thai Company Limited ၏ ရှယ်ယာရှင်များမှာ ဒေါက်တာသန်းဝင်း၊ ဦးဘရန်ဒန်မောင်ဝင်း နှင့် ဒေါ်အေမီမီမိုဝင်း တို့ ဖြစ်ကြသည်။ Concordia Thai Company Limited ကို တည်ထောင်သူလည်းဖြစ်၊ တစ်ဦးတည်းသော ဒါရိုက်တာလည်းဖြစ်သည့် ဒေါက်တာသန်းဝင်းက စီမံခန့်ခွဲသည်။ Concordia နှင့် Concordia Thai ကုမ္ပဏီလိမိတက်တို့အကြား မည်သည့်အရောင်းအဝယ် ပြုလုပ်ခြင်းများ မရှိခဲ့ပါ။

ကွန်ကော့ဒီးယား နှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ်များအကြား ပတ်သက်ဆောင်ရွက်မှုများ

ဆက်နွယ်သည့် ကုမ္ပဏီများနှင့် ပတ်သက်ဆောင်ရွက်မှုများ အပြင် ကွန်ကော့ဒီးယားသည် ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အစုရှယ်ယာရှင်များ ဖြစ်ကြသော ဆက်နွယ်သည့် ပုဂ္ဂိုလ်များနှင့်လည်း ပတ်သက် ဆောင်ရွက်မှုများ ရှိပါသည်။ ထိုပတ်သက်ဆောင်ရွက်မှု အများစုမှာ ကုမ္ပဏီ၏ ဒါရိုက်တာများ နှင့် အစုရှယ်ယာရှင်များ ဖြစ်ကြသည့် ဒေါက်တာသန်းဝင်း နှင့် ဒေါ်တင်တင်အေး တို့ထံမှ ရုံးခန်းအဆောက်အဦနှင့် ယာဉ်များ ငှားရမ်းခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင် ကုမ္ပဏီနှင့် ကုမ္ပဏီ၏

ဒါရိုက်တာ နှင့် အစုရှယ်ယာရှင် ဒေါ်တင်တင်အေး အကြားတွင် ရာဘာစိုက်ခင်း စီမံခန့်ခွဲမှု သဘောတူညီချက်စာချုပ်တစ်ခု ရှိပါသည်။ ဤသဘောတူစာချုပ်အရ မြေပိုင်ရှင်ဖြစ်သည့် ဒေါ်တင်တင်အေးသည် သစ်တောဦးစီးဌာနမှ ရာဘာစိုက်ပျိုးခွင့် ခွင့်ပြုချက်ရရှိထားပြီး ကွန်ကော့ဒီးယားမှ အရည်အချင်းပြည့်ဝသော အလုပ်သမားများ ထောက်ပံ့ပေးခြင်း၊ ရာဘာစိုက်ခင်း ကုန်ကျစရိတ်များ ငွေကြေးထောက်ပံ့ခြင်းနှင့် သက်ဆိုင်ရာ လည်ပတ်မှုကုန်ကျစရိတ်များ စီမံခန့်ခွဲပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ရာဘာစိုက်ခင်း စီမံခန့်ခွဲမှုလုပ်ငန်းမှ ရရှိသော အမြတ်ငွေကို ဒေါ်တင်တင်အေးနှင့် ကွန်ကော့ဒီးယား တို့ကြား အညီအမျှ ခွဲဝေမည် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို "**အပိုင်း (၃)။ အစုရှယ်ယာထုတ်ဝေသည့် ကုမ္ပဏီ၏ အချက်အလက်များ - စီးပွားရေးလုပ်ငန်းဖော်ပြချက် - အရေးကြီးသော စာချုပ်စာတမ်းများ**" တွင် ကြည့်ရှုနိုင်ပါသည်။

ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများဆိုင်ရာ မူဝါဒ

ကျွန်ုပ်တို့၏ ကုမ္ပဏီတွင် အစုရှယ်ယာ အနည်းစုသာပိုင်ဆိုင်သည့် ရှယ်ယာရှင်များ၏ အကျိုးစီးပွားများကို အကာအကွယ်ပေးရန် လိုအပ်ကြောင်း ကျွန်ုပ်တို့၏ ဒါရိုက်တာများမှ အသိအမှတ် ပြုပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ ဒါရိုက်တာများသည် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများဆိုင်ရာ မူဝါဒကို ၎င်းတို့၏ ဆန္ဒအလျောက် အတည်ပြုကျင့်သုံးခဲ့ပြီး အဆိုပါ မူဝါဒသည် ကုမ္ပဏီနှင့် ပတ်သက်ဆောင်ရွက်မှုများ ပြုလုပ်သည့် ဒါရိုက်တာများ၊ အမှုဆောင်အရာရှိများနှင့် အခြားဆက်နွယ်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအားလုံးအပေါ် သက်ရောက်မှုရှိပါသည်။ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများဆိုင်ရာ မူဝါဒသည် ဆက်နွယ်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ပတ်သက်ဆောင်ရွက်မှုများသည် သာမန် ကူးသန်းရောင်းဝယ်ရေး စံနှုန်းများနှင့် အညီဖြစ်ရေး၊ ကြားလူ/သူတစ်ပါး နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းထက် ဆက်နွယ်သည့် ပုဂ္ဂိုလ်အား ပိုမို မျက်နှာသာ ပေးသည့် စည်းကမ်းချက်များနှင့် စျေးနှုန်းများ မဖြစ်စေရေး အစရှိသော ကျွန်ုပ်တို့ ကုမ္ပဏီနှင့် ကျွန်ုပ်တို့၏ အစုရှယ်ယာ အနည်းစုသာပိုင်ဆိုင်သည့် ရှယ်ယာရှင်များ၏ အကျိုးစီးပွားတို့ကို မနစ်နာစေဘဲ အပြန်အလှန် အကျိုးစီးပွားထိခိုက်မှု မရှိစေသည့် အခြေခံမူဖြင့် ဆောင်ရွက်ရေးအတွက် လက်ခံကျင့်သုံးရန် ရည်ရွယ်ပါသည်။

ကျွန်ုပ်တို့၏ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများဆိုင်ရာ မူဝါဒအရ ပတ်သက်ဆောင်ရွက်မှုများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ၏ ပုဒ်မ ၁၈၇ နှင့် ၁၈၈ ရှိပြဋ္ဌာန်းချက်များ နှင့်အညီ ဒါရိုက်တာအဖွဲ့က ပြန်လည်သုံးသပ်ခြင်း၊ အတည်ပြုခြင်းများ ပြုရန်လိုအပ်ပြီး သာမန် ကူးသန်းရောင်းဝယ်ရေး စံနှုန်းများနှင့် အညီဖြစ်ရေး လိုက်နာဆောင်ရွက်ခြင်း ရှိမရှိကို စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ ကော်မတီ မှ သုံးလတစ်ကြိမ် ပြန်လည်သုံးသပ်ပါသည်။ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများဆိုင်ရာ မူဝါဒတွင် ဆက်နွယ်မှုမရှိသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ကုန်ပစ္စည်းရောင်းဝယ်မှုများဖြင့် စျေးနှုန်းနှိုင်းယှဉ်ခြင်း သို့မဟုတ် စံနှုန်းသတ်မှတ်ခြင်းများ ရယူရန် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထားပြီး၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၁၈၉ အရ အကျိုးခံစားခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် ထိန်းသိမ်းရန်နှင့် ပတ်သက်ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် အထောက်အထားများ၊ ဆုံးဖြတ်ရာ၌ အခြေခံခဲ့သည့် အထောက်အထားများကို ထိန်သိမ်းထားရှိရန် လိုအပ်ပါသည်။ ကုမ္ပဏီသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများ၏ စုစုပေါင်းတန်ဖိုးကို ကျွန်ုပ်တို့၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ထုတ်ဖော်ကြေညာမှု ပြုလုပ်ပါမည်။

Compliance Officer သည် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိပြီး စာရင်းစစ်ကော်မတီနှင့် ဒါရိုက်တာအဖွဲ့ထံသို့ တိုက်ရိုက်အစီရင်ခံ တင်ပြရမည် ဖြစ်ပါသည်။ Compliance Officer သည် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများကို ဖော်ထုတ်ရန်နှင့် ဖွင့်ဟကြေညာရန် တာဝန်ရှိပါသည်။

ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်ဆောင်ရွက်မှုများဆိုင်ရာ မူဝါဒကို ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့က သင့်လျော်သည်ဟု ယူဆချိန်တွင် အခါအားလျော်စွာ ပြန်လည်ပြင်ဆင်နိုင်ပါသည်။

၅.၂။ အခြားအကျိုးစီးပွားပဋိပက္ခများ

ကုမ္ပဏီများ ဥပဒေ၌ ဖော်ပြပါရှိသည့် အခြေအနေ အနည်းအကျဉ်းမှအပ အကျိုးစီးပွား ပဋိပက္ခဖြစ်နိုင်မှု များအား ကိုင်တွယ်ဖြေရှင်းစေရန် သော်လည်းကောင်း၊ ဤ စာရင်းဝင်ခြင်း နှင့် စပ်လျဉ်း၍ အကျိုးစီးပွား ပဋိပက္ခ ရှိနေနိုင်မှုများအား ဖွင့်ဟကြေညာစေရန် သော်လည်းကောင်း သတ်မှတ်သည့် ဥပဒေ စည်းမျဉ်း မူဘောင် တစ်စုံတစ်ရာ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားမှု မရှိသေးပါ။

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ဖြစ်သည့်အားလျော်စွာ ကျွန်ုပ်တို့၏ ဒါရိုက်တာများသည် ကောင်းမွန်သော ကော်ပိုရိတ် စီမံခန့်ခွဲမှု (Good Corporate Governance) ကိုပြသရန် အလို့ငှာ အောက်ပါအချက်များကို မိမိတို့သဘောဆန္ဒအလျောက် ထုတ်ဖော်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

စဉ်	ပုဂ္ဂိုလ်	ကုမ္ပဏီရှိ ရာထူး	အခြားကုမ္ပဏီများတွင်ပါဝင် ဆောင်ရွက်မှု	စီးပွားရေး လုပ်ငန်း သဘောသဘာဝ	အကျိုးစီးပွားပဋိပက္ခဖြစ်နိုင်ခြေ	အကျိုးစီးပွားပဋိပက္ခဖြစ်နိုင်ခြေ လျော့နည်းရေး ဆောင်ရွက်ချက်များ
(က) လူကြီးမင်း လျှောက်ထားသော ကမ်းလှမ်းအစုရှယ်ယာ အရေအတွက် သို့မဟုတ် ယင်းထက် လျော့နည်းသည့် အရေအတွက်ဖြင့် ခွဲဝေ/ချထားပေးခဲ့လျှင် ထိုလျော့နည်းသည့် အရေအတွက်အား ကျွန်ုပ်တို့ကုမ္ပဏီ၏ ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများ၊ လျှောက်လွှာပုံစံများနှင့် ဤအလားအလာညွှန်းတမ်းတွင် ဖော်ပြထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လက်ခံရန်နှင့် ထည့်ဝင်ရန် ပြန်လည်ရုပ်သိမ်းခြင်း မပြုဘဲ သဘောတူရာလည်း ရောက်ပါသည်၊

(ခ) လျှောက်လွှာတင်သွင်းချိန်၌ လျှောက်ထားသော ကမ်းလှမ်းအစုရှယ်ယာအရေအတွက် အလို့ငှာ (Indicative Offering Price Range အတွင်း ဘောင်ဝင်အောင်) ဖြည့်စွက်ထားသည့် bidding price အရ စုစုပေါင်း ကျသင့်ငွေသည် လူကြီးမင်း လျှောက်လွှာကိုတင်ခဲ့ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသို့ ပေးရန်အချိန် စေ့ရောက်ပြီး၊ ပေးရန်တာဝန်ရှိကြောင်း လူကြီးမင်းက သဘောတူရာလည်း ရောက်ပါသည်၊

(ဂ) လူကြီးမင်း၏လျှောက်လွှာတွင် ထည့်သွင်းကြေညာတင်ပြထားသည့် သတင်းအချက်အလက်များ တိကျ မှန်ကန်ကြောင်း ဝန်ခံကတိပြုပြီး၊ လူကြီးမင်း၏လျှောက်လွှာကို လက်ခံရန် မခံရန် နှင့်/သို့မဟုတ် လူကြီးမင်းထံ ကမ်းလှမ်းအစုရှယ်ယာ တစ်စုံတစ်ရာ ခွဲဝေချထားခြင်း ပြုရန်/မပြုရန် ဆုံးဖြတ်ရာ၌ အဆိုပါ သတင်းအချက်အလက်များအား ကျွန်ုပ်တို့ကုမ္ပဏီနှင့် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတို့က အထောက်အထားအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း အသိအမှတ်ပြု သဘောတူရာလည်း ရောက်ပါသည်၊

(ဃ) လူကြီးမင်း၏ လျှောက်ထားမှုတွင် မြန်မာနိုင်ငံပြင်ပရှိ စီရင်ပိုင်ခွင့်နယ်ပယ် တစ်ရပ်ရပ်ရှိ ဥပဒေများနှင့် အကျုံးဝင်မှု ရှိလျှင်၊ လူကြီးမင်းအနေဖြင့် ထိုသို့သော ဥပဒေများအားလုံးကို လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်း၊ လူကြီးမင်း၏ လျှောက်ထားမှုကို လက်ခံခြင်း၏ အကျိုးဆက်အဖြစ် ကျွန်ုပ်တို့ကုမ္ပဏီနှင့် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတို့အနေဖြင့် ထိုသို့သော ဥပဒေတစ်ရပ်ရပ်အား ချိုးဖောက်ရာရောက်မည် မဟုတ်ကြောင်း သဘောတူလျက် ကတိသစ္စာပြုရာလည်း ရောက်ပါသည်။

လျှောက်လွှာပုံစံများ

၁။ လျှောက်လွှာပုံစံများအား ဖြည့်စွက်ရာတွင် ဂရုစိုက်လိုက်နာရမည့် အသေးစိတ် ညွှန်ကြားချက်များအတွက် လျှောက်လွှာပုံစံများနှင့် ဤအလားအလာညွှန်းတမ်းတွင် ကြည့်ရှုပါရန် ရည်ညွှန်းအပ်ပါသည်။

ဤအလားအလာညွှန်းတမ်းနှင့် လျှောက်လွှာပုံစံများတွင် ဖော်ပြထားသည့် ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ထားခြင်းမရှိသော လျှောက်ထားမှုမှန်သမျှကိုလည်းကောင်း၊ ဖတ်၍မရသော၊ မပြည့်စုံသော၊ မှားယွင်းစွာဖြည့်စွက်ထားသော၊ နည်းလမ်းတကျ လက်မှတ်ရေးထိုး အတည်ပြုထားခြင်းမရှိသော လျှောက်ထားမှု မှန်သမျှကိုလည်းကောင်း၊ လူကြီးမင်း လျှောက်လွှာတင်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ သတ်မှတ်ထားသော ဘဏ်စာရင်းနှင့်/သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများရှိ လူကြီးမင်း၏ ငွေချေးသက်သေခံလက်မှတ်စာရင်း၌ လက်ကျန်ငွေ လုံလောက်စွာမရှိဘဲ လျှောက်ထားမှုမှန်သမျှကိုလည်းကောင်း Sole Bookrunner ၊ Sole Lead Manager and Underwriter နှင့် ကျွန်ုပ်တို့ကုမ္ပဏီတို့က ငြင်းပယ်ခွင့်ရှိသည်။ လက်ကျန်ငွေ လုံလောက်စွာ ရှိခြင်း ဆိုသည်မှာ - (Indicative Offering Price Range အတွင်း ဘောင်ဝင်အောင်) ဖြည့်စွက်ထားသည့် bidding price အရ သက်ဆိုင်ရာ လျှောက်ထားသည့် ကမ်းလှမ်းအစုရှယ်ယာအရေအတွက် အလို့ငှာ စုစုပေါင်း ကျသင့်ငွေ အတွက် ငွေစာရင်းလက်ကျန် လုံလောက်စွာ ရှိခြင်းကို ဆိုလိုသည်။

၂။ လူကြီးမင်းအနေဖြင့် လျှောက်လွှာပုံစံများအား ဖြည့်စွက်ရာတွင် အင်္ဂလိပ် ဘာသာစကား သို့မဟုတ် မြန်မာ ဘာသာစကားကို အသုံးပြုနိုင်ပါသည်။ လက်နှိပ်စက်ဖြင့် ရိုက်ကာ သို့မဟုတ် မှင်ဖြင့် ရှင်းလင်းပြတ်သားစွာ ရေးသားကာ

ဖြည့်စွက်ရမည်ဖြစ်ပြီး၊ အင်္ဂလိပ် ဘာသာစကား အသုံးပြုပါက အက္ခရာစာလုံးအကြီး (BLOCK LETTERS) တို့ကိုသာ အသုံးပြုရပါမည်။

၃။ လူကြီးမင်း အနေဖြင့် လျှောက်လွှာပုံစံပါ ကွက်လပ်များ အားလုံးတွင် ဖြည့်စွက်ရမည် ဖြစ်ပြီး၊ အကျုံးမဝင်သည့် ကွက်လပ် တစ်စုံတစ်ရာတွင် "အကျုံးမဝင်ပါ" သို့မဟုတ် "N.A." ဟု ဖြည့်စွက်ရပါမည်။

၄။ လျှောက်ထားသူသည် ၎င်း၏ အမည် အပြည့်အစုံကို ဖြည့်စွက်ရပါမည်။

လူကြီးမင်းသည် လူပုဂ္ဂိုလ် (individual) တစ်ဦးဖြစ်ပါက လူကြီးမင်း၏ (ရှိလျှင် ရှိခဲ့သည့်) နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံကူးလက်မှတ်တွင် ဖော်ပြထားသည့်အတိုင်း လူကြီးမင်း၏ အမည်အပြည့်အစုံကို ဖြည့်စွက်ရမည် ဖြစ်ပါသည်။ ထို့ပြင် လူကြီးမင်း၏ (ရှိလျှင် ရှိခဲ့သည့်) နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူကိုလည်း လျှောက်လွှာတွင် ပူးတွဲပေးရပါမည်။

လူကြီးမင်းသည် ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ/ကော်ပိုရေးရှင်း (corporation) တစ်ရပ် ဖြစ်ပါက၊ ရင်းနှီးမြှပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် မြန်မာနိုင်ငံ၏ အခြားသက်ဆိုင်ရာအာဏာပိုင်ထံ၌ မှတ်ပုံတင်ထားသည့် အမည်အပြည့်အစုံကို ဖြည့်စွက်ရပါမည်။ လူကြီးမင်း၏ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့် အညီ (ရှိခဲ့လျှင်) လူကြီးမင်း၏ ကိုယ်ပိုင်တံဆိပ် (common seal) အား လျှောက်လွှာပုံစံတွင် ခတ်နှိပ်ရပါမည်။ လူကြီးမင်း၏ လျှောက်လွှာနှင့်အတူ ထိုလျှောက်လွှာအား လက်မှတ်ရေးထိုးအတည်ပြုပြီး တင်သွင်းရန် အခွင့်အာဏာ အပ်နှင်းသည့် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူအားလည်းကောင်း၊ ယင်းသို့ လျှောက်လွှာအား တင်သွင်းရန် အခွင့်အာဏာ အပ်နှင်းခံရသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူအားလည်းကောင်း ပူးတွဲတင်သွင်းရပါမည်။

လူကြီးမင်းသည် ကုမ္ပဏီ/ကော်ပိုရေးရှင်း မဟုတ်သည့် ပုဂ္ဂိုလ်စု (unincoroprated entity) တစ်ရပ်ဖြစ်ပါက၊ မြန်မာနိုင်ငံ၏ သက်ဆိုင်ရာအာဏာပိုင်ထံ၌ မှတ်ပုံတင်ထားသည့် အမည်အပြည့်အစုံကို ဖြည့်စွက်ရပါမည်။ လူကြီးမင်း၏ လျှောက်လွှာနှင့်အတူ ထိုလျှောက်လွှာအား လက်မှတ်ရေးထိုး အတည်ပြုပြီး တင်သွင်းရန် အခွင့်အာဏာအပ်နှင်းသည့် ဒါရိုက်တာအဖွဲ့ သို့မဟုတ် အလားတူ စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူအား လည်းကောင်း၊ ယင်းသို့ လျှောက်လွှာအား တင်သွင်းရန် အခွင့်အာဏာ အပ်နှင်းခံရသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူအားလည်းကောင်း ပူးတွဲတင်သွင်းရပါမည်။

စစ်ဆေးအတည်ပြုနိုင်ရေး ကိစ္စရပ်တို့အလို့ငှာ၊ လူကြီးမင်းသည် မည်သူမည်ဝါဖြစ်ကြောင်း သက်သေပြနိုင်မည့် နောက်ထပ် အထောက်အထားစာရွက်စာတမ်း တစ်စုံတစ်ရာအား ပြသရန် Sole Bookrunner ၊ Sole Lead Manager Underwriter နှင့် ကျွန်ုပ်တို့ကုမ္ပဏီတို့က တောင်းဆိုပိုင်ခွင့်ရှိသည်။

၅။ လူကြီးမင်းသည် (လူပုဂ္ဂိုလ်တစ်ဦးဖြစ်စေ၊ ကော်ပိုရိတ်လျှောက်ထားသူဖြစ်စေ၊ မှတ်ပုံတင်ထားသည်ဖြစ်စေ သို့မဟုတ် မှတ်ပုံမတင်ထားသည်ဖြစ်စေ) လျှောက်လွှာတွင် လူကြီးမင်းသည် မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားဖြစ်သည် ဆိုသည်ကို ကြေညာရန်လိုအပ်မည်ဖြစ်ပြီး၊ ကုမ္ပဏီတစ်ခုဖြစ်ပါက မြန်မာကုမ္ပဏီများဥပဒေအရ ၎င်းသည် နိုင်ငံခြားကုမ္ပဏီ ဟုတ်မဟုတ်ကိုလည်း ကြေညာရန်လိုအပ်မည်ဖြစ်သည်။ လူကြီးမင်းသည် ကုမ္ပဏီ/ကော်ပိုရေးရှင်း မဟုတ်သည့် ပုဂ္ဂိုလ်စုတစ်ရပ်ဖြစ်လျှင် လူကြီးမင်းအနေဖြင့် ကမ်းလှမ်းအစုရှယ်ယာများ လျှောက်ထားရန်၊ ခွဝေ/ချထားခြင်းခံရရန် အရည်အချင်း ရှိမရှိကို Sole Bookrunner ၊ Sole Lead Manager and Underwriter နှင့် ကျွန်ုပ်တို့ကုမ္ပဏီတို့၏ သဘောအတိုင်း ဆုံးဖြတ်မည်ဖြစ်သည်။ လူကြီးမင်း၏ ဖြစ်တည်မှုအနေအထား/အခြေအနေ (status) ဆိုင်ရာ နောက်ထပ် အထောက်အထားစာရွက်စာတမ်း တစ်စုံတစ်ရာအား ပြသရန် ကျွန်ုပ်တို့၏ကုမ္ပဏီ၊ Sole Bookrunner ၊ Sole Lead Manager and Underwriter နှင့် ကျွန်ုပ်တို့ ကုမ္ပဏီတို့က တောင်းဆိုပိုင်ခွင့်ရှိသည်။

၆။ လျှောက်လွှာပုံစံ တစ်ခုချင်းအတွက် လူကြီမင်း အလိုရှိကြောင်း လျှောက်ထားသည့် ကမ်းလှမ်းအစုရှယ်ယာ အရေအတွက်အလို့ငှာ လူကြီးမင်းက လျှောက်လွှာတင်မည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ သတ်မှတ်ထားသော

ဘဏ်စာရင်းနှင့်/သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများရှိ လူကြီးမင်း၏ ငွေချေးသက်သေခံလက်မှတ်စာရင်း၌ လက်ကျန်ငွေ လုံလောက်စွာရှိရပါမည်။ လက်ကျန်ငွေ လုံလောက်စွာရှိခြင်း ဆိုသည်မှာ - လျှောက်လွှာတွင် (Indicative Offering Price Range အတွင်း ဘောင်ဝင်အောင်) ဖြည့်စွက်ထားသည့် bidding price အရ သက်ဆိုင်ရာ လျှောက်ထားသည့် ကမ်းလှမ်းအစုရှယ်ယာ အရေအတွက်အလို့ငှာ စုစုပေါင်းကျသင့်ငွေ အတွက် ငွေစာရင်းလက်ကျန် လုံလောက်စွာရှိခြင်းကို ဆိုလိုသည်။ လူကြီးမင်းအား ခွဲဝေပေးသည့် အစုရှယ်ယာ အရေအတွက်ကို လူကြီးမင်းထံ အကြောင်းကြားသည့် နေ့ရက်အထိ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ သတ်မှတ်ထားသော ဘဏ်စာရင်းနှင့်/သို့မဟုတ် လူကြီးမင်း၏ ငွေချေးသက်သေခံ လက်မှတ်စာရင်း၌ အဆိုပါလက်ကျန်ငွေကို ထိန်းသိမ်းထားရှိရပါမည်။ လက်ခံရရှိသော လျှောက်ထားချက်များ အတွက် လက်ခံရရှိကြောင်း မည်သည့် အသိအမှတ်ပြုချက်ကိုမျှ ထုတ်ပေးမည် မဟုတ်ပါ။

၇။ လျှောက်ထားချက်တစ်ရပ်သည် မအောင်မြင်ခြင်း သို့မဟုတ် ငြင်းပယ်ခံရခြင်း ရှိခဲ့ပါက၊ လျှောက်လွှာတင်ထားသော ငွေပမာဏအပေါ် အတိုးသော်လည်းကောင်း၊ လျှောက်လွှာတင်ထားသောငွေပမာဏမှ ရငွေ သို့မဟုတ် မည်သည့် အကျိုးခံစားခွင့်ကိုမျှ မပေးဘဲ လျှောက်လွှာတင်ထားသော ငွေပမာဏအားလုံးကို ပြန်လည်ထုတ်အမ်းပေးပါမည်။ လျှောက်ထားချက်တစ်ရပ်အား အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ဒေသသာ လက်ခံခဲ့ပါက၊ လျှောက်လွှာတင်ထားသော ငွေပမာဏများမှ လက်ကျန်ငွေများကို ယင်းငွေအပေါ် အတိုး သော်လည်းကောင်း၊ ယင်းငွေမှ ရငွေ သို့မဟုတ် မည်သည့် အကျိုးခံစားခွင့်ကိုမျှ မပေးဘဲ ပြန်လည်ထုတ်အမ်းပေးမည်ဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် ဤကမ်းလှမ်းမှုအား ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါက လျှောက်လွှာတင်ထားသော ငွေပမာဏအပေါ် အတိုး သော်လည်းကောင်း၊ လျှောက်လွှာတင်ထားသောငွေပမာဏမှ ရငွေ သို့မဟုတ် မည်သည့် အကျိုးခံစားခွင့်ကိုမျှ မပေးဘဲ လျှောက်လွှာတင်ထားသောငွေပမာဏ အားလုံးကို ပြန်လည်ထုတ်အမ်းပါမည်။

၈။ အထက် အပိုဒ်-၇ တွင် ရည်ညွှန်းသော ပြန်လည်ထုတ်အမ်းငွေများကို လျှောက်လွှာပုံစံတွင် ဖော်ပြထားသောရက် သို့မဟုတ် ဤကမ်းလှမ်းမှု စာရင်းပိတ်ပြီးနောက် တစ်လအတွင်း လျှောက်ထားသူ၌သာ ဆုံးရှုံးနိုင်ခြေအတွက် တာဝန်ထားရှိလျက် ထုတ်ပေးပါမည်။ ပြန်လည်ထုတ်အမ်းငွေ မှန်သမျှကို လျှောက်လွှာတင်သွင်းခဲ့သော သက်ဆိုင်ရာငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ၏ ဘဏ်ငွေလွှဲနည်းဖြင့် ထုတ်ပေးပါမည်။

၉။ ဤလျှောက်လွှာပုံစံအား ဖြည့်စွက်ကာ ပေးပို့ခြင်းဖြင့် လူကြီးမင်းသည် အောက်ပါတို့ကို သဘောတူရာရောက်ပါသည် -

(က) လူကြီးမင်း၏ လျှောက်ထားမှုအား ပြန်လည်ရုပ်သိမ်းခွင့် မရှိကြောင်း၊

(ခ) ဤကမ်းလှမ်းမှုအရ ဖြစ်ပေါ်သည့် လျှောက်ထားမှု၊ လက်ခံမှု သို့မဟုတ် ပဋိညာဉ်ပြုမှု အားလုံးကို မြန်မာနိုင်ငံ၏ ဥပဒေများက လွှမ်းမိုးပြီး၊ ယင်းတို့နှင့်အညီ အဓိပ္ပာယ်မှတ်ယူရမည်ဖြစ်ကြောင်းနှင့်၊ လူကြီးမင်း အနေဖြင့် မြန်မာနိုင်ငံတရားရုံးတို့၏ ကန့်သတ်ထားခြင်းမရှိသော စီရင်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းမပြု ကြောင်း၊

(ဂ) ကွန်ပ်တို့ကုမ္ပဏီ ကိုယ်တိုင် သို့မဟုတ် ကိုယ်စား တစ်စုံတစ်ရာ ငွေပေးချေရှင်းလင်းရန် တင်ပြစေကာမူ၊ လူကြီးမင်း၏ လျှောက်လွှာတွင် ထည့်ဝင်ရန် အဆိုပြုထားပြီး၊ ငြင်းပယ်မခံရသော ကမ်းလှမ်းအစုရှယ်ယာများ အတွက် လျှောက်ထားမှုအား လက်ခံခြင်းကို ကွန်ပ်တို့၏ ကုမ္ပဏီ ကိုယ်တိုင် သို့မဟုတ် ကိုယ်စား အကြောင်းကြားစာဖြင့်မှတပါး အခြား မည်သည့်နည်းဖြင့်မျှ လုပ်ဆောင်မည် မဟုတ်ကြောင်း၊

(ဃ) လူကြီးမင်း၏ လျှောက်ထားမှုအား လက်ခံလိုက်ပြီးသည့်နောက်ပိုင်း မည်သည့်အချိန်၌ဖြစ်စေ တလွဲတင်ပြခဲ့မှု (misrepresentation) အား ပယ်ဖျက်ကုစားခွင့် တစ်စုံတစ်ရာကို လူကြီးမင်း ရရှိတော့မည် မဟုတ်ကြောင်း၊

(င) အလားအလာညွှန်းတမ်းပါ သတင်းအချက်အလက်တို့ကိုသာ လူကြီးမင်းက ယုံကြည်အားထားခဲ့ကြောင်း၊ ကွန်ပ်တို့၏ကုမ္ပဏီရှိ မည်သူတစ်ဦးတစ်ယောက်မျှနှင့် ဤကမ်းလှမ်းမှုတွင် ပါဝင်ပတ်သက်သော အခြား မည်သူ တစ်ဦးတစ်ယောက်မျှသည် ဤအလားအလာညွှန်းတမ်းတွင် မပါရှိသော သတင်းအချက်အလက် တစ်စုံတစ်ရာအတွက် မည်သည့်တာဝန်မျှ ရှိမည်မဟုတ်ကြောင်း၊

(စ) လူကြီးမင်း၏ လျှောက်လွှာပုံစံတွင် ဖော်ပြလျှောက်ထားသည့် ကမ်းလှမ်းအစုရှယ်ယာ အရေအတွက်အား ဖြစ်စေ၊ မိမိ၏ လျှောက်ထားချက် အလို့ငှာ ယင်းထက် လျော့နည်းကာ ခွဲဝေချထားသည့် ကမ်းလှမ်းအစုရှယ်ယာ

အရေအတွက်အား ဖြစ်စေ၊ ထည့်ဝင်ရန် မရှိပ်သိမ်းပဲ သဘောတူ တာဝန်ယူကြောင်း၊ လျှောက်ထားခဲ့သည်ထက် လျော့နည်းသည့် ကမ်းလှမ်းအစုရှယ်ယာ အရေအတွက်အား လူကြီးမင်းထံ ခွဲဝေချထားရန် ဖြစ်စေ၊ ကမ်းလှမ်းအစုရှယ်ယာ တစ်ခုမျှ လူကြီးမင်းထံ ခွဲထားချထားခြင်း မပြုရန် ဖြစ်စေ၊ ကျွန်ုပ်တို့၏ ကုမ္ပဏီနှင့် Sole Bookrunner ၊ Sole Lead Manager and Underwriter တို့က ဆုံးဖြတ်ခဲ့လျှင်၊ ထိုဆုံးဖြတ်ချက်အား အပြီးသတ်အဖြစ် လူကြီးမင်း လက်ခံမည်ဖြစ်ကြောင်း။

လျှောက်လွှာပုံစံများ တင်သွင်းခြင်း

၁။ ကမ်းလှမ်းအစုရှယ်ယာများအတွက် လူကြီးမင်း၏လျှောက်ထားမှုကို သတ်မှတ်ပေးထားသည့် တရားဝင်လျှောက်လွှာပုံစံများဖြင့်သာ လျှောက်ထားတင်သွင်းရပါမည်။

၂။ လူကြီးမင်းအနေဖြင့် -

(က) နည်းလမ်းတကျ ဖြည့်စွက်ကာ လက်မှတ် ရေးထိုးထားပြီးဖြစ်သည့် လူကြီးမင်း၏ လျှောက်လွှာပုံစံအား၊ အောက်ပါတို့နှင့်အတူ စာအိတ်အတွင်း ထည့်လျက်တင်သွင်းရပါမည် -

(၁) လူကြီးမင်းသည် လူပုဂ္ဂိုလ်ဖြစ်ပါက၊ လူကြီးမင်း၏ (ရှိလျှင် ရှိခဲ့သည့်) နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊

(၂) လူကြီးမင်းသည် ကုမ္ပဏီ/ကော်ပိုရေးရှင်းဖြစ်ပါက၊ လျှောက်လွှာပုံစံအား လက်မှတ်ရေးထိုး အတည်ပြုပြီး တင်သွင်းရန် အခွင့်အာဏာအပ်နှင်းသည့် ဒါရိုက်တာအဖွဲ့ ဆုံးဖြတ်ချက်၏ မိတ္တူနှင့် (ဆီလျော်သကဲ့သို့) လျှောက်လွှာပုံစံတင်သွင်းရန် အခွင့်အာဏာအပ်နှင်းခံရသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊

(၃) လူကြီးမင်းသည် ကုမ္ပဏီ/ကော်ပိုရေးရှင်း မဟုတ်သော ပုဂ္ဂိုလ်စုဖြစ်ပါက၊ လျှောက်လွှာပုံစံအား လက်မှတ်ရေးထိုး အတည်ပြုပြီး တင်သွင်းရန် အခွင့်အာဏာအပ်နှင်းသည့် ဒါရိုက်တာအဖွဲ့ သို့မဟုတ် အခြားအလားတူ စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူနှင့် လျှောက်လွှာပုံစံ တင်သွင်းရန် အခွင့်အာဏာအပ်နှင်းခံရသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ။

(ခ) လူကြီးမင်း၏လျှောက်လွှာကို တင်သွင်းမည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများက ညွှန်ပြသတ်မှတ်ပေးထားသည့် သက်ဆိုင်ရာ ရုံးခွဲလိပ်စာကို စာအိတ်ပေါ် ရေးသားရပါမည်၊


(ဂ) လူကြီးမင်း၏လျှောက်လွှာနှင့် လိုအပ်သော အထောက်အကူပြုစာရွက်စာတမ်းများ ထည့်သွင်းထားသည့် စာအိတ်အား လုံခြုံစွာ ပိတ်ရပါမည်၊

(ဃ) လူကြီးမင်း၏ လုံခြုံစွာပိတ်ထားပြီးဖြစ်သော စာအိတ်အား ယင်းအတွင်း ထည့်သွင်းထားသည့် စာရွက်စာတမ်းများနှင့်တကွ၊ ဤအလားအလာညွှန်းတမ်းအတွင်း ညွှန်ပြသတ်မှတ်ပေးထားသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ ရုံးခွဲတစ်ခုခုသို့ ကိုယ်တိုင်လက်ရောက် ပေးအပ်သည့်နည်းဖြင့် သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(များ) မှ လက်ခံသော တခြားသော ဆက်သွယ်ရေး နည်းလမ်းများဖြင့် ဖြစ်စေ၊ လူကြီးမင်း၏တာဝန်ယူမှုဖြင့် ပေးပို့ရပါမည်၊

(င) လူကြီးမင်း၏ လျှောက်လွှာနှင့်တကွ လိုအပ်သောအထောက်အထားများ ပါရှိလျက် လုံခြုံစွာ ပိတ်ထားပြီးဖြစ်သည့် စာအိတ်သည် [၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်] [နေ့လည် ၂:၀၀] နာရီအထိ သို့တည်းမဟုတ် ကျွန်ုပ်တို့ကုမ္ပဏီ က Sole Bookrunner ၊ Sole Lead Manager and Underwriter နှင့် တိုင်ပင်လျက် ရွေးချယ်ဆုံးဖြတ်သည့် အခြား နေ့ရက် အချိန်နာရီအား နောက်ဆုံးထားလျက် ရောက်ရှိရမည် ဖြစ်ပါသည်။ အဆိုပါ နေ့ရက် အချိန်နာရီ နောက်ပိုင်းမှ ရောက်ရှိသည့် လျှောက်ထားချက်မှန်သမျှကို ငြင်းပယ်မည်ဖြစ်ပါသည်။ လက်ခံရရှိသော လျှောက်ထားချက် တစ်စုံတစ်ရာအတွက် လက်ခံရရှိကြောင်း မည်သည့် အသိအမှတ်ပြုချက်ကိုမျှ ထုတ်ပေးမည် မဟုတ်ပါ။




ဒေါက်တာသန်းဝင်း



ဒေါ်တင်တင်အေး



ဦးဘရမ်ဒန်မောင်ဝင်း




ဒေါ်အေမီ မိမိဝင်း



ဒေါက်တာသာထွန်းဦး



ဒေါ်လင်းလင်းတင်ထွန်း



ဦးမင်းဟန်ထွန်း

နောက်ဆက်တွဲ

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများ

ငွေကြေး- မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

ဝင်းသင်နှင့်အဖွဲ့လီမိတက်
စာရင်းစစ်များ

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်
ဘဏ္ဍာရေးရှင်းတမ်းများ

မာတိကာ	**စာမျက်နှာ**
စီမံအုပ်ချုပ်သူများ၏တာဝန်တင်ပြချက်	၁
ပြင်ပစာရင်းစစ်အစီရင်ခံစာ	၂-၅
ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း	၆
ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း	၇
အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း	၈
ငွေသားစီးဆင်းမှုရှင်းတမ်း	၉-၁၀
ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများ	၁၁-၃၃

CONCORDIA
OA,Medical,Engineering
Co Rego/Tax No : 177703591
Hotline : 09- 880 441 060
ISO Certified 9001: 2015 No. 746942

Concordia Public Co., Ltd.

YGN : Bld 11, MICT Park, Hlaing Tsp, Yangon Tel : 01-654 951~8
MDY : C 3, Thiri Mingalar Housing, 27St, B/t 73 x 74 St, Chan Aye Tharzan Tsp, Mandalay. Tel : 02-406 9303
NPT : 144, Thiri Yadanar Shopping Complex, Zabu Thiri Tsp, Nay Pyi Taw. Tel: 067-420 819 / 09-660 723 512
TGI : No.Ma /434, Mingalaroo Ward, Mingalar Street, Taunggyi. Tel: 09-444 406 318
MGW : 67-D, Makyeepin Street, Kan Thar Qtr, Magway. Tel: 09-687944101 / 09-793677561

Facebook Concordia Int Co Ltd, Myanmar
Website www.concrodiamyanmar.com

SR- 008871

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက် အတွက် စီမံအုပ်ချုပ်သူများ၏တာဝန်တင်ပြချက်

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက် (ကုမ္ပဏီ) ၏ ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေအလုံးစုံ ပါဝင်သော ရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသောစာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ်နှင့် အခြားရှင်းလင်း ဖော်ပြထားသော မှတ်စုများပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်သာ ဖြစ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများသည် -

- ဆီလျော်သော စာရင်းဆိုင်ရာမူဝါဒများအားရွေးချယ်၍ တသမတ်တည်း ကျင့်သုံးခြင်းနှင့်
- အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့် ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းတို့ကို ပြုလုပ်ရန်လိုအပ်ပါသည်။

ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေမှန်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာဖော်ပြရန်အလို့ငှာ စီမံအုပ်ချုပ်သူများ အနေဖြင့် သင့်လျော်သောစာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ ကုမ္ပဏီ၏ ရပိုင်ခွင့်များကို လုံခြုံမှုရှိစေရန်နှင့် မသမာမှုများနှင့် ပုံမှန်မဟုတ်သော မှားယွင်းမှုများကို ကာကွယ်ဖော်ထုတ်နိုင်ရန် ၎င်းအတွက် သင့်လျော်သလို ဆောင်ရွက်ရန် ကျွန်ုပ်တို့တွင် အထွေထွေ တာဝန်ရှိပါသည်။

စီမံအုပ်ချုပ်သူများကိုယ်စား

အမှုဆောင်အရာရှိချုပ်
ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက်

နေ့စွဲ။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်။

ဝင်းသင်နှင့်အဖွဲ့လီမိတက်
WIN THIN & ASSOCIATES LTD
CERTIFIED PUBLIC ACCOUNTANTS
Room (2B/2C) 1st Floor, Rose Condominium, No. 182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel: 95-1-8201798, 8296164, Fax: 95-1-8245671 Email: info@winthinassociates.com

စာအမှတ် - ၅၂၄/စီ-၁၁၂/မတ်လ ၂၀၂၄

ပြင်ပစာရင်းစစ်အစီရင်ခံစာ

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များ

ဘဏ္ဍာရေးရှင်းတမ်းများ စာရင်းစစ်ဆေးမှုအပေါ် အစီရင်ခံစာ

စာရင်းစစ်ထင်မြင်ယူဆချက်

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (ကုမ္ပဏီ) ၏ ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း နှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသား စီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသောစာရင်း ဆိုင်ရာမူဝါဒများ အကျဉ်းချုပ်ပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများ အပေါ်မှတ်စုများကို စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

ပူးတွဲပါ ဘဏ္ဍာရေးရှင်းတမ်းများသည် ကုမ္ပဏီ၏ ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေး အခြေအနေ၊ ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်နှင့် ငွေသားစီးဆင်းမှုများကို မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards)နှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခြေအနေအမှန်ကို သင်တင့်လျောက်ပတ်စွာ ဖော်ပြထားကြောင်း ကျွန်တော်များစာရင်းစစ်အဖွဲ့ ထင်မြင်ယူဆပါသည်။

စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေခံမူ

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် နိုင်ငံတကာစာရင်းစစ်ဆိုင်ရာစံများနှင့်အညီ စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစံများအရ ကျွန်တော်များအဖွဲ့၏တာဝန်များကို ဤအစီရင်ခံစာ၏ ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းစစ်ဆေးခြင်းအတွက် စာရင်းစစ်၏ တာဝန်ကဏ္ဍတွင် ထပ်မံဖော်ပြထားပါသည်။ ကျွန်တော်များစာရင်းစစ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ဘဏ္ဍာရေး ရှင်းတမ်းများကို စာရင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့်အညီ ကုမ္ပဏီနှင့် သီးခြားလွတ်လပ်စွာ ရပ်တည်ခဲ့ပြီး အခြားသော ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ခဲ့ပါသည်။ ကျွန်တော်များစာရင်းစစ်အဖွဲ့ ရရှိခဲ့သော စာရင်းစစ် အထောက်အထားများ သည် ကျွန်တော်များစာရင်းစစ်အဖွဲ့၏ စာရင်းစစ်ထင်မြင်ယူဆချက် အတွက် အခြေခံမူပြုရန် လုံလောက် သင့်လျော်သည်ဟု ယုံကြည်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများအတွက် စီမံအုပ်ချုပ်သူများနှင့် စီမံခန့်ခွဲမှုကြီးကြပ်သူများ၏တာဝန်

ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards)နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပြီး လိမ်လည်မှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှ ကင်းရှင်းသော ဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲနိုင်ရန်၊ လုပ်ငန်းတွင်းထိန်းချုပ်မှု အစီအစဉ်ကို စီမံအုပ်ချုပ်သူများမှ ချမှတ်ထားရှိရန် လိုအပ်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများသည် ကုမ္ပဏီကို ဖျက်သိမ်းရန် သို့မဟုတ် လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းရန် ရည်ရွယ်မှုမရှိလျှင် သို့မဟုတ် ထိုသို့လုပ်ဆောင်ရန်မှလွဲ၍ လက်တွေ့ကျသော အခြားရွေးချယ်စရာမရှိမှု မရှိလျှင် ကုမ္ပဏီ၏ ဆက်လက်လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ခြင်း၊ ဆက်လက်လုပ်ဆောင်နိုင်မှု အခြေအနေနှင့်ပတ်သက်သည့်ကိစ္စများကို ထုတ်ဖော်ခြင်းနှင့် ဆက်လက်လုပ်ဆောင်နိုင်မှုနှင့် သက်ဆိုင်သည့် စာရင်းကိုင်မှုများကို အသုံးပြုခြင်းတို့သည် စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။

စီမံခန့်ခွဲမှုကြီးကြပ်သူများ၏ တာဝန်သည် ကုမ္ပဏီ၏ ဘဏ္ဍာရေးအစီရင်ခံခြင်း လုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲရန်တာဝန်ရှိပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးခြင်းအတွက် စာရင်းစစ်၏တာဝန်

ကျွန်တော်များ၏ ရည်ရွယ်ချက်မှာ လိမ်လည်မှု၊ မှားယွင်းမှုကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ တစ်ခုလုံးသည် အရေးပါသောမှားယွင်းစွာဖော်ပြမှုများမှ ကင်းရှင်းကြောင်း၊ ကျိုးကြောင်းဆီလျော် သေချာမှု ရရှိရန်နှင့် ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက် ပါဝင်သော စာရင်းစစ်အစီရင်ခံစာကို ထုတ်ပြန်ရန် ဖြစ်ပါသည်။ ကျိုးကြောင်းဆီလျော်သေချာမှုဆိုသည်မှာ မြင့်မားသောအဆင့် သေချာမှုဖြစ်သော်လည်း နိုင်ငံတကာ စာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ဆေးရာတွင် တည်ရှိနေသော အရေးပါသည့် မှားယွင်းဖော်ပြချက်အား အမြဲတွေ့ရှိမည်ဟု အာမခံချက်ပေးခြင်းမဟုတ်ပါ။ မှားယွင်းဖော်ပြမှုများသည် လိမ်လည်မှု၊ မှားယွင်းမှုတို့ကြောင့် ဖြစ်ပေါ်လာနိုင်ပြီး မှားယွင်းဖော်ပြမှုများသည် တစ်ခုခြင်း သို့မဟုတ် စုပေါင်းခြင်းအားဖြင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသုံးပြုသူများ၏ စီးပွားရေးဆိုင်ရာဆုံးဖြတ်ချက်များကို ကျိုးကြောင်းဆီလျော်စွာ သြဇာလွှမ်းမိုးနိုင်ခဲ့ပါက အရေးပါသည်ဟု စဉ်းစားပါသည်။

နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျွန်တော်များသည် စာရင်းစစ်ဆေးမှု တစ်လျှောက် အတတ်ပညာပိုင်းဆိုင်ရာ ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းကို ကျင့်သုံးရန်နှင့် အတတ်ပညာရှင်ဆိုင်ရာ သံသယစိတ် ထားရှိရန်ဖြစ်ပါသည်။ ကျွန်တော်များသည်

- လိမ်လည်မှု၊ မှားယွင်းမှုကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသော မှားယွင်းစွာ ဖော်ပြမှု အန္တရာယ်များအား ဖော်ထုတ်ရန်နှင့် အကဲဖြတ်ရန်၊ အဆိုပါအန္တရာယ်များအား တုံ့ပြန်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများရေးဆွဲဆောင်ရွက်ရန်၊ ကျွန်တော်များ၏ စာရင်းစစ် ထင်မြင်ယူဆချက် အတွက် အခြေခံမူပြုရန် လုံလောက် သင့်လျော်သော စာရင်းစစ် အထောက်အထားများ ရယူရန်ဖြစ်ပါသည်။ လိမ်လည်မှုအရ ဖြစ်ပေါ်သောအရေးပါသည့် လွဲမှားဖော်ပြမှုများအား ဖော်ထုတ်မှုမပြုနိုင်ခြင်း အန္တရာယ်သည် မှားယွင်းမှု

ကြောင့်ဖြစ်ပေါ်သော အန္တရာယ်ထက် ပိုမိုမြင့်မားပါသည်။ အကြောင်းအရင်းမှာ လိမ်လည်မှုတွင် ပူးပေါင်းကြံစည်ခြင်း၊ အတုပြုလုပ် ခြင်း၊ ရည်ရွယ်ချက်ရှိရှိ ထိန်ချန်ထားခြင်း၊ လွဲမှားထွက်ဆိုခြင်း သို့မဟုတ် ဌာနတွင်းကြီးကြပ်မှု စနစ်အား ကျော်လွှားခြင်းတို့ ပါဝင်နိုင်သောကြောင့် ဖြစ်ပါသည်။

- အခြေအနေနှင့်သင့်လျော်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် စာရင်းစစ်ဆေးရာတွင် ဌာနတွင်း ကြီးကြပ်မှုစနစ်အား နားလည်ရန်လိုအပ်သော်လည်း ကုမ္ပဏီ၏ ဌာနတွင်း ကြီးကြပ်မှုစနစ် ထိရောက်မှုအပေါ် စာရင်းစစ်ထင်မြင်ယူဆချက် ပေးရန် မရည်ရွယ်ပါ။

- စီမံအုပ်ချုပ်သူများမှ ပြုလုပ်သော စာရင်းခန့်မှန်းခြေများနှင့် သက်ဆိုင်ရာထုတ်ဖော်ချက်များ၏ ကျိုးကြောင်းဆီလျော်မှုနှင့် အသုံးပြုထားသော စာရင်းဆိုင်ရာမူဝါဒများ သင့်လျော်မှုကို အကဲဖြတ်ပါသည်။

- စီမံအုပ်ချုပ်သူများမှ အသုံးပြုသည့် လုပ်ငန်းဆက်လက်လုပ်ဆောင်မှု စာရင်းအခြေခံမူ၏ သင့်လျော်မှုနှင့် ရယူထားသော စာရင်းစစ်အထောက်အထားများပေါ်မူတည်၍ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆက်လက် လုပ်ဆောင်နိုင်မှုအပေါ် ထင်ရှားသောသံသယများ ဖြစ်စေနိုင်သည့် အရေးပါသော မသေချာသည့် အဖြစ်အပျက် အခြေအနေရှိ/မရှိ သုံးသပ်ပါသည်။ အရေးပါသော မသေချာသည့် အခြေအနေရှိခဲ့သည်ဟု သုံးသပ်ပါက ကျွန်တော်များအနေဖြင့် ဘဏ္ဍာရေးရှင်းတမ်းများတွင် ဖော်ပြထားသော အဆိုပါထုတ်ဖော်ချက်အား စာရင်းစစ်အစီရင်ခံစာတွင် ရည်ညွှန်းဖော်ပြရန် လိုအပ်ပါသည်။ အကယ်၍ အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းများတွင် ဖော်ပြထားသော ထုတ်ဖော်ချက်များသည် လုံလောက်မှုမရှိပါက ကျွန်တော်များ၏ စာရင်းစစ်အစီရင်ခံစာအား ပြင်ဆင်ရန် လိုအပ်ပါသည်။ ကျွန်တော်များ၏ သုံးသပ်ချက်သည် စာရင်းစစ်အစီရင်ခံစာထုတ်ပြန်သည့်နေ့အထိ ရရှိထားသော စာရင်းစစ် အထောက်အထားများအပေါ် အခြေခံပါသည်။ သို့သော် အနာဂတ်အဖြစ်အပျက် သို့မဟုတ် အခြေအနေများသည် ကုမ္ပဏီအား လုပ်ငန်းဆက်လက် လုပ်ဆောင်မှုကို ရပ်စဲရန် ဖြစ်ပေါ်စေနိုင် ပါသည်။
- ဘဏ္ဍာရေးရှင်းတမ်းများ၏ ထုတ်ဖော်ပြသချက်များ အပါအဝင် ယေဘုယျတင်ပြမှု၊ ဖွဲ့စည်းမှု၊ ပါဝင်မှုများနှင့် ဘဏ္ဍာရေးရှင်းတမ်းများသည် အခြေခံလုပ်ဆောင်ချက်များနှင့် အဖြစ်အပျက်များအား သင့်လျော်သည့်ပုံစံဖြင့် တင်ပြထားခြင်းရှိ၊ မရှိ သုံးသပ်ပါသည်။

ကျွန်တော်များသည် စာရင်းစစ်ဆေးစဉ်အတွင်း တွေ့ရှိခဲ့သော ဌာနတွင်းကြီးကြပ်မှုစနစ်၏ အရေးပါသော အားနည်းချက်များအပါအဝင် အရေးပါသောစာရင်းစစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်နယ်ပယ်နှင့် အချိန်အတိုင်းအတာ၊ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲမှုကြီးကြပ်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

အခြားဥပဒေနှင့်စည်းကမ်းချက်ဆိုင်ရာလိုအပ်ချက်များအပေါ် အစီရင်ခံခြင်း

ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ

(၁) လိုအပ်သောသတင်းအချက် အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း၊

(၂) ကျွန်တော်များအဖွဲ့၏ အစစ်ဆေးခံကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၂၅၈ နှင့်အညီ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

ဝင်းသင်နှင့်အဖွဲ့လီမိတက် စာရင်းစစ်များ သက်မှတ်ချုပ်ညွှန်ကြားရေးမှူး

နော်ချယ်ရီဖော (ပီအေပီပီ - ၅၉၈)
အစုဝင်
ဝင်းသင်နှင့်အဖွဲ့ လီမိတက်
စာရင်းစစ်လုပ်ငန်းမှတ်ပုံတင်အမှတ် အေစီစီ ၀၀၈

နေ့စွဲ။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်။

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

	မှတ်စု	၂၀၂၄	၂၀၂၃
ရပိုင်ခွင့်များ			
လက်ငင်းမဟုတ်သောရပိုင်ခွင့်များ			
ပုံသေပိုင်ပစ္စည်း	၆	၂,၅၈၈,၇၈၀	၂,၀၄၅,၄၃၁
ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်မှုပစ္စည်း	၇	၂၉,၉၄၇	၂၈,၃၅၇
အခြားရင်းနှီးမြုပ်နှံမှု	၈	၃၅၁,၃၇၅	၃၆၂,၇၇၅
Biological assets	၉	၆၁,၄၄၄	၆၁,၄၄၄
		၃,၀၃၁,၅၆၆	၂,၄၉၈,၀၀၇
လက်ငင်းရပိုင်ခွင့်များ			
ငွေနှင့်ငွေသားညီမျှခြင်းများ	၁၀	၁,၈၀၈,၃၁၃	၉၂၉,၆၁၅
ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ	၁၁	၇,၆၄၆,၆၄၄	၅,၇၇၆,၃၂၈
ကုန်လက်ကျန်များ	၁၂	၁၁,၇၄၈,၇၀၅	၁၀,၇၉၇,၈၁၂
		၂၁,၂၀၃,၆၆၂	၁၇,၅၀၃,၇၅၅
		၂၄,၂၃၅,၂၀၈	၂၀,၀၀၁,၇၆၂
ရင်းနှီးငွေနှင့်ပေးရန်တာဝန်များ			
ရင်းနှီးငွေ			
ထုတ်ဝေပေးသွင်းပြီးအစုရှယ်ယာရင်းနှီးငွေ	၁၃	၄,၀၀၀,၀၀၀	၅,၀၀၀
အမြတ်လက်ကျန်များ		၁၂,၈၉၁,၆၉၃	၁၄,၅၇၅,၆၉၇
		၁၆,၈၉၁,၆၉၃	၁၄,၅၈၀,၆၉၇
ပေးရန်တာဝန်များ			
လက်ငင်းပေးရန်တာဝန်များ			
ချေးယူငွေများ	၁၄	၂၇၈,၃၅၂	၁,၈၃၂,၅၈၁
ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ	၁၅	၇,၀၆၅,၁၆၃	၃,၅၈၈,၄၈၄
		၇,၃၄၃,၅၁၅	၅,၄၂၁,၀၆၅
		၂၄,၂၃၅,၂၀၈	၂၀,၀၀၁,၇၆၂

စာမျက်နှာ ၁၁ မှ ၃၃ အထိရှိ ဘဏ္ဍာရေးရှင်းတမ်းများ အပေါ်မှတ်စုများကိုကြည့်ရန်။

ဒေါက်တာသန်းဝင်း
အမှုဆောင်အရာရှိချုပ်

ဒေါ်တင်တင်အေး(ခ)ဒေါ်မိမိတင်တင်အေး
ဒါရိုက်တာ

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း
ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

	မှတ်စု	၂၀၂၄	၂၀၂၃
ဝင်ငွေ	၁၆	၁၇,၅၉၈,၂၉၇	၁၅,၇၈၁,၀၂၄
ရောင်းကုန်တန်ဘိုး	၁၇	(၉,၁၃၃,၃၃၆)	(၈,၅၉၆,၇၂၂)
အကြမ်းအမြတ်		၈,၄၆၄,၉၆၁	၇,၁၈၄,၃၀၂
အခြားဝင်ငွေ	၁၈	၂၆၅,၂၈၃	၅၀,၃၁၃
ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှ အမြတ်	၁၉	၅၀,၅၇၆	၂၈,၂၃၇
နိုင်ငံခြားငွေလဲလှယ်နှုန်း အမြတ်/(အရှုံး)	၂၀	(၁၅,၆၈၆)	(၁,၂၂၆,၅၁၈)
ဈေးကွက်ရှာဖွေခြင်းနှင့် ဖြန့်ဖြူးမှုစရိတ်	၁၇	(၈၂၄,၉၁၀)	(၆၄၉,၇၇၈)
စီမံခန့်ခွဲမှုနှင့် အခြားစရိတ်	၁၇	(၄,၅၉၁,၅၁၆)	(၄,၄၇၇,၁၄၇)
ဘဏ္ဍာရေးစရိတ်		(၁၇၆,၆၁၆)	(၁၄၀,၁၅၂)
တစ်နှစ်တာအတွက်အမြတ်		၃,၁၇၂,၀၉၂	၇၆၉,၂၅၇
(နှုတ်) ဝင်ငွေခွန်စရိတ်	၂၁	(၈၂၇,၀၄၄)	(၃၀၄,၇၉၅)
တစ်နှစ်တာအတွက်အသားတင်အမြတ်		၂,၃၄၅,၀၄၈	၄၆၄,၄၆၂
တစ်နှစ်တာအတွက်အခြားဝင်ငွေအလုံးစုံ		–	–
တစ်နှစ်တာအတွက်စုစုပေါင်းဝင်ငွေအလုံးစုံ		၂,၃၄၅,၀၄၈	၄၆၄,၄၆၂

စာမျက်နှာ ၁၁ မှ ၃၃ အထိရှိ ဘဏ္ဍာရေးရှင်းတမ်းများ အပေါ် မှတ်စုများကိုကြည့်ရန်။

১৯৪০	১৯৫৫	০০০
৮৯৫	৯৯৫	–
৫২৮	৫৫৫	০০০
(১৫৬)	(১৫৬)	–
৪৯৫	৯৫৬	০০০

২৯৫	২৯৫	০০০
৩৬০	৩৬২	–
–	(০০০)	০০০
৫৬৫	৫৬৫	০০০
(৭৩০)	(৭৩০)	–
১৯৫	১৯৫	০০০

২০২১	২০২০

ব্যবসায়ের উদ্দেশ্যে ব্যবহৃত নয় এমন সম্পত্তি থেকে আয়ের উপর কর অব্যাহতি

২৫০	২৫০
১৫০	১৫০
১০০	১০০
৫০	৫০
৫০	৫০
১০০	১০০
১০০	১০০

মোট অব্যাহতিপ্রাপ্ত আয় (ক২) ৫০০ ৫০০

২৫০	২৫০
১৫০	১৫০
১০০	১০০
৫০	৫০
৫০	৫০
১০০	১০০
১০০	১০০

মোট অব্যাহতিপ্রাপ্ত আয় (ক২) ৫০০ ৫০০

(চলতি অর্থবছর) উপকরণ ও যন্ত্রপাতি - যোগফল

মোট অব্যাহতিপ্রাপ্ত আয় (ক২) ৫০০ ৫০০

ব্যবসায়ের উদ্দেশ্যে ব্যবহৃত নয় এমন সম্পত্তি থেকে আয়ের উপর কর অব্যাহতি

၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ငွေသားစီးဆင်းမှုရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

	မှတ်စု	၂၀၂၄	၂၀၂၃
လုပ်ငန်းဆောင်ရွက်ချက်များမှငွေသားစီးဆင်းမှုများ			
အခွန်မနှုတ်မီအသားတင်အမြတ်		၃,၁၇၂,၀၉၂	၇၆၉,၂၅၆
ငွေသားမဟုတ်သော ကိုက်ညီရေးဆွဲချက်များ-			
ယခင်နှစ်နှင့်ဆိုင်သော စာရင်းညှိနှိုင်းချက်		(၃၄,၀၅၂)	(၇၂၈,၄၂၄)
ကုန်လက်ကျန်မှ ပုံသေပိုင်ပစ္စည်းသို့စာရင်းပြောင်းရွှေ့ခြင်း		(၃၃၁,၃၈၂)	(၂၅၇,၈၀၆)
စာရင်းညှိနှိုင်းချက်			
တန်ဖိုးလျော့	၆,၇	၅၄၆,၀၁၉	၅၇၀,၃၈၉
ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှ အမြတ်		(၅၀,၃၈၃)	(၂၈,၂၃၇)
ကုန်လက်ကျန် ဖျက်သိမ်းမှု		၂၄,၁၁၅	၁၇၀,၆၇၀
MES ပုံသေပိုင်ပစ္စည်း စာရင်းညှိနှိုင်းချက်		(၂၀၅)	၁,၂၄၃
လှည့်လည်ရင်းနှီးငွေပြောင်းလဲမှုမတိုင်ခင်လုပ်ငန်းဆောင်ရွက်ချက်အမြတ်		၃,၃၂၆,၂၀၄	၄၉၇,၀၉၁
လုပ်ငန်းလည်ပတ်ရင်းနှီးငွေ ပြောင်းလဲမှုများ			
ကုန်လက်ကျန်		(၉၇၅,၀၀၇)	(၂,၉၅၅,၉၈၈)
ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ		(၂,၆၆၂,၆၈၈)	(၁,၀၁၁,၆၆၀)
ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ		၃,၄၇၆,၆၇၉	၅၃၀,၅၉၄
		၃,၁၆၅,၁၈၈	(၂,၉၃၉,၉၆၃)
ဝင်ငွေခွန်ငွေပေးဆောင်မှု		(၇၈,၇၁၇)	(၁၈၈,၄၂၄)
လုပ်ငန်းဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု)		၃,၀၈၆,၄၇၁	(၃,၁၂၈,၃၈၇)
ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များမှငွေသားစီးဆင်းမှုများ			
ပုံသေပိုင်ပစ္စည်းဝယ်ယူမှု		(၇၄၀,၆၅၆)	(၂၄,၃၉၄)
ထိတွေ့ကိုင်တွယ်၍မရသောပုံသေပိုင်ပစ္စည်း နှစ်အတွင်းထပ်တိုး		(၂၅,၆၅၀)	–
ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှဝင်ငွေ		၅၇,၃၁၇	၃၆,၅၄၆
ရင်းနှီးမြှုပ်နှံငွေထည့်ဝင်မှု		–	(၁၀,၁၂၅)
ရင်းနှီးမြှုပ်နှံငွေပြန်လည်ရရှိမှု		၁၁,၄၀၀	၄၀,၀၀၀
ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရအသားတင်ငွေသားစီးဝင်မှု/ (အသုံးပြုမှု)		(၆၉၇,၅၈၉)	၄၂,၀၂၇

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
ငွေသားစီးဆင်းမှုရှင်းတမ်း
ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

	မှတ်စု	၂၀၂၄	၂၀၂၃
ဘဏ္ဍာရေးဆောင်ရွက်ချက်များမှငွေသားစီးဝင်မှုများ			
ချေးငွေရယူခြင်း		၂,၉၈၇,၀၃၈	၃,၇၆၀,၂၇၁
ချေးငွေပြန်လည်ပေးဆပ်ခြင်း		(၄,၅၆၀,၄၉၄)	(၁,၈၄၃,၆၉၀)
ကုမ္ပဏီအချင်းချင်းချေးငွေ၊ အမြတ်ဝေစုနှင့် ဒါရိုက်တာကုန်ကျစရိတ်များဖြင့် စာရင်းညှိနှိုင်းချက်		၆၃,၂၇၂	(၄၅၅,၅၁၉)
ဘဏ္ဍာရေးဆောင်ရွက်ချက်များအရအသားတင်ငွေသား စီးဝင်မှု/ (အသုံးပြုမှု)		(၁,၅၁၀,၁၈၄)	၁,၄၆၁,၀၆၂
ငွေသားနှင့်ငွေသားညီမျှခြင်းများ အသားတင်တိုး/(လျော့)		၈၇၈,၆၉၈	(၁,၆၂၅,၂၉၈)
ငွေသားနှင့် ငွေသားညီမျှခြင်း စာရင်းဖွင့်လက်ကျန်များ		၉၂၉,၆၁၅	၂,၅၅၄,၉၁၃
ငွေသားနှင့် ငွေသားညီမျှခြင်း စာရင်းပိတ်လက်ကျန်များ	၁၀	၁,၈၀၈,၃၁၃	၉၂၉,၆၁၅

စာမျက်နှာ ၁၁ မှ ၃၃ အထိရှိ ဘဏ္ဍာရေးရှင်းတမ်းများ အပေါ် မှတ်စုများကိုကြည့်ရန်။

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်
ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ
ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

၁။ အထွေထွေ

ကွန်ကော့ဒီးယား အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် (ကုမ္ပဏီ) ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် မြန်မာကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ထိုအက်ဥပဒေကို မြန်မာကုမ္ပဏီများ အက်ဥပဒေ (၂၀၁၇) ဖြင့် အစားထိုး ပြင်ဆင်ခဲ့ပါသည်။ အဆိုပါဥပဒေသစ်အရ ကုမ္ပဏီကို ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၇၇၇၀၃၅၉၃ ဖြင့် ပြန်လည်မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။ ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် အများပိုင်ကုမ္ပဏီ အဖြစ် မှတ်ပုံတင်ခဲ့ပြီး ကွန်ကော့ဒီးယား အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် မှ ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သို့ အမည်ပြောင်းလဲခဲ့ပါသည်။

ကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်းများမှာ-
- အင်္ဂါးနှင့် ငှားရမ်းခြင်းလုပ်ငန်းများ
- စက်ပစ္စည်းများနှင့် ကိရိယာတန်ဆာပလာများ ပြုပြင်ခြင်းနှင့် တပ်ဆင်ခြင်း
- မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များမှအပ လက်လီရောင်းဝယ်ခြင်း

မှတ်ပုံတင်ထားသော ကုမ္ပဏီ၏လိပ်စာသည် အဆောက်အဦ ၁၁၊ ပထမထပ်မှ စတုတ္ထထပ် အထိ၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖြစ်ပါသည်။

၂။ အရေးပါသောစာရင်းပိုင်းဆိုင်ရာမူဝါဒအကျဉ်းချုပ်

ဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲရာတွင် အသုံးပြုခဲ့သော အဓိကစာရင်းကိုင်မူဝါဒများကို အောက်တွင် ဖော်ပြထားပါသည်။ အခြားတစ်စုံတစ်ရာ ဖော်ပြထားခြင်းမရှိပါက ဤမူများကို နှစ်စဉ် တစ်သမတ်တည်း ကျင့်သုံးပါသည်။

(၂.၁) <u>စာရင်းရေးဆွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ</u>

ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲဖော်ပြထားပြီး ဘဏ္ဍာရေးရှင်းတမ်းများကို ပြီးခဲ့သည့်ဖြစ်ရပ်များ အပေါ်အခြေခံသည့် လုပ်ထုံးလုပ်နည်း (Historical Cost Convention) အရ ရေးဆွဲဖော်ပြထားပါသည်။ ထိုဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲရာတွင် ၂၀၂၄ ခုနှစ်မှ တင်ပြသောအမျိုးအစားများနှင့် လိုက်လျောညီထွေမှု ရှိစေရန်အတွက် ၂၀၂၃ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းများအား ပြန်လည်အမျိုးအစားခွဲခြင်းနှင့် ပြောင်းလဲစီစဉ်မှုများ ပြုလုပ်ခဲ့ပါသည်။

(၂.၂) နိုင်ငံခြားငွေကြေးအား ပြောင်းလဲသတ်မှတ်ခြင်း

(က) လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေးနှင့် စာရင်းတင်ဖော်ပြသည့်ငွေကြေး

ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများတွင် ပါဝင်သော အကြောင်းအရာများကို ကုမ္ပဏီမှ အဓိကကျသော စီးပွားရေးနယ်ပယ်တွင် အသုံးပြုသောငွေကြေး ("Functional currency") ဖြင့် တိုင်းတာပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပြီး ယင်းမြန်မာကျပ်ငွေသည် ကုမ္ပဏီ၏ စာရင်းတင်ဖော်ပြသည့်ငွေကြေး (Presentation currency) ဖြစ်သည့်အပြင် လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေး (Functional currency) လည်းဖြစ်သည်။

(ခ) လုပ်ငန်းဆောင်ရွက်ချက်များနှင့် စာရင်းလက်ကျန်များ

နိုင်ငံခြားငွေကြေးဖြင့် ပြုလုပ်သော လုပ်ငန်းလုပ်ဆောင်ချက်များကို လုပ်ဆောင်ချက်ဖြစ်ပေါ်သည့်နေ့တွင်ရှိသော ဈေးကွက်ငွေလဲနှုန်းများကို အသုံးပြု၍ လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေးအဖြစ်သို့ပြောင်းလဲထားပါသည်။ နိုင်ငံခြားငွေဖြင့် ဖော်ပြသော ငွေကြေးနှင့် သက်ဆိုင်သည့် ပိုင်ဆိုင်ပစ္စည်းနှင့် ပေးရန်တာဝန်များကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ရှိ ငွေလဲနှုန်းဖြင့်ပြောင်းလဲသတ်မှတ်ရာမှာသော်လည်းကောင်း၊ ၎င်းနိုင်ငံခြားငွေကြေးများကို စာရင်းရှင်းလင်းရာမှာသော်လည်းကောင်း ဖြစ်ပေါ်လာသော နိုင်ငံခြားငွေအမြတ်၊ အရှုံးများကို ဝင်ငွေရှင်းတမ်းတွင် အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

ကုမ္ပဏီမှအသုံးပြုသော နှစ်ကုန်ဆုံးချိန်ရှိ ငွေလဲနှုန်းများမှာ (မြန်မာကျပ်ဖြင့်) -

	USD	EUR	SGD	CNY	THB
၂၀၂၄ခုနှစ်၊ မတ်လ၊ ၃၁ ရက်	၃,၃၄၀.၀၀	၂,၂၆၂.၀၀	၁,၅၅၆.၀၀	၄၇၄.၀၀	၉၈.၀၀
၂၀၂၃ခုနှစ်၊ မတ်လ၊ ၃၁ ရက်	၂,၁၀၀.၀၀	၂,၂၈၅.၂၀	၁,၅၇၉.၂၀	၃၀၅.၅၈	၆၁.၄၄

(၂.၃) လက်အောက်ခံကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှု

လက်အောက်ခံကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှုများအား မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးကျသောဆုံးရှုံးငွေပမာဏတို့ကိုနှုတ်ပြီး ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်းတွင် ဖော်ပြထားပါသည်။ လက်အောက်ခံ ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှုကို ရောင်းချသည့်အခါ ရောင်းချမှုမှ အသားတင်ရရှိငွေ (Net disposal proceeds) နှင့် ရင်းနှီးမြှုပ်နှံမှု၏ စာရင်းတန်ဖိုး (Carrying amount) တို့အကြားကွာခြားချက်ကို အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းပါသည်။

(၂.၄) တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှု/အခြားရင်းနှီးမြှုပ်နှံမှု

တွဲဖက်ကုမ္ပဏီတွင်ရင်းနှီးမြှုပ်နှံမှု/ အခြားရင်းနှီးမြှုပ်နှံမှုများအား မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုး ကျသောဆုံးရှုံးငွေ ပမာဏတို့ကိုနှုတ်ပြီး ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် ဖော်ပြထားပါသည်။ တွဲဖက် ကုမ္ပဏီတွင်ရင်းနှီးမြှုပ်နှံမှု/ အခြားရင်းနှီးမြှုပ်နှံမှုကို ရောင်းချသည့်အခါ ရောင်းချမှုမှ အသားတင် ရရှိငွေ (Net disposal proceeds) နှင့် ရင်းနှီးမြှုပ်နှံမှု၏ စာရင်းတန်ဖိုး (Carrying amount) တို့အကြား ကွာခြားချက်ကို အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းပါသည်။

(၂.၅) ပုံသေပိုင်ပစ္စည်း

ပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှုန်း တန်ဖိုးကျဆင်း၍ဆုံးရှုံးငွေ ပမာဏ တို့ကို နုတ်၍ဖော်ပြထားပါသည်။ မူရင်းဝယ်ယူသည့်တန်ဖိုး (Cost) တွင် စီမံအုပ်ချုပ်သူ၏ ရည်ရွယ်ထားသည့်အတိုင်း လုပ်ငန်းလည်ပတ်နိုင်မည့် နေရာဒေသနှင့်အခြေအနေသို့ ရောက်ရှိ အောင်ပြုလုပ်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော အသုံစရိတ် များအားလုံး ပါဝင်သည်။

နောက်ဆက်တွဲကုန်ကျစရိတ်များကို စာရင်းရေးသွင်းရာတွင် ပစ္စည်း၏ကုန်ကျစရိတ်ကို တိတိကျကျ တိုင်းတာနိုင်သောအခါနှင့် ပစ္စည်းနှင့်သက်ဆိုင်သော အနာဂတ်စီးပွားရေး အကျိုး ကျေးဇူးများ ကုမ္ပဏီ အတွင်းသို့ စီးဝင်လာနိုင်ဖွယ်ရှိသောအခါတို့တွင်သာလျှင် အသားတင်သင့် ငွေပမာဏ (သို့မဟုတ်) သီးခြားရပိုင်ခွင့်အနေဖြင့် စာရင်းဖော်ဆောင်ပါသည်။ အစားထိုးလဲလှယ် လိုက်သော ပစ္စည်းအစိတ် အပိုင်း၏ အရင်းအရတန်ဖိုးငွေကို ပယ်ဖျက်ပေးရပါမည်။ အခြားပြင်ဆင် စရိတ်နှင့် ပြုပြင်ထိန်းသိမ်း ရေးစရိတ်များအားလုံးကို သက်ဆိုင်ရာကာလ၏ အရှုံးအမြတ်စာရင်း တွင် ကျခံရပါသည်။

တည်ဆောက်ဆဲ ပုံသေပိုင်ပစ္စည်း၏ တန်ဖိုးလျော့ကိုတွက်ချက်ရာတွင် ၎င်းပစ္စည်း၏ခန့်မှန်းကျန်ရှိ တန်ဖိုးနှုတ်ပြီးသားတန်ဖိုးနှင့် ခန့်မှန်းအသုံးဝင်မှု သက်တမ်းပေါ်တွင် မူတည်၍ မျဉ်းဖြောင့် နည်းဖြင့် တွက်ချက်ထားပါသည်။ ခန့်မှန်းအသုံးဝင်မှုအပေါ် အခြေပြုတန်ဖိုးလျော့ ရာခိုင်နှုန်းမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

အဆောက်အဦ	၅%
မော်တော်ယာဉ်	၂၀%
ကွန်ပျူတာနှင့် စက်ပစ္စည်းများ	၂၅%
ပရိဘောဂနှင့် ရုံးသုံးစက်ကိရိယာများ	၁၀%, ၂၅%
အငှားချထားသောစက်ပစ္စည်းများ	၂၀%, ၃၃.၃၃%
စက်နှင့် စက်ကိရိယာများ	၂၀%

ပုံသေပိုင်ပစ္စည်းများ၏ ခန့်မှန်းကျန်ရှိတန်ဖိုးနှင့် ခန့်မှန်းအသုံးဝင်သက်တမ်းကို ဘဏ္ဍာရေး အခြေအနေ ပြရှင်းတမ်းရေးဆွဲသည့်နေ့တွင် ပြန်လည်သုံးသပ်၍ သင့်တော်သော ညှိနှိုင်းမှုများကို လုပ်ဆောင်ပါသည်။ ပြောင်းလဲမှုများ ဖြစ်ပေါ်လာသောအခါ ပြင်ဆင်ချက်တိုင်း၏ အကျိုးသက်ရောက်မှုကို အရှုံးအမြတ်စာရင်းထဲတွင် အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

ပုံသေပိုင်ပစ္စည်းတစ်ခု၏ စာရင်းတင်ထားသောတန်ဖိုး (Carrying amount) သည် ခန့်မှန်းထားသော ပြန်လည်ရရှိနိုင်သည့် တန်ဖိုး (Recoverable amount) ထက် မြင့်မားနေပါက၊ ထိုပစ္စည်း၏ စာရင်းတင်ထားသောတန်ဖိုးကို ပြန်လည်ရရှိနိုင်သည့်တန်ဖိုး ရောက်ရှိသည်အထိ စာရင်းမှချက်ချင်း ပယ်ဖျက် လျှော့ချမှု ပြုလုပ်ပါသည်။

ထုခွဲရောင်းချခြင်း၏ အရှုံးအမြတ်ကို တွက်ချက်ရာတွင် ဝင်ငွေနှင့် အသားတင်သင့်ငွေ ပမာဏတို့ကို နှိုင်းယှဉ်ခြင်းအားဖြင့် ဆုံးဖြတ်၍ ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းရှိ အခြားအမြတ်၊အရှုံးစာရင်းတွင် အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

(၂.၆) ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်မှုပစ္စည်းများ

စာရင်းကိုင်ဆော့ဖ်ဝဲ(လ်) (Accounting Software)

စာရင်းကိုင်ဆော့ဖ်ဝဲ(လ်)လိုင်စင်ကို ကနဦးတွင် မူရင်းတန်ဖိုးဖြင့် စာရင်းရေးသွင်းပြီး ဝယ်ဈေး (လျှော့ပေးငွေများနှင့် ပြန်ရငွေများကို နုတ်ပြီးအသားတင်) ပါဝင်သောမူရင်းတန်ဖိုးနှင့် ၎င်း၏ ရည်ရွယ်ထားသော အသုံးပြုမှုအတွက် မွမ်းမံခြင်းဆိုင်ရာ တိုက်ရိုက်ကုန်ကျသော အခြားစရိတ်များကိုပါ စာရင်းသွင်းဖော်ပြပါသည်။ တိုက်ရိုက်ကုန်ကျစရိတ်များကို ဆော့ဖ်ဝဲ(လ်) ၏ မူရင်းတန်ဖိုးတွင်ထည့်ပေါင်းသည်။ စာရင်းကိုင်ဆော့ဖ်ဝဲ(လ်)လိုင်စင် ပြုပြင်ထိန်းသိမ်းခြင်း ဆိုင်ရာစရိတ်များကို ကုန်ကျသည့်အချိန်တွင် အသုံးစရိတ်အဖြစ် စာရင်းဖော်ဆောင်သည်။

စာရင်းကိုင်ဆော့ဖ်ဝဲ(လ်)လိုင်စင်ကို မူရင်းတန်ဖိုးတွင် စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်းတန်ဖိုးကျ အရှုံးများကို နှုတ်ပယ်၍ နောက်ပိုင်းတွင်စာရင်းရေးသွင်းပါသည်။ ၎င်းစရိတ်များကို မျဉ်းဖြောင့်နည်းဖြင့် ၂၀% နှင့်ညီမျှသော ခန့်မှန်းအသုံးဝင်သက်တမ်း ငါးနှစ်ပေါ်တွင် တန်ဖိုးလျော့၍ အရှုံးအမြတ် စာရင်းတွင်ကျခံပါသည်။

ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းများ၏ တန်ဖိုးလျော့နှစ်နှင့် တန်ဖိုးလျော့သည့် နည်းစနစ်ကို အနည်းဆုံး ဘဏ္ဍာရေးအခြေအနေပြ ရှင်းတမ်းရေးဆွဲသည့်နေ့တွင် တစ်ကြိမ်ပြန်လည် သုံးသပ်ပါသည်။ ယင်းပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုများကို အရှုံးအမြတ်စာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၇) ဇီဝပိုင်ဆိုင်မှုများ (Biological assets)

အရွယ်ရောက်ပြီးသော ရော်ဘာပင်များကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှုန်း စုစုပေါင်းတန်ဖိုးကျဆင်း၍ဆုံးရှုံးမှု တို့ကိုနုတ်ပြီး Bearer plants အဖြစ်စာရင်းရေးသွင်း ဖော်ပြထားပါသည်။ မူရင်းတန်ဖိုးတွင် မြေယာပြုပြင်ခြင်း၊ အပင်အသစ်စိုက်ပျိုးခြင်း၊ မြေဩဇာကျွေးခြင်းနှင့် အပင်များ အရွယ်မရောက်မီ (အစေးလှီး၍ မရမီ) အချိန်အထိ (၇) နှစ်တာကာလအတွင်း ပြုစုပျိုးထောင်ခြင်း ကုန်ကျစရိတ်များ ပါဝင်ပါသည်။ အပင်များအရွယ်ရောက်လာချိန် (ဆိုလိုသည်မှာ ၎င်းတို့ကို ရည်ရွယ်ထား သည့်အတိုင်း အသုံးပြုရန် အသင့်ဖြစ်ချိန်) တွင် ၎င်းကုန်ကျစရိတ်များကို Bearer plants အဖြစ် သတ်မှတ်စာရင်းသွင်းပါသည်။ Bearer plants များ၏ တန်ဖိုးလျော့ကို ရည်ရွယ်ထား သည့်အတိုင်း အသုံးပြုရန် အသင့်ဖြစ်ချိန် (အစေးများစတင်ထွက်ရှိ အချိန်) မှစ၍ တွက်ချက်ပါသည်။

အကွက်အလိုက် ဖြည့်စွက်စိုက်ပျိုးခြင်းအပါအဝင် ဖြည့်စွက်စိုက်ပျိုးခြင်း အတွက်ကုန်ကျ စရိတ်များကို ယေဘုယျအားဖြင့် အရှုံးအမြတ်စာရင်းတွင် စရိတ်အဖြစ် စာရင်းသွင်းပါသည်။ သို့သော် ထိုသို့ဖြည့်စွက်စိုက်ပျိုးခြင်းကြောင့် သက်ဆိုင်ရာ စိုက်ခင်းကွက်၏ အထွက်နှုန်း သိသိသာသာ တိုးတက်လာမည်ဆိုပါက ထိုကုန်ကျစရိတ်ကို ရင်းနှီးမြှုပ်နှံမှုပိုင်ဆိုင်မှုအဖြစ် သတ်မှတ်ပြီး ကျန်ရှိသော သက်တမ်းတစ်လျှောက် တန်ဖိုးလျော့မှုများ ပြုလုပ်ပါသည်။

Bearer plants များ၏ တန်ဖိုးလျော့တွက်ချက်ရာတွင် မူလကုန်ကျစရိတ်ထဲမှ အကြွင်းတန်ဖိုး (Residual Value) ကို နှုတ်၍ အသုံးဝင်သည့် သက်တမ်းတစ်လျှောက် မျဉ်းဖြောင့်နည်းလမ်းကို (Straight-line method) အသုံးပြုကာ စာရင်းပယ်ဖျက် ပါသည်။ ခန့်မှန်းအသုံးဝင်သက်တမ်း၊ အကြွင်းတန်ဖိုးနှင့် တန်ဖိုးလျော့တွက်ချက်သည့် နည်းလမ်း များကို ဘဏ္ဍာရေးအခြေအနေပြ ရှင်းတမ်းရေးဆွဲသည့်နေ့တွင် ပြန်လည်သုံးသပ်ပြီး၊ ခန့်မှန်းချက် များ ပြောင်းလဲမှုကို လာမည့်စာရင်းကာလများ (Prospective basis) အတွက်သာ အကျိုးသက်ရောက်ပါသည်။

Bearer plants (ရော်ဘာပင်များ) ၏ ခန့်မှန်းခြေ အသုံးဝင်သည့်သက်တမ်းကို နှစ် ၃၀ မှ ၄၀ အတွင်း ဟု သတ်မှတ်ထားပါသည်။

(၂.၈) ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ

ငွေနှင့်ငွေသားညီမျှခြင်းများတွင် လက်ဝယ်ရှိငွေသားလက်ကျန်နှင့် ဘဏ်ရှိငွေလက်ကျန်များပါဝင်သည်။

(၂.၉) ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားရရန်ရှိများကို ကနဦးတွင် မျှတသောတန်ဖိုး (fair value) ဖြင့် စာရင်းရေးသွင်းပြီးနောက် Effective Interest Method ကိုအသုံးပြု၍ နောက်ပိုင်းနှစ်တွင် လျော့ချပြီးတန်ဖိုးမှ

ပျက်စီးဆုံးရှုံးမှုအတွက် လျာထားသော တန်ဖိုးကို နှုတ်၍စာရင်းသယ်ဆောင် ပါသည်။ ပြန်၍မရနိုင်သော ခန့်မှန်းပမာဏအတွက် သင့်လျော်သောခွင့်ပြုချက်ဖြင့် ကုန်သွယ်မှုနှင့် အခြားရရန်ရှိများတွင် လျော့ချရပါသည်။

(၂.၁၀) ကုန်လက်ကျန်များ

ကုန်လက်ကျန်များကို ကုန်ကျတန်ဘိုးနှင့် ရောင်းချလျှင်ရနိုင်မည့် အသားတင်ကုန်ရောင်းတန်ဘိုး (net realizable value) ၂ခုတို့အနက် နည်းရာပမာဏဖြင့် တန်ဖိုးသင့်ပါသည်။ ကုန်လက်ကျန်များကို Weighted Average Method ကို အသုံးပြု၍ တန်ဖိုးသင့်ပါသည်။ ရောင်းချလျှင်ရနိုင်မည့် အသားတင် ကုန်ရောင်းတန်ဘိုး (net realizable value) ဆိုသည်မှာ ပုံမှန်ရောင်းချနိုင်မည့်တန်ဘိုးမှ ပြီးဆုံးမှုအတွက် ခန့်မှန်းကုန်ကျ စရိတ်နှင့် ပုံသေမဟုတ်သော အရောင်းကုန်ကျစရိတ်တို့ကို နှုတ်ပြီးကျန်ရှိမည့် ခန့်မှန်းတန်ဘိုး ဖြစ်ပါသည်။

(၂.၁၁) ချေးယူငွေများ

ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းရေးဆွဲသည့်နေ့ နောက်ပိုင်း ၁၂ လအတွင်း ပေးချေရန်တာဝန်ရှိသော ချေးယူငွေများကို လက်ငင်းပေးရန်တာဝန် အဖြစ်ဖော်ပြပြီး၊ ထိုသို့မဟုတ်ပါက လက်ငင်းမဟုတ်သော ပေးရန်တာဝန်အဖြစ် ဖော်ပြပါသည်။

ချေးယူငွေများကို ကနဦး စာရင်းရေးသွင်းရာတွင် မျှတသောတန်ဖိုး (Fair value) (လုပ်ဆောင်မှုကုန်ကျ စရိတ်၏အသားတင်) ဖြင့် စာရင်းရေးသွင်း၍ နောက်ဆက်တွဲ ကာလတွင် တန်ဘိုးလျော့ကျ ကုန်ကျစရိတ် (Amortised cost) ဖြင့် စာရင်းရေးသွင်းပါသည်။ ချေးငွေရယူချိန်၌ ရရှိသောပမာဏနှင့် ပြန်လည်ပေးဆပ်ချိန်တွင် ပေးချေရမည့်ပမာဏတို့ ကွာခြားမှု ရှိပါက Effective Interest Method ကို အသုံးပြု၍ ချေးယူငွေကာလအတိုင်း အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းပါသည်။

(၂.၁၂) ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများကို ကနဦးတွင် မျှတသောတန်ဖိုး (fair value) ဖြင့် စာရင်းရေးသွင်း ပြီးနောက် ထိရောက်သောအတိုးနည်းလမ်း Effective Interest Method ကိုအသုံးပြု၍ နောက်ပိုင်းတွင် တန်ဘိုးလျော့ကျ ကုန်ကျစရိတ် (Amortised cost) ဖြင့် တိုင်းတာတွက်ချက်ပါသည်။

(၂.၁၃) ထုတ်ဝေပေးသွင်းပြီး အစုရှယ်ယာရင်းနှီးငွေ

သာမန်အစုရှယ်ယာများကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များအဖြစ် အမျိုးအစားသတ်မှတ်ထားပါသည်။ သာမန်အစုရှယ်ယာ ထုတ်ပေးခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော စရိတ်များကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များမှ နှုတ်၍ အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ကျသင့်အခွန်မှန်သမျှနှုတ်ပြီးသော အသားတင်ဖြစ်ပါသည်။

(၂.၁၄) အမြတ်ဝေစုများ

ကုမ္ပဏီ၏ အစုရှယ်ယာရှင်များသို့ အမြတ်ဝေစုများပေးရန် သဘောတူခွင့်ပြုပြီးသည့် အခါမှသာ အမြတ်ဝေစုများကို စာရင်းရေးသွင်းပါသည်။

(၂.၁၅) ဝန်ထမ်းအကျိုးအမြတ်စရိတ်များ

ဝန်ထမ်းအကျိုးအမြတ်စရိတ်များသည် ဝန်ထမ်းများမှ ပေးအပ်သည့် ဝန်ဆောင်မှုများအတွက် ကုမ္ပဏီမှ ပြန်လည်ပေးအပ်သည့် အကျိုးခံစားခွင့်အားလုံးကို ဆိုလိုပါသည်။ ဝန်ထမ်းအကျိုးအမြတ်စရိတ်များကို ဝန်ထမ်းမှ အကျိုးခံစားခွင့် ဖြစ်ပေါ်လာသည့် ကာလအတွင်း ပေးရန်ရှိစာရင်းအဖြစ် စာရင်းရေးသွင်း ပါသည်။ ယခင်ဝန်ဆောင်မှု ကုန်ကျစရိတ်များ (Past-service costs) ကို အရှုံးအမြတ်စာရင်းတွင် ချက်ချင်း စာရင်းရေးသွင်းပါသည်။

(၂.၁၆) လျာထားငွေများ

ကုမ္ပဏီသည် ယခင်အဖြစ်အပျက်များ၏ အကျိုးရလဒ်အတွက် လက်ရှိတွင် ဥပဒေအရ တာဝန်ရှိသော (သို့မဟုတ်) အပြုသဘောဆောင်၍ ပေးရန်တာဝန်ရှိငွေများကို လျာထားငွေများ အဖြစ် စာရင်းသွင်းပါသည်။ ပေးရန်တာဝန်ရှိသောငွေများကို ပေးချေရန်အတွက် လုပ်ငန်း၏ အလားအလာရှိသော ထွက်ငွေအရင်းအမြစ်များမှ ပေးချေရမည့် ပမာဏကို တိကျသေချာစွာ ခန့်မှန်းနိုင်ရမည်။ အနာဂတ်လုပ်ငန်း၏ ဆောင်ရွက်ချက် ဆုံးရှုံးမှုများကို လျာထားငွေစာရင်းများတွင် စာရင်းရေးသွင်းမှုမပြုပါ။

(၂.၁၇) ဝင်ငွေ

ဝင်ငွေအဖြစ်စာရင်းရေးသွင်းရာ၌ လုပ်ငန်းဆောင်ရွက်မှု၏ အကျိုးအမြတ်များသည် ကုမ္ပဏီသို့ စီးဝင်လာဖွယ်ရှိမည်ဟု ယုံကြည်နိုင်သည့် အခါတွင်သာ ဝင်ငွေအဖြစ် စာရင်းရေးသွင်းပါသည်။ ဝင်ငွေကို ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax) နှုတ်ပယ်ပြီးနောက် အသားတင် ပမာဏဖြင့် ဖော်ပြပါသည်။

(က) ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်း (Rendering of services)

ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းမှ ရရှိသောဝင်ငွေကို ဝန်ဆောင်မှုကို လုပ်ဆောင်ပေးပြီးသော အချိန်မှသာ အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။ ဆက်စပ်သည့် ကုန်ကျစရိတ်များကို လည်း ဖြစ်ပေါ်လာသည့် ကာလတွင် ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်း (Statement of Profit or Loss and Comprehensive Income) တွင် စာရင်းရေးသွင်းပါသည်။

(ခ) ကုန်ရောင်း (Sale of goods)

ကုန်ပစ္စည်းရောင်းချခြင်းမှ ရရှိသောဝင်ငွေကို ဝယ်ယူသူထံ ကုန်ပစ္စည်းများကို ပို့ဆောင် ပေးပြီး၍ ပိုင်ဆိုင်မှုကို လွှဲပြောင်းပြီးသောအချိန်၌ အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

(ဂ) အတိုးဝင်ငွေ (Interest income)

ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများတွင် အပ်နှံထားသည့် ငွေများမှ ဖြစ်ပေါ်လာသော အတိုးဝင်ငွေကို Effective Interest Method ဖြင့် အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

(ဃ) အမြတ်ဝေစုရငွေ (Dividend income)

ငွေပေးချေမှုကိုလက်ခံရရှိရန်ဆိုသည့် အခွင့်အရေးကို အကောင်အထည်ဖော်သောအခါ အမြတ်ဝေစုရငွေကို အသိအမှတ်ပြု စာရင်းသွင်းပါသည်။

(၂.၁၈) ဝင်ငွေခွန်

လက်ရှိကာလအတွက် current income tax assets နှင့် liabilities ကို tax authorities များထံမှ ပြန်လည်ရရှိမည်ဟု မျှော်မှန်းထားသည့် (သို့မဟုတ်) ၎င်းတို့ထံသို့ ပေးရမည်ဟုယူဆသော ပမာဏအပေါ်တွင် တွက်ချက်ဖော်ပြပါသည်။ ဝင်ငွေခွန်ကို အစီရင်ခံကာလကုန်ဆုံးသောနေ့ရက်တွင် တည်ဆဲအခွန်ဥပဒေများ၊ အခွန်နှုန်းများကို အခြေခံ၍ တွက်ချက်ပါသည်။ Current income tax ကို အရှုံးအမြတ်စာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၁၉) ပတ်သက်ဆက်နွယ်သောအဖွဲ့အစည်း၊ ပုဂ္ဂိုလ်

ပတ်သက်ဆက်နွယ်သောအဖွဲ့အစည်း၊ ပုဂ္ဂိုလ်ဆိုသည်မှာ-

(က) တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်ဖြစ်စေ တစ်ဦး(သို့မဟုတ်) တစ်ဦးထက်ပိုသောအဖွဲ့မှ

(၁) ထိန်းချုပ်မှုများ တစ်ဦးတစ်ယောက်မှထိန်းချုပ်ခြင်း (သို့မဟုတ်) အဖွဲ့အစည်းမှ ပူးတွဲ ထိန်းချုပ်ခြင်း (ဤတွင် မိခင်ကုမ္ပဏီများ၊လက်အောက်ခံများနှင့် အဆင့်တူလက်အောက်ခံများ)

(၂) သြဇာလွှမ်းမိုးသောအဖွဲ့အစည်းပေါ်တွင်အကျိုးခံစားခွင့်ရှိခြင်း၊

(၃) အဖွဲ့အစည်းပေါ်တွင် ပူးတွဲထိန်းချုပ်ပိုင်ခွင့်ရှိခြင်း၊

(ခ) အဖွဲ့အစည်းသည် လုပ်ငန်း၏ပူးတွဲအဖွဲ့အစည်းဖြစ်ခြင်း၊

(ဂ) အဖွဲ့အစည်းသည် ဖက်စပ်လုပ်ငန်းဖြစ်ပြီး ယင်းလုပ်ငန်း၏ ဖက်စပ်ဝင်တစ်ဦးဖြစ်ခြင်း၊

(ဃ) အဖွဲ့အစည်းသည် လုပ်ငန်း (သို့မဟုတ်) မိခင်ကုမ္ပဏီ၏စီမံခန့်ခွဲမှုတွင် အဓိကတာဝန်ရှိသူ ဖြစ်ခြင်း၊

(င) အဖွဲ့အစည်းသည် (က) သို့မဟုတ် (ဃ) တွင် ရည်ညွှန်းထားသောမိသားစု (သို့မဟုတ်) တစ်ဦးဦးနှင့် ရင်းနှီးသော မိသားစုဝင်ဖြစ်ခြင်း၊

(စ) အဖွဲ့အစည်းသည် တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်ဖြစ်စေ (ဃ) သို့မဟုတ် (င) တွင် ရည်ညွှန်းထားသော တစ်ဦးတစ်ယောက်၏ ထိန်းချုပ်မှု (သို့မဟုတ်) သြဇာလွှမ်းမိုးခံရသော (သို့မဟုတ်) ထိုအဖွဲ့အစည်းတွင် အထင်ကရမဲပေးပိုင်ခွင့်ရှိသူ၏ သြဇာလွှမ်းမိုးခံရခြင်း၊

(ဆ) အဖွဲ့အစည်းသည် ဝန်းထမ်းအကျိုးအလို့ငှာ တာဝန်ထမ်းဆောင်ကာလနောက်ပိုင်း ဝန်ထမ်းများ၏အကျိုးစီးပွားအတွက် စီမံကိန်းဆောင်ရွက်သူဖြစ်ခြင်း (သို့မဟုတ်) လုပ်ငန်းချင်းဆက်စပ်မှုရှိသော မည်သည့်အဖွဲ့အစည်းမဆိုဖြစ်ပါသည်။

၃။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ခန့်မှန်းချက်များ

မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ နှင့်အညီ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရာတွင် စီမံအုပ်ချုပ်ရေးတွင် တာဝန်ရှိသူများသည် စာရင်းဆိုင်ရာ မူဝါဒများနှင့် အစီရင်ခံစာပါ ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေနှင့် အသုံးစရိတ်များကို အကျိုးသက်ရောက်စေသော ခန့်မှန်းခြေများနှင့် ယူဆချက်များကို ပြုလုပ်ရပါသည်။ အမှန်တကယ်ရလဒ်များသည် ထိုခန့်မှန်းချက်များနှင့် ကွဲလွဲကောင်း ကွဲလွဲနိုင်ပါသည်။

ခန့်မှန်းခြေများနှင့် ယူဆချက်များကို စဉ်ဆက်မပြတ်ပြန်လည်စိစစ်ပါသည်။ စာရင်းဆိုင်ရာခန့်မှန်းချက်များ ပြန်လည်စိစစ်ခြင်းများကို ယင်းသို့ပြန်လည်စိစစ်သည့်နှစ်နှင့် အကျိုးသက်ရောက်မှုရှိသော လာမည့်နှစ်များတွင် အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

၄။ ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေကို စီမံခန့်ခွဲခြင်း (Financial Risk Management)

ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေကို စီမံခန့်ခွဲခြင်း မူဝါဒသည် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို စီမံခန့်ခွဲနေစဉ်အတွင်း ကုမ္ပဏီ၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် လုံလောက်သော ဘဏ္ဍာရေးအရင်းအမြစ်များရရှိကြောင်း သေချာစေရန် ချမှတ်ထားပါသည်။ ကုမ္ပဏီမှ ရင်ဆိုင်နေရသော အဓိက ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေအဓိကနယ်ပယ်များနှင့် စပ်လျဉ်းသည့် မူဝါဒများကို အောက်ပါအတိုင်း ချမှတ်ပါသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း အန္တရာယ် (Foreign exchange risk)

ကုမ္ပဏီသည် နိုင်ငံခြားငွေကြေးဖြင့် ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များအတွက် နိုင်ငံခြားငွေလဲလှယ်မှုနှင့် ပတ်သက်သည့်ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို ကြုံတွေ့နိုင်ပါသည်။ သို့သော်လည်း အဆိုပါအန္တရာယ်မှာ သိသာထင်ရှားဖွယ်မရှိနိုင်ဟု ယူဆသည့်အတွက် ကုမ္ပဏီအနေဖြင့် ၎င်းအန္တရာယ်ကို အကာအကွယ် (Hedge) လုပ်ဆောင်ထားခြင်း မရှိပါ။

ကြွေးမြီအန္တရာယ် (Credit Risk)

ဘဏ္ဍာရေးဆိုင်ရာ ပိုင်ဆိုင်မှုများနှင့် ဆက်စပ်နေသည့် အမြင့်ဆုံး ကြွေးမြီအန္တရာယ်သည် ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်းတွင် ဖော်ပြထားသော စာရင်းတင်တန်ဖိုးဖြစ်ပါသည်။ သို့သော်လည်း အဆိုပါ အန္တရာယ်များကို လျှော့ချနိုင်ရန် ကုမ္ပဏီမှ မူဝါဒများ ချမှတ်ထားရှိပါသည်။

ဈေးကွက်အန္တရာယ် (Market Risk)

ဈေးကွက်အန္တရာယ်သည် ဈေးကွက်ဈေးနှုန်းများ ပြောင်းလဲမှုကြောင့် Financial instrument များ၏ သင့်တင့်မျှတသောတန်ဖိုး (Fair value) (သို့မဟုတ်) အနာဂတ်ငွေသားစီးဆင်းမှုများ အတက်အကျ ဖြစ်နိုင်သည့်အန္တရာယ်ဖြစ် ပါသည်။ ဈေးကွက်အန္တရာယ်တွင် ငွေကြေးအန္တရာယ်၊ အတိုးနှုန်းအန္တရာယ်နှင့် ဈေးနှုန်းအန္တရာယ် ဟူ၍ အမျိုးအစား (၃) မျိုး ပါဝင်ပါသည်။

အတိုးနှုန်းအန္တရာယ် (Interest Rate Risk)

ငွေသားစီးဆင်းမှု အတိုးနှုန်းအန္တရာယ်သည် ဈေးကွက်အတိုးနှုန်း ပြောင်းလဲမှုကြောင့် Financial instrument တစ်ခု၏ ငွေကြေးလည်ပတ်မှု အတက်အကျဖြစ်ပေါ်လာမည့် အန္တရာယ်ဖြစ်နိုင်ခြင်းကို Cash flow interest rate risk ဟု ခေါ်ပြီး၊ သင့်တင့်မျှတသော အတိုးနှုန်းအန္တရာယ်သည် (Fair value interest rate risk) ဈေးကွက်နှုန်းထားများ ပြောင်းလဲမှု ကြောင့် အဆိုပါ Financial instrument ၏ မျှတသောတန်ဘိုး (Fair value) အတက်အကျဖြစ်နိုင်သည့် အန္တရာယ်ဖြစ်ပါသည်။ ကုမ္ပဏီတွင် အဆိုပါ အတိုးနှုန်းအန္တရာယ်များနှင့် ဆက်စပ်နိုင်သည့် သိသာထင်ရှား သော အတိုးရရှိသည့် ပိုင်ဆိုင်မှုများ မရှိပါ။

Liquidity Risk

ကုမ္ပဏီသည် လုပ်ငန်းလည်ပတ်မှုကို ထောက်ပံ့နိုင်ရန်နှင့် ငွေသားစီးဆင်းမှု အတက်အကျဖြစ်ခြင်း၏ အကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ရန်အတွက် ဒါရိုက်တာများက သင့်တော်လုံလောက်သည်ဟု ယူဆသော ဘဏ်လက်ကျန်ငွေ ပမာဏကို စောင့်ကြည့်ထိန်းသိမ်းထားရှိပါသည်။

Compliance risk

ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းများနှင့် သက်ဆိုင်သည့် ဥပဒေများ၊ စည်းမျဉ်းများ သို့မဟုတ် ကျင့်ထုံးများ ကိုလိုက်နာရန် ပျက်ကွက်ခြင်း သို့မဟုတ် မလိုက်နာနိုင်ခြင်းတို့ကြောင့် စည်းမျဉ်းလိုက်နာမှုဆိုင်ရာ

အန္တရာယ် ဖြစ်ပေါ်နိုင်ပါသည်။ စည်းမျဉ်းများ မလိုက်နာပါက ဒဏ်ငွေရိုက်ခြင်း၊ အများသူငှာ ပြစ်တင်ရှုချခံရခြင်း၊ လုပ်ငန်းလည်ပတ်မှုကို ရပ်ဆိုင်းခံရခြင်း သို့မဟုတ် အဆိုးရွားဆုံးအခြေအနေတွင် လုပ်ငန်းလည်ပတ်ခွင့်ကို ပြန်လည်ရုပ်သိမ်းခံရခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

၅။ အရင်းအနှီးငွေအား စီမံခန့်ခွဲခြင်း (Capital Management)

ကုမ္ပဏီအနေဖြင့် ၎င်း၏ အရင်းအနှီးငွေကို စီမံခန့်ခွဲရာတွင် အဓိကရည်မှန်းချက်များမှာ လုပ်ငန်းကို ဆက်လက်ရပ်တည်နိုင်ရန် (Going concern) အတွက် လုံလောက်သော လည်ပတ်ရင်းနှီးငွေ (Working capital) ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ထိန်းသိမ်းထားရှိရန် ဖြစ်ပါသည်။

ဝဖပ်ဇဝဖ်ဂ်	၁၎ဖ်၅၅	၀၀င်ဖင၀	ဖြဝဇ်ဖြဖ	ဝင၁်၅၅၃	၎ဝဝ်ဖြ	ဂ၃၃်၃၁	၅ဝဇ်ဖြင်ဂ	ဂဝဇ်ဖြင်ဂ
၃၁၈်ဖဝဖ်ဂ်	ဝင၅ဂ်ဝ၃	၅ဂ်ဖြဂ်ဝ	ဖြင်၃်၅၃	ဂြဂ်၃ဂ်င်ဂ	၁၁င်ဖ၁	ဂ်ဝ၃်၅ဂ်	ဇဂ၅်ဖြဂ	ဇဂ၅်ဖြင်ဂ
(ဖဝဂ်)	–	–	–	–	–	(ဖဝဂ်)	–	။ဒွါးဒွိဒွိုးဒွါဝေ ။ဒေးထိဝးဒွံဒွဝ ၄၁၆
(၅၄ဂ်ဂ်ဂ)	–	(ဝ၁ဝ်၅ဂ)	(၅၁၅်၅၈)	(ဝဖ၆်ဝဂ)	–	–	–	။ဒွါးဒွိဒွိုးဒွါဝေ
(၅ဂ်ဂ်၈၈)	(၆၃၅်၁၃)	–	(ဂဂင်ဂဂ)	(ဂ၁င်ဖင)	–	–	–	။ဒွါးဒွိဒွိုးဒွါဝေ
(၅၃၃်၆)	၁၈၀်၈၈	၁၈၁်ဖ၁	(ဂ၁ဂ်ဂ)	(ဂ၁ဂ်ဂ)	–	–	–	။ဒွါးဒွိဒွိုးဒွါဝေ ဒွံဒွဝ ၄၁၆
ဖြ၆်ဂ၆	၈ဖဂ်ဖင	၈၅်ဂ၁	၄၆၅်၅၄	၄၆၅်၅၄	၄၆၅်၅၄	၄၆၅်၅၄	၄၆၅်၅၄	။ဒွါးဒွိဒွိုးဒွါဝေ
၆ဖဖ်ဂ၆	ဂ၅ဂ်ဂ၃	ဂ၅ဂ်ဂ၃	ဂ၅ဂ်ဂ၃	ဂ၅ဂ်ဂ၃	ဂ၅ဂ်ဂ၃	ဂ၅ဂ်ဂ၃	ဂ၅ဂ်ဂ၃	။ဒွါးဒွိဒွိုးဒွါဝေ ဒွံဒွဝ ၄၁၆
၃၁၈်ဖဝဖ်ဂ်	၅၁င်ဖ၁ဂ	ဖြင်ဂ်ဖြင	ဂြဂ်၃ဂ်င်ဂ	ဂဖင်ဖ၁ဂ	၁၁၆်ဇ၅၂	၅၁၆်ဇ၅၂	ဇဂ၅်ဖြဂ	ဇဂ၅်ဖြင်ဂ
(၅၂ဂ်ဂ်ဂ)	–	(ဝ၁ဝ်၅ဂ)	(၅၁၅်၅၈)	(ဝဖ၆်ဝဂ)	–	–	–	။ဒွါးဒွိဒွိုးဒွါဝေ
(ဇ၅ဂ်ဇ၁)	(၆၃၅်၁၃)	–	(ဂ၁ဂ်ဂ)	(ဂ၁ဂ်ဂ)	–	–	–	။ဒွါးဒွိဒွိုးဒွါဝေ
ဝ၆၅်ဂ၂ဇ	–	(ဝ၁ဝ်၅ဂ)	ဇ၁၆်ဇဝင	ဇ၁၆်၁၅	ဖ၆ဂ်၅	ဖ၆ဂ်၅	–	။ဒွါးဒွိဒွိုးဒွါဝေ ဒွံဒွဝ ၄၁၆
၅၁၅်၁၅၆	၁၀၆်၁၅၆	–	–	ဝ၁ဇ်၅င	ဆဆ၅်၅၂	၁၆၅်ဇင	ဆ၁၅်၂၄	။ဒွါးဒွိဒွိုးဒွါဝေ
၁ဂဂ်ဂ၃	ဂ၆၅်ဂ၆	၁၆၅်ဂဂ	ဂ၆၅်၁၆၅	ဖ၂ဂ်ဂဖ	ဖဖ၅်၅၂	ဂ၁၆်ဂ၂	၁ဂဂ်ဂ၆	။ဒွါးဒွိဒွိုးဒွါဝေ ဒွံဒွဝ ၄၁၆
။ဒွါဝေ	။ဒွါးဒွိဒွိုးဒွါဝေ ဒွံဒွဝ ၄၁၆	။ဒွါးဒွိဒွိုးဒွါဝေ ဒွံဒွဝ ၄၁၆	။ဒွါးဒွိဒွိုးဒွါဝေ ဒွံဒွဝ ၄၁၆	။ဒွါးဒွိဒွိုးဒွါဝေ ဒွံဒွဝ ၄၁၆	။ဒွါးဒွိဒွိုးဒွါဝေ ဒွံဒွဝ ၄၁၆	။ဒွါးဒွိဒွိုးဒွါဝေ ဒွံဒွဝ ၄၁၆	။ဒွါးဒွိဒွိုးဒွါဝေ ဒွံဒွဝ ၄၁၆	။ဒွါးဒွိဒွိုးဒွါဝေ ဒွံဒွဝ ၄၁၆

။ဒွါးဒွိဒွိုးဒွါဝေ ။ဒေးထိဝးဒွံဒွဝ ၄၁၆ ။ဒွါးဒွိဒွိုးဒွါဝေ ဒွံဒွဝ ၄၁၆

(။ဒွါးဒွိဒွိုးဒွါဝေ ဒွံဒွဝ ၄၁၆ ။ဒွါးဒွိဒွိုးဒွါဝေ ဒွံဒွဝ ၄၁၆ - ။ဒွါးဒွိဒွိုးဒွါဝေ)

ابتدائی تعلیم کے اساتذہ کی تربیت کے لیے ۲۰۱۵ء میں قائم کیا گیا ادارہ Yoma Institute of Teacher Education

۲۰۱۵ء-۱۶ء کے لیے ابتدائی تعلیم کے اساتذہ کی تربیت کے لیے ۲۰۱۵ء میں قائم کیا گیا ادارہ Yoma Institute of Teacher Education	۲۰۱۶ء-۱۷ء	۲۰۱۷ء-۱۸ء	۲۰۱۸ء-۱۹ء	۲۰۱۹ء-۲۰ء	۲۰۲۰ء-۲۱ء
داخلہ شدہ طلبہ	۲۲۰	۲۵۰	۲۷۵	۳۰۰	۳۲۵
فارغ التحصیل طلبہ	۱۷۵	۲۰۰	۲۲۵	۲۵۰	۲۷۵
اساتذہ	۱۲	۱۴	۱۵	۱۶	۱۸
اساتذہ کی تربیت کے لیے دیگر ادارے	۳	۳	۴	۴	۴
تعلیمی بجٹ (ملین ڈالر)	۱.۲	۱.۴	۱.۵	۱.۷	۱.۹
تعلیمی بجٹ میں حکومتی حصہ (ملین ڈالر)	۰.۸	۱.۰	۱.۲	۱.۴	۱.۶
تعلیمی بجٹ میں نجی شعبے کا حصہ (ملین ڈالر)	۰.۴	۰.۴	۰.۳	۰.۳	۰.۳
تعلیمی بجٹ میں بین الاقوامی امداد کا حصہ (ملین ڈالر)	۰.۰۱	۰.۰۱	۰.۰۱	۰.۰۱	۰.۰۱
تعلیمی بجٹ میں دیگر ذرائع کا حصہ (ملین ڈالر)	۰.۰۱	۰.۰۱	۰.۰۱	۰.۰۱	۰.۰۱
تعلیمی بجٹ میں سے ۲۰۱۵ء-۱۶ء کے لیے مختص کیا گیا حصہ (ملین ڈالر)	۰.۱	۰.۱	۰.۱	۰.۱	۰.

၇။ ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်မှုပစ္စည်း

	၂၀၂၄	၂၀၂၃
မူရင်းတန်ဖိုး		
စာရင်းဖွင့်လက်ကျန်	၁၅၆,၁၉၅	၁၅၁,၀၉၂
နှစ်အတွင်းထပ်တိုးခြင်း	၂၅,၆၅၀	–
အမျိုးအစား ပြန်လည်သတ်မှတ်ခြင်း	–	၅,၆၆၃
MES ပုံသေပိုင်ပစ္စည်းအတွက် စာရင်းညှိနှိုင်းခြင်း	–	(၅၆၀)
စာရင်းပိတ်လက်ကျန်	၁၈၁,၈၄၅	၁၅၆,၁၉၅
စုစုပေါင်းတန်ဖိုးလျော့နှင့် တန်ဖိုးလျော့ကျမှု		
စာရင်းဖွင့်လက်ကျန်	၁၂၇,၈၃၈	၁၀၉,၆၇၄
နှစ်အတွင်းတန်ဖိုးလျော့ခြင်း	၂၄,၀၆၀	၁၃,၁၉၆
အမျိုးအစား ပြန်လည်သတ်မှတ်ခြင်း	–	၅,၅၂၈
MES ပုံသေပိုင်ပစ္စည်းအတွက် စာရင်းညှိနှိုင်းခြင်း	–	(၅၆၀)
စာရင်းပိတ်လက်ကျန်	၁၅၁,၈၉၈	၁၂၇,၈၃၈
အသားတင်တန်ဖိုး	၂၉,၉၄၇	၂၈,၃၅၇

၈။ အခြားရင်းနှီးမြှုပ်နှံမှု

	၂၀၂၄		၂၀၂၃	
	ရှယ်ယာပိုင်ဆိုင်မှု ရာခိုင်နှုန်း		ရှယ်ယာပိုင်ဆိုင်မှု ရာခိုင်နှုန်း	
Rakhine Development Corporation Co., Ltd	၃.၈၇%	၃၀,၀၀၀	၃.၈၇%	၃၀,၀၀၀
Myanmar ICT Development Co., Ltd	၂.၄၈%	၁၇၃,၀၀၀	၂.၄၈%	၁၇၃,၀၀၀
Myanmar Technologies & Investment Corporation	၁.၄၄%	၆၆,၁၅၀	၁.၄၄%	၆၆,၁၅၀
Myanmar Payment Solution Service Co., Ltd	၁.၉၈%	၂၃,၆၂၅	၁.၉၈%	၂၃,၆၂၅
Asia Business Synergy Co., Ltd	၁.၃၇%	၁၀,၀၀၀	၁.၃၇%	၁၀,၀၀၀
Myanmar Construction & Development Public Ltd	၀.၇၈%	၄၈,၆၀၀	၀.၉၇%	၆၀,၀၀၀
		၃၅၁,၃၇၅		၃၆၂,၇၇၅

၉။ Biological assets

	၂၀၂၄	၂၀၂၃
ရာဘာပင်၏ စာရင်းဖွင့်လက်ကျန်	၆၁,၄၄၄	၆၁,၄၄၄
နှစ်အတွင်းဝယ်ယူခြင်း	–	–
နှစ်အတွင်းရောင်းချခြင်း/စာရင်းမှပယ်ဖျက်ခြင်း	–	–
ရာဘာပင်၏ စာရင်းပိတ်လက်ကျန်	၆၁,၄၄၄	၆၁,၄၄၄

၁၀။ ငွေနှင့်ငွေသားညီမျှခြင်းများ

	၂၀၂၄	၂၀၂၃
ငွေလက်ကျန်	၁၅၀,၁၈၃	၁၇၀,၉၈၇
ဘဏ်လက်ကျန်	၁,၆၅၈,၁၃၀	၇၅၈,၆၂၈
	၁,၈၀၈,၃၁၃	၉၂၉,၆၁၅

၁၁။ ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ

	၂၀၂၄	၂၀၂၃
ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများမှ ကုန်သွယ်မှုရရန်ရှိများ	၁၆၃,၂၁၉	၉၉,၆၄၃
ဆက်နွယ်မှုမရှိသော အဖွဲ့အစည်းများမှ ကုန်သွယ်မှုရရန်ရှိများ	၄,၃၉၉,၉၅၀	၃,၄၉၇,၄၉၅
အခြားရရန်ရှိများ	၁၈၈,၅၅၉	၁၇၀,၀၇၃
Performance guarantee and deposit	၁,၀၉၀,၂၃၈	၇၉၃,၅၇၃
ဆက်နွယ်ပတ်သက်သော အဖွဲ့အစည်းများမှ ရရန်ရှိများ	၂၁၅,၄၅၈	၁၁၇,၁၇၈
ဆက်နွယ်ပတ်သက်သော အဖွဲ့အစည်းများမှ ရရန်ရှိချေးငွေများ*	၃၂၇,၉၈၄	၁၀၅,၅၈၁
ကြိုတင်ပေးစရိတ်နှင့် ကြိုတင်ထုတ်ပေးငွေများ	၂၃၉,၃၉၉	၃၀၄,၂၄၀
ကြိုတင်ပေးကုန်သွယ်ခွန်	၄၄၆,၈၉၃	၂၈၄,၉၉၇
ကြိုတင်ပေးဝင်ငွေခွန်	၅၇၄,၉၄၄	၄၀၃,၅၄၈
	၇,၆၄၆,၆၄၄	၅,၇၇၆,၃၂၈

* အထက်ဖော်ပြပါသည် ဆက်နွယ်ပတ်သက်သော အဖွဲ့အစည်း ဖြစ်သည့် ABMT Myanmar Co., Ltd. သို့ ထုတ်ချေးထားသော ကာလတိုချေးငွေ ဖြစ်ပါသည်။ ချေးငွေတွင် အတိုးမဲ့ အမေရိကန်ဒေါ်လာ ၃၈,၀၀၀ နှင့် ကျပ် ၂၅,၇၈၀,၉၈၇.၅၀ ပါဝင်ပြီး နှစ်စဉ်အတိုးနှုန်း ၁၀% ဖြင့်ကျပ် ၂၆၀,၀၀၀,၀၀၀ ပါဝင်သည်။ ၂၀၂၄ ခုနှစ်

မတ်လ ၃၁ ရက်နေ့အထိ ချေးငွေလက်ကျန်မှာ ငွေကျပ် (ကျပ်ထောင်ပေါင်း) ၃၂၇,၉၈၄ ဖြစ်ပါသည်။ (၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ရှိ လက်ကျန်မှာ ငွေကျပ် (ကျပ်ထောင်ပေါင်း) ၁၀၅,၅၈၁ ဖြစ်ပါသည်။)

၁၂။ ကုန်လက်ကျန်များ

	၂၀၂၄	၂၀၂၃
Inventory – Office automation	၂,၀၇၄,၂၀၈	၂,၁၈၁,၈၉၅
Inventory – Medical	၇,၆၅၄,၉၅၀	၆,၈၀၃,၀၂၈
Inventory – Engineering	၁,၇၈၄,၁၅၈	၁,၆၄၇,၀၄၃
Inventory – Service office automation	၃၁,၃၈၈	၂၀,၄၂၁
Inventory – Service medical	၁၁၅,၉၆၁	၈၈,၆၈၈
Inventory – Service Engineering	၈၈,၀၄၀	၅၆,၇၃၇
	၁၁,၇၄၈,၇၀၅	၁၀,၇၉၇,၈၁၂

၁၃။ ထုတ်ဝေပေးသွင်းပြီးအစုရှယ်ယာရင်းနှီးငွေ

	၂၀၂၄		၂၀၂၃	
	ထုတ်ဝေထား သောသာမန် အစုရှယ်ယာ အရေအတွက်	ထုတ်ဝေပေး သွင်းပြီး အစုရှယ်ယာ ရင်းနှီးငွေ	ထုတ်ဝေထား သောသာမန် အစုရှယ်ယာ အရေအတွက်	ထုတ်ဝေပြီးပေး သွင်းထားသော အစုရှယ်ယာ ရင်းနှီးငွေ
နှစ်အစရှိလက်ကျန်	၅၀၀	၅,၀၀၀	၅၀၀	၅,၀၀၀
bonus share ထုတ်ဝေခြင်း*	၃၉၉,၅၀၀	၃,၉၉၅,၀၀၀	–	–
နှစ်အဆုံးရှိလက်ကျန်	၄၀၀,၀၀၀	၄,၀၀၀,၀၀၀	၅၀၀	၅,၀၀၀

*ယခုဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီသည် မခွဲဝေရသေးသော အမြတ်ငွေလက်ကျန်မှ bonus share အရေအတွက် ၃၉၉,၅၀၀ ထုတ်ဝေခဲ့ပါသည်။ ထို bonus share များ ထုတ်ဝေခြင်းသည် ငွေသားအမှန်တကယ်ရရှိခြင်း မဟုတ်သည့်အတွက် ငွေသားစီးဆင်းမှုရှင်းတမ်းတွင် ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။

၁၄။ ချေးယူငွေများ

	၂၀၂၄	၂၀၂၃
ကာလရှည်		
အစုရှယ်ယာသို့ ပြောင်းလဲနိုင်သောချေးငွေ*	–	–
ကာလတို		
အစုရှယ်ယာရှင်များ၏ချေးငွေ*	၅၁,၉၃၁	–
ဘဏ်ချေးငွေ**	၂၂၆,၄၂၁	၁,၈၃၂,၅၈၁
	၂၇၈,၃၅၂	၁,၈၃၂,၅၈၁

*ပြောင်းလဲနိုင်သောချေးငွေ (convertible loan) နှင့်သက်ဆိုင်သော ပေးရန်ရှိအားလုံးကို ဆက်နွယ်ပတ်သက်သော ကုမ္ပဏီများသို့ ယာယီချေးငွေများနှင့် အစီရင်ခံသည့် ကာလအတွင်း ကုမ္ပဏီနှင့် သက်ဆိုင်မှုမရှိသော ဒါရိုက်တာများ၏ အသုံးစရိတ်များဖြင့် စာရင်းခုနှိမ်ခဲ့ပါသည်။

** အထက်ဖော်ပြပါသည် Yoma Bank နှင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့စွဲဖြင့် ချုပ်ဆိုထားသော သဘောတူညီချက်အရ ချေးငွေကျပ် ၃,၃၀၀,၀၀၀,၀၀၀ ကို တစ်နှစ်လျှင် အတိုးနှုန်း ၁၀% ဖြင့် ချေးယူထားပြီး ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်ပါသည်။ အာမခံပစ္စည်း (Collateral) မှာ မြေနှင့် အဆောက်အအုံ ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ချေးငွေလက်ကျန်မှာ ငွေကျပ် (ကျပ်ထောင်ပေါင်း) ၂၂၆,၄၂၁ ဖြစ်သည်။ (၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ရှိ လက်ကျန်မှာ ငွေကျပ် (ကျပ်ထောင်ပေါင်း) ၁,၈၃၂,၅၈၁ ဖြစ်ပါသည်။)

၁၅။ ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ

	၂၀၂၄	၂၀၂၃
ကုန်သွယ်မှုပေးရန်ရှိ	၇၄,၄၀၆	၆၀,၃၆၁
ကြိုတင်ရငွေ	၃,၈၁၇,၁၉၉	၁,၈၂၈,၄၉၄
အခြားပေးရန်ရှိ	၂၃၁,၄၂၃	၆၂,၄၁၆
ပေးရန်ရှိ အသုံးစရိတ်များ	၃၄၂,၇၇၂	၄၂၄,၉၇၉
ကုန်သွယ်လုပ်ငန်းခွန်အတွက်လျာထားငွေ	၁,၄၇၀,၈၉၀	၉၁၀,၄၈၃
ဝင်ငွေခွန်အတွက်လျာထားငွေ	၁,၁၂၈,၄၇၃	၃၀၁,၇၅၁
	၇,၀၆၅,၁၆၃	၃,၅၈၈,၄၈၄

၁၆။ ဝင်ငွေ

	၂၀၂၄	၂၀၂၃
ရုံးလုပ်ငန်းသုံးပစ္စည်းများရောင်းရငွေ	၂,၄၀၄,၁၁၇	၂,၉၀၅,၄၄၆
ဆေးဘက်ဆိုင်ရာပစ္စည်းများရောင်းရငွေ	၁၁,၀၂၄,၂၃၈	၁၁,၂၁၅,၈၀၄
အင်ဂျင်နီယာလုပ်ငန်းသုံးပစ္စည်းများရောင်းရငွေ	၂,၆၂၀,၆၇၁	၁,၈၉၇,၁၁၂
ရုံးလုပ်ငန်းသုံးပစ္စည်းများ ဝန်ဆောင်မှုမှရငွေ	၁၆၈,၈၆၆	၁၀၅,၁၃၈
ဆေးဘက်ဆိုင်ရာပစ္စည်းများ ဝန်ဆောင်မှုမှရငွေ	၂၄၂,၈၀၃	၁၇၁,၃၉၃
အင်ဂျင်နီယာလုပ်ငန်းသုံးပစ္စည်းများ ဝန်ဆောင်မှုမှရငွေ	၁၄၃,၆၇၅	၁၀၇,၆၅၁
FSMA မှ ဝင်ငွေ	၁,၂၃၂,၅၉၈	၉,၂၂၃
Engineering (MES) မှ ဝင်ငွေ*	၃၁,၀၂၃	၂၆,၉၉၂
3QC မှ ဝင်ငွေ	၂၄,၄၉၃	–
ပူးပေါင်းလုပ်ငန်းဆောင်ရွက်မှုမှ ဝင်ငွေ	၂၇,၃၂၅	–
စုစုပေါင်း ဝင်ငွေ	၁၇,၉၁၉,၈၀၉	၁၆,၄၃၈,၇၅၉
(-) ကုန်သွယ်လုပ်ငန်းခွန်	(၃၀၉,၈၃၇)	(၆၅၇,၄၃၅)
(-) ခွင့်ပြုထားသောလျော့ပေးငွေ	(၁၁,၆၇၅)	(၃၀၀)
	၁၇,၅၉၈,၂၉၇	၁၅,၇၈၁,၀၂၄

*ကုမ္ပဏီသည် ကွန်ကရစ်စမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်း တစ်ခုအားလုပ်ကိုင်ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Myanmar Engineering Societies (MES)နှင့် နှစ်စဉ်သဘောတူစာချုပ်ကို ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက် အထိ ချုပ်ဆိုခဲ့ပါသည်။ ထိုသဘောတူညီချက်အရ ကုမ္ပဏီနှင့် MES တို့သည် ရရှိလာသော ဝင်ငွေ၊ ကုန်ကျစရိတ် နှင့် လစဉ် အရှုံး (သို့မဟုတ်) အမြတ် တို့ကို အညီအမျှခွဲဝေကျခံရပါသည်။

၁၇။ Expense by nature

	မှတ်စု	၂၀၂၄	၂၀၂၃
ကုန်ပစ္စည်းအဝယ်များ		၈,၈၂၃,၁၅၈	၈,၀၃၅,၃၆၀
ကုန်ဝယ်သယ်ယူစရိတ်များ		၃၁၃,၅၂၇	၅၆၁,၂၇၄
ဝန်ထမ်းခံစားခွင့်နှင့်လစာစရိတ်များ	၁၇-က	၂,၇၆၀,၀၂၂	၂,၀၉၅,၆၅၅
ဒါရိုက်တာများ၏အခကြေးငွေ		၄၇၀,၆၁၈	၂၉၇,၇၂၃
ဒါရိုက်တာများ၏ စရိတ်များ		–	၂,၇၂၇
စာပို့ခနှင့် ဆက်သွယ်ရေးစရိတ်များ		၃၈,၇၂၂	၃၅,၇၂၆

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမ်တက်
၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်
ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ
ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

ကြေငြာစရိတ်များ	၁၀၅,၆၀၃	၃၀,၇၁၃
အခြားစီးပွားရေးလုပ်ငန်းဆိုင်ရာစရိတ်များ	၁၆၂,၁၀၀	၃၆၃,၄၉၀
လက်ဆောင်နှင့် လှူဒါန်းငွေစရိတ်များ	၁၂၆,၈၉၀	၄၃,၈၅၉
ခရီးစရိတ်နှင့် သယ်ယူပို့ဆောင်စရိတ်များ	၁၉၃,၃၅၇	၁၂၈,၀၀၀
ဌားရမ်းခစရိတ်များ	၂၅၁,၉၀၉	၂၂၃,၃၈၅
အလုပ်သမားစရိတ်များ	၂၀,၅၀၁	၃၉,၉၁၂
စက်သုံးဆီစရိတ်များ	၁၇၀,၆၈၃	၁၄၈,၈၄၅
ပြုပြင်ထိန်းသိမ်းရေးစရိတ်များ	၁၀၀,၆၇၉	၇၂,၅၁၂
အခွန်အခများ	၁,၉၅၂	၄,၉၅၃
အခြားစရိတ်များ	၆၁,၆၉၉	၉၁,၉၈၆
လျှပ်စစ်မီတာခနှင့် ဆက်စပ်ပစ္စည်းစရိတ်များ	၄၆,၉၀၈	၄၉,၈၄၅
ပုံနှိပ်ခနှင့် ရုံးသုံးစာရေးကိရိယာစရိတ်များ	၃၄,၈၁၅	၃၄,၂၀၁
Software ဝန်ဆောင်ခ စရိတ်များ	၇၅,၂၄၅	၄၅,၆၀၅
လိုင်စင်နှင့် မှတ်ပုံတင်ခြင်းစရိတ်များ	၉,၄၇၀	၂,၆၅၆
Professional fees	၉၉,၇၅၁	၁၃၆,၉၁၈
ကုန်လက်ကျန် တန်ဖိုးပယ်ဖျက်ခြင်းစရိတ်များ	၂၄,၁၁၅	၁၇၀,၆၇၀
ကြွေးဆုံးစရိတ်များ	၄,၂၅၄	၄၇၁,၆၉၂
အာမခံစရိတ်များ	၁၉,၈၆၁	၁၅,၅၉၅
ဘဏ်စရိတ်များ	၅၈,၂၉၀	၄၂,၄၃၄
ဝန်ဆောင်ခစရိတ်များ	၂၇,၈၄၄	၆,၆၉၄
Discount received	(၂,၂၀၅)	၈၈
တန်ဖိုးလျော့စရိတ်များ	၅၄၆,၀၁၉	၅၇၀,၃၈၉
အခြေပစ္စည်းရောင်းချခြင်းမှအမြတ်အပေါ် အခွန်	၃,၉၇၅	၇၃၇
	၁၄,၅၄၉,၇၆၂	၁၃,၇၂၃,၆၄၇

၁၇-က။ ဝန်ထမ်းခံစားခွင့်နှင့်လစာစရိတ်များ

	၂၀၂၄	၂၀၂၃
လုပ်ခနှင့် လစာများ	၂,၁၁၀,၉၅၇	၁,၈၀၄,၇၇၈
အခြားခံစားခွင့်များ	၆၄၉,၀၆၅	၂၉၀,၈၇၇
	၂,၇၆၀,၀၂၂	၂,၀၉၅,၆၅၅

၁၈။ အခြားဝင်ငွေ

	၂၀၂၄	၂၀၂၃
အတိုးရငွေ	၁၁,၅၈၆	၉,၃၃၈
အထွေထွေဝင်ငွေ	၂၅၃,၆၉၇	၄၀,၉၇၅
	၂၆၅,၂၈၃	၅၀,၃၁၃

၁၉။ ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှအမြတ်

	၂၀၂၄	၂၀၂၃
ရောင်းရငွေ	၅၇,၃၁၇	၃၆,၅၄၆
မူရင်းတန်ဖိုး	၆၇,၂၀၈	၁၀၅,၈၇၁
စုစုပေါင်းတန်ဖိုးလျော့	(၆၀,၂၇၄)	(၉၈,၃၆၂)
အသားတင်တန်ဖိုး	၆,၉၃၄	၇,၅၀၉
ကုန်လက်ကျန်သို့ လွှဲပြောင်းသည့်ပစ္စည်းများရောင်းချခြင်းမှ အမြတ်/(အရှုံး)	(၁၉၃)	၈၀၀
	၅၀,၅၇၆	၂၈,၂၃၇

၂၀။ နိုင်ငံခြားငွေလဲလှယ်နှုန်း အမြတ်/(အရှုံး)

အထက်ဖော်ပြပါများတွင် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်၌ နိုင်ငံခြားငွေဖြင့်ကျန်ရှိသော လက်ကျန်စာရင်း များကို စာရင်းပိတ်သည့်နေ့ရှိ ငွေလဲလှယ်နှုန်းဖြင့် တန်ဖိုးပြန်သင့်ခြင်းမှ ပေါ်ပေါက်လာသော နိုင်ငံခြားငွေ လဲလှယ်နှုန်း (အရှုံး)/အမြတ်များ အဓိက ပါဝင်ပါသည်။

၂၁။ ဝင်ငွေခွန်စရိတ်

	၂၀၂၄	၂၀၂၃
အခွန်မလျာထားမီအသားတင်အမြတ်	၃,၁၇၂,၀၉၂	၇၆၉,၂၅၆
(-) အခွန်ကင်းလွတ်ခွင့်ရှိသော ဝင်ငွေများ	-	-
(+) နုတ်ပယ်ခွင့်မရှိသော အသုံးစရိတ်များ	၅၈၅,၇၃၆	၆၀၂,၃၃၈
အခွန်စည်းကြပ်ထိုက်သော ဝင်ငွေ	၃,၇၅၇,၈၂၈	၁,၃၇၁,၅၉၄
မြန်မာနိုင်ငံတွင် သတ်မှတ်ထားသော ဝင်ငွေခွန် အခွန်နှုန်းထားအရ ဝင်ငွေခွန်လျာထားချက် - ၂၂%	၈၂၆,၇၂၂	၃၀၁,၇၅၁
ယခင်ဘဏ္ဍာရေးနှစ်မှ လျော့နည်း ပေးချေမှု	-	၂,၄၆၇
စရိတ်အဖြစ်ကျခံထားသော ၂% ပင်ရင်းမှနုတ်ယူ ပေးသွင်းသည့်အခွန်	၃၂၂	၅၇၇
	၈၂၇,၀၄၄	၃၀၄,၇၉၅

၂၂။ ယခင်နှစ်နှင့်ဆိုင်သော စာရင်းညှိနှိုင်းချက်

	၂၀၂၄	၂၀၂၃
ကုန်သွယ်မှုပေးရန်ရှိများအတွက် ပေးချေရန်မလိုအပ်သောကြောင့် စာရင်းညှိနှိုင်းခြင်း	(၁၄,၆၄၈)	-
ကာလကြာရှည်အပ်နှံငွေအတွက် စာရင်းညှိနှိုင်းခြင်း	(၅,၁၅၆)	-
ကြိုတင်ရရှိငွေများတွင် ဈေးနှုန်းမှားယွင်းမှုအတွက် ပြန်လည်ညှိနှိုင်းခြင်း	(၂,၀၁၆)	-
ယခင်နှစ်အရောင်းဘောင်ချာများအပေါ် ထုတ်ပေးခဲ့သော credit note အတွက်စာရင်းညှိနှိုင်းခြင်း	(၁၂,၀၁၆)	-
ယခင်နှစ်နှင့်ဆိုင်သော ကြွေးဆုံးစရိတ်များ	-	(၄၀၀,၂၁၆)
ယခင်နှစ်နှင့်ဆိုင်သော ငှားရမ်းခများ	-	(၂၉၈,၃၅၀)
MES နှင့်သက်ဆိုင်သော ရရန်ရှိနှင့် ပေးရန်ရှိများအတွက် စာရင်းညှိနှိုင်းခြင်း	-	(၁၉,၅၂၇)
ရရန်ရှိစာရင်းတွင် SAP Software Error ကြောင့်စာရင်းညှိနှိုင်းခြင်း	-	၈,၆၆၄
သက်တမ်းကုန်ဆုံးသွားသော ကုန်ပစ္စည်းများ စာရင်းပယ်ဖျက်ခြင်းအတွက် ပြန်လည်ညှိနှိုင်းခြင်း	-	(၁၂,၆၁၉)
ကုန်သွယ်မှုပေးရန်ရှိများ အပေါ် ငွေလဲလှယ်မှု အမြတ်/အရှုံး အတွက် စာရင်းညှိနှိုင်းခြင်း	-	(၆,၁၅၈)
အခြား	(၂၁၆)	(၂၁၈)
	(၃၄,၀၅၂)	(၇၂၈,၄၂၄)

၂၃။ ပတ်သက်ဆက်နွယ်နေသော အဖွဲ့အစည်းများအကြား ဆောင်ရွက်ချက်များ

ဘဏ္ဍာရေးရှင်းတမ်းများ၏ အခြားနေရာများတွင် ဖော်ပြထားသော အချက်အလက်များအပြင် အောက်ပါ လုပ်ငန်းလုပ်ဆောင်ချက်များသည် ကုမ္ပဏီနှင့် ပတ်သက်ဆက်နွယ်နေသော အဖွဲ့အစည်းများအကြားတွင် သဘောတူညီချက်များနှင့်အညီ ပေါ်ပေါက်ခဲ့ပါသည်။

(က) ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်း နှင့် ရောင်းချခြင်း

	၂၀၂၄	၂၀၂၃
ကုန်ရောင်း - ABMT Myanmar Co., Ltd	၂၃၆,၉၅၆	၃၄၃,၀၆၈
ကုန်ရောင်း - C.I.L Company Limited	၂၅,၃၇၇	၆၇,၅၃၆
ကုန်ရောင်း - Myanmar Sport Holiday Co., Ltd	၇၇၁	-
	၂၆၃,၁၀၄	၄၁၀,၆၀၄

စာရင်းပိတ်သည့်နေ့မှ ၁၂ လအတွင်း ကုန်စည် နှင့် ဝန်ဆောင်မှုများရောင်းချခြင်းမှ ရရန်ရှိများ နှင့် အစုရှယ်ယာရှင်များထံမှ ချေးယူငွေများအား ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ရက်နှင့် ၂၀၂၃ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ရှိ လက်ကျန်စာရင်းများကို မှတ်စု ၁၁ နှင့် ၁၄ တို့တွင် ဖော်ပြထားပါသည်။

(ခ) အဓိကကျသော စီမံအုပ်ချုပ်သူ နှင့် ဒါရိုက်တာ အခကြေးငွေ

	၂၀၂၄	၂၀၂၃
ဒါရိုက်တာ အခကြေးငွေ	၄၇၀,၆၁၈	၂၉၇,၇၂၃
	၄၇၀,၆၁၈	၂၉၇,၇၂၃

၂၄။ Commitments

<u>ငွားရမ်းခြင်းနှင့်ဆိုင်သော commitment</u>

ကုမ္ပဏီ သည် ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ရက်နေ့တွင် Myanmar Information & Communication Technology Development Corporation Public Co., Ltd နှင့် ငွားရမ်းမှုသဘောတူစာချုပ် ချုပ်ဆိုခဲ့ပါသည်။

ထိုသဘောတူညီချက်စာချုပ်အရ ငွားရမ်းသူသည် လှိုင်မြို့နယ်၊ MICT ဝန်းအတွင်းတည်ရှိသော ဧရိယာ၈,၆၄၀ (စတုရန်း မီတာ) ကျယ်ဝန်းသော မြေကွက်အား ကုမ္ပဏီသို့ ငွားရမ်းရန် သဘောတူခဲ့ပါသည်။ ငွားရမ်းသည့်ကာလမှာ ၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၂၀၄၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့အထိ ကနဦး နှစ် ၃၀ ငွားရမ်းခဲ့ပြီး ၎င်းနောက်တွင် ၅ နှစ်သက်တမ်းတိုးခြင်းကို ၂ ကြိမ်အထိ ထပ်မံလုပ်ဆောင်နိုင်ပါသည်။

ဖျက်သိမ်းခွင့်မရှိသော လုပ်ငန်းသုံးငွားရမ်းသဘောတူညီမှုအရ အနာဂတ်ကာလတွင် ပေးချေရမည့် အနည်းဆုံးငွားရမ်းခ ပမာဏ များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

	၂၀၂၄	၂၀၂၃
၁ နှစ်အတွင်း	၂၀၇	၂၀၇
၁ နှစ်ထက်ကျော်ပြီး ၅ နှစ်အတွင်း	၈၂၉	၈၂၉
၅ နှစ်အထက်	၂,၄၂၈	၂,၆၃၅
	၃,၄၆၄	၃,၆၇၁

၂၅။ အစီရင်ခံသည့်နေ့နောက်ပိုင်းဖြစ်ပေါ်သည့် အဖြစ်အပျက်များ

ကုမ္ပဏီသည် ယခုအခါ ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange - YSX) တွင် စာရင်းဝင်ရန် လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကွန်ကော့ဒီးယား ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာဘုတ် အဖွဲ့သည် လက်ရှိအစုရှယ်ယာရှင်များအား Bonus Share များထပ်မံ ထုတ်ပေးရန် အတည်ပြုခဲ့ပြီး ထိုအတည်ပြုချက် သည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိပါသည်။ ထိုအစုရှယ်ယာ ထုတ်ဝေခြင်းသည် ကုမ္ပဏီ၏ စုဆောင်းအမြတ်ထဲမှ မြန်မာကျပ်ငွေ ၅,၀၀၀,၀၀၀,၀၀၀,၀၀၀ ကို အစုရှယ်ယာ ရင်းနှီးငွေအဖြစ် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

(ဒုတိယအကြိမ် Bonus Shares ထုတ်ပေးပြီးနောက် အစုရှယ်ယာမှာ မြန်မာကျပ်ငွေ ၉,၀၀၀,၀၀၀,၀၀၀ ဖြစ်သည်။)

၂၆။ ဘဏ္ဍာရေးရှင်းတမ်းများအတည်ပြုခြင်း

၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများကို ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်အရ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် ထုတ်ပြန်ရန် အတည်ပြုခဲ့ပါသည်။

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများ

ငွေကြေး- မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

ဝင်းသင်နှင့်အဖွဲ့လီမိတက်
စာရင်းစစ်များ

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက်
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်
ဘဏ္ဍာရေးရှင်းတမ်းများ

မာတိကာ	စာမျက်နှာ
စီမံအုပ်ချုပ်သူများ၏တာဝန်တင်ပြချက်	၁
ပြင်ပစာရင်းစစ်အစီရင်ခံစာ	၂-၅
ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း	၆
ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း	၇
အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း	၈
ငွေသားစီးဆင်းမှုရှင်းတမ်း	၉-၁၀
ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများ	၁၁-၃၃

CONCORDIA
OA,Medical,Engineering
Co Rego/Tax No : 177703591
Hotline : 09- 880 441 060
ISO Certified 9001: 2015 No. 746942

Concordia Public Co., Ltd.
YGN : Bld 11, MICT Park, Hlaing Tsp, Yangon Tel : 01-654 951~8
MDY : C 3, Thiri Mingalar Housing, 27St, B/t 73 x 74 St, Chan Aye Tharzan Tsp, Mandalay. Tel : 02-406 9303
NPT : 144, Thiri Yadanar Shopping Complex, Zabu Thiri Tsp, Nay Pyi Taw. Tel: 067-420 819 / 09-660 723 512
TGI : No.Ma /434, Mingalaroo Ward, Mingalar Street, Taunggyi. Tel: 09-444 406 318
MGW : 67-D, Makyeepin Street, Kan Thar Qtr, Magway. Tel: 09-687944101 / 09-793677561

Facebook Concordia Int Co Ltd, Myanmar
Website www.concrodiamyanmar.com

SR- 008375

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အတွက် စီမံအုပ်ချုပ်သူများ၏တာဝန်တင်ပြချက်

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (ကုမ္ပဏီ) ၏ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေအလုံးစုံ ပါဝင်သော ရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသောစာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ်နှင့် အခြားရှင်းလင်း ဖော်ပြထားသော မှတ်စုများပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်သာ ဖြစ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများသည် -

- ဆီလျော်သော စာရင်းဆိုင်ရာမူဝါဒများအားရွေးချယ်၍ တသမတ်တည်း ကျင့်သုံးခြင်းနှင့်
- အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့် ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းတို့ကို ပြုလုပ်ရန်လိုအပ်ပါသည်။

ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေမှန်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာဖော်ပြရန်အလို့ငှာ စီမံအုပ်ချုပ်သူများ အနေဖြင့် သင့်လျော်သောစာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ ကုမ္ပဏီ၏ ရပိုင်ခွင့်များကို လုံခြုံမှုရှိစေရန်နှင့် မသမာမှုများနှင့် ပုံမှန်မဟုတ်သော မှားယွင်းမှုများကို ကာကွယ်ဖော်ထုတ်နိုင်ရန် ၎င်းအတွက် သင့်လျော်သလို ဆောင်ရွက်ရန် ကျွန်ုပ်တို့တွင် အထွေထွေ တာဝန်ရှိပါသည်။

စီမံအုပ်ချုပ်သူများကိုယ်စား

အမှုဆောင်အရာရှိချုပ်
ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

နေ့စွဲ။ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်။

ဝင်းသင်နှင့်အဖွဲ့လီမိတက်
WIN THIN & ASSOCIATES LTD
CERTIFIED PUBLIC ACCOUNTANTS
Room (2B/2C) 1st Floor, Rose Condominium, No. 182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel: 95-1-8201798, 8296164, Fax: 95-1-8245671 Email: info@winthinassociates.com

စာအမှတ် - ၃၆၀/စီ-၁၁၂/မတ်လ ၂၀၂၅

ပြင်ပစာရင်းစစ်အစီရင်ခံစာ

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များ

ဘဏ္ဍာရေးရှင်းတမ်းများ စာရင်းစစ်ဆေးမှုအပေါ် အစီရင်ခံစာ

စာရင်းစစ်ထင်မြင်ယူဆချက်

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (ကုမ္ပဏီ) ၏ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း နှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသား စီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသောစာရင်း ဆိုင်ရာမူဝါဒများ အကျဉ်းချုပ်ပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများ အပေါ်မှတ်စုများကို စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

ပူးတွဲပါ ဘဏ္ဍာရေးရှင်းတမ်းများသည် ကုမ္ပဏီ၏ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေး အခြေအနေ၊ ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်နှင့် ငွေသားစီးဆင်းမှုများကို မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards)နှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခြေအနေအမှန်ကို သင်တင့်လျောက်ပတ်စွာ ဖော်ပြထားကြောင်း ကျွန်တော်များစာရင်းစစ်အဖွဲ့ ထင်မြင်ယူဆပါသည်။

စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေခံမူ

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် နိုင်ငံတကာစာရင်းစစ်ဆိုင်ရာစံများနှင့်အညီ စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစံများအရ ကျွန်တော်များအဖွဲ့၏တာဝန်များကို ဤအစီရင်ခံစာ၏ ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းစစ်ဆေးခြင်းအတွက် စာရင်းစစ်၏ တာဝန်ကဏ္ဍတွင် ထပ်မံဖော်ပြထား ပါသည်။ ကျွန်တော်များစာရင်းစစ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ဘဏ္ဍာရေး ရှင်းတမ်းများကို စာရင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့်အညီ ကုမ္ပဏီနှင့် သီးခြားလွတ်လပ်စွာ ရပ်တည်ခဲ့ပြီး အခြားသော ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ခဲ့ပါသည်။ ကျွန်တော်များစာရင်းစစ်အဖွဲ့ရရှိခဲ့သော စာရင်းစစ် အထောက်အထားများ သည် ကျွန်တော်များစာရင်းစစ်အဖွဲ့၏ စာရင်းစစ်ထင်မြင်ယူဆချက် အတွက် အခြေခံမူပြုရန် လုံလောက် သင့်လျော်သည်ဟု ယုံကြည်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများအတွက် စီမံအုပ်ချုပ်သူများနှင့် စီမံခန့်ခွဲမှုကြီးကြပ်သူများ၏တာဝန်

ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards)နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပြီး လိမ်လည်မှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှ ကင်းရှင်းသော ဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲနိုင်ရန်၊ လုပ်ငန်းတွင်းထိန်းချုပ်မှု အစီအစဉ်ကို စီမံအုပ်ချုပ်သူများမှ ချမှတ်ထားရှိရန် လိုအပ်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများသည် ကုမ္ပဏီကို ဖျက်သိမ်းရန် သို့မဟုတ် လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းရန် ရည်ရွယ်မှုမရှိလျှင် သို့မဟုတ် ထိုသို့လုပ်ဆောင်ရန်မှလွဲ၍ လက်တွေ့ကျသော အခြားရွေးချယ်စရာမရှိမှု မရှိလျှင် ကုမ္ပဏီ၏ ဆက်လက်လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ခြင်း၊ ဆက်လက်လုပ်ဆောင်နိုင်မှု အခြေအနေနှင့်ပတ်သက်သည့်ကိစ္စများကို ထုတ်ဖော်ခြင်းနှင့် ဆက်လက်လုပ်ဆောင်နိုင်မှုနှင့် သက်ဆိုင်သည့် စာရင်းကိုင်မှုများကို အသုံးပြုခြင်းတို့သည် စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။

စီမံခန့်ခွဲမှုကြီးကြပ်သူများ၏ တာဝန်သည် ကုမ္ပဏီ၏ ဘဏ္ဍာရေးအစီရင်ခံခြင်း လုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲရန်တာဝန်ရှိပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးခြင်းအတွက် စာရင်းစစ်၏တာဝန်

ကျွန်တော်များ၏ ရည်ရွယ်ချက်မှာ လိမ်လည်မှု၊ မှားယွင်းမှုကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ တစ်ခုလုံးသည် အရေးပါသောမှားယွင်းစွာဖော်ပြမှုများမှ ကင်းရှင်းကြောင်း၊ ကျိုးကြောင်းဆီလျော် သေချာမှု ရရှိရန်နှင့် ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက် ပါဝင်သော စာရင်းစစ်အစီရင်ခံစာကို ထုတ်ပြန်ရန် ဖြစ်ပါသည်။ ကျိုးကြောင်းဆီလျော်သေချာမှုဆိုသည်မှာ မြင့်မားသောအဆင့် သေချာမှုဖြစ်သော်လည်း နိုင်ငံတကာ စာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ဆေးရာတွင် တည်ရှိနေသော အရေးပါသည့် မှားယွင်းဖော်ပြချက်အား အမြဲတွေ့ရှိမည်ဟု အာမခံချက်ပေးခြင်းမဟုတ်ပါ။ မှားယွင်းဖော်ပြမှုများသည် လိမ်လည်မှု၊ မှားယွင်းမှုတို့ကြောင့် ဖြစ်ပေါ်လာနိုင်ပြီး မှားယွင်းဖော်ပြမှုများသည် တစ်ခုခြင်း သို့မဟုတ် စုပေါင်းခြင်းအားဖြင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသုံးပြုသူများ၏ စီးပွားရေးဆိုင်ရာဆုံးဖြတ်ချက်များကို ကျိုးကြောင်းဆီလျော်စွာ သြဇာလွှမ်းမိုးနိုင်ခဲ့ပါက အရေးပါသည်ဟု စဉ်းစားပါသည်။

နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျွန်တော်များသည် စာရင်းစစ်ဆေးမှု တစ်လျှောက် အတတ်ပညာပိုင်းဆိုင်ရာ ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းကို ကျင့်သုံးရန်နှင့် အတတ်ပညာရှင်ဆိုင်ရာ သံသယစိတ် ထားရှိရန်ဖြစ်ပါသည်။ ကျွန်တော်များသည်

- လိမ်လည်မှု၊ မှားယွင်းမှုကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသော မှားယွင်းစွာ ဖော်ပြမှု အန္တရာယ်များအား ဖော်ထုတ်ရန်နှင့် အကဲဖြတ်ရန်၊ အဆိုပါအန္တရာယ်များအား တုံ့ပြန်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများရေးဆွဲဆောင်ရွက်ရန်၊ ကျွန်တော်များ၏ စာရင်းစစ် ထင်မြင်ယူဆချက် အတွက် အခြေခံမူပြုရန် လုံလောက် သင့်လျော်သော စာရင်းစစ် အထောက်အထားများ ရယူရန်ဖြစ်ပါသည်။ လိမ်လည်မှုအရ ဖြစ်ပေါ်သောအရေးပါသည့် လွဲမှားဖော်ပြမှုများအား ဖော်ထုတ်မှုမပြုနိုင်ခြင်း အန္တရာယ်သည် မှားယွင်းမှု

ကြောင့် ဖြစ်ပေါ်သော အန္တရာယ်ထက်ဝိုမိုမြင့်မားပါသည်။ အကြောင်းအရင်းမှာ လိမ်လည်မှုတွင် ပူးပေါင်းကြံစည်ခြင်း၊ အတုပြုလုပ် ခြင်း၊ ရည်ရွယ်ချက်ရှိရှိ ထိန်ချန်ထားခြင်း၊ လွဲမှားထွက်ဆိုခြင်း သို့မဟုတ် ဌာနတွင်းကြီးကြပ်မှု စနစ်အား ကျော်လွှားခြင်းတို့ ပါဝင်နိုင်သောကြောင့် ဖြစ်ပါသည်။

- အခြေအနေနှင့်သင့်လျော်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် စာရင်းစစ်ဆေးရာတွင် ဌာနတွင်း ကြီးကြပ်မှုစနစ်အား နားလည်ရန်လိုအပ်သော်လည်း ကုမ္ပဏီ၏ ဌာနတွင်း ကြီးကြပ်မှုစနစ် ထိရောက်မှုအပေါ် စာရင်းစစ်ထင်မြင်ယူဆချက် ပေးရန် မရည်ရွယ်ပါ။

- စီမံအုပ်ချုပ်သူများမှ ပြုလုပ်သော စာရင်းခန့်မှန်းခြေများနှင့် သက်ဆိုင်ရာထုတ်ဖော်ချက်များ၏ ကျိုးကြောင်းဆီလျော်မှုနှင့် အသုံးပြုထားသော စာရင်းဆိုင်ရာမူဝါဒများ သင့်လျော်မှုကို အကဲဖြတ်ပါသည်။

- စီမံအုပ်ချုပ်သူများမှ အသုံးပြုသည့် လုပ်ငန်းဆက်လက်လုပ်ဆောင်မှု စာရင်းအခြေခံမူ၏ သင့်လျော်မှုနှင့် ရယူထားသော စာရင်းစစ်အထောက်အထားများပေါ်မူတည်၍ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆက်လက် လုပ်ဆောင်နိုင်မှုအပေါ် ထင်ရှားသောသံသယများ ဖြစ်စေနိုင်သည့် အရေးပါသော မသေချာသည့် အဖြစ်အပျက် အခြေအနေရှိ/မရှိ သုံးသပ်ပါသည်။ အရေးပါသော မသေချာသည့် အခြေအနေရှိခဲ့သည်ဟု သုံးသပ်ပါက ကျွန်တော်များအနေဖြင့် ဘဏ္ဍာရေးရှင်းတမ်းများတွင် ဖော်ပြထားသော အဆိုပါထုတ်ဖော်ချက်အား စာရင်းစစ်အစီရင်ခံစာတွင် ရည်ညွှန်းဖော်ပြရန် လိုအပ်ပါသည်။ အကယ်၍ အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းများတွင် ဖော်ပြထားသော ထုတ်ဖော်ချက်များသည် လုံလောက်မှုမရှိပါက ကျွန်တော်များ၏ စာရင်းစစ်အစီရင်ခံစာအား ပြင်ဆင်ရန် လိုအပ်ပါသည်။ ကျွန်တော်များ၏ သုံးသပ်ချက်သည် စာရင်းစစ်အစီရင်ခံစာထုတ်ပြန်သည့်နေ့အထိ ရရှိထားသော စာရင်းစစ် အထောက်အထားများအပေါ် အခြေခံပါသည်။ သို့သော် အနာဂတ်အဖြစ်အပျက် သို့မဟုတ် အခြေအနေများသည် ကုမ္ပဏီအား လုပ်ငန်းဆက်လက် လုပ်ဆောင်မှုကို ရပ်စဲရန် ဖြစ်ပေါ်စေနိုင် ပါသည်။
- ဘဏ္ဍာရေးရှင်းတမ်းများ၏ ထုတ်ဖော်ပြသချက်များ အပါအဝင် ယေဘုယျတင်ပြမှု၊ ဖွဲ့စည်းမှု၊ ပါဝင်မှုများနှင့် ဘဏ္ဍာရေးရှင်းတမ်းများသည် အခြေခံလုပ်ဆောင်ချက်များနှင့် အဖြစ်အပျက်များအား သင့်လျော်သည့်ပုံစံဖြင့် တင်ပြထားခြင်းရှိ၊ မရှိ သုံးသပ်ပါသည်။

ကျွန်တော်များသည် စာရင်းစစ်ဆေးစဉ်အတွင်း တွေ့ရှိခဲ့သော ဌာနတွင်းကြီးကြပ်မှုစနစ်၏ အရေးပါသော အားနည်းချက်များအပါအဝင် အရေးပါသောစာရင်းစစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်နယ်ပယ်နှင့် အချိန်အတိုင်းအတာ၊ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲမှုကြီးကြပ်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

အခြားဥပဒေနှင့်စည်းကမ်းချက်ဆိုင်ရာလိုအပ်ချက်များအပေါ် အစီရင်ခံခြင်း

ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ

(၁) လိုအပ်သောသတင်းအချက် အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း၊

(၂) ကျွန်တော်များအဖွဲ့၏ အစစ်ဆေးခံကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၂၅၈ နှင့်အညီ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။



နော်ချယ်ရီဖော (ပီအေပီပီ - ၅၉၈)
အစုဝင်
ဝင်းသင်နှင့်အဖွဲ့ လီမိတက်
စာရင်းစစ်လုပ်ငန်းမှတ်ပုံတင်အမှတ် အေစီစီ ၀၀၈

နေ့စွဲ။ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်။

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

	မှတ်စု	၂၀၂၅	၂၀၂၄
ရပိုင်ခွင့်များ			
လက်ငင်းမဟုတ်သောရပိုင်ခွင့်များ			
ပုံသေပိုင်ပစ္စည်း	၆	၂,၄၀၁,၅၇၆	၂,၅၈၈,၇၈၀
ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်မှုပစ္စည်း	၇	၁၈,၀၀၉	၂၉,၉၄၇
အခြားရင်းနှီးမြှုပ်နှံမှု	၈	၃၄၆,၅၇၅	၃၅၁,၃၇၅
Biological assets	၉	၆၁,၄၄၄	၆၁,၄၄၄
		၂,၈၂၇,၆၀၄	၃,၀၃၁,၅၄၆
လက်ငင်းရပိုင်ခွင့်များ			
ငွေနှင့်ငွေသားညီမျှခြင်းများ	၁၀	၂,၅၄၄,၇၇၆	၁,၈၀၈,၃၁၃
ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ	၁၁	၈,၁၁၉,၆၈၆	၇,၆၄၆,၆၄၄
ကုန်လက်ကျန်များ	၁၂	၁၁,၅၇၃,၃၇၉	၁၁,၇၄၈,၇၀၅
		၂၂,၂၃၇,၈၄၁	၂၁,၂၀၃,၆၆၂
		၂၅,၀၆၅,၄၄၅	၂၄,၂၃၅,၂၀၈
ရင်းနှီးငွေနှင့်ပေးရန်တာဝန်များ			
ရင်းနှီးငွေ			
ထုတ်ဝေပေးသွင်းပြီးအစုရှယ်ယာရင်းနှီးငွေ	၁၃	၉,၀၀၀,၀၀၀	၄,၀၀၀,၀၀၀
အမြတ်လက်ကျန်များ		၁၁,၁၂၅,၇၉၇	၁၂,၈၉၁,၆၉၃
		၂၀,၁၂၅,၇၉၇	၁၆,၈၉၁,၆၉၃
ပေးရန်တာဝန်များ			
လက်ငင်းပေးရန်တာဝန်များ			
ချေးယူငွေများ	၁၄	-	၂၇၈,၃၅၂
ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ	၁၅	၄,၉၃၉,၆၄၈	၇,၀၆၅,၁၆၃
		၄,၉၃၉,၆၄၈	၇,၃၄၃,၅၁၅
		၂၅,၀၆၅,၄၄၅	၂၄,၂၃၅,၂၀၈

စာမျက်နှာ ၁၁ မှ ၃၃ အထိရှိ ဘဏ္ဍာရေးရှင်းတမ်းများ အပေါ် မှတ်စုများကိုကြည့်ရန်။

အမှုဆောင်အရာရှိချုပ်

ဒါရိုက်တာ

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း
ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

	မှတ်စု	၂၀၂၅	၂၀၂၄
ဝင်ငွေ	၁၆	၂၁,၈၀၃,၄၀၆	၁၇,၅၉၈,၂၉၇
ရောင်းကုန်တန်ဘိုး	၁၇	(၁၁,၄၅၁,၃၇၅)	(၉,၁၃၃,၃၃၆)
အကြမ်းအမြတ်		၁၀,၃၅၂,၀၃၁	၈,၄၆၄,၉၆၁
အခြားဝင်ငွေ	၁၈	၈၇,၀၉၈	၂၆၅,၂၈၃
ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှ အမြတ်	၁၉	–	၅၀,၅၇၆
နိုင်ငံခြားငွေလဲလှယ်နှုန်း အမြတ်/(အရှုံး)	၂၀	(၄၈၃,၅၁၄)	(၁၅,၆၈၆)
ဈေးကွက်ရှာဖွေခြင်းနှင့် ဖြန့်ဖြူးမှုစရိတ်	၁၇	(၇၇၂,၆၅၈)	(၈၂၄,၉၁၀)
စီမံခန့်ခွဲမှုနှင့် အခြားစရိတ်	၁၇	(၆,၁၀၈,၄၈၁)	(၄,၅၉၃,၅၁၆)
ဘဏ္ဍာရေးစရိတ်		(၁၃,၈၃၆)	(၁၇၆,၆၁၆)
တစ်နှစ်တာအတွက်အမြတ်		၃,၀၆၀,၆၄၀	၃,၁၇၂,၀၉၂
(နှုတ်) ဝင်ငွေခွန်စရိတ်	၂၁	(၉၂၁,၇၃၅)	(၈၂၇,၀၄၄)
တစ်နှစ်တာအတွက်အသားတင်အမြတ်		၂,၁၃၈,၉၀၅	၂,၃၄၅,၀၄၈
တစ်နှစ်တာအတွက်အခြားဝင်ငွေအလုံးစုံ		–	–
တစ်နှစ်တာအတွက်စုစုပေါင်းဝင်ငွေအလုံးစုံ		၂,၁၃၈,၉၀၅	၂,၃၄၅,၀၄၈

စာမျက်နှာ ၁၁ မှ ၃၃ အထိရှိ ဘဏ္ဍာရေးရှင်းတမ်းများ အပေါ် မှတ်စုများကိုကြည့်ရှုရန်။

နှစ်နှစ်ထဲမှာပဲ ဒီလောက်ကြီးမားတဲ့ ကွာခြားချက်ရှိနေတာ ဘာကြောင့်လဲဆိုတာ ပြန်လည်သုံးသပ်ဖို့ လိုအပ်ပါတယ်။

ဝန်ထမ်းအမည်	စာရင်းသွင်းခဲ့သည့် ရက်စွဲ	လစာ (ကျပ်)	ဘိုနပ်စ် (ကျပ်)
ဒေါ်အေးမြင့်	၂၀၁၉-၀၁-၁၅	၁,၂၀၀,၀၀၀	၂၅၀,၀၀၀
ဦးကျော်ဇင်	၂၀၁၉-၀၃-၀၁	၉၅၀,၀၀၀	၁၉၀,၀၀၀
မမြင့်ဝေ	၂၀၁၉-၀၆-၁၀	၁,၀၅၀,၀၀၀	၂၁၀,၀၀၀
ဦးထွန်းလတ်	၂၀၁၉-၀၈-၂၂	၈၅၀,၀၀၀	၁၇၀,၀၀၀
ဒေါ်သီတာမြင့်	၂၀၂၀-၀၁-၀၈	၁,၁၀၀,၀၀၀	၂၂၀,၀၀၀
ဦးဇော်ဝင်းထွဋ်	၂၀၂၀-၀၄-၁၅	၉၅၀,၀၀၀	၁၉၀,၀၀၀
မခင်ဦးအေး	၂၀၂၀-၀၇-၀၁	၁,၀၀၀,၀၀၀	၂၀၀,၀၀၀
ကိုမင်းလွင်ဦး	၂၀၂၀-၀၉-၂၈	၁,၂၅၀,၀၀၀	၂၅၀,၀၀၀
ဒေါ်ခင်မာလေး	၂၀၂၁-၀၂-၁၀	၉၅၀,၀၀၀	၁၉၀,၀၀၀
ဦးသန်းဝေ	၂၀၂၁-၀၅-၂၂	၁,၀၀၀,၀၀၀	၂၀၀,၀၀၀
မြတ်နိုးစန္ဒာ	၂၀၂၁-၀၈-၀၅	၁,၁၀၀,၀၀၀	၂၂၀,၀၀၀
ကိုဇော်ဝေယံ	၂၀၂၂-၀၁-၁၇	၁,၀၀၀,၀၀၀	၂၀၀,၀၀၀
ဒေါ်ဝင်းဝင်းသန့်	၂၀၂၂-၀၄-၀၃	၉၅၀,၀၀၀	၁၉၀,၀၀၀
ဦးမြင့်ကိုကို	၂၀၂၂-၀၇-၂၀	၁,၀၅၀,၀၀၀	၂၁၀,၀၀၀
မသီတာဦး	၂၀၂၂-၀၉-၁၂	၁,၂၀၀,၀၀၀	၂၄၀,၀၀၀

၂၀၂၄ ခုနှစ် ဝန်ထမ်းအားလုံးအတွက် ဘိုနပ်စ် ပေးသွင်းခြင်း (၎င်းခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ ဝင်ရောက်သူများ မပါဝင်)

ကိုကိုမြင့်လွင်ဦး (ဝန်ထမ်းအမှတ် ၀၀၁) ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး ဘိုနပ်စ် ပေးသွင်းခြင်း မရှိသေးပါ။ (၎င်း-ခဲ့တော်မှ) ယမန်နှစ်ကတည်းက ဆက်လက်ဝန်ထမ်းဖြစ်နေသော ကိုကိုမြင့်လွင်ဦး၏ ဘိုနပ်စ် ပေးသွင်းခြင်း မရှိခဲ့ပါ။ (၎င်း-ခဲ့တော်မှ) ယမန်နှစ်ကတည်းက ဆက်လက်ဝန်ထမ်းဖြစ်နေသော ကိုကိုမြင့်လွင်ဦး၏ ဘိုနပ်စ် ပေးသွင်းခြင်း မရှိခဲ့ပါ။ (၎င်း-ခဲ့တော်မှ) ယမန်နှစ်ကတည်းက ဆက်လက်ဝန်ထမ်းဖြစ်နေသော ကိုကိုမြင့်လွင်ဦး၏ ဘိုနပ်စ် ပေးသွင်းခြင်း မရှိခဲ့ပါ။ (၎င်း-ခဲ့တော်မှ) ယမန်နှစ်ကတည်းက ဆက်လက်ဝန်ထမ်းဖြစ်နေသော ကိုကိုမြင့်လွင်ဦး၏ ဘိုနပ်စ် ပေးသွင်းခြင်း မရှိခဲ့ပါ။ (၎င်း-ခဲ့တော်မှ) ယမန်နှစ်ကတည်းက ဆက်လက်ဝန်ထမ်းဖြစ်နေသော

ကိုကိုမြင့်လွင်ဦး ၏ ၂၀၂၄ ခုနှစ် ဘိုနပ်စ် ပေးသွင်းခြင်း မရှိခဲ့ပါ။

ဝန်ထမ်းအမှတ် - ၀၀၁ (ဝင်ရောက်သည့်ရက်စွဲ - ၂၀၁၉-၀၁-၁၅)

ယမန်ဖြစ်သည့်အဖြစ်ကို ထောင်ချီတဲ့ဝန်ထမ်းတွေ ကြုံတွေ့ခဲ့ရပါတယ်။

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
ငွေသားစီးဆင်းမှုရှင်းတမ်း
ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

	၂၀၂၅	၂၀၂၄
လုပ်ငန်းဆောင်ရွက်ချက်များမှငွေသားစီးဆင်းမှုများ		
အခွန်မနှုတ်မီအသားတင်အမြတ်	၃,၀၆၀,၆၄၀	၃,၁၇၂,၀၉၂
ငွေသားမဟုတ်သော ကိုက်ညီရေးဆွဲချက်များ-		
ယခင်နှစ်နှင့်ဆိုင်သော စာရင်းညှိနှိုင်းချက်	၁,၀၉၅,၁၉၉	(၃၄,၀၅၂)
ကုန်လက်ကျန်မှ ပုံသေပိုင်ပစ္စည်းသို့စာရင်းပြောင်းရွှေ့ခြင်း	(၃၈၁,၂၆၄)	(၃၃၁,၃၈၂)
စာရင်းညှိနှိုင်းချက်		
တန်ဖိုးလျော့	၅၁၅,၁၃၆	၅၄၆,၀၁၉
ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှ အမြတ်	–	(၅၀,၃၈၃)
ကုန်လက်ကျန် ဖျက်သိမ်းမှု	၁၁၄,၆၈၆	၂၄,၁၁၅
ပုံသေပိုင်ပစ္စည်း စာရင်းညှိနှိုင်းချက်	၂၁၂,၇၈၆	–
MES ပုံသေပိုင်ပစ္စည်း စာရင်းညှိနှိုင်းချက်	–	(၂၀၅)
လှည့်လည်ရင်းနှီးငွေပြောင်းလဲမှုမတိုင်ခင်လုပ်ငန်းဆောင်ရွက်ချက်အမြတ်	၄,၆၁၇,၁၈၃	၃,၃၂၆,၂၀၄
လုပ်ငန်းလည်ပတ်ရင်းနှီးငွေ ပြောင်းလဲမှုများ		
ကုန်လက်ကျန်	၇၀၁,၈၈၉	(၉၇၅,၀၀၇)
ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ	(၁,၇၅၉,၈၈၄)	(၂,၆၆၂,၆၈၈)
ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ	(၂,၁၂၅,၅၁၅)	၃,၄၇၆,၆၇၉
	၁,၄၃၃,၆၇၃	၃,၁၆၅,၁၈၈
ဝင်ငွေခွန်ငွေပေးဆောင်မှု	(၃၂၅,၉၆၅)	(၇၈,၇၁၇)
လုပ်ငန်းဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု)	၁,၁၀၇,၇၀၈	၃,၀၈၆,၄၇၁
ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များမှငွေသားစီးဆင်းမှုများ		
ပုံသေပိုင်ပစ္စည်းဝယ်ယူမှု	(၁၄၇,၃၇၉)	(၇၄၀,၆၅၆)
ထိတွေ့ကိုင်တွယ်၍မရသောပုံသေပိုင်ပစ္စည်း နှစ်အတွင်းထပ်တိုး	–	(၂၅,၆၅၀)
ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှဝင်ငွေ	–	၅၇,၃၁၇
ရင်းနှီးမြှုပ်နှံငွေပြန်လည်ရရှိမှု	၆,၈၀၀	၁၁,၄၀၀
ရင်းနှီးမြှုပ်နှံငွေထည့်ဝင်မှု	(၂,၀၀၀)	–
ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရအသားတင်ငွေသား(အသုံးပြုမှု)	(၁၄၂,၅၇၉)	(၆၉၇,၅၈၉)

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
ငွေသားစီးဆင်းမှုရှင်းတမ်း
ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

	၂၀၂၅	၂၀၂၄
ဘဏ္ဍာရေးဆောင်ရွက်ချက်များမှငွေသားစီးဝင်မှုများ		
ချေးငွေရယူခြင်း	**၁,၀၃၀,၂၀၀**	၂,၉၈၇,၀၃၈
ချေးငွေပြန်လည်ပေးဆပ်ခြင်း	**(၁,၂၅၈,၈၆၆)**	(၄,၅၆၀,၄၉၄)
ကုမ္ပဏီအချင်းချင်းချေးငွေ၊ အမြတ်ဝေစုနှင့် ဒါရိုက်တာကုန်ကျစရိတ်များဖြင့် စာရင်းညှိနှိုင်းချက်	–	၆၃,၂၇၂
ဘဏ္ဍာရေးဆောင်ရွက်ချက်များအရအသားတင်ငွေသား(အသုံးပြုမှု)	**(၂၂၈,၆၆၆)**	(၁,၅၁၀,၁၈၄)
ငွေသားနှင့်ငွေသားညီမျှခြင်းများ အသားတင်တိုး/(လျော့)	**၇၃၆,၄၆၃**	၈၇၈,၆၉၈
ငွေသားနှင့် ငွေသားညီမျှခြင်း စာရင်းဖွင့်လက်ကျန်များ	**၁,၈၀၈,၃၁၃**	၉၂၉,၆၁၅
ငွေသားနှင့် ငွေသားညီမျှခြင်း စာရင်းပိတ်လက်ကျန်များ(မှတ်စု-၁၀)	**၂,၅၄၄,၇၇၆**	၁,၈၀၈,၃၁၃

စာမျက်နှာ ၁၁ မှ ၃၃ အထိရှိ ဘဏ္ဍာရေးရှင်းတမ်းများ အပေါ် မှတ်စုများကိုကြည့်ရန်။

၁။ အထွေထွေ

ကွန်ကော့ဒီးယား အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် (ကုမ္ပဏီ) ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ကွင် မြန်မာကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ထိုအက်ဥပဒေကို မြန်မာကုမ္ပဏီများ အက်ဥပဒေ (၂၀၁၇) ဖြင့် အစားထိုး ပြင်ဆင်ခဲ့ပါသည်။ အဆိုပါဥပဒေသစ်အရ ကုမ္ပဏီကို ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၇၇၇၀၃၅၉၁၁ ဖြင့် ပြန်လည်မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။ ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် အများပိုင်ကုမ္ပဏီ အဖြစ် မှတ်ပုံတင်ခဲ့ပြီး ကွန်ကော့ဒီးယား အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် မှ ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သို့ အမည်ပြောင်းလဲခဲ့ပါသည်။

ကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်းများမှာ-
- အင်္ဂါနှင့် ဌာနရမ်းခြင်းလုပ်ငန်းများ
- စက်ပစ္စည်းများနှင့် ကိရိယာတန်ဆာပလာများ ပြုပြင်ခြင်းနှင့် တပ်ဆင်ခြင်း
- မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များမှအပ လက်လီရောင်းဝယ်ခြင်း

မှတ်ပုံတင်ထားသော ကုမ္ပဏီ၏လိပ်စာသည် အဆောက်အဦ ၁၁၊ ပထမထပ်မှ စတုတ္ထထပ် အထိ၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖြစ်ပါသည်။

၂။ အရေးပါသောစာရင်းပိုင်းဆိုင်ရာမူဝါဒအကျဉ်းချုပ်

ဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲရာတွင် အသုံးပြုခဲ့သော အဓိကစာရင်းကိုင်မူဝါဒများကို အောက်တွင် ဖော်ပြထားပါသည်။ အခြားတစ်စုံတစ်ရာ ဖော်ပြထားခြင်းမရှိပါက ဤမူများကို နှစ်စဉ် တစ်သမတ်တည်း ကျင့်သုံးပါသည်။

(၂.၁) <u>စာရင်းရေးဆွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ</u>

ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲဖော်ပြထားပြီး ဘဏ္ဍာရေးရှင်းတမ်းများကို ပြီးခဲ့သည့်ဖြစ်ရပ်များ အပေါ်အခြေခံသည့် လုပ်ထုံးလုပ်နည်း (Historical Cost Convention) အရ ရေးဆွဲဖော်ပြထားပါသည်။ ထိုဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲရာတွင် ၂၀၂၅ ခုနှစ်မှ တင်ပြသောအမျိုးအစားများနှင့် လိုက်လျောညီထွေမှု ရှိစေရန်အတွက် ၂၀၂၄ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းများအား ပြန်လည်အမျိုးအစားခွဲခြင်းနှင့် ပြောင်းလဲစီစဉ်မှုများ ပြုလုပ်ခဲ့ပါသည်။

(၂.၂) နိုင်ငံခြားငွေကြေးအား ပြောင်းလဲသတ်မှတ်ခြင်း

(က) လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေးနှင့် စာရင်းတင်ဖော်ပြသည့်ငွေကြေး

ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများတွင် ပါဝင်သော အကြောင်းအရာများကို ကုမ္ပဏီမှ အဓိကကျသော စီးပွားရေးနယ်ပယ်တွင် အသုံးပြုသောငွေကြေး ("Functional currency") ဖြင့် တိုင်းတာပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပြီး ယင်းမြန်မာကျပ်ငွေသည် ကုမ္ပဏီ၏ စာရင်းတင်ဖော်ပြသည့်ငွေကြေး (Presentation currency) ဖြစ်သည့်အပြင် လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေး (Functional currency) လည်းဖြစ်သည်။

(ခ) လုပ်ငန်းဆောင်ရွက်ချက်များနှင့် စာရင်းလက်ကျန်များ

နိုင်ငံခြားငွေကြေးဖြင့် ပြုလုပ်သော လုပ်ငန်းလုပ်ဆောင်ချက်များကို လုပ်ဆောင်ချက်ဖြစ်ပေါ်သည့်နေ့တွင်ရှိသော ဈေးကွက်ငွေလဲနှုန်းများကို အသုံးပြု၍ လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေးအဖြစ်သို့ပြောင်းလဲထား ပါသည်။ နိုင်ငံခြားငွေဖြင့် ဖော်ပြသော ငွေကြေးနှင့် သက်ဆိုင်သည့် ပိုင်ဆိုင်ပစ္စည်းနှင့် ပေးရန်တာဝန်များကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ရှိ ငွေလဲနှုန်းဖြင့်ပြောင်းလဲသတ်မှတ်ရာမှာ သော်လည်းကောင်း၊ ၎င်းနိုင်ငံခြားငွေကြေးများကို စာရင်းရှင်းလင်းရာမှာသော်လည်းကောင်း ဖြစ်ပေါ်လာသော နိုင်ငံခြားငွေအမြတ်၊ အရှုံးများကို ဝင်ငွေရှင်းတမ်းတွင် အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

ကုမ္ပဏီမှအသုံးပြုသော နှစ်ကုန်ဆုံးချိန်ရှိ ငွေလဲနှုန်းများမှာ (မြန်မာကျပ်ဖြင့်) –

	USD	EUR	SGD	CNY	THB
၂၀၂၅ခုနှစ်၊ မတ်လ၊ ၃၁ ရက်	၃,၅၉၉.၀၀	၃,၈၉၃.၂၂	၂,၆၈၂.၁၃	၅၄၂.၈၀	၁၃၀.၁၇
၂၀၂၄ခုနှစ်၊ မတ်လ၊ ၃၁ ရက်	၃,၃၄၀.၀၀	၂,၂၆၂.၀၀	၁,၅၅၆.၀၀	၄၇၄.၀၀	၉၈.၀၀

(၂.၃) လက်အောက်ခံကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှု

လက်အောက်ခံကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှုများအား မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးကျသောဆုံးရှုံးငွေပမာဏတို့ကိုနှုတ်ပြီး ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်းတွင် ဖော်ပြထားပါသည်။ လက်အောက်ခံ ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှုကို ရောင်းချသည့်အခါ ရောင်းချမှုမှ အသားတင်ရရှိငွေ (Net disposal proceeds) နှင့် ရင်းနှီးမြှုပ်နှံမှု၏ စာရင်းတန်ဖိုး (Carrying amount) တို့အကြားကွာခြားချက်ကို အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းပါသည်။

(၂.၄) တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှု/အခြားရင်းနှီးမြှုပ်နှံမှု

တွဲဖက်ကုမ္ပဏီတွင်ရင်းနှီးမြှုပ်နှံမှု/ အခြားရင်းနှီးမြှုပ်နှံမှုများအား မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုး ကျသောဆုံးရှုံးငွေ ပမာဏတို့ကိုနှုတ်ပြီး ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် ဖော်ပြထားပါသည်။ တွဲဖက် ကုမ္ပဏီတွင်ရင်းနှီးမြှုပ်နှံမှု/ အခြားရင်းနှီးမြှုပ်နှံမှုကို ရောင်းချသည့်အခါ ရောင်းချမှုမှ အသားတင် ရရှိငွေ (Net disposal proceeds) နှင့် ရင်းနှီးမြှုပ်နှံမှု၏ စာရင်းတန်ဖိုး (Carrying amount) တို့အကြား ကွာခြားချက်ကို အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းပါသည်။

(၂.၅) ပုံသေပိုင်ပစ္စည်း

ပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် တန်ဖိုးကျဆင်း၍ဆုံးရှုံးငွေ ပမာဏ တို့ကို နုတ်၍ဖော်ပြထားပါသည်။ မူရင်းဝယ်ယူသည့်တန်ဖိုး (Cost) တွင် စီမံအုပ်ချုပ်သူ၏ ရည်ရွယ်ထားသည့်အတိုင်း လုပ်ငန်းလည်ပတ်နိုင်မည့် နေရာဒေသနှင့်အခြေအနေသို့ ရောက်ရှိ အောင်ပြုလုပ်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော အသုံးစရိတ် များအားလုံး ပါဝင်သည်။

နောက်ဆက်တွဲကုန်ကျစရိတ်များကို စာရင်းရေးသွင်းရာတွင် ပစ္စည်း၏ကုန်ကျစရိတ်ကို တိတိကျကျ တိုင်းတာနိုင်သောအခါနှင့် ပစ္စည်းနှင့်သက်ဆိုင်သော အနာဂတ်စီးပွားရေး အကျိုး ကျေးဇူးများ ကုမ္ပဏီ အတွင်းသို့ စီးဝင်လာနိုင်ဖွယ်ရှိသောအခါတို့တွင်သာလျှင် အသားတင်သင့် ငွေပမာဏ (သို့မဟုတ်) သီးခြားရပိုင်ခွင့်အနေဖြင့် စာရင်းဖော်ဆောင်ပါသည်။ အစားထိုးလဲလှယ် လိုက်သော ပစ္စည်းအစိတ် အပိုင်း၏ အရင်းအရတန်ဖိုးငွေကို ပယ်ဖျက်ပေးရပါမည်။ အခြားပြင်ဆင် စရိတ်နှင့် ပြုပြင်ထိန်းသိမ်း ရေးစရိတ်များအားလုံးကို သက်ဆိုင်ရာကာလ၏ အရှုံးအမြတ်စာရင်း တွင် ကျခံရပါသည်။

တည်ဆောက်ဆဲ ပုံသေပိုင်ပစ္စည်း၏ တန်ဖိုးလျော့ကိုတွက်ချက်ရာတွင် ၎င်းပစ္စည်း၏ခန့်မှန်းကျန်ရှိ တန်ဖိုးနှုတ်ပြီးသားတန်ဖိုးနှင့် ခန့်မှန်းအသုံးဝင်မှု သက်တမ်းပေါ်တွင် မူတည်၍ မျဉ်းဖြောင့် နည်းဖြင့် တွက်ချက်ထားပါသည်။ ခန့်မှန်းအသုံးဝင်မှုအပေါ် အခြေပြုတန်ဖိုးလျော့ ရာခိုင်နှုန်းမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

အဆောက်အဦ	၅%
မော်တော်ယာဉ်	၂၀%
ကွန်ပျူတာနှင့် စက်ပစ္စည်းများ	၂၅%
ပရိဘောဂနှင့် ရုံးသုံးစက်ကိရိယာများ	၁၀%, ၂၅%
အငှားချထားသောစက်ပစ္စည်းများ	၂၀%, ၃၃.၃၃%
စက်နှင့် စက်ကိရိယာများ	၂၀%

ပုံသေပိုင်ပစ္စည်းများ၏ ခန့်မှန်းကျန်ရှိတန်ဖိုးနှင့် ခန့်မှန်းအသုံးဝင်သက်တမ်းကို ဘဏ္ဍာရေး အခြေအနေ ပြရှင်းတမ်းရေးဆွဲသည့်နေ့တွင် ပြန်လည်သုံးသပ်၍ သင့်တော်သော ညှိနှိုင်းမှုများကို လုပ်ဆောင်ပါသည်။ ပြောင်းလဲမှုများ ဖြစ်ပေါ်လာသောအခါ ပြင်ဆင်ချက်တိုင်း၏ အကျိုးသက်ရောက်မှုကို အရှုံးအမြတ်စာရင်းထဲတွင် အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

ပုံသေပိုင်ပစ္စည်းတစ်ခု၏ စာရင်းတင်ထားသောတန်ဖိုး (Carrying amount) သည် ခန့်မှန်းထားသော ပြန်လည်ရရှိနိုင်သည့် တန်ဖိုး (Recoverable amount) ထက် မြင့်မားနေပါက၊ ထိုပစ္စည်း၏ စာရင်းတင်ထားသောတန်ဖိုးကို ပြန်လည်ရရှိနိုင်သည့်တန်ဖိုး ရောက်ရှိသည်အထိ စာရင်းမှချက်ချင်း ပယ်ဖျက် လျှော့ချမှု ပြုလုပ်ပါသည်။

ထုခွဲရောင်းချခြင်း၏ အရှုံး၊အမြတ်ကို တွက်ချက်ရာတွင် ဝင်ငွေနှင့် အသားတင်သင့်ငွေ ပမာဏတို့ကို နှိုင်းယှဉ်ခြင်းအားဖြင့် ဆုံးဖြတ်၍ ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းရှိ အခြားအမြတ်၊အရှုံးစာရင်းတွင် အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

(၂.၆) ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်မှုပစ္စည်းများ

စာရင်းကိုင်ဆော့ဖ်ဝဲ(လ်) (Accounting Software)

စာရင်းကိုင်ဆော့ဖ်ဝဲ(လ်)လိုင်စင်ကို ကနဦးတွင် မူရင်းတန်ဖိုးဖြင့် စာရင်းရေးသွင်းပြီး ဝယ်ဈေး (လျှော့ပေးငွေများနှင့် ပြန်ရငွေများကို နုတ်ပြီးအသားတင်) ပါဝင်သောမူရင်းတန်ဖိုးနှင့် ၎င်း၏ ရည်ရွယ်ထားသော အသုံးပြုမှုအတွက် မွမ်းမံခြင်းဆိုင်ရာ တိုက်ရိုက်ကုန်ကျသော အခြားစရိတ်များကိုပါ စာရင်းသွင်းဖော်ပြပါသည်။ တိုက်ရိုက်ကုန်ကျစရိတ်များကို ဆော့ဖ်ဝဲ(လ်) ၏ မူရင်းတန်ဖိုးတွင်ထည့်ပေါင်းသည်။ စာရင်းကိုင်ဆော့ဖ်ဝဲ(လ်)လိုင်စင် ပြုပြင်ထိန်းသိမ်းခြင်း ဆိုင်ရာစရိတ်များကို ကုန်ကျသည့်အချိန်တွင် အသုံးစရိတ်အဖြစ် စာရင်းဖော်ဆောင်သည်။

စာရင်းကိုင်ဆော့ဖ်ဝဲ(လ်)လိုင်စင်ကို မူရင်းတန်ဖိုးတွင် စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်းတန်ဖိုးကျ အရှုံးများကို နှုတ်ပယ်၍ နောက်ပိုင်းတွင်စာရင်းရေးသွင်းပါသည်။ ၎င်းစရိတ်များကို မျဉ်းဖြောင့်နည်းဖြင့် ၂၅% နှင့်ညီမျှသော ခန့်မှန်းအသုံးဝင်သက်တမ်း လေးနှစ်ပေါ်တွင် တန်ဖိုးလျော့၍ အရှုံးအမြတ် စာရင်းတွင်ကျခံပါသည်။

ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းများ၏ တန်ဖိုးလျော့နှစ်နှင့် တန်ဖိုးလျော့သည့် နည်းစနစ်ကို အနည်းဆုံး ဘဏ္ဍာရေးအခြေအနေပြ ရှင်းတမ်းရေးဆွဲသည့်နေ့တွင် တစ်ကြိမ်ပြန်လည် သုံးသပ်ပါသည်။ ယင်းပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုများကို အရှုံးအမြတ်စာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၇) ဇီဝပိုင်ဆိုင်မှုများ (Biological assets)

အရွယ်ရောက်ပြီးသော ရော်ဘာပင်များကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်းတန်ဖိုးကျဆင်း၍ဆုံးရှုံးမှု တို့ကိုနုတ်ပြီး Bearer plants အဖြစ်စာရင်းရေးသွင်း ဖော်ပြထားပါသည်။ မူရင်းတန်ဖိုးတွင် မြေယာပြုပြင်ခြင်း၊ အပင်အသစ်စိုက်ပျိုးခြင်း၊ မြေဩဇာကျွေးခြင်းနှင့် အပင်များ အရွယ်မရောက်မီ (အစေးလှီး၍ မရမီ) အချိန်အထိ (၇) နှစ်တာကာလအတွင်း ပြုစုပျိုးထောင်ခြင်း ကုန်ကျစရိတ်များ ပါဝင်ပါသည်။ အပင်များအရွယ်ရောက်လာချိန် (ဆိုလိုသည်မှာ ၎င်းတို့ကို ရည်ရွယ်ထား သည့်အတိုင်း အသုံးပြုရန် အသင့်ဖြစ်ချိန်) တွင် ၎င်းကုန်ကျစရိတ်များကို Bearer plants အဖြစ် သတ်မှတ်စာရင်းသွင်းပါသည်။ Bearer plants များ၏ တန်ဖိုးလျော့ကို ရည်ရွယ်ထား သည့်အတိုင်း အသုံးပြုရန် အသင့်ဖြစ်ချိန် (အစေးများစတင်ထွက်ရှိ အချိန်) မှစ၍ တွက်ချက်ပါသည်။

အကွက်အလိုက် ဖြည့်စွက်စိုက်ပျိုးခြင်းအပါအဝင် ဖြည့်စွက်စိုက်ပျိုးခြင်း အတွက်ကုန်ကျ စရိတ်များကို ယေဘုယျအားဖြင့် အရှုံးအမြတ်စာရင်းတွင် စရိတ်အဖြစ် စာရင်းသွင်းပါသည်။ သို့သော် ထိုသို့ဖြည့်စွက်စိုက်ပျိုးခြင်းကြောင့် သက်ဆိုင်ရာ စိုက်ခင်းကွက်၏ အထွက်နှုန်း သိသိသာသာ တိုးတက်လာမည်ဆိုပါက ထိုကုန်ကျစရိတ်ကို ရင်းနှီးမြှုပ်နှံမှုပိုင်ဆိုင်မှုအဖြစ် သတ်မှတ်ပြီး ကျန်ရှိသော သက်တမ်းတစ်လျှောက် တန်ဖိုးလျော့မှုများ ပြုလုပ်ပါသည်။

Bearer plants များ၏ တန်ဖိုးလျော့တွက်ချက်ရာတွင် မူလကုန်ကျစရိတ်ထဲမှ အကြွင်းတန်ဖိုး (Residual Value) ကို နှုတ်၍ အသုံးဝင်သည့် သက်တမ်းတစ်လျှောက် မျဉ်းဖြောင့်နည်းလမ်းကို (Straight-line method) အသုံးပြုကာ စာရင်းပယ်ဖျက် ပါသည်။ ခန့်မှန်းအသုံးဝင်သက်တမ်း၊ အကြွင်းတန်ဖိုးနှင့် တန်ဖိုးလျော့တွက်ချက်သည့် နည်းလမ်း များကို ဘဏ္ဍာရေးအခြေအနေပြ ရှင်းတမ်းရေးဆွဲသည့်နေ့တွင် ပြန်လည်သုံးသပ်ပြီး၊ ခန့်မှန်းချက် များ ပြောင်းလဲမှုကို လာမည့်စာရင်းကာလများ (Prospective basis) အတွက်သာ အကျိုးသက်ရောက်ပါသည်။

Bearer plants (ရော်ဘာပင်များ) ၏ ခန့်မှန်းခြေ အသုံးဝင်သည့်သက်တမ်းကို နှစ် ၃၀ မှ ၄၀ အတွင်း ဟု သတ်မှတ်ထားပါသည်။

(၂.၈) ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ

ငွေနှင့်ငွေသားညီမျှခြင်းများတွင် လက်ဝယ်ရှိငွေသားလက်ကျန်နှင့် ဘဏ်ရှိငွေလက်ကျန်များပါဝင် သည်။

(၂.၉) ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားရရန်ရှိများကို ကနဦးတွင် မျှတသောတန်ဖိုး (fair value) ဖြင့် စာရင်းရေးသွင်း ပြီးနောက် Effective Interest Method ကိုအသုံးပြု၍ နောက်ပိုင်းနှစ်တွင် လျော့ချပြီးတန်ဖိုးမှ

ပျက်စီးဆုံးရှုံးမှုအတွက် လျာထားသော တန်ဖိုးကို နှုတ်၍စာရင်းသယ်ဆောင် ပါသည်။ ပြန်၍မရနိုင်သော ခန့်မှန်းပမာဏအတွက် သင့်လျော်သောခွင့်ပြုချက်ဖြင့် ကုန်သွယ်မှုနှင့် အခြားရရန်ရှိများတွင် လျော့ချရပါသည်။

(၂.၁၀) ကုန်လက်ကျန်များ

ကုန်လက်ကျန်များကို ကုန်ကျတန်ဘိုးနှင့် ရောင်းချလျှင်ရနိုင်မည့် အသားတင်ကုန်ရောင်းတန်ဘိုး (net realizable value) ၂ခုတို့အနက် နည်းရာပမာဏဖြင့် တန်ဖိုးသင့်ပါသည်။ ကုန်လက်ကျန်များကို Weighted Average Method ကို အသုံးပြု၍ တန်ဖိုးသင့်ပါသည်။ ရောင်းချလျှင်ရနိုင်မည့် အသားတင် ကုန်ရောင်းတန်ဘိုး (net realizable value) ဆိုသည်မှာ ပုံမှန်ရောင်းချနိုင်မည့်တန်ဘိုးမှ ပြီးဆုံးမှုအတွက် ခန့်မှန်းကုန်ကျ စရိတ်နှင့် ပုံသေမဟုတ်သော အရောင်းကုန်ကျစရိတ်တို့ကို နှုတ်ပြီးကျန်ရှိမည့် ခန့်မှန်းတန်ဘိုး ဖြစ်ပါသည်။

(၂.၁၁) ချေးယူငွေများ

ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းရေးဆွဲသည့်နေ့ နောက်ပိုင်း ၁၂ လအတွင်း ပေးချေရန်တာဝန်ရှိသော ချေးယူငွေများကို လက်ငင်းပေးရန်တာဝန် အဖြစ်ဖော်ပြပြီး၊ ထိုသို့မဟုတ်ပါက လက်ငင်းမဟုတ်သော ပေးရန်တာဝန်အဖြစ် ဖော်ပြပါသည်။

ချေးယူငွေများကို ကနဦး စာရင်းရေးသွင်းရာတွင် မျှတသောတန်ဖိုး (Fair value) (လုပ်ဆောင်မှုကုန်ကျ စရိတ်၏အသားတင်) ဖြင့် စာရင်းရေးသွင်း၍ နောက်ဆက်တွဲ ကာလတွင် တန်ဘိုးလျော့ကျ ကုန်ကျစရိတ် (Amortised cost) ဖြင့် စာရင်းရေးသွင်းပါသည်။ ချေးငွေရယူချိန်၌ ရရှိသောပမာဏနှင့် ပြန်လည်ပေးဆပ်ချိန်တွင် ပေးချေရမည့်ပမာဏတို့ ကွာခြားမှု ရှိပါက Effective Interest Method ကို အသုံးပြု၍ ချေးယူငွေကာလအတိုင်း အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းပါသည်။

(၂.၁၂) ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများကို ကနဦးတွင် မျှတသောတန်ဖိုး (fair value) ဖြင့် စာရင်းရေးသွင်း ပြီးနောက် ထိရောက်သောအတိုးနည်းလမ်း Effective Interest Method ကိုအသုံးပြု၍ နောက်ပိုင်းတွင် တန်ဘိုးလျော့ကျ ကုန်ကျစရိတ် (Amortised cost) ဖြင့် တိုင်းတာတွက်ချက်ပါသည်။

(၂.၁၃) ထုတ်ဝေပေးသွင်းပြီး အစုရှယ်ယာရင်းနှီးငွေ

သာမန်အစုရှယ်ယာများကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များအဖြစ် အမျိုးအစားသတ်မှတ်ထားပါသည်။ သာမန်အစုရှယ်ယာ ထုတ်ပေးခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော စရိတ်များကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များမှ နှုတ်၍ အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ကျသင့်အခွန်မှန်သမျှနှုတ်ပြီးသော အသားတင်ဖြစ်ပါသည်။

(၂.၁၄) အမြတ်ဝေစုများ

ကုမ္ပဏီ၏ အစုရှယ်ယာရှင်များသို့ အမြတ်ဝေစုများပေးရန် သဘောတူခွင့်ပြုပြီးသည့် အခါမှသာ အမြတ်ဝေစုများကို စာရင်းရေးသွင်းပါသည်။

(၂.၁၅) ဝန်ထမ်းအကျိုးအမြတ်စရိတ်များ

ဝန်ထမ်းအကျိုးအမြတ်စရိတ်များသည် ဝန်ထမ်းများမှ ပေးအပ်သည့် ဝန်ဆောင်မှုများအတွက် ကုမ္ပဏီမှ ပြန်လည်ပေးအပ်သည့် အကျိုးခံစားခွင့်အားလုံးကို ဆိုလိုပါသည်။ ဝန်ထမ်းအကျိုးအမြတ်စရိတ်များကို ဝန်ထမ်းမှ အကျိုးခံစားခွင့် ဖြစ်ပေါ်လာသည့် ကာလအတွင်း ပေးရန်ရှိစာရင်းအဖြစ် စာရင်းရေးသွင်း ပါသည်။ ယခင်ဝန်ဆောင်မှု ကုန်ကျစရိတ်များ (Past-service costs) ကို အရှုံးအမြတ်စာရင်းတွင် ချက်ချင်း စာရင်းရေးသွင်းပါသည်။

(၂.၁၆) လျာထားငွေများ

ကုမ္ပဏီသည် ယခင်အဖြစ်အပျက်များ၏ အကျိုးရလဒ်အတွက် လက်ရှိတွင် ဥပဒေအရ တာဝန်ရှိသော (သို့မဟုတ်) အပြုသဘောဆောင်၍ ပေးရန်တာဝန်ရှိငွေများကို လျာထားငွေများ အဖြစ် စာရင်းသွင်းပါသည်။ ပေးရန်တာဝန်ရှိသောငွေများကို ပေးချေရန်အတွက် လုပ်ငန်း၏ အလားအလာရှိသော ထွက်ငွေအရင်းအမြစ်များမှ ပေးချေရမည့် ပမာဏကို တိကျသေချာစွာ ခန့်မှန်းနိုင်ရမည်။ အနာဂတ်လုပ်ငန်း၏ ဆောင်ရွက်ချက် ဆုံးရှုံးမှုများကို လျာထားငွေစာရင်းများတွင် စာရင်းရေးသွင်းမှုမပြုပါ။

(၂.၁၇) ဝင်ငွေ

ဝင်ငွေအဖြစ်စာရင်းရေးသွင်းရာ၌ လုပ်ငန်းဆောင်ရွက်မှု၏ အကျိုးအမြတ်များသည် ကုမ္ပဏီသို့ စီးဝင်လာဖွယ်ရှိမည်ဟု ယုံကြည်နိုင်သည့် အခါတွင်သာ ဝင်ငွေအဖြစ် စာရင်းရေးသွင်းပါသည်။ ဝင်ငွေကို ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax) နှုတ်ပယ်ပြီးနောက် အသားတင် ပမာဏဖြင့် ဖော်ပြပါသည်။

(က) ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်း (Rendering of services)

ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းမှ ရရှိသောဝင်ငွေကို ဝန်ဆောင်မှုကို လုပ်ဆောင်ပေးပြီးသော အချိန်မှသာ အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။ ဆက်စပ်သည့် ကုန်ကျစရိတ်များကို လည်း ဖြစ်ပေါ်လာသည့် ကာလတွင် ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်း (Statement of Profit or Loss and Comprehensive Income) တွင် စာရင်းရေးသွင်းပါသည်။

(ခ) ကုန်ရောင်း (Sale of goods)

ကုန်ပစ္စည်းရောင်းချခြင်းမှ ရရှိသောဝင်ငွေကို ဝယ်ယူသူထံ ကုန်ပစ္စည်းများကို ပို့ဆောင် ပေးပြီး၍ ပိုင်ဆိုင်မှုကို လွှဲပြောင်းပြီးသောအချိန်၌ အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

(ဂ) အတိုးဝင်ငွေ (Interest income)

ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများတွင် အပ်နှံထားသည့် ငွေများမှ ဖြစ်ပေါ်လာသော အတိုးဝင်ငွေကို Effective Interest Method ဖြင့် အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

(ဃ) အမြတ်ဝေစုရငွေ (Dividend income)

ငွေပေးချေမှုကိုလက်ခံရရှိရန်ဆိုသည့် အခွင့်အရေးကို အကောင်အထည်ဖော်သောအခါ အမြတ်ဝေစုရငွေကို အသိအမှတ်ပြု စာရင်းသွင်းပါသည်။

(၂.၁၈) ဝင်ငွေခွန်

လက်ရှိကာလအတွက် current income tax assets နှင့် liabilities ကို tax authorities များထံမှ ပြန်လည်ရရှိမည်ဟု မျှော်မှန်းထားသည့် (သို့မဟုတ်) ၎င်းတို့ထံသို့ ပေးရမည်ဟုယူဆသော ပမာဏအပေါ်တွင် တွက်ချက်ဖော်ပြပါသည်။ ဝင်ငွေခွန်ကို အစီရင်ခံကာလကုန်ဆုံးသောနေ့ရက်တွင် တည်ဆဲအခွန်ဥပဒေများ၊ အခွန်နှုန်းများကို အခြေခံ၍ တွက်ချက်ပါသည်။ Current income tax ကို အရှုံးအမြတ်စာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၁၉) ပတ်သက်ဆက်နွယ်သောအဖွဲ့အစည်း၊ ပုဂ္ဂိုလ်

ပတ်သက်ဆက်နွယ်သောအဖွဲ့အစည်း၊ ပုဂ္ဂိုလ်ဆိုသည်မှာ-

(က) တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်ဖြစ်စေ တစ်ဦး(သို့မဟုတ်) တစ်ဦးထက်ပိုသောအဖွဲ့မှ

(၁) ထိန်းချုပ်မှုများ တစ်ဦးတစ်ယောက်မှထိန်းချုပ်ခြင်း (သို့မဟုတ်) အဖွဲ့အစည်းမှ ပူးတွဲထိန်းချုပ်ခြင်း (ဤတွင် မိခင်ကုမ္ပဏီများ၊လက်အောက်ခံများနှင့် အဆင့်တူလက်အောက်ခံများ)

(၂) သြဇာလွှမ်းမိုးသောအဖွဲ့အစည်းပေါ်တွင်အကျိုးခံစားခွင့်ရှိခြင်း၊

(၃) အဖွဲ့အစည်းပေါ်တွင် ပူးတွဲထိန်းချုပ်ပိုင်ခွင့်ရှိခြင်း၊

(ခ) အဖွဲ့အစည်းသည် လုပ်ငန်း၏ပူးတွဲအဖွဲ့အစည်းဖြစ်ခြင်း၊

(ဂ) အဖွဲ့အစည်းသည် ဖက်စပ်လုပ်ငန်းဖြစ်ပြီး ယင်းလုပ်ငန်း၏ ဖက်စပ်ဝင်တစ်ဦးဖြစ်ခြင်း၊

(ဃ) အဖွဲ့အစည်းသည် လုပ်ငန်း (သို့မဟုတ်) မိခင်ကုမ္ပဏီ၏စီမံခန့်ခွဲမှုတွင် အဓိကတာဝန်ရှိသူ ဖြစ်ခြင်း၊

(င) အဖွဲ့အစည်းသည် (က) သို့မဟုတ် (ဃ) တွင် ရည်ညွှန်းထားသောမိသားစု (သို့မဟုတ်) တစ်ဦးဦးနှင့် ရင်းနှီးသော မိသားစုဝင်ဖြစ်ခြင်း၊

(စ) အဖွဲ့အစည်းသည် တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်ဖြစ်စေ (ဃ) သို့မဟုတ် (င) တွင် ရည်ညွှန်းထားသော တစ်ဦးတစ်ယောက်၏ ထိန်းချုပ်မှု (သို့မဟုတ်) သြဇာလွှမ်းမိုးခံရသော (သို့မဟုတ်) ထိုအဖွဲ့အစည်းတွင် အထင်ကရမဲပေးပိုင်ခွင့်ရှိသူ၏ သြဇာလွှမ်းမိုးခံရခြင်း၊

(ဆ) အဖွဲ့အစည်းသည် ဝန်းထမ်းအကျိုးအလို့ငှာ တာဝန်ထမ်းဆောင်ကာလနောက်ပိုင်း ဝန်ထမ်းများ၏အကျိုးစီးပွားအတွက် စီမံကိန်းဆောင်ရွက်သူဖြစ်ခြင်း (သို့မဟုတ်) လုပ်ငန်းချင်းဆက်စပ်မှုရှိသော မည်သည့်အဖွဲ့အစည်းမဆိုဖြစ်ပါသည်။

၃။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ခန့်မှန်းချက်များ

မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ နှင့်အညီ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရာတွင် စီမံအုပ်ချုပ်ရေးတွင် တာဝန်ရှိသူများသည် စာရင်းဆိုင်ရာ မူဝါဒများနှင့် အစီရင်ခံစာပါ ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေနှင့် အသုံးစရိတ်များကို အကျိုးသက်ရောက်စေသော ခန့်မှန်းခြေများနှင့် ယူဆချက်များကို ပြုလုပ်ရပါသည်။ အမှန်တကယ်ရလဒ်များသည် ထိုခန့်မှန်းချက်များနှင့် ကွဲလွဲကောင်း ကွဲလွဲနိုင်ပါသည်။

ခန့်မှန်းခြေများနှင့် ယူဆချက်များကို စဉ်ဆက်မပြတ်ပြန်လည်စိစစ်ပါသည်။ စာရင်းဆိုင်ရာခန့်မှန်းချက်များ ပြန်လည်စိစစ်ခြင်းများကို ယင်းသို့ပြန်လည်စိစစ်သည့်နှစ်နှင့် အကျိုးသက်ရောက်မှုရှိသော လာမည့်နှစ်များတွင် အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

၄။ ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေကို စီမံခန့်ခွဲခြင်း (Financial Risk Management)

ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေကို စီမံခန့်ခွဲခြင်း မူဝါဒသည် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို စီမံခန့်ခွဲနေစဉ်အတွင်း ကုမ္ပဏီ၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် လုံလောက်သော ဘဏ္ဍာရေးအရင်းအမြစ်များရရှိကြောင်း သေချာစေရန် ချမှတ်ထားပါသည်။ ကုမ္ပဏီမှ ရင်ဆိုင်နေရသော အဓိက ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေအဓိကနယ်ပယ်များနှင့် စပ်လျဉ်းသည့် မူဝါဒများကို အောက်ပါအတိုင်း ချမှတ်ပါသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း အန္တရာယ် (Foreign exchange risk)

ကုမ္ပဏီသည် နိုင်ငံခြားငွေကြေးဖြင့် ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များအတွက် နိုင်ငံခြားငွေလဲလှယ်မှုနှင့် ပတ်သက်သည့်ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို ကြုံတွေ့နိုင်ပါသည်။ သို့သော်လည်း အဆိုပါအန္တရာယ်မှာ သိသာထင်ရှားဖွယ်မရှိနိုင်ဟု ယူဆသည့်အတွက် ကုမ္ပဏီအနေဖြင့် ၎င်းအန္တရာယ်ကို အကာအကွယ် (Hedge) လုပ်ဆောင်ထားခြင်း မရှိပါ။

ကြွေးမြီအန္တရာယ် (Credit Risk)

ဘဏ္ဍာရေးဆိုင်ရာ ပိုင်ဆိုင်မှုများနှင့် ဆက်စပ်နေသည့် အမြင့်ဆုံး ကြွေးမြီအန္တရာယ်သည် ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်းတွင် ဖော်ပြထားသော စာရင်းတင်တန်ဖိုးဖြစ်ပါသည်။ သို့သော်လည်း အဆိုပါ အန္တရာယ်များကို လျှော့ချနိုင်ရန် ကုမ္ပဏီမှ မူဝါဒများ ချမှတ်ထားရှိပါသည်။

ဈေးကွက်အန္တရာယ် (Market Risk)

ဈေးကွက်အန္တရာယ်သည် ဈေးကွက်ဈေးနှုန်းများ ပြောင်းလဲမှုကြောင့် Financial instrument များ၏ သင့်တင့်မျှတသောတန်ဖိုး (Fair value) (သို့မဟုတ်) အနာဂတ်ငွေသားစီးဆင်းမှုများ အတက်အကျ ဖြစ်နိုင်သည့်အန္တရာယ်ဖြစ် ပါသည်။ ဈေးကွက်အန္တရာယ်တွင် ငွေကြေးအန္တရာယ်၊ အတိုးနှုန်းအန္တရာယ်နှင့် ဈေးနှုန်းအန္တရာယ် ဟူ၍ အမျိုးအစား (၃) မျိုး ပါဝင်ပါသည်။

အတိုးနှုန်းအန္တရာယ် (Interest Rate Risk)

ငွေသားစီးဆင်းမှု အတိုးနှုန်းအန္တရာယ်သည် ဈေးကွက်အတိုးနှုန်း ပြောင်းလဲမှုကြောင့် Financial instrument တစ်ခု၏ ငွေကြေးလည်ပတ်မှု အတက်အကျဖြစ်ပေါ်လာမည့် အန္တရာယ်ဖြစ်နိုင်ခြင်းကို Cash flow interest rate risk ဟု ခေါ်ပြီး၊ သင့်တင့်မျှတသော အတိုးနှုန်းအန္တရာယ်သည် (Fair value interest rate risk) ဈေးကွက်နှုန်းထားများ ပြောင်းလဲမှု ကြောင့် အဆိုပါ Financial instrument ၏ မျှတသောတန်ဘိုး (Fair value) အတက်အကျဖြစ်နိုင်သည့် အန္တရာယ်ဖြစ်ပါသည်။ ကုမ္ပဏီတွင် အဆိုပါ အတိုးနှုန်းအန္တရာယ်များနှင့် ဆက်စပ်နိုင်သည့် သိသာထင်ရှား သော အတိုးရရှိသည့် ပိုင်ဆိုင်မှုများ မရှိပါ။

Liquidity Risk

ကုမ္ပဏီသည် လုပ်ငန်းလည်ပတ်မှုကို ထောက်ပံ့နိုင်ရန်နှင့် ငွေသားစီးဆင်းမှု အတက်အကျဖြစ်ခြင်း၏ အကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ရန်အတွက် ဒါရိုက်တာများက သင့်တော်လုံလောက်သည်ဟု ယူဆသော ဘဏ်လက်ကျန်ငွေ ပမာဏကို စောင့်ကြည့်ထိန်းသိမ်းထားရှိပါသည်။

Compliance risk

ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းများနှင့် သက်ဆိုင်သည့် ဥပဒေများ၊ စည်းမျဉ်းများ သို့မဟုတ် ကျင့်ထုံးများ ကိုလိုက်နာရန် ပျက်ကွက်ခြင်း သို့မဟုတ် မလိုက်နာနိုင်ခြင်းတို့ကြောင့် စည်းမျဉ်းလိုက်နာမှုဆိုင်ရာ

